ကျေးဇူးရှင် အလံတရာ မဟာနာယက

ဆရာတော်ဘုရားကြီး၏

ဓမ္မဘာဝနာ ဟောစဉ်

နှင့်

ဝိပဿနာ ကျင့်စဉ်ကျမ်း

* * * * *

အနှေ့ဝါသိက တပည့်

အလံတရာ (စာချ) 'ဥူးသဒ္ဓမ္မ'

စုဆောင်းတင်ပြသည်

(သာထုံ ခွန်ဝေးတန် တည်းဖြတ် ပြင်ဆင်သည်)

ကျေးဇူးရှင် အလံတရာ မဟာနာယက
ဆရာတော်ဘုရားကြီး၏

C
မြဿာဝဂ္ဂနာ ဟောစဉ်

ဝိပဿနာ ကျင့်စဉ်ကျမ်း

* * * * *

အန္တေဝါသိက တပည့်

အလံတရာ (စာချ) 'ဥူးသဒ္ဓမ္မ'

စုဆောင်းတင်ပြသည်

(သထုံ ခွန်ဝေးတန် တည်းဖြတ် ပြင်ဆင်သည်)

မာတိကာ

အမှတ်စဉ်		စာမျက်နှာ
၁။	နိဒါန်း	၁
၂။	ပဏာမနှင့်ပဋ္ဌိညာဉ်	၄
၃။	ရတနာသုံးပါး ရှိခိုးကန်တော့ရန်	၅
၄။	ဆုပေး	၅
၅။	ငါးပါးသီလ	၆
၆။	ရှစ်ပါးသီလ	၁၁
၇။	ရောင်ခြည်တော် ဘုရားပင့်	၁၃
၈။	သူရဿတီ အာသီသဂါထာ	၁၅
၉။	ကျေးဇူးရှင် လံဘရာနာယက ဆရာတော် ဘုရား၏ ဓမ္မဘာဝနာ တရားစာ	၁၆
၁၀။	ကျေးဇူးရှင် လတရာနာယက ဆရာတော် ဘုရား၏ မေတ္တာ ကရုဏာ	၁၉
၁၁။	ဒါန၊သီလ၊ဘာဝနာတို့၏ ဥပမာ	၂၁
၁၂။	သီလစင်ကြယ်လျှင် အရိယာနွယ်ဝင်ဖြစ်ကြောင်း	၂၄
၁၃။	မင်းပင်,ဖိုလ်ပင်,စိုက်ပုံ မှန်ပြလက်ခံ	၂၅
၁၄။	သီလအကျိုး	၃၂
၁၅။	ကိုယ်တိုင်ကျင့်မှ တရားရ	၃၅
၁၆။	ချစ်လျှင်အကျိုး မုန်းလျှင်အပြစ်	၃၉
၁၇။	သီလ မေတ္တာ ခန္တီ သစ္စာ	၄၂
၁၈။	စိတ်မှိုက်-စိတ်ရိုင်းကိုဆုံးမ	၄၈
၁၉။	အလှဲသုံးစား တရားတော်	၅၁
၂၀။	ခန္ဓာရုပ်လှေအိုကြီး	၅၆
၂၁။	သမထအသားကျမှ သမာဓိတရားရနိုင်မည်	၆၀

မာတိကာ

အမှတ်စဉ်		စာမျက်နှာ
၂၂။	အာနပါနကမ္မဋ္ဌာန်း	၆၁
၂၃။	မြတ်စွာဘုရားအား မိမိခန္ဓာကိုယ်ကိုအပ်နှင်း လှူဒါန်းပုံ	၆၄
၂၄။	ကမ္မဋ္ဌာန်းဆရာထံ ကမ္မဋ္ဌာန်းတောင်းပုံ	၆၅
၂၅။	အာနာပါန ကမ္မဋ္ဌာန်းအား ထုတ်ပုံ အခြင်းအရာ	၆၆
၂၆။	နိမိတ်သုံးပါး	၆၈
၂၇။	ပဌမစျာန်ဇောကျပုံ	၇၀
၂၈။	ဝိပဿနာကမ္မဋ္ဌာန်း	၇၁
၂၉။	အသိသုံးမျိုး၊ လက္ခဏာရေးသုံးပါး	၇၃
၃၀။	ထွက်သက် ဝင်သက်လေကို ဖြစ်ပျက်ရှုပုံ	၇၇
၃၁။	ဉာဏ်သုံးဆင့်နှင့် ရှာဖွေ၍ ဝိပဿနာရှုကြည့်ပုံ	၈၁
၃၂။	ဝိသုဒ္ဓိ ၇-ပါးနှင့် ဝိပဿနာဉာဏ်စဉ် ၁၀-ပါး	၈၇
၃၃။	သီလဝိသုဒ္ဓိအကျယ်	၉၄
၃၄။	ဒေသနာသုဒ္ဓိ	၉၉
၃၅။	သုဒ္ဓိ ၄-မျိုး	၁၀၁
၃၆။	စိတ္တ ဝိသုဒ္ဓိ	၁၀၂
၃၇။	ဒိဋ္ဌိဝိသုဒ္ဓိအကျယ်	၁၀၃
၃၈။	ကင်္ခါဝိတရဏ ဝိသုဒ္ဓိအကျယ်	၁၁၀
၃၉။	ယုံမှားပြီးပါး ၁၆-ပါး	၁၁၇
၄၀။	သမ္မသနဉာဏ် နည်းလေးမျိုး	၁၂၄
၄၁။	ကလာပသမ္မသနနည်း	၁၂၆
၄၂။	အဒ္ဓသမ္မသနနည်း .... —	၁၂၈

မာတိကာ

အမှတ်စဉ်					စာမျက်နှာ
၄၃။	သန္ဓတိသမ္မသနနည်း	...	....		၁၃၁
၄၄။	ခဏသမ္မသနနည်း	...	....		၁၃၃
၄၅။	ဥဒယဗ္ဗယဉာဏ်	....	....		၁၃၅
၄၆။	ဝိပဿနာနုပဿီလေသ ၁၀-ပါး		....		၁၃၉
၄၇။	ဥဒယဗ္ဗယဉာဏ်နှင့်ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ				၁၄၄
၄၈။	ဘင်္ဂဉာဏ်	....	....	...	၁၄၅
၄၉။	ဘယဉာဏ်	....	....	....	၁၄၇
၅၀။	အာဒီနဝဉာဏ်	....	....	....	၁၅၀
၅၁။	နိဗ္ဗိဒါဉာဏ်	....	....	....	၁၅၁
၅၂။	မုစ္စိတုကမ္မတာဉာဏ်		....	....	၁၅၁
၅၃။	ပဋိသင်္ခါဉာဏ်	....	....	....	၁၅၂
၅၄။	သင်္ခါရုပေက္ခာဉာဏ်		....	....	၁၅၃
၅၅။	အနုလောမဉာဏ်	....	....	....	၁၅၅
၅၆။	ဝုဋ္ဌာနဂါမိနီ ဝိပဿနာ		....	....	၁၅၇
၅၇။	အနုလောမဉာဏ်နှင့်ဂေါတြဘုစိတ်ဆက်ပုံ				၁၅၉
၅၈။	အနုလောမဉာဏ်နှင့်ဂေါတြဘုသတ္တိထူး				၁၆၁
၅၉။	မဂ်စိတ်	....	....	....	၁၆၂
၆၀။	ကာမာဒီနဝတရား		....	....	၁၆၄
၆၁။	အလံတရာ မေတ္တာရေစင်		...	....	၁၈၈
၆၂။	ပန်ကြားချက်	....	....	....	၁၉၁
၆၃။	ဆုတောင်း	....	....	....	၁၉၂

* * *

နိဒါနကထာကို ပြဆိုခက်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ရနတ္တယံ အဟံဝန္ဒာမိ။

အို တိုင်းသူပြည်သား လူအများအပေါင်း သူတော်ကောင်းတို့၊ ယခုအခါနေအသွင် လအသွင် ပေါ်လွင်ထင်ရှားကျော်ကြားခဲ့သည့် လံတရာမဟာ သောဏာယ စေတီတော်ကြီးကို ဦးဆောင် တည်ဆောက်လျက်ရှိသော ကျေးဇူးရှင် လံတရာ နာယက ဆရာတော်ဘုရားကြီးသည် အောင်မင်္ဂလာစိန်ဖူးမဏ္ဍပ်တော်ကြီး၌ ဓမ္မ သ ဘင် ဆင် ယင် ကျင်း ပ ဟောကြားပြသ သွန်သင်ဆုံးမတော်မူသော ဓမ္မဘာဝနာ တရားတော်များကို တပည့်ဖြစ်သူ အရှင်သဒ္ဓမ္မက စီစဉ်ရေးသားထုတ်ဝေရခြင်း၏ အကြောင်းရင်းမှာ တိုင်းသူပြည်သား ပါရမီဆယ်ပါး အဖွဲ့ဝင် မဝင် ကလျာဏသူတော်စင် အပေါင်းတို့သည် ဘုရားဗျာဒိတ် ရဟန္တာ ဗျာဒိတ်တော်များအရ တည်ဆောက်လျက်ရှိသော လံတရာ စေ တီ တော် ကြီး သို့ တ ခါ တခေါက် လာရောက်ဖူးမျှော်သည့်အခါ ကျေးဇူးရှင် လံတရာနာယကဆရာတော်ဘုရားကြီး၏ တရားဓမ္မသြဝါဒကို နာယူမှတ်သားလိုကြပေမည်။ လံတရာ ဆရာတော်၏ အဆုံးအမသြဝါဒအကျဉ်းချုပ်မှာ—

(၁) ဒုစရိုက်တရားကို မပြုလုပ်ရန်။
(၂) သုစရိုက်တရားကို ပြုလုပ်ရန် နှင့်
(၃) ဝိပဿနာတရားများကို အားထုတ်ရန် နည်းလမ်းညွှန်ပြခြင်းပင် ဖြစ်ပေသည်။

ဤဆုံးမချက်စကား သုံးခွန်းအနက် ဒုစရိုက်တရားကို မပြုလုပ်ရန်ဟူသော ပဌမစကားမှာ မကောင်းမှု အကုသိုလ် ဟူသမျှကို ရှောင်ကြဉ်ရန် တားမြစ်သော စကား ဖြစ်သည်။ သုစရိုက်တရားကို ပြုလုပ်ရန်ဟူသော ဒုတိယစကားမှာ ကုသိုလ်ကောင်းမှုဟူသမျှကို မပျင်းမရိ လုံ့လရှိရှိနှင့် အားထုတ် ပြုလုပ်ရန် တိုက်တွန်းသော စကားဖြစ်သည်။ ဝိပဿနာ တရားများ အားထုတ်ရန်ဟူသော တတိယစကားမှာ စိတ်ဌိုင်ရှိသော အညစ်အကြေး ကင်းစင်အောင် တိုက်တွန်းသော စကားဖြစ်သည်။ စိတ်ဌိုင်ရှိသော အညစ်အကြေးဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတရားများကို ဆိုလိုပေသည်။ ထိုကိလေသာတရားများမှာလည်း ဝိပဿနာနည်းဖြင့် စင်ကြယ်နိုင်ပေသည်။ အထက်ပါ စကား သုံးခွန်းကို ခြုံ၍ ကြည့်လျှင် အဓိသီလ - အဓိစိတ္တ - အဓိပညာ ဟူသော သိက္ခာသုံးပါး အကုန်ပါဝင်သော စကားသုံးခွန်းပင် ဖြစ်ပေသည်။ ၎င်းပြင် မကောင်းမှု အကုသိုလ် ဒုစရိုက် ဟူသမျှကို မပြုလုပ်ခြင်းဟူသော ဆုံးမချက်ဖြင့် ကျေးဇူးရှင် လံတရာနာယက ဆရာတော်ဘုရားကြီးသည် သတ္တဝါတို့အား အပါယ်လေးပါးမှ လွတ်ကင်းချမ်းသာ စေချင်တော်မူကြောင်း ကောင်းစွာသိနိုင်ပေသည်။ ကုသိုလ်သုစရိုက်ကို ပြုလုပ်ခြင်း

ဟူသော ဆုံးမချက်ဖြင့် သတ္တဝါတို့အား အဆင့်အတန်း မြင့်စေချင်တော်မူကြောင်း ကောင်းစွာသိနိုင်ပေသည်။ ဝိပဿနာတရားများကို ကြိုးစားအားထုတ်ရန်ဟူသော ဆုံးမချက်ဖြင့် သတ္တဝါတို့အား ဝဋ္ဌဆင်းရဲမှ လွတ်မြောက်၍ အမြဲထာဝစဉ် ချမ်းသာစေချင်တော်မူကြောင်း ကောင်းစွာသိနိုင်ပေသည်။ ထို့ကြောင့်ပင် ကျေးဇူးရှင် လံတရာ နာယကဆရာတော်ဘုရားကြီးသည် မိမိထံမှောက် ဆည်းကပ် ရောက်လာကြကုန်သော မျှားစွာပြည်သူ ခပ်သိမ်းလူကို ကြည်ဖြူဆင့်ပွား မေတ္တာတော်ရှေထားပြီး တရားတော်များ ကျင့်ကြံကြရန် ကမ္မဋ္ဌာန်းဘာဝနာ ဝိပဿနာအားထုတ်ပုံ နည်းလမ်းများကို စည်းကမ်းတကျ ဟောကြားပြသ ဆုံးမတော်မူသောအခါ ဝိပဿနာတရား နည်းလမ်းတမျိုးတည်းကိုသာ ဟောကြားပြသ ဆုံးမတော်မမူဘဲ! ဒုစရိုက်ရှောင်ကြဉ်ရေး၊ သုစရိုက် ပြုလုပ်ရေးများကိုပါ နည်းအဖုံဖုံ၊ ပုံပမာအမျိုးမျိုးတို့ဖြင့် ဟောကြား ဆုံးမတော်မူလေ့ရှိပါသည်။ တရားဟောရာ၌ သာမန် လူပြိုန်းများပင် နားလည်လောက်အောင် အဓိပ္ပာယ်ရှင်းရှင်းဖြင့် ဟောကြားတော်မူတတ်ပါသည်။ ၎င်းတရားတော်များကို စုပေါင်းပြီး (ဓမ္မဘာဝနာ တရားစာ၊ စာအုပ်များ စီစဉ်ရေးသား) ရိုက်နှိပ်ထားသည်ဖြစ်သောကြောင့် ဤစာအုပ်ပါ တရားများကို ဘတ်ရှုရသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည် ဒုစရိုက်၊ သုစရိုက် ဝိပဿနာတရားများကို လေးလေးနက်နက် ကွက်ကွက်ကွင်းကွင်း ရှင်းလင်းနားလည်

ပြီး ရှောင်ကြဉ်သင့်သည်များကို ရှောင်ကြဉ်၍ လိုက်နာကျင့်ကြံသင့်သည်များကို လိုက်နာကျင့်ကြံနိုင်ကြစေကုန်သတည်း။

လံတရာ ဥုးသဒ္ဓမ္မ
၁၃၃၁-ခု၊ ဝါဆိုလ။

* * *

ပဏာမနှင့် ပဋိညာဉ်

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ ဝန္ဒိတ္ဝာ ဂတနိဗ္ဗုတိံ၊
ဝိပဿနာကမ္မဋ္ဌာနံ ကဿံ နိဗ္ဗာနပါပကံ။

အဟံ၊ သဒ္ဓမ္မဟု နာမသမုတ် အာကျွန်ုပ်သည်။ ဂတနိဗ္ဗုတိံ ဓမ္မာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ကြွမြန်းတော်မူပြီးသော။ ဗုဒ္ဓံစ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားကိုဂုဏ်း။ ဂတနိဗ္ဗုတိံ၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော။ ဓမ္မဉ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုဂုဏ်း။ ဂတနိဗ္ဗုတိံ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ကြွရောက်တော်မူပြီးသော။ သံဃဉ္စ၊ ရှစ်ယောက်သော အာရိယာ သံဃာတော် အရှင်မြတ်တို့ကိုဂုဏ်း။ ဝန္ဒိတ္ဝာ၊ ရိုသေမြတ်နိုး ရှိခိုးပြီး၍။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ရောက်စေတတ်သော၊ ဝိပဿနာကမ္မဋ္ဌာနံ၊ [ဓမ္မဘာဝနာ ဝိပဿနာကမ္မဋ္ဌာန်းကျင့်စဉ်ကျမ်း]ကို။ ကဿံကရိသာမိ၊ ရေးသားပြုပြင်စီရင်ပေတော့အုံ့။

ရတနာသုံးပါး ရှိခိုးကန်တော့ အခွင့်တောင်းရန်

သြကာသ - သြကာသ - သြကာသ၊ ကာယကံ၊ ဝစီကံ မနောကံ တည်းဟူသော သုံးပါးသော ကံတို့တွင် တပါးပါး သောကံဖြင့် ပြစ်မှားမိသည်ရှိသော်၊ ထိုအပြစ်တို့မှ ကင်းလွတ်ပျောက်ပါစေခြင်းအကျိုးငှါ ပထမ၊ဒုတိယ၊ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်အုပ်မိုးချီ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏။ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရားငါးပါး၊ အနာမျိုး ကိုးဆယ်ခြောက်ပါး အပေါင်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်သည် ဖြစ်၍ အဆုံးဘဝ နောက်ကာလ၌ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာ တရား တာ၀်မြတ်ကို ဝင်္ဘာဝတို့တို့နှင့် လျင်မြန်စွာ ရပါလို၏ အရှင်သူမြတ်ဘုရား။

* * *

ဆုပေး

ရတိ ပေမံ ဇနေတိတိရတနံ၊ ကျမ်းဂန်ဦးကာ လမ်းမှန်လာသည်နှင့်အညီ၊ ချစ်နှစ်သက် မြှော်လျှောခြင်းကို ဖြစ်စေတတ်သော ရတနာသုံး အမြတ်ဆုံးကို ညွှတ်ရိုးကာ ဂါရဝဖြင့် ရှိခိုးကြရသော ပဏာမကြောင့် နှစ်ဌာန ကိုယ်စိတ် ဝယ်

အနိဋ္ဌာဟူသမျှတို့သည် ပိန်းကြာဖက်ပေါ် တွင် ရေမတင်လျှောပျောက် မိုးနှင်းပေါက်ကဲ့သို့ ကင်းလွတ်ဝေးပ၍၊ လေးဝသောအပါယ်၊ သုံးသွယ်သောဘဝတပ်၊ ရှစ်ရပ်သော အပြစ်တို့မှ မစပ်မယှဉ် ကင်းလွတ်စင်၍ လူ့ခွင်နှတ်ထံ ခေါက်ပြန် လူးလာ စိတ်လိုတိုင်း စံမြန်းပါ၍၊ အန္တိမထိုအခါဝယ် ဆဲ့တဖြာ မီးစကို မဂ်ဓမ္မာ အပြီးသတ်လျက် ကြီးမြတ်သည့်နေရာ ပြည်နိဗ္ဗာန်ခေမာသို့ မကြာလျင်စွာ ရလွယ်ရောက်လွယ် နိုင်ကြသည် ဖြစ်စေ။

* * *

ငါးပါးသီလ

(၁) အဟံဘန္တေ၊တိသရဏေန သဟ၊ ပဉ္စသီလံ၊ ဓမ္မဲ့ယာစာမိ၊ အနုဂ္ဂဟံကတ္တာ၊ သီလံဒေထ၊ မေဘန္တေ။

(၂) ဒုတိယမ္ပိ အဟံဘန္တေ.....မေဘန္တေ။

(၃) တတိယမ္ပိ အဟံဘန္တေ.....မေဘန္တေ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သံရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသော သီလဟု ဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ် သိက္ခာပုဒ် တရားတော်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊တပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတ္တာ၊ ပြု၍။ သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်သူမြတ်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘဂ္ဂေ၊ အရှင်ဘုရား။ (စသည့် ရှေအတိုင်းဆို)။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘဂ္ဂေ၊ အရှင်ဘုရား။ (စသည့် ရှေအတိုင်းဆို)။

ယမဟံ-ဝဒါမိ-တံဝဒေထ။

ယံဝစနံ၊ အကြင်စကားကို။အဟံ၊ငါသည်။ ဝဒါမိ၊ ရှေကဆို၏။ တံဝစနံ၊ ထိုငါဆိုသော်ဌားသော စကားကို။ တုမ္မေ၊ သင်တို့သည်။ ဝဒေထ၊ နောက်ကလိုက်၍ ဆိုကြကုန်လော့။

(အာမဘဂ္ဂေ)

ဘဂ္ဂေ၊ အရှင်ဘုရား။ အာမ၊ အမိန့်တော်အတိုင်းလိုက်၍ ဆိုပါမည် အရှင်ဘုရား။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃-ခေါက်)

အရဟတော၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏။ ဝပ်စင်ကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖေါက်မပြန် သစ္စာလေးတန် တရားမှန်ကို၊ ကောနှိုတိတိသိမြင်တော်မူပြီးထသော။ တဿ ဘဂဝတော၊ ဘုန်းတော်သခင် ထိုဘုရားရှင်အား။ နမော၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(၂) ဒုတိယမ္ပိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(၃) တတိယမ္ပိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

(ဤနည်းအတိုင်းလိုက်၍ ဒုတိယမ္ပိ၊ တတိယမ္ပိ ဆက်ပြီး သုံးခေါက်ဆိုလေ)။

တိသရဏာ ဂဟဏံ ပရိပုဏ္ဏံ။

တိသရဏာ ဂဟဏံ၊ သရဏာကုံသုံးပါး ခံယူဆောက်တည်ခြင်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီလော။

(အာမဘန္တေ)

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ သရဏာကုံသုံးပါး ခံယူဆောက်တည်ခြင်း ပြည့်စုံပါပြီ အရှင်ဘုရား။

* * *

ငါးပါးသီလခံယူဆောက်တည်ပုံ

(၁) ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယामိ။
(၄) မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပမာ ဒဋ္ဌာနာ ဝေရမဏိ သိက္ခာ ပဒံ သမာဒိယာမိ။

ပါဏာတိပါတာ၊ သန်းဥ၊ ကြမ်းပိုး၊ ပိုးလောက် မှက်ခြင် အသက်ဝိညာဉ်ရှိသော သတ္တဝါတို့ကို၊ သေစေလိုသော စေတနာဖြင့် သတ်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူကျင့်သုံး ဆောက်တည်ပါ၏။

အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို၊ သူတပါး၏ အသက်ခန္ဓာ၊ ဥစ္စာရှေ့ငွေ့တို့ကို၊ နိုင်ရာအထက်လုယက်ခိုးယူခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သောသိက္ခာပုဒ်တော်မြတ်ကို။သမာဒိယာမိ၊ ကောင်းစွာခံယူ ကျင့်သုံး ဆောက်တည်ပါ၏။

ကာမေသုမိစ္ဆာစာရာ၊ သူတပါးတို့၏(ပိုင်ဆိုင်မှုးမြှုထားသော) သားမယား (အိမ်ယာထောင်) တို့ကို၊ ဖျက်ဆီးလွန်ကျူးခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူကျင့်သုံး ဆောက်တည်ပါ၏။

မုသာဝါဒါ၊ မဟုတ်မမှန် ဖေါက်ပြန် လိမ်လည်သော စကားမျိုးတို့ကို ပြောဆိုခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်

ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူကျင့်သုံး ဆောက်တည်ပါ၏။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့၌၊ မေ့လျော့တွေဝေအောင် ယစ်မူးစေတတ်သော၊ ဘိန်းဘင်းကဇော်၊ လျော်ဇာအရက်တို့ကိုသောက်စားခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူကျင့်သုံး ဆောက်တည်ပါ၏။

တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတ္တာ အပ္ပမာဒေန သမ္မာဒေထ။

တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသော သီလတော်မြတ်ကို။ သာဓုကံကတ္တာ၊ ကောင်းစွာခံယူဆောက်တည်ကြကုန်ပြီး၍၊ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆခြင်းတည်းဟူသော၊ သမ္မာဇညသတိတရားနှင့်။ သမ္မာဒေထ၊ ကောင်းစွာပြည့်စုံကြပါစေကုန်လော့။

(အာမ ဘန္တေ)

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြည့်စုံအောင် စောင့်ရှောက်ဆောက်တည်ပါမည် အရှင်ဘုရား။

[သီလဆောက်တည်ရာ၌ အနက် ရေးသားလိုက်သည်မှာ အလိုရှိသော ပုဂ္ဂိုလ်မျိုးအတွက်သာ ထည့်ပေးရေးသားလိုက်ပါ၏။ ၎င်းအနက်ကို အလိုမရှိပါလျှင် ပါဠိအတိုင်းကိုပင် ပေးဆိုကြပါလေ။]

ရှစ်ပါးသီလ တောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ၊ အဋ္ဌင်္ဂသမန္နာဂတံ၊ ဥပေါ သထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝา၊ သီလံ ဒေထ မေ ဘန္တေ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလဟု ဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ်သိက္ခာပုဒ် တရား တော်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတ္ဝา၊ ပြု၍။ သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါကုန်ဘုရား။

ဒုတိယမျိုး၊ တတိယမျိုး၊ စသည်ဖြင့် ငါးပါးသီလ၌ ပြဆိုခဲ့သည့် နည်းအတိုင်း သိပေတော့၊ သရဏဂုံဆောက်တည်ပုံ တိုင်အောင် မထူးပြီ။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောဟူရာ၌ ပါဏာတိပါတာ ဝေရမဏိစသော သိက္ခာပုဒ်ရှစ်ပါးကို အင်္ဂါရှစ်ပါးဟု ဆိုသည်။

* * *

ရှစ်ပါးသီလ ခံယူဆောက်တည်ပုံ

(၁) ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(၃) အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပမာ ဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

[ပါဏာတိပါတာ အဒိန္နာဒါနာ စသော သိက္ခာပုဒ်များ၏ အနက်ကို ငါးပါးသီလ၌ ရေးသားပြီးဖြစ်၍၊ ကြွင်းကျန်သော သိက္ခာပုဒ် အနက်များကိုသာ ရေးတော့မည်]။

အဓြဟ္မစရိယာ၊ မမြတ်သော မေထုန်အကျင့်မှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ကောင်းစွာခံယူကျင့်သုံးဆောက်တည်ပါ၏။ ဝိကာလဘောဇနာ၊ နေလွဲညဉ့်စာ စားသောက်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ကျင့်သုံးဆောက်တည်ပါ၏။

နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ သာသနာတော်၏ ဆူးငြောင့်

တံကျင်သသွယ် ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ၎င်းတို့ကို သီဆိုကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း၊ နံ့သာပြောင်းတို့ဖြင့် အပြေအပြစ် အတင့်အတယ်ပြုခြင်း၊ မိမိကိုယ်ကို တန်ဆာဆင်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော၊ သိက္ခာပုဒ် တော်မြတ်ကို၊ သမာဒိယာမိ၊ ကောင်းစွာခံယူ ကျင့်သုံးဆောက်တည်ပါ၏။

ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ၊ မြတ်သောနေရာထက်၌ အိပ်ခြင်း၊ နေထိုင်ခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ၊ ရှောင် ကြဉ် ကြောင်း ဖြစ် သော သိက္ခာ ပုဒ် တော် မြတ် ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ကျင့်သုံး ဆောက်တည်ပါ၏။

(ဤကား ရှစ်ပါးသီလပါဠိအနက်တည်း)

* * *

ရောင်ခြည်တော် ဘုရားပင့်

နိုလဝဏ္ဏော ပိတော ဒါတော၊ ပဘာသရောစ
လောဟိတော။

ဝ ံ ဝ ံ ဝ ဝ
မဉ္ဇဋ္ဌာနုဂ္ဂဟာကတ္ဝာ၊ ဣခဝယာတု သရန္ဒရော။

နိ လ ဝ ဏ္ဏော စ၊ စ ကု ကာ ပန်း ရောင် ဌက် ခါး တောင် လို၊ ပြောင် တ ဝင်း ဝင်း၊ လင်း တ ထိန် ထိန်၊ ရှိန် တ လက် လက်၊ ကြာညိုပန်းတွေ ထွက်သကဲ့သို့၊ ညိုဝင်းသော ရောင်ခြည်တော်လည်း ရှိတော်မူပေထသော။ ပိတော စ၊ ရွှေသီဂန်တ် ပမာ

ဖိတ်သို့၊ ရိပ်တ့လက်လက်၊ အဝါဘက်လည်းပါ၊ စိမ်းပြာ ဘက်လည်းဟပ်၊ အရောင်နှစ်မျိုးစုံ ရောစပ်သကဲ့သို့၊ ရှေ့ အဆင်းလိုဝင်းဖတ်သော ရောင်ခြည်တော်လည်း ရှိတော်မူပေ ထသော။ သြဒါတောစ၊ ပုလဲအနှစ်၊ စိန်စစ်အတူ၊ ဘော်ဖြူ ရတနာ၊ ခတ္တာကြက်ရုံး၊ ဂမုံးရင်ကပ်၊ ဇလပ်ဇီဇဝါ၊ ထတ္တရာ ရာမက၊ ကျောက်မြချယ်စီ၊ စိန်ရတီပုလဲ အသွေးကဲ့သို့၊ ဖြူ ဖွေးသော ရောင်ခြည်တော်လည်း ရှိတော်မူပေထသော။ ပဘာရောစ-နဘံအဇာဌာ၊ ဝဿန်ဗါဝယ်။ သံဝါဟစ်ချုန်း၊ မိုးလုံးအန္ဒီ၊ ရွန်းရင်းခတ်လျက် လျှပ်စစ်တခန်း။ ရှုဘနန်းမျှ၊ မီးပန်းမီးနှယ်၊ ကောင်းကင်လယ်မှာ၊ ကူးသွယ်ရောယှက်၊ ပြိုးပြိုးပြက်ပြက်၊ ရိုးရိုးရက်မျှ၊ တခဲနက်သောရောင်ခြည်တော် လည်း ရှိတော်မူပေထသော။ လောဟိတောစ၊ နှင်းဆီခေါင်း ရမ်း၊ ဝတ်ပန်းချိပ်ရည်၊ တိမ်နီလျှပ်လျှပ်၊ စိန်နီစပ်သ ဖြင့် တလျှပ်လျှပ်တဖိတ်ဖိတ် တရိတ်ရိတ်ယှက်သန်း၊ကသစ်ပန်းနှင့် ခေါင်းရမ်းမိုးစေ့၊ အာကာဇေမှာ၊ တိမ်နီတွေ့ တောက်သကဲ့ သို့၊ ကျောက်သန္ဓာန်သွေး၊ ယှက်ထွေးကြည်လင်၊ နီလွင် သော ရောင်ခြည်တော်လည်း ရှိတော်မူပေထသော။ မိဠိဌောစ၊ မှောင်တခိုခို၊ မိုးလုံးစိုလျက်၊ မှိုင်းညိုဖြာသန်း၊ မကာရိုးကွက် ရောင်၊ တိမ်တောင်ယှက်ပေါင်း၊ ရှုမညောင်းမျှ။ မှောင်မဲ မှိုင်းအုံ၊ရိုမ့်သောရောင်ခြည်တော်လည်း ရှိတော်မူပေထသော။ သိရိန္ဓရော၊ ကြက်သရောဘုန်း၊ တက်နေနှုန်းသို့၊ သုံးဘုံအလယ်၊ လွန်တင့်တယ်သား၊ စမ္ပယ်တုလ္တတ်၊ တမ္ဗတ်ဥသျှောင်၊ ကြက် သရေဆောင်သခင် ဘုရားရှင်သည်။ မေ၊ ဒုက္ခအဏ္ဏဝါ၊ သံသရာတွင်၊ ဖန်ခါခါနစ်မြုပ်ရသော—အကျွန်ုပ်အား။

အနုဂ္ဂဟံ၊ ရာဟုရင်ဘုံး၊ အသွင်ထားရ၊ သနားကြည်ဖြူ၊ ချီးမြှောက်တော်မူခြင်းကို။ ကတ္တ၊ ပြုတော်မူ၍။ ဣဓ၊ တပည့်တော်မျှား၊ ငုံစားစောင့်မြှော် သင့်တော်ကောင်းမြတ်ဤနေရာ အရပ်သို့။ အာယာ တု၊ မင်ဖိုလ်မြို့ကရည်၊ တရားဆီကို၊ သာကြည်ချိုအေး၊ တိုက်ကာကျွေးဘို့၊ မနေးလျင်စွာ၊ စက်နှစ်ဖြာဖြင့်၊ မြန်စွာဆန့်တန်း၍၊ ဖြန့်မြန်းကြွချီတော်မူလှည့် ပါ ရောင်ခြည်တော် လတန္ဒန်းကဲ့သို့၊ မြဘုန်းတော်သခင်၊ အရှင်သူမြတ်ဘုရား။

* * *

သူရဿတီ အာသီသ ဂါထာတော်ကြီး

ပိဋ္ဌကတ္တယသမ္ပုဏ္ဏံ၊ သဗ္ဗသိဒ္ဓိသုခါဝဟံ၊
ဇိဝ္ဍဂ္ဂေမနိသိဒိတ္ဝာ၊ မံခာရေတုသူရဿတီ။

ပိဋ္ဌကတ္တယသမ္ပုဏ္ဏံ၊ ရှင်တော်မြတ်ဘုရား ဟောကြားသွန်သင်၊ စကားစဉ်ဟု၊မျှားဖျင်လုံးစုံ၊ သုံးပုံပိဋ္ဌကတ် ရှိသမျှတို့နှင့် ပြည့်ဝစုံလင်ပေထသော။ သဗ္ဗသိဒ္ဓိသုခါဝဟံ၊ ကာယပိယ၊ ဒါနစလာ မျှားစွာလွန်ကောင်း သိဒ္ဓိအ်ပေါင်းကို စုဆောင်းပိုင်ပိုင် ရွက်ဆောင်ခြင်းငှာ၊ စွမ်းနိုင်ပေထသော၊ သူရဿတီ၊ ထက်မိုးဝေဟင်၊အာကာပြင်ဝယ်၊ရူပါရုံအလွန်လှ၊ချွန်မြတ်တဲ့ ဉာဏ်ပညာ၊ လူတကာတို့၏ နှစ်အဆီ၊ သူရဿတီမည်ရ၊ နာမတင်ချီ၊ သိဂ်ီလျှံညီး၊ မယ်တော်နတ်သီး (မေ-မမ) မယ်မယ့်ချစ်သား ကိုယ်စားရည်ရော်၊ မယ့်မျက်ဖျော် ၏၊ [သားယောကျ်ားတို့](မေ-မ့မ)မယ်မယ့်သီး၊ ထံမှီးခိုတွယ် မယ့်မျက်

ချယ်၏ [သို့မိုးမိမ္မာ] ဇီဝဂ္ဂ၊ ချစ်စေဘို့မှန်၊ ပြောဆိုရန်ဟု၊ အသံခေတ်မျှား ထွက်သွားသန့်ရှင်း အာခံတွင်း၌။ နိသိဒီတွာ၊ ဗိမာန်သဘွယ်၊ စိတ်ထန်ရှယ်လျက်၊ ဘယ်ဝယ်နှုတ်ခွ၊ ခဏမလပ်၊ ထက်ကြပ်မသွေ၊ စောင့်ကြပ်နေ၍။ မံ၊ မျက်နှာမြင်က ချစ်ခင်ဆပ္ပား၊ အသံကြားက၊ သနားစေရန်၊စိတ်သန်ရှယ်စူး၊ မယ့်သားထူးကို၊ [ကျား] မံ၊ မျက်နှာမြင်က၊ ချစ်ခင်ဆပ္ပား၊ အသံကြားက၊ သနားစေရန်၊ စိတ်သန်ရှယ်ပြီး၊ မယ့်သို့မိုးကို၊ [သို့မိုးမိမ္မ] ဓာရေတု၊ ချိုမေတ္တာစပ်ကာသွင်း၍၊ ဆောင်နှင်းတော်မူပါတော့၊ သူရသတီ၊ သိဂ်ီလျှံညီး မယ်တော်ကြီးနတ်သို့။

* * *

ကျေးဇူးရှင် လံတရာ နာယက ဆရာတော်ဘုရား၏

ဓမ္မဘာဝနာတရားစာ

ယနေ့ အောင်မင်္ဂလာစိန်ဖူး မဏ္ဍာပ်တော်ကြီးမှာ ဆရာဘုရား တရားတော်ကို နာယူကြတဲ့ ရဟန်း၊ ရှင်၊ လူ၊ ဥပသကာ၊ရသေ့၊ ယောဂီတွေနှင့်တကွ အားလုံးဘဲနော်၊ နားသောတပန်ဆင်ကြပါ။ ဤနေရာဌာနဆိုရင် အမြဲမပြတ် တရားမိုးရွာနေတဲ့ဌာန၊ အမြဲမပြတ်ဒီလိုဘဲ သွန်သင်ဆုံးမ ဟောပြောပြသနေတာ၊ ဒီလိုတရားကိုအမြဲမပြတ်နာရတဲ့ ကျေးဇူးဟာလဲ အင်မတန်ကြီးတာပေါ့၊ အဲ–ဒါကြောင့်မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ ကာလေနဓမ္မသဝဏ်ရယ်လို့ ဟော

ကြားတော်မူပါတယ်။ ကာလေန၊ သင့်တင့်လျောက်ပတ်သော အခါ၌။ ဓမ္မသဝဏ္ဍ၊ သူတော်ကောင်းတရားတို့ကို နာရခြင်း သည်ရင်း။ တေါ၊ ဤတရားသည်လျှင်။ ဥတ္တမံ၊ မြတ်လှစ္စာသော။ မဂ်လံ၊ မင်္ဂလာ မည်၏။ (၀၇) စီးပွားချမ်းသာ ဖြစ်ခြင်း၏ အကြောင်း။ အဲ-ဒါ မြတ်တဲ့ မင်္ဂလာဘဲပေါ့နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ဒီကနေ့ညအဘို့မှာဆိုရင်လဲ ရပ်ဝေး ရပ်နီး အသီးသီးတို့မှ တရားတော်ကို နာယူလာကြတဲ့ ဒကာ-ဒကာမ တို့ကစပြီး ကုန်းတော်ပေါ် နေထိုင်သူများနှင့် တက္ခ ရဟန်း, ရှင်, လူ, ဥပါသကာ, ရသေ့, ယောဂီများတို့မကျန် အားလုံးဘဲနော်၊ မိမိကျေးရွာကနေပြီး သဒ္ဓါမောင်း သန်သန် နှင့် ရောက်ရှိလာကြသည့်အတိုင်း တရားထူး တရားမြတ်များ ရကြစေရန် ဆရာဘုရားက အာသီသထားပြီး တရားတော် များ ဟောကြား ပေးပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ဆရာဘုရားနှင့် အတူတက္ခ ဘဝ ဘဝကရေစက် အကြောင်းခံပြီး ယခုလိုဘဲ ဘုရားဗျာဒိတ် ရဟန္တာဗျာဒိတ် ထားတော်မူခဲ့တဲ့ လံဘရာမဟာ သောဏာယ စေတီတော်ကြီးကို အကြောင်းကင်းပြီးတော့ ဆရာဘုရား တည်ဆောက်ရခြင်း မဟုတ်ပါဘူး၊ အကြောင်းနှင့် အကျိုး၊ အကျိုးနှင့်အကြောင်း ဆိုသလိုပေါ့၊ မိမိတို့ကျေးရွာကနေပြီး တော့ ချစ်လင်မယား သို့မဟုတ် စီးပွားဥစ္စာဟူသ မျှ

အပေါင်းတို့ကို စွန့်ပစ်ပြီးသကာလ ဆရာဘုရား ပါရမီကို ဝိုင်းပြီးတော့ ဖြည့်ကျင့်ကြပါတယ်။ ဖြည့်ကျင့်ကြတဲ့အတိုင်း ဆရာဘုရားကလဲ ဒကာ-ဒကာမကြီးတို့အပေါ်မှာ လောဘီ လောကုတ္တရာဆိုတဲ့ ကျေးဇူးတရား နှစ်ပါးနှင့်ဘဲ ပြန်ပြီးဆပ် ရမယ့် တာဝန်ရှိပါတယ်။ သို့သော် ဆရာဘုရားမှာ လောဘီ ဆိုင်ရာ ရတနာဆိုလို့ ဘာတံခုမှမရှိလေတော့ လောကုတ္တရာ ဆိုတဲ့ ဓမ္မဘာဝနာနဲ့ဘဲ ကျေးဇူးတုံ့ပြန် ဘို့ သိသလောက်, တတ်သလောက်, မှတ်သလောက်နှင့် အနည်းငယ်စီ စုဆောင်း ပြီး နည်းကောင်း, လမ်းမှန် သွန်သင်ဆုံးမ တရားများဟော ကြားရခြင်း ဖြစ်ပါတယ်။ မပွင့်သေးတဲ့နားများ၊ မျက်စိများ ပွင့်ကြလေအောင် မသိသေးတဲ့တရားထူး, တရားမြတ်များ သိရလေအောင် ဆရာဘုရားက ယခုလိုဘဲ အောင်မင်္ဂလာစိန်ဖူး မဏ္ဍာပ်တော်ကြီးမှာ ဓမ္မဘာဝနာတံရားတော်များကို နည်း လမ်းညွှန်ပြ သွန်သင်ဆုံးမ ဟောကြားရခြင်းဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒီလိုဟောကြားတဲ့ အချိန်အခါမှာ မလာရောက်ကြ သေးတဲ့ ပုဂ္ဂိုလ်များ ကျန်ရှိပါက လာရောက် နိုင် ကြ ပြီး တရားတော်များကို နာယူမှတ်သား ကြိုးစားအားထုတ်နိုင်ပါ စေလို့ ဆရာဘုရားက အမြဲတမ်းစိတ်ထဲက မေတ္တာ, ကရုဏာ တရားရှေထားပြီး တိုက်တွန်း ဟောကြား ပေးပါတယ်နော်။

(မှန်ပါဘုရား)

* * *

ကျေးဇူးရှင် လံတရာ နာယက ဆရာတော်ဘုရားဏ်

မေတ္တာ, ကရုဏာ

(ဦးရသေ့ရှေ....ဘုရား) ဆရာဘုရား ချစ်သနားခြင်းဆိုတဲ့ မေတ္တာ, ကရုဏာ တရားကတော့ ဒကာ-ဒကာမတို့အပေါ် မှာ ဘယ်လောက် ကြီးမားတယ်ဆိုတာ ပြောရမယ်ဆိုရင်၊ ကျောသား, ရင်သား မခွဲခြားဘဲ တသားတည်း မှတ်ပါတယ်နော်။

(မှန်ပါဘုရား)

မှတ်တဲ့အတိုင်းဘဲ ဆရာဘုရား သိတဲ့တရား သိပါစေ၊ ဆရာဘုရားရတဲ့တရား ရပါစေလို့ အမြဲတမ်း ဆရာဘုရားစိတ်ကပေးသိစေချင်ပါတယ်၊ ပေးရစေချင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒကာ-ဒကာမတို့ သံသရာမှာ ကျင်လည်ရတဲ့ဒုက္ခကို ဆရာဘုရား တွေ့မြင်ရတာ အင်မတန်မှ မေတ္တာ ကရုဏာဆိုတဲ့ တရား ချစ်သနားခြင်း ဖြစ်မိပါတယ်နော်။ အဲ-ဒါကြောင့် ဆရာဘုရား ချစ်သနားသည့်အတိုင်း ဒကာ-ဒကာမတို့လဲ မိမိကိုယ်ကိုပြန်ပြီး ချစ်သနားကြပါ။ အဲ-သည်လို မိမိကိုယ်ကိုပြန်ပြီး ချစ်သနားကြရင် မကြာခင်ဆရာဘုရားနှင့် လောကုတ္တရာဆွေမျိုး ဓမ္မဆွေမျိုး ဖြစ်နိုင်ကြပါတယ်နော်။

(မှန်ပါဘုရား)

ယခု တရားတော်ကို နာယူကြတဲ့ ဒကာ-ဒကာမကြီးတွေ အားလုံးဘဲနော်၊ လောကုတ္တရာဆွေမျိုး ဓမ္မဆွေမျိုး မဖြစ်ချင်ကြဘူးလား၊ လောကုတ္တရာဆွေမျိုး ဓမ္မဆွေမျိုးဖြစ်ချင်

ကြလို့ရှိရင် ယခုလို ညတိုင်း ညတိုင်း ဆရာဘုရား ဓမ္မဘာဝနာ ဟာရေးဆိုတဲ့ တံခါးကြီး ဖွင့်ပေးတဲ့အချိန်နှင့် ကြုံကြိုက် တဲ့ အခါ နာယူမှတ်သားကြိုးစားပြီး အားထုတ်လိုက်ကြဘို့ ဆရာ ဘုရား တိုက်တွန်းပါတယ်။ တိုက်တွန်းရခြင်းအကြောင်းဟာလဲ အခြားတော့ မဟုတ်ပါဘူး၊ ဒကာ-ဒကာမတို့ ပါရမီထူး, ကုသိုလ်ထူးများ ဖြစ်ကြရလေအောင် ပါရမီထူး, ကုသိုလ်ထူး ဖြစ်ကြရကြတဲ့ အတိုင်းဘဲ လူတိုင်းလူတိုင်း အကျင့်တရားဆိုတဲ့ ရွေတလမ်းကို လှမ်းတက်နိုင်ကြပါစေလို့ အကြိမ်ကြိမ် ဆရာ ဘုရား နှိုးကြားတိုက်တွန်းရခြင်း ဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ဆရာဘုရားအချစ်ဂုဏတော့ လူတိုင်း လူတိုင်းဘဲ အထက်သို့ရောက်အောင် ဒါနအချစ် သီလ အစစ် ဘာဝနာအနှစ် ဖြစ်ကြရလေအောင် ချစ်ခြင်းဖြစ်ပါ တယ်နော်၊ ဒါနကလဲ ဓမ္မဒါန၊ အဓမ္မဒါန နှစ်ပါးထဲမှာ အဓမ္မဒါနမဖြစ်ရလေအောင် ဓမ္မဒါနဘဲ ဖြစ်စေချင်ပါတယ်။ သီလကလဲ အရိယာသူတော်ကောင်းတို့ ကျင့်သုံးဆောက် တည်အပ်သော သုဒ္ဓသီလ အရိယာသီလ မျိုးများလိုဖြစ်စေ ချင်ပါတယ်။ ဘာဝနာကလဲ ဘာဝနာမယဉ္ဇာဏ်ဖြစ်ကြပြီး လောကုတ္တရာဆိုတဲ့ မဂ်အခြေ ဖိုလ်အခြေ တရားများ ရကြ ပါစေလို့ ဆရာဘုရား အာသီသထားပြီး ချစ်ခြင်း ဖြစ်ပါ တယ်နော်။

(မှန်ပါဘုရား)

* * *

ဒါန သီလ ဘာဝနာ တရားသုံးပါး ဥပမာထားပုံ

(ဦးရသေ့ရေ....ဘုရား) ဒါန သီလ ဘာဝနာ၊ အဲဒီတရားသုံးပါးဟာ တပါးနှင့်တပါး ကင်းပြီး မဖြစ်နိုင်ကြဘူးနော်၊ တပါးပါးချို့တဲ့သွားလျှင် နိဗ္ဗာန်ဆိုတဲ့ ဟိုမှာဘက်ကမ်း၊ မရောက်နိုင်ကြပေဘူး။ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ တရားသုံးပါးဟာ ဘာနှင့် ဥပမာတူပါသလဲလို့ဆိုတော့ သီလဟာ သဘော်ဘောနှင့်တူပါတယ်၊ ဒါနဟာ သဘော်မှာစားသောက်ဘို့ ထမင်းဟင်းလျှာ ရိက္ခာမျှားနှင့်တူတယ်၊ ဘာဝနာကတော့ သဘော်သွားစေရန် စက်မောင်းသမားနှင့်တူတယ်။ အဲဒီတရားသုံးပါး ပြည့်စုံမှသာ လိုရာခရီးပန်းတိုင် နိဗ္ဗာန်ဆိုတဲ့ ဟိုမှာဘက်ကမ်းကို ရောက်နိုင်ပါတယ်နော်။

(ရောက်နိုင်ပါတယ်ဘုရား)

ဒီဘရားသုံးပါးထဲမှာ ဒါနပယ်ဘို့ သီလပယ်ဘို့ မလိုဘူးနော်၊ ဒါန,သီလဆိုတဲ့ လုပ်ငန်းဟာ လွယ်လွယ်ကလေးနှင့် အရေးပါအရာရောက်ကြပေတယ်။ ဒါနစခန်း၊ သီလစခန်းက တက်ကြမှ ဘာဝနာဆိုဘဲ့စခန်းကို ရောက်ကြရတယ်နော်။

(မှန်ပါဘုရား)

တကယ်တမ်းဘာဝနာစခန်းကို ရောက်အောင်တက်တော့ မယ်ဆိုရင် ဝိသုဒ္ဓိခုနစ်ပါးထဲက ရှေးဦးစွာ သီလဝိသုဒ္ဓိစခန်းကနေပြီးတော့ အုတ်မြစ်ချမှ ဘာဝနာစခန်းကို တက်ရလွယ်တယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား)

အဲ-ဒါကြောင့်မို့၊ တရားကလုပ်ကို အားထုတ်တော့မယ် ဆိုရင် ရှေးဦးစွာ မိမိသီလစင်ကြယ်ဘို့ လိုပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) စင်ကြယ်စွာသော သီလတည်းဟူသောရေစင်၊ အကုသိုလ်တည်းဟူသော အညစ်အကြေး ဥပမာ လိုပေါ့နော်၊ အဝတ်အထည်မျိုးကို အညစ်အကြေး ကင်းစင်ပြီး ဖြူစင်အောင် သုတ်သင်ဖွတ်လျှော်ဘိသကဲ့သို့ ရှေးဦးစွာ ရုပ်ဓာတ်နာမ်ဓာတ်အပေါ်မှာ သီလတည်းဟူသော ရေစင်ဖြင့် ဖြူစင်အောင် အညစ်အကြေးတွေကို သုတ်သင်ဆေးလျှော်ကြရမယ်နော်။

(မှန်ပါဘုရား)

မကောင်းတဲ့ အကုသိုလ် အညစ်အကြေးတရားတွေ၊ ရုပ်ဓာတ်၊ နာမ်ဓာတ်အပေါ်မှာ ကပ်ငြိမှီးတွယ်နေရင် ကောင်းမြတ်တဲ့ တရားစုတွေကို မထင်မမြင်နိုင်အောင် တားဆီးပိတ်ပင်တတ်တယ်နော်။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး က "အို ချစ်သား, ချစ်သမီးတို့၊ သင်တို့ သဏ္ဌာန်ပေါ်မှာမကြာ မကြာကပ်ငြိတတ်သော အကုသိုလ် အညစ်အကြေး အယုတ်တရား, အမိုက်တရားစုတွေကို ဖွေးဖွေးဖြူအောင် အရေးယူပြီး သုတ်သင်ဆေးလျှော်ကြပါ" လို့ ဓမ္မပဒပါဠိတော်ကြီးမှာ....

ဓောဝ ပါတ္တိမလံခိပ္ပံ၊ မစ္ဆုဂမိယတိလို့ ဟောကြားတော်မူပါတယ်။

ဘိုကွေ၀ေ၊ အိုနာသေရေး လာမည့်ဘေးကို၊ မျှော်တွေး ကြည့်ပြီး၊ အို ချစ်သား, ချစ်သို့မိုးတို့။ အာပတ္တိမလံ၊ နေ့စဉ်ညဉ့် တိုင်း မဆိုင်းမျက်မှောက်။ ဝင်ရောက်ပြစ်လေး၊ သင်တို့သဏ္ဌာန် မှာပေါ်လာတဲ့ အညစ်အကြေးတွေကို။ ခိပ်ပ်၊လျင်လျင်မြန်မြန်။ ဓော၀၊ဖွေးဖွေးဖြူအောင်၊ဆေးယူသုတ်သင်လိုက်ရာ၏။ အဒ္ဓါ၊ မချုတ်ကေန်။ မစ္စု၊အခြေတင်းလှတဲ့၊ရှင်သေမင်းသည်။ အာဂ မိသတိ၊ မကြာချက်ခြင်း၊ ခေါင်းပေါ်နင်း၍ အတင်းလာ ဘေ၀အုံ့သတည်း။

(သာဓု-သာဓု-သာဓု)

အဲ-ဒီလို ဓမ္မပဒပါဠိတော်ကြီးမှာ ဟောကြားတော်မူတဲ့ အတိုင်းဘဲနော်၊ ခန္ဓာကိုယ်ပေါ်မှာရှိတဲ့ အကုသိုလ် အညစ် အကြေးတွေ သုတ်သင် ဆေးလျှော်ဘို့လိုပါတယ်။ ခန္ဓာကိုယ် ကြီးဟာ တနည်းအားဖြင့် ဘာနှင့်အလား သဏ္ဌာန်တူသလဲလို့ ဆိုတော့၊ ကြေးတုံ, သံတုံးကြီးမျှားနှင့်တူတယ်။ ဘာကြောင့် လဲလို့ဆိုတော့၊ ကြေးတုံ သံတုံးကြီးမျှားဟာ မပုတ်မတိုက်ဘဲ ချောင်ထိုးပစ်ထားလိုက်ရင်ဘယ်လိုနေကြမလဲဆိုတာစဉ်းစား ကြည့်ရင် သိနိုင်ကြတာပေါ့နော်၊ ကြေးညို၊ သံညိုတွေ ကပ်ညို ပြီး သဘာ၀သတ္တိကို မပြနိုင်တော့ဘူး၊ လူတို့သံ၂ါရုပယောဂ ဖြင့်ပြုပြင်ပြီး ပုတ်နိုင်တိုက်နိုင်မှ အရောင်ဟပ်ပြီးအကြည်ဓာတ် ဆိုက်ရောက်နိုင်တယ်နော်။

(မှန်ပါဘုရား)

အဲ-ဒီ ဥပမာလိုပေါ့၊ ခန္ဓာကိုယ်ကြီးဟာလဲ မကောင်း တဲ့ အကုသိုလ် အညစ်အကြေးစုတွေ မှေးတွယ် လာတတ်လို

အရောင်မဟပ်ဘဲ အမှောင်ဝေတ်ထဲ ပြေးဝင်ပြီဆိုမှုဖြင့် သိသင့်သိထိုက်တဲ့တရားတွေ ပျောက်ပျက်ပြီး ဘာဝနာလမ်း၏ အနှောက်အယှက်ကြီး ဖြစ်သွားတတ်ပါတယ်နော်။

(မှန်ပါဘုရား)

ဘာဝနာလမ်းကြီး အနှောက်အယှက်မဖြစ်ဘို့ရာ ခန္ဓာကိုယ်ပေါ်မှာတည်ရှိနေတဲ့ အကုသိုလ် အညစ်အကြေးတွေကို သီလရေစင်ဖြင့် ဖြူစင်အောင် ဆေးလျှော်ရမှာဖြစ်လို့ ဘာဝနာဆိုတဲ့တရားအလုပ် အားထုတ်တဲ့အရာမှာဆိုရင် သီလတရားဟာ အရေးပါအရာရောက်တဲ့ ကိုယ်ကျင့်တရားဘဲနော်။

(မှန်ပါဘုရား)

* * *

သီလစင်ကြယ်လျှင် အရိယာနွယ်ဝင် ဖြစ်သွားကြောင်း

(ဦးရသေ့ရေ....ဘုရား)ကိုယ်ကျင့်သီလတရားစင်ကြယ်ခဲ့လို့ ရှိရင် ဝိပဿနာဉာဏ်ပညာအရာမှာ ထင်လွယ် မြင်လွယ်ပေါက်ရောက်လွယ် နိုင်ပါတယ်နော်။ အဲ-ဒါကြောင့်မို့ ကိုယ်ကျင့်သီလတရား စင်ကြယ်ရင် အရိယာနွယ်ဝင် ဖြစ်သွားကြောင်းကိုလဲ....

သီလဝန္တပုထုဇဉ်နေးပါ၊ သောတာပန္နော ယေဝသင်္ဂဟိတောဝ။ ။စသည်ဖြင့် ဒုကဂုံတ္ထိုရ်အဋ္ဌကထာကြီးမှာ ပြထားပါတယ်။ အရိယာသူတော်ကောင်းများဟာ ကိုယ်ကျင့်သီလ

တရားအမြဲလက်ကိုင်ထားပြီး စျာန်တရား၊ မဂ်တရားကိုအရ ယူတော်မူပြီး နိဗ္ဗာန်တည်းဟူသော သောင်ဋ္ဌသို့ လှမ်းတက်နိုင်ကြပါတယ်နော်၊ မနောဟုတ်မှ လောကုတ္တရာဆိုတဲ့အတိုင်း စိတ်မနောက အိုးဘေး, နာဘေး, သေဘေး, တွေ့ကရြေကန်ရှုန်းထွက်ချင်တဲ့ စိတ်ဆန္ဒအားကြီးလာမှမြင့်မြတ်တဲ့ ကုသိုလ်တရားတွေကို ရကြပေလိမ့်မယ်၊ ဒါနရေး၊ သီလရေး၊ သမထရေးမှာ လိမ္မာဘို့ဆိုတဲ့ စကားမှာ မနောထား သဘောထား တခုကို ဆိုလိုတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)ယခုလောကမှာ သစ်ပင်စိုက်ကြရာမှာ မျိုးစေ့ကို ပထမမူလထားပြီး အပင် အရွက် အပွင့် အသီးများ ဖြစ်ပေါ်လာတာလို့ ကုသိုလ်ရေးမှာလဲ စိတ်မနော အမြစ်မျိုးစေ့က တခုခု အာရုံပြုတဲ့အတိုင်း အကျိုးဖြစ်ပေါ်လာရတယ်နော်၊ ဒါကြောင့်မို့ ဒါနရေး၊ သီလရေး၊ သမထ အရေး စသည်တို့မှာ စိတ်မနောပေါက်က မဂ်ပင် ဖိုလ်ပင် စိုက်ပုံပြုပြီး မဂ်သီး၊ ဖိုလ်သီး သီးတဲ့ပုံလိုပေါ့။ မဂ်ပင်ဖိုလ်ပင် စိုက်ပုံတရားတော်ကို ဟောပြလိုက်ရအုံးမယ်နော်။

* * *

မဂ်ပင်ဖိုလ်ပင် စိုက်ပုံတရားတော်
(မှန်ပြလက်ခ)

တဝမှန်စွာ၊ နာမ်ခန္ဓာလျှင်၊ ချာချာလည်စက်၊ သံသာ ဗဟုက်မှ၊ မထွက်နိုင်ငြား၊ အိုလူများတို့၊ တို့ကားလူ့ဘုံ၊

ဖြစ်ကြပုံကို၊ အကုန်တွေးရှု၊ သတိပြုလျှင်၊ သိမှုဘို့ရန်၊ ရှေကျမ်းဂန်၌၊

ကလျာဏကာရီကလျာဏံ၊ ပါပကာရီစပါပကံ၊

ယာဒိသံ ဝပ္ပတေဗီဇံ၊ တာဒိသံဟာရတေဖလံ၊

ဟောဟန်တန္တ၊ မှန်ကိုရှုလော့၊ ဓမ္မပဒေ၊ အမှုတွေကို ထုခေါ်ကြည့်လျှင်၊ ကံနှစ်ပင်တွေ၊ ဉာဏ်ရှင်မွေ့က၊ မျိုးစေ့စိုက်ဟန်၊ ပုံသဏ္ဌာန်နှင့်၊ တူပြန်လေကြောင်း၊ ရှေးကံဟောင်းကြောင့်၊ ပြန်ပြောင်းခုခါ၊ ဤလူ့ရှာတွင်၊ ခန္ဓာဝင်စွဲ၊ ရုပ်နာမ်ခဲကို၊ ဓါတ်ဘဲ့ရှုပါ၊ ဘာဝနာဖြင့်၊ လက္ခဏာယဉ်၊ ဉာဏ်သက်ဝင်သည်၊ မဂ်ပင်ဖိုလ်ပင်စိုက်မှ ကောင်းလိမ့်သော်။

ယာဒိသံ၊ သဘာဝသတ္တိ၊ အကြင်သို့ သဘောရှိသော။ ဗီဇံ၊ ကြက်ဟင်းတမာ၊ ကြောင်လျှာနှင့်၊ ဓမ္မတာဓလေ့၊ အခါးမျိုးစေ့ကို။ ဝပ္ပတေ၊ မြေထဲမှာငုံ့လျှိုး၍၊ စိုက်ပျိုးသည်ဖြစ်ပါအုံ့။ တာဒိသံ၊ ထိုကဲ့သို့သဘောရှိသော။ ဖလံ၊ ကြက်ဟင်းတမာ ကြောင်လျှာပွားစ်၊ အခါးသီးတွေကို။ ဟာရတေ၊ သူ့သဘော အလျောက် ပေါ်ပေါက်တမူ၊ ဆောင်ယူလေတော့၏။ ယာဒိသံ၊ သဘာဝသတ္တိ အကြင်သို့ သဘောရှိသော။ ဗီဇံ၊ သရက်ပိန္ဓဲ၊ နရွဲထောက်ရှာ၊ မာလာကာနှင့်၊ ဓမ္မတာဓလေ့၊ အချိုမျိုးစေ့ကို၊ ဝပ္ပတေ၊ မြေထဲမှာငုံ့လျှိုး၍၊ စိုက်ပျိုးသည်ဖြစ်ပါအုံ့။ တာဒိသံ၊ ထိုကဲ့သို့သဘောရှိသော။ ဖလံ၊ သရက်ပိန္ဓဲ၊ နရွဲထောက်ရှာ၊ မာလကာပျိုမှီး အချိုသီးတွေကို။ ဟာရတေ၊ သူ့သဘောအလျောက်၊ ပေါ်ပေါက်တမူ၊ ဆောင်ယူလေ

တော့၏။ ကလျာဏကာရီ၊ ကာမရူပ၊ အရူပနှင့်၊ မင်ဖိုလ် တတန်း၊ ပေါင်းပြန်လေးရပ်၊ ကောင်းမှုကို ပြုလေ့ရှိသောသူ သည်။ ကလျာဏံ၊ ကာမအပင်၊ ရူပအပင်၊ အရူပအပင်၊ မင်ပင် ဖိုလ်ပင်၊ ပေါင်းယှဉ်လေးမျိုး၊ ကောင်းမြတ်သောအကျိုးတော့ ကို။ လဘတိ၊ မုချပိုင်ပိုင်၊ ရနိုင်ပေ၏။ ပါပကာရီ၊ မကောင်း ယုတ်မာ၊ မဟုတ်တာကို၊ ပြုလေ့ရှိသောသူသည်။ ပါပကံ၊ အမြင်ဆိုးဝါး၊ မကောင်းစားဘဲ၊ ညှီးထွားရသော အကျိုး တော့ကို၊ လဘတိ၊ ကေန်ဒိဋ္ဌ၊ စိတ်သာချပေတော့၊ မုချအမှန်၊ ရပြန်လေတော့သတည်း။

(သာဓု-သာဓု-သာဓု)

(ဦးရသေ့ရေ .... ဘုရား) အထက်ပါ ဂါထာအနက် အဓိပ္ပာယ်က ဘယ်လိုလဲလို့ဆိုတော့ ပထမ မူလမျိုးစေ့ကို အရင်းထားပြီး ကြီးပွားလာတဲ့ သစ်ပင်မျှားလိုပေါ့ မိမိတို့ အလိုရှိတဲ့ ကြက်ဟင်းတမာ ဂေါ်းထောက် ကြောင်လျှာဆိုတဲ့ အခါးမျိုးစေ့ကို စိုက်ပျိုးလိုက်ရင် နောင်အခါ အပင်ပေါက် ပြီး အသီးမျှား ဖြစ်ပေါ်ပြန်ရင်လဲ အခါးသီးတွေ သီးမှာ အမှန်ဘဲနော်။

(မှန်ပါဘုရား)

သရက်ပိန္နဲ၊ နရဲ့ထောက်ရှာ၊ မာလာဂ္ဂာဆိုတဲ့၊ အချို မျိုးစေ့ကို စိုက်ပျိုးပြန်ရင်လဲ နောင်အချိုပင်ပေါက်ပြီး အချိုအသီးတွေ သီးလာမယ်မဟုတ်လား။

(မှန်ပါဘုရား)

ထိုနည်းတူစွာ မိမိတို့စိတ်ဓာတ်ကောင်းလို သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ကောင်းမှုတရားတွေကို အားထုတ်လိုက်ရင် စျာန်သီး၊ မဂ်သီး၊ ဖိုလ်သီး တွေသီးပြီး သန္တိဆိုတဲ့နိဗ္ဗာန်ကို ကေန်ထုတ်ခြောက် မျက်မှောက်ပြုနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

မိမိစိတ်ဓာတ် မကောင်းလို့ မကောင်းမှုအကုသိုလ်ဒုစရိုက်တရားတွေကို ပြုပြင်ရင်လဲ မကောင်းကျိုးတွေကို ခံစားရမယ်ဆိုတာအမှန် မလွဲဘူးနော်၊ အဲ-ဒါကြောင့် မကောင်းမှုအကုသိုလ် ဒုစရိုက်တွေကို ရှောင်ကြဉ်ပြီး မိမိတို့စိတ်ဓာတ်ကို ကောင်းအောင်ပြုပြင်လိုက်ပါ၊ မိမိတို့စိတ်ဓာတ်မှာ ကိန်းအောင်းတဲ့ အကုသိုလ်ဒုစရိုက်အညစ်အကြေးတွေ ကင်းဝေးစင်ကြယ်အောင် ကိုယ်ကျင့်သီလဆိုတဲ့ ရေစင်နဲ့ သုတ်သင်ဆေးလျှော် ပစ်လိုက်ကြပါနော်။

(မှန်ပါဘုရား)

မိမိစိတ်ဓာတ်ကို နိဗ္ဗာန်သို့ ရှေးရှုစေလွှတ်စေပြီး ကိုယ့်ကျင့်သီလတရားများကို ကျင့်သုံးဆောက်တည်ရင် သီလပါရမီရယ်လို့ ခေါ်ဆိုနိုင်ပါတယ်နော်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးမှာလဲ အကြောင်းခန္ဓာငါးပါးခေါ်ဆိုတဲ့ ရူပ်ဓာတ် နာမ်ဓာတ်တို့ စင်ကြယ်ရာ စင်ကြယ်ကြောင်း ကျင့်စဉ်တရားတွေကို အကျယ်တဝင့် ဖွင့်ပြထားပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့....ဘုရား) လူတိုင်း လူတိုင်း ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းတို့မှာ ကိုယ်နှင့်နှိုင်းမရှိင်း၊ကိုယ်ချင်းစာ မနာဆိုတဲ့ ကိုယ်ချင်းစာ တရားဟာ အရေးကြီးပါတယ်နော်၊ ကိုယ်ချင်းစာ တရားဆိုတာ ကိုယ်ကျင့်သိလတရားကို ဆိုလိုတာဘဲ၊ ဝိသာခါ ကျောင်းအမကြီးရဲ့ ခင်ပွန်းသည်ကိုလဲကိုယ်ချင်းစာတရားထား ဘို့ အချက်ကိုမြတ်စွာဘုရား ဟောကြားတော် မူတယ်နော်။

(မှန်ပါဘုရား)

ကိုယ်ကျင့်သိလတရားတွေ လုံခြုံရင်လဲ၊ ဒုစရိုက်တရားဆယ်ပါးပါ လုံခြုံသွားပါတယ်၊ ဒုစရိုက်တရား ဆယ်ပါ:လုံခြုံရင် ကိုယ်တိုင် တိုက်တွန်းခြိုးမှမ်း ဝမ်းသာဆိုတဲ့ အကျယ်ဒုစရိုက် တရားတွေလဲ လုံခြုံသွားပါတယ်နော်။

(မှန်ပါဘုရား)

ဒါတွင်မက ကိုယ်ကျင့် သီလတရား လုံခြုံ ခဲ့လို့ရှိရင် အခြားတပါးသောသစ္စာတရား၊ခန္ဓာမေတ္တာတရားတွေ အကုန် အတွင်း ပါဝင်ပါတယ်နော်။

(မှန်ပါဘုရား)

နောက်ပြီးတော့ သမာဓိစခန်း ပညာစခန်း ကျပြန်တော့ လဲ ကိုယ်ကျင့်သီလတရား လုံခြုံတဲ့အတွက်ကြောင့်၊ သမထ အင်အား၊ ဝိပဿနာဉာဏ်အင်အား ထင်ရှားပြီး စျာန်တရား မဂ်တရား၊ ဖိုလ်တရားများ ဆိုက်ရောက်နိုင်ပါတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့်မို့ သီလတရားသည် အလွန်ပင်အလေးပြု အပ်၊ ပြုသင့်,ပြုထိုက်တဲ့ ကိုယ်ကျင့်တရားပင်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား)

ဒါကြောင့်၊ သီလတရားကို မည်သူမဆို အသက်ပမာ အလေးပြုပြီး စောင့်ထိန်းထိုက်ပေတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့် ဘာဝနာတရားကိုအားထုတ်တော့မယ့် သူ့ဘိုးမှာ သမာဓိပညာတို့ကို ကျေးဇူးပြုနိုင်စေရန် ရည်သန်ပြီး သကာလ ငါးပါးသီလဖြစ်စေ၊ ရှစ်ပါးသီလဖြစ်စေ၊ဆယ်ပါး သီလဖြစ်စေ ကျင့်သုံးဆောက်တည် အပ်ပါတယ်နော်။

(မှန်ပါဘုရား)

ထိုသို့အမှတ်တရ ကျင့်သုံး ဆောက်တည်ထားတဲ့ မိမိသီလ ကို သတိရတိုင်း ငါ့သီလ စင်ကြယ်ပါတယ်လို့၊ အဲ-သည်လို ဒိတ်ထဲက သာယာရှင်ပြန်ခဲ့လို့ရှိရင် အနည်းငယ်သော နှစ်သက် အားရခြင်း ဖြစ်လာပါတယ်။ အနည်းငယ်သော နှစ်သက် အားရခြင်း ဖြစ်ခဲ့လို့ရှိရင် မျှားစွာသော နှစ်သက်အားရခြင်း ဖြစ်လာပါတယ်။ မျှားစွာသော နှစ်သက်အားရခြင်း ဖြစ်ခဲ့လို့ ရှိရင် ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်း ဖြစ်လာပါတယ်။ကိုယ် စိတ်နှစ်ပါး ငြိမ်းအေးခြင်း ဖြစ်ခဲ့လို့ရှိရင် ဝမ်းမြောက်ဝမ်း သာခြင်း ဖြစ်လာပါဘယ်။ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်ခဲ့လို့ ရှိရင် စိတ်၏ ငြိမ်သက် တည်ကြည်ခြင်း ဖြစ်လာပါဘယ်။

စိတ်၏ ငြိမ်သက်တည်ကြည်ခြင်း ဖြစ်ခဲ့လို့ရှိရင် နာမ်ရုပ်တရား တွေကို ရှုမှတ်နိုင်ပြီး အမှန်အတိုင်းသိတဲ့ ယထာဘူတညာဏ် စသည်မျှားအဆင့်ဆင့် ဖြစ်လာနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့် သီလဘရားကို အရင်းခံပြီး လောကီ နာမ်ရုပ်တရားတွေကို ဝိပဿနာညာဏ်နှင့် ယထာဘူတ ကျအောင် အမှန်အတိုင်း ရှုမြင်လိုက်တဲ့အခါ တိုးပွားဖြစ်ပေါ်လာနိုင်တဲ့ ညာဏ်တွေ အဆင့်ဆင့် ပေါ်လာပြီး မဂ်ညာဏ်တိုင်အောင် ဖြစ်လာနိုင်ပါတယ်၊ ဝိပဿနာညာဏ်တွေ ဖြစ်ပေါ်လာဘို့ရန် အရင်းခံတရားက သီလတရားဘဲနော်။

(မှန်ပါဘုရား)

ညာဏ်တရား ဖြစ်ပေါ်ဘို့ရန် သီလကလဲ့ရင် အခြားဘယ်တရားမှ ရှာလို့မရဘူး၊ ပဋ္ဌာန်းတော်သုံးပုံအဆိုအနှစ်ကို ညွှန်ထုတ်လိုက်ရင် ဘာဝတရားကို မြင်သလဲလို့ဆိုတော့၊ နိုဗ္ဗာန်ရောက်ကြောင်း အကျိုးချုပ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး သို့မဟုတ် သီလ၊ သမာဓိ၊ပညာ၊ အဲဒီတရားသုံးပါးသာဖြစ်ပါတယ်။ ကိုယ်ကျင့်သီလ စခန်းကနေပြီးတော့ သမာဓိစခန်းရောက်ရင်လဲ၊ ကိုယ်ကျင့်သီလတရားဖြင့်ထုံအပ်သော သမာဓိတရားသည် မျှားစ္ဓာသောအကျိုး၊ မျှားစ္ဓာအာနိသင်ရှိပါတယ်။သမာဓိကရားဖြင့်ထုံအပ်သော ဝိပဿနာပညာတရားသည်မျှားစ္ဓာသောအကျိုး မျှားစ္ဓာသော အာနိသင်ရှိပါတယ်။ ဝိပဿနာညာဏ်ဖြင့် ထုံ

အပ်သော စိတ်သည် ကောင်းမြတ်ချမ်းသာပြီး အာသဝေါ တရား လေးပါးတို့မှ ကင်းလွတ်နိုင်ပါတယ်နော်။

(မှန်ပါဘုရား)

* * *

သီလအကျိုး

သီလဟာ အရိုအသေအလေးအမြတ် ကျင့်သုံးဆောက်တည်အပ်တဲ့ မူလအရင်းခံ ကိုယ်ကျင့်တရားကြီး ဖြစ်ပါတယ်။ ယခုအောင်မင်္ဂလာ စိန်ဖူးမလွှာပ်တော်ကြီးမှာ ရသေ့၊ ယောဂီ၊ ဥပါသကာ၊ ဥပါသိကာတွေနှင့်တကွ အားလုံးသောတရားနှာပရိသတ်အပေါင်း သူတော်ကောင်းတို့နော်၊ သီလတရားနှင့် စပ်လျဉ်းပြီး၊ သီလရှိခြင်း၏အကျိုးကို အနည်းငယ်လောက် ပြောပြအုံးမယ်နော်။

(မှန်ပါဘုရား)

ငါတို့သခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဆုံးအမဆိုတဲ့ သာသနာတော်ကြီးမှာ အကြင်သူသော ကိုယ်ကျင့်သီလတရားကို ကြဉ်ဖယ်ပြီး၊ အမျိုးကောင်းသား တတွေဟာ အားကိုး ဆောက်တည်ရာတရားသည် အဘယ်တရား ရှိသေးသလဲ၊ သီလတရားကလွဲရင် ဘယ်တရားမှ မရှိဘူးနော်၊ သီလတရားသာ အားကိုးစရာ အားထားစရာဖြစ်ပါတယ်၊ ထိုသီလတရား၏ အကျိုးအာနိသင် အပိုင်းအခြား အကန့်အသတ်ကို ဘယ်သူဆိုနိုင်မှာလဲ၊ဘုရားကလွဲရင် ဘယ်သူမှမဆိုနိုင်ဘူးနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ယခု လောကကြီးမှာ ပုလဲ၊ ပတ္တမြား၊ ရွှေငွေ-ရတနာ အဝတ်တန်ဆာ ကမ္မလာတို့ဟာ သီလဆိုတဲ့ အဆင်းတန်ဆာလောက် မတင့်တယ်ကြဘူး၊ သီလတန်ဆာဟာ အတင့်တယ်ဆုံးဘဲနော်။

(မှန်ပါဘုရား)

သီလဆိုတဲ့ နံ့သာနှင့်ဘူတဲ့ နံ့သာဟာ ဘယ်မှာရှိသလဲ။

(မရှိပါဘုရား)

သီလဆိုတဲ့နံ့သာ သာလျှင် အမွှေးအကြိုင်ဆုံး ဖြစ်တယ် မဟုတ်လား။

(မှန်ပါတယ်ဘုရား)

သီလဆိုတဲ့ နံ့သာမျိုးဟာ လေအောက်မှာဖြစ်စေ၊ လေညှာမှာဖြစ်စေ၊ တကြောကြော တကြိုင်ကြိုင်နှင့် အနံ့တွေဟာ လှိုင်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ .. ဘုရား) ဂင်္ဂါ၊ ယမုနာ၊ သရဘူ၊ သရဿတီ၊ အစိရဝတီ၊ မဟီ၊ ဤမြစ်ကြီးများက ရေတွေဟာ ယခုလောကမှာ ရှိကြတဲ့ လူသတ္တဝါတို့၏ အကုသိုလ် အညစ်အကြေးတွေကို ဆေးလျှော် သုတ်သင်ခြင်းငှာ မတတ်နိုင်ကြဘူးနော်၊ သီလဆိုတဲ့ ရေစင်ကသာ အကုသိုလ်အညစ်အကြေးတွေကို ဆေးလျှော်သုတ်သင်နိုင်တယ် မဟုတ်လား။

(ဆေးလျှော် သုတ်သင်နိုင်ပါတယ် ဘုရား)

ဒီလောကကြီးမှာ မိုးရေတွေ,လေတွေဟာ သတ္တဝါတို့၏ ပူပန်ခြင်းကို မအေးငြိမ်းစေနိုင်ဘူးတဲ့၊ စန္ဒကူးရေတွေလဲ မငြိမ်းအေးစေနိုင်၊ ပုလဲသွယ်တွေလဲ မငြိမ်းအေးစေနိုင်၊ ပတ္တမြားတွေလဲ မငြိမ်းအေးစေနိုင်၊ လရောင်တွေလဲ မငြိမ်းအေးစေနိုင်၊ ကောင်းစွာစောင့်စည်း ကျင့်သုံး ဆောက်တည်အပ်တဲ့ ဖြူစင်ပြီး အလွန်ချမ်းမြေ့တဲ့ သီလတရားသာ ငြိမ်းအေးစေနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

ကိုယ်ကျင့်သီလ တရားဟာ အလုံးစုံသော ကုသိုလ်တရားတို့ရဲ့ အစအဦး အမှုးလဲမည်ပါတယ်၊ သီလတရားဟာ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်တဲ့ဈာန် မဂ်ဖိုလ်တရားတို့ရဲ့ တည်ရာလဲဖြစ်ပါတယ်။ သီလတရားဟာ သမထဝိပဿနာတရားတို့ရဲ့ အမိလဲမည်ပါတယ်၊ သီလတရားဟာ အလုံးစုံသော ဝမ်းမြောက် ဝမ်းသာခြင်း၊ ပါမုဇ္ဇ၊ အပြစ်မရှိခြင်း။ အနဝဇ္ဇ ဓမ္မတရားတို့ရဲ့ အကြောင်းလဲ မည်ပါတယ်။ ဒါကြောင့်မို့ သီလတရားမျိုးကို မပျောက်မကျား ရအောင် ကျင့်သုံးဆောက်တည်ရမယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ.. ဘုရား) ကောင်းစွာစောင့်စည်း ဆောက်တည်အပ်တဲ့ သီလတရားဟာ ဒုစရိုက်တရား အစရှိသည်တို့၏ အပိုင်းအခြား ကမ်းသဘွယ်လဲ မည်ပါတယ်၊ ကောင်းမြတ်သော စိတ်ရှင်ဆေးလဲ မည်ပါတယ်။ ခေမာသောင် ကမ်း

နိဗ္ဗာန်နန်းသို့ ကူးရာဆိပ်ကမ်းလဲ မည်ပါတယ်၊ ခွန်အားဗလလဲ မည်ပါတယ်၊ ချိုးမှမ်းအပ် ချိုးမှမ်းထိုက်တဲ့ အဝတ်တန်ဆာလဲ မည်ပါတယ်၊ ချပ်မိန်ညိုလဲ မည်ပါတယ်၊ ထက်မြက်မှန်မြတ်တဲ့ ဒါးလက်နက်ကောင်းလဲ မည်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ကိုယ်မှာ ထက်မြက်တဲ့သီလဆိုတဲ့ ဒါးလက်နက်ရှိရင် ကိုယ်ကြိုက်နှစ်သက်တဲ့ လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ်၊ အရိယာရုပ်တွေကို မခုတ်ထွင်းနိုင်ဘူးလား။

(ခုတ်ထွင်းနိုင်ပါတယ် ဘုရား)

လိုရင်းအချုပ်ဆိုရင် ကာယကံ၊ ဝစီကံတွေကို လုံခြုံစေနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

* * *

ကိုယ်တိုင်ကျင့်မှ တရားရ

(ဦးရသေ့ရေ....ဘုရား) သီလမခံယူမီ ရှေးအာဘိုမှာ ရှိခိုးကန်တော့ပါရစေ၊ အခွင့်ပေးတော်မူပါလို့ ဩကာသ အခွင့်တောင်းဆိုကြတယ် မဟုတ်လား။

(အခွင့် တောင်းဆိုပါတယ်ဘုရား)

ဩကာသ အခွင့် တောင်းဆိုကြတဲ့အခါမှာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးထဲတွင် တပါးပါးသော

ကံဖြင့် ဘုရား, တရား, သံဃာများ၌ရှင်း၊ ဆရာသမားများ၌ရှင်း ပြစ်မှားခဲ့ရှင်၊ ထိုအပြစ်တို့မှ ကင်းလွတ် ပျောက်ပါစေခြင်းအကျိုးငှာလို အခွင့်များ တောင်းဆိုကြတယ် မဟုတ်လား။

(တောင်းဆိုပါတယ်ဘုရား)

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပဿနာတရားလေးပါး၊ ဗျသနတရား ငါးပါး၊ အနာမျိုး ကိုးဆယ့်ခြောက်ပါး အပေါင်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းအောင် နောက်ထပ် အကျိုးများကို အလိုရှိ၍ ဆုတောင်း ပြန်တယ်။ ဆုတောင်းပြီးတခါ သံသရာမှာကြာရှည်မကျင်လည်ရအောင် မင်္ဂလာ၊ ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာ တရားတော်များကို ဝဋ္ဌဘဝတိုတိုနှင့် အမြန်ရပါလို၏ ဘုရားလို့ ဆုတောင်းများ တောင်းဆိုကြပါတယ်။ တောင်းဆိုကြသည့် အတိုင်းဘဲ လွယ်လွယ်ကလေးနှင့်တောင်းယူလို့ ဝယ်ယူလို့ရနိုင်ပါ့မလား။

(မရနိုင်ကြပါဘုရား)

ကိုယ်တိုင် ကျင့်ကြံ အားထုတ်နိုင်ပါမှ ပွားများ နိုင်ပါမှ ရကြတယ် မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား)

(ဦးရသေ့ရေ... ဘုရား) ယုန်နှေးသည် ဆရာဘုရားထံ တော်မှောက်မှာ ခဲ့ယူလိုက်တဲ့ ရှစ်ပါးသီလ ဝန်ခံချက် အတိုင်း မကျိုးမပေါက် မပျောက်မကျားစေရဘဲ လုံခြုံအောင် ကောင်းစွာကျင့်သုံး ဆောက်တည်ကြပြီး မိမိစိတ်ကိုလဲ နိဗ္ဗာန်

ချမ်းသာကို အမှန်ရပါစေလို၊ အဲ-သည်လို သဘောထားပြီး ကိုယ်ကျင့်သီလတရားများကို ပွားများကျင့်သုံး ဆောက်တည် ရမယ်တဲ့နော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့် သီဝံ၊ ဇာတိအစ ဘေးဒုက္ခတို့၏ အေးမြ ရာမှန် ပြည်နိဗ္ဗာန်ကို။ ပဇ္ဇေယ၊ ကြောင့်ကြမကင်္ဘာ တောင့်တ ကြပါကုန်လော။ သီဝံ၊ ဘေးရန်မမှီ နိဗ္ဗာန်ပြည်ကြီးကို။ ပတ္ထေတ္ဝာန၊ ကြောင့်ကြတခု တောင့်တခြင်းကို ပြုကြကုန်သည် ဖြစ်၍။ သီလံ၊ ပဠု၊ အဋ္ဌ၊ ဒသ၊ သတ်မှတ်သီလတော်မြတ်ကို။ ရက္ခိတဗ္ဗံ၊ မကျိုးမပျောက် မညှိုးခြောက်အောင် မပေါက် မပြတ် စောင့်ရှောက်အပ်၏။ အဲ-ဤသို့အားဖြင့် သံသရာဝဋ္ဋ အတွင်းမှ လွတ်ကင်းအောင် ကုက်မြောက်မင်္ဂဓိုးနှင့် နိဗ္ဗာန် ရှေ့မှိုဘော်ကြီးကို ရောက်ရပါစေလို စိတ်သဘော ထားရ မယ်နော်။

(မှန်ပါဘုရား)

အဲ-သည်လို သဘောထားခြင်းဟာ မြင့်မြတ်သော သီလ ဆောက်တည်ခြင်း သဘောဖြစ်ပါတယ်နော်။ ယခုအခါမှာ ဆိုရင် ငါတို့မြတ်စွာဘုရား သာသနာတော်နှင့် ကြုံတွေ့နေတဲ့ အချိန်အခါကြီး ဖြစ်သည့်အတွက်ကြောင့် အချိန်ကောင်း အခါကောင်းဘဲနော်၊ မိမိရဲ့ ဘဝတန်ဘိုး မဆုံးရှုံးရအောင် ကြိုးစားပြီး ကိုယ်ကျင့်ဟာရားဆိုတဲ့ သီလများကို ကျင့်သုံး ဆောက်တည်ပြီး နေ့ညဉ့်မကင်္ဘာ ဘာဝနာကို အခါမပြတ် ပွား များပြီး ကြိုးစားအားထုတ်ပါနော်၊ အဲ-ဒီလို ဘာဝနာတရား

မျှားကို နေ့ရောညဉ့်ပါ အဝါမပြတ်ပွားမျှားပြီး ကြိုးစားအား ထုတ်ခဲ့လို့ရှိရင် မိမိရဲ့ဘဝဟာ အကိုးမဖြတ်နိုင်အောင် မြင့်မြတ်ပြီး ပိမိကိုယ်ကို ချစ်ရာလည်းမည်ပါတယ်နော်။

(မှန်ပါဘုရား)

သံသရာရှုံ့ညှံ့မြေမှာ နစ်မြုပ်နေတဲ့ မိမိခန္ဓာကိုယ်ကြီး ဟာ ပိပဿနာ ဘာဝနာတရားဆိုတဲ့ ပေါက်ပြား, သံ, တူရှင်း ကိုမြင့် ကူးခေါ်ပြီး ကောင်းကုတ်လိုက်ရင် မပေါ်နိုင်ဘူးလား။

(ပေါ်နိုင်ပါတယ်ဘုရား)

အဲ-ဒါကြောင့် မိမိကိုယ်ကို နှစ်ရာမရောက်ဘဲ ချစ်ရာရောက်အောင် ကြိုးစားပြီး ကိုယ်ကျင့်ဆိုတဲ့ သီလတရားမျှားကို ကျင့်သုံး ဆောက်တည်ကြပါနော်။

(မှန်ပါဘုရား)

အကျွာဟိ အတ္တနော နာထော၊ ကောဟိနာထော ပရော သိယာ။ ရယ်လို့....ဓမ္မပဒ ပါဠိတော်ကြီးမှာ သဗ္ဗညုဘုရားရှင် ကိုယ်တော်တိုင် ဟောတော်မူတယ်နော်၊ မိမိကိုယ်သာလျှင် အားကိုးရမယ်၊ ၎င်းကိုယ်သာလျှင် အားထားရမယ်၊ မိမိကိုယ် သာလျှင် ချစ်မြတ်နိုးပြီး ကိုယ်ကျင့်ဆိုတဲ့ သီလတရားမျှား ကျင့်သုံး ဆောက်တည်ရမယ်တဲ့နော်၊ ကိုယ်ကျင့်သီလတရား လုံခြုံဘို့အတွက် ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ ကိုယ်ကျင့်သီလ တရား ခါးဝတ်ပုဆိုးလိုမြဲမှ မိမိကိုယ်ကိုချစ်တယ်လို့ ခေါ်ဆိုရ ပါတယ်နော်။

(မှန်ပါဘုရား)

* * *

ချစ်လျှင်အကျိုး၊ မုန်းလျှင်အပြစ်

လောကနှုန်းခြုံ၊သုံးတစ်ဘုံတွင်၊တွေ့ကြုံဘဝ၊လူ့ကာယကို၊ ရက်ကြကုန်ငြား၊ အို လူအမျှားတို့၊ တို့မျှားဘာ၊ တို့ကာယကို၊ တို့ချစ်ပိုလျှင်၊တို့သစ်လွင်အောင်၊ ပြုပြင်ပေးနည်း၊ နိသျှသ်းကို သိပ်သည်းမွေးထို၊ မြကြေးမုံ၌။

အတ္တာနံစေပိယံဇာ၊ ရဂေ္ဂယျနံသုရက္ခိတံ။
တိဏ္ဍာမညတရံယာမံ၊ ပဒ္ဒိဇဂ္ဂေယျပဏ္ဍိတော။

မိန်းဟောပါ၊ လာအရှိကို၊ သတိခ၌သ့ား၊ ဉာဏ်ဝယ်ထားလော့၊ သုံးပါးသုံးသွယ်၊ သက်အရှယ်၌၊ နှစ်ကယ်ပိုင်းခြား၊ တပါးပါးကို၊စိတ်ထားအေး၊ ဖွေးဖွေးဖြူအောင်၊ပေးလှုစာ၊ မြတ်သီလနှင့်၊ နေ့ညဉ့်မကွာ၊ဘာဝနာကို၊ခါခါဖြည့်စွမ်း၊ အချစ်လမ်းမှ၊ ချစ်ခန်းရောက်မည်၊ ချစ်နှစ်လီတွင်၊ ချစ်သည်တင်စား၊ အမိုက်မျှားကို၊ ချစ်အားနှင်နှင်၊ တို့ပြုပြင်သည်၊ ချစ်လျှင်အကျိုး၊ မုန်းလျှင်အပြစ် ဆိုခဲ့သော်။

ဘောဇွောသပ္ပုရိသာ၊ ကိုယ်ရေးကိုယ်ခန္ဓာကို လွန်စွာချစ်ကြ ယုယပြုပြင် ခင်မင်ရာ ခင်မင်ကြောင်းကို သောင်းသောင်းဖြဖြ အလိုရှိကြကုန်သော အို-တရားနှာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ အတ္တာနံ၊ လောကတွင် တသီးသဘောကြလို့ မပြိုးနိုင်တဲ့ အချစ်ကြီးချစ်ကြရတဲ့ မိမိကိုယ်ကို။ ပိယံ၊ အတ္တသမံပေမံနတ္ထိ ဆိုရှိစကား ထုတ်ဖော်ကာထား၍မို့ သနားကြင်နာ အလွန်တရာ ချစ်ခင်ပါ၏ဟူ၍။ ဧစဇာ၊ တရားနှင့်တိတိ မမှားအောင်ကြည့်က မိမိရရ ဟုတ်တိုင်းမှန်စွာ

အကယ်၍သိပါပြီးအုံ။ နံအတ္တာနံ၊ လူ့ဘဝမြန်မာ့ရေး ကုသိုလ် ကံကြမ္မာကြောင့် ဖန်ခါခါ ဖြစ်လာခဲ့တဲ့ မိမိကိုယ်ကို။ သူ့ကျွန်တိုတံ၊ ဖြစ်လေရာဘဝ ဘဝမှာ ချစ်ခင်လေသမျှ အနှစ်တွင် မသေရအောင်လို့ အထွေထွေ မြတ်ဓမ္မဖြင့် အစစထိန်းသိမ်း၍ မဘိမ်းမစောင်းရအောင် ကောင်းစွာ စောင့်ရှောက်အပ်သည်ကို။ ရကျွေယျ၊ ကိုယ်ပိုင်အုပ်ချုပ် ကိုယ်ပိုင်ဆရာလုပ်၍ အဟုတ်ပင် စောင့်ရှောက်ရာ၏။ တိုဏ္ဏံ၊ အသက်နှင့်ကာလပိုင်းခြား၍ ပြလိုက်တော့ ပဌမနှင့် ဒုတိယအရွယ် တသွယ်တတိယ သုံးဝသော အရွယ်အစားတို့တွင်။ အညတရံယာမံ၊ ငယ်ရွယ် လတ်ရွယ် ကြီးတဲ့အရွယ်နှင့် ဘယ်ရွယ်မဆို မာယာမပို့နှင့်တော့၊ ထိုထိုအစားစား တပါးပါးသောအရွယ်၌။ ပဏ္ဍိတော၊ ဖြစ်ရေးပျက်ရေး ဖြစ်ပျက်ရေးကို မျှော်တွေးသိမြင် ပညာရှင်သည် (ဝါ)ချစ်တယ် နှစ်တယ် ဣန္ဒြစ်သွယ်ကို တကယ်ပင် ပိုင်းခြား၍ သိတဲ့ပညာရှိသည်။ အတ္တာနံ၊ နေ့ရှိသမျှ အသစ်လွင်တွေ့မိကရ အပြစ်မတင် ချစ်ချစ်ခင်ခင်ရှိလှတဲ့ မိမိကိုယ်ကို။ ပဋ္ဌေဂ္ဂေယျ၊ သိသတည်းဟူသော ယမ်းအမြောက်တို့ဖြင့် အကြမ်းဖေါက်ခါ အယုတ်ဘုရင် တရားတွေကို သုတ်သင်ရှင်းလင်း၍ ပြစ်ခွင်းရာသတည်း။ ပဋ္ဌေဂ္ဂေယျ၊ ချစ်တဲ့အကျိုးသည်ပိုးလို့ ရွက်ဆောင် အချစ်ပျက်အောင် မမှုန်းသင့်ပါဘူး၊ အခက်ရှောင် မင်္ဂလာသောင်ကုန်းဆီသို့ ဧအာ်-တက်အောင် ရုန်းထွက်ကြရာ လေတော့သတည်း။

(သာဓု - သာဓု - သာဓု)

(ဦးရသေ့ရေ .... ဘုရား) အဃက်ပါ ဂါထာအဓိပ္ပာယ် အတိုင်းဘဲနော်၊ လောကကြီးမှာ မိမိကိုယ်ကို ချစ်တယ်ဆို

တာ ချစ်ရာရောက်အောင် မိမိကိုယ်ကို ကိုယ်ကျင့် သီလတရား နှင့် သည်ပိုး ရှက်ဆောင်ပြီးချစ်မှ ချစ်တယ်လို့ ခေါ်ဆိုရတယ်နော်။ အခုအခါမှာဆိုရင် လူ့ဘဝရယ်လို့ဖြစ်လာတာ ရှေးကုသိုလ်ကံကောင်းထောက်ပံ့လို့ ဖြစ်လာရတယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား)

ကံကောင်းသလောက် မိမိကိုယ်ကိုလည်း ကောင်းရာရောက်အောင် ကြိုးစားဘို့ လိုပါတယ်နော်၊ မိမိကိုယ်ကို ကိုယ်ကျင့် သီလတရား လက်ကိုင်ထားပြီး ကိုယ်ပိုင်အုပ်ချုပ် ကိုယ်ပိုင်ဆရာလုပ်ပြီးတော့ တကယ်အဟုတ်ပင် စောင့်ရှောက်မှ မိမိကိုယ်ကို ချစ်ရာရောက်ပါတယ်နော်။

(မှန်ပါဘုရား)

သံသရာမှာ နစ်မြုပ်မျောပါနေတဲ့ သတ္တဝါတွေဟာ ကံကော်လို့ သာသနာတော်ကြီးနှင့် ကြုံကြိုက်တဲ့အခါ ပဌမအရှယ်၊ ဒုတိယအရှယ်၊ တတိယအရှယ်၊ ၎င်းအရှယ်သုံးမျိုးအနက် တပါးပါးသောအရှယ်မှာ ကိုယ်ကျင့် သီလတရားများကို ကြိုးစားပြီး အားထုတ်သင့်ပေတယ်နော်။

(မှန်ပါဘုရား)

ခန္ဓာကိုယ်ပေါ်မှာ တည်ရှိနေတဲ့ အကုသိုလ် ဒုစရိုက်အယုတ်တရားတွေကို သီလဆိုတဲ့ ယမ်းအမြောက်တို့နဲ့ အကြမ်းဖေါက်ပြီး သုတ်သင်ရှင်းလင်း ပစ်ခွင်းရမယ်တဲ့နော်၊ အဲဒါမှာ မိမိကိုယ်ကို ချစ်ရာရောက်တယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား)

* * *

သီလ-မေတ္တာ-ခန္တီ-သစ္စာ

(ဦးရသေ့ရေ...ဘုရား) သီလအချင်းအရာများဟောကြား ခဲ့တာ အတော်ကလေးကြာသွားပြီ၊ သီလ မေတ္တာ ခန္တီ သစ္စာ ဆိုဘဲတရားတော်အတိုင်းဘဲနော်၊ မိမိကိုယ်ပေါ်မှာ ကိုယ်ကျင့် သီလ တရားများ ရှိခဲ့ရင် ချစ်ခြင်း မေတ္တာတရားကို အမြဲ လက်ကိုင်ထားရမယ်တဲ့နော်။

(မှန်ပါဘုရား)

ဗုဒ္ဓ-ဒါကြောင့်မေတ္တာတရား အကြောင်းအရာအနည်းငယ် လောက် ဆရာဘုရား ဟောကြား လိုက်အုံးမယ်နော်၊ နှလုံး သွင်းပြီးနာဝီးစိုက်ကြပါ၊ယခု ကြွရောက်လာကြတဲ့ ဗုဒ္ဓဘာသာ ဝင် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဟာ တယောက်နှင့်တယောက် မေတ္တာသက်ရောက်ခြင်းရှိကြပါစေ၊ တဦးနှင့်တဦး မေတ္တာဖြင့် ကြည်နူးခြင်းရှိကြပါစေ၊ ခပ်သိမ်း ကုန်သော သတ္တဝါအပေါင်းတို့သည် ချစ်ချစ်ခင်ခင်ရှိကြပါ စေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊စိုးရိမ်သောကဗျာပါတကင်းကြ ပါစေ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ အမြဲကင်းဝေးကြပါစေ၊ ချမ်းသာစွာ မိမိအတွေ့ဘော ခန္ဓာကိုယ်ကြီး အသက်ရှည်အောင် ရှက်ဆောင်နိုင်ကြပါစေ၊ အဲဒီလို မေတ္တာတရားနဲ့ ယှဉ်တဲ့ စိတ်ကို အဖန်တလဲလဲ လူတိုင်းလူတိုင်းဘဲ အထက်ဘဝဂ်၊ အောက်အဝီစိတိုင်အောင် အရပ်ဆယ်မျက်နှာလုံး အတိုင်း မသိ ချစ်မြတ်နိုးခြင်း၊ မေတ္တာစိတ်ကို အဖန်တလဲလဲ ပွားများ ခဲ့လို့ရှိရင် မေတ္တာအကျိုး ဆယ့်တမျိုးဆိုတဲ့အတိုင်း 'တဆယ့်

တပါးသော အကျိုးထူးတရားများကို ခံစားရမယ်တဲ့၊ မေတ္တာ အကျိုးဟာ ဒါနအကျိုးထက် မြင့်မြတ်ပါတယ်နော်။

(မှန်ပါဘုရား)

ကိုယ်ကျင့်သီလဟာရားနှင့် ပြည့်စုံပြီး ဘာဝနာတရားနှင့် ထုံအပ်တဲ့မေတ္တာအဟုန်ဟာ ဗြဟ္မာနှစ်ဆယ်အထိတောင်တုန်လှုပ်ခြောက်ခြားစေနိုင်တယ်။ မေတ္တာတရားဟာ သီတာရေထက် အေးမြပြီး စိတ်အစဉ်ကိုလဲ ဖေါ့ဖရောင်းလို နှုးညံ့ပျော့ပျောင်းစေပါတယ်။ မေတ္တာတရား အမြဲတမ်း ပို့သဘဲ့သူဟာ မိမိအတွေ့ဘောဆိုတဲ့ခန္ဓာကိုယ်ကြီးဟာ ပိယဆေး၊အနုဆေးဆောင်ထားဘွယ်မလို၊ အလိုလိုချစ်ဆေးသဘွယ် ဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) မေတ္တာအရောင်ဟာ နေရောင်လရောင်ထက်ထွန်းလင်းတောက်ပြောင်ပြီး အဝိဇ္ဇာမှောင်ကိုလဲ ပယ်ရှင်းနိုင်ပါတယ်။ အဲ-ဒါကြောင့် မေတ္တာသတ္တဝါအနန္တဝါ မေတ္တာအဟုန် ဗြဟ္မာဘုံ၊ မေတ္တာခြုံမှ လုံတယ် ဆိုတဲ့ ဆိုရိုးစကားတော့ ရှိတယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား)

ဆရာဘုရား စပ်ဆိုပုံကတော့....

(၁) မေတ္တာတရား နည်းပါးသောသူသည် အဘယ်မှာ သနားခြင်းရှိအံ့နည်း။

(၂) သနားခြင်း မရှိသောသူသည် အဘယ်မှာသီလရှိအံ့နည်း။

(၃) သီလ မရှိသောသူသည် အဘယ်မှာ သမာဓိရှိအံ့နည်း။

(၄) သမာဓိ မရှိသောသူသည် အဘယ်မှာ ပညာရှိအံ့နည်း။

(၅) ပညာမရှိသောသူသည်အဘယ်မှာနိဗ္ဗာန်ရအံ့နည်း။

(ဦးရသေ့ရေ....ဘုရား)မေတ္တာတရား နည်းပါးတဲ့ ပုဂ္ဂိုလ်မှာ သနားခြင်းရှိပါ့မလား။

(မရှိနိုင်ပါဘုရား)

သနားခြင်းမှမရှိတဲ့ ပုဂ္ဂိုလ်မှာအကျင့်သီလရှိနိုင်ပါ့မလား။

(မရှိနိုင်ပါဘုရား)

အကျင့်သီလမရှိတဲ့ပုဂ္ဂိုလ်မှာ သမာဓိရှိနိုင်ပါ့မလား။

(မရှိနိုင်ပါဘုရား)

သမာဓိမရှိတဲ့ပုဂ္ဂိုလ်မှာ ဟုတ်တိုင်းမှန်စွာ သိနိုင်တဲ့ ဉာဏ်ပညာရှိနိုင်ပါ့မလား။

(မရှိနိုင်ပါဘုရား)

ဟုတ်တိုင်းမှန်စွာ သိနိုင်တဲ့ဉာဏ်ပညာမှ မရှိတဲ့ပုဂ္ဂိုလ်မှာ နိဗ္ဗာန်ကို ကေန်ထုတ်ခြောက် မျက်မှောက်ပြုနိုင်ပါ့မလား။

(မပြုနိုင်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) အဲ-ဒါကတော့ သီလမေတ္တာနော်၊ ခန္ဓိသစ္စာဆိုတာ ကျန်ပါသေးတယ်၊ကိုယ့်ကျင့်သီလ စောင့်သုံး

ဆောက်တည်နေတဲ့ အခိုက်အခါမှာဆိုရင် ကိုယ်ကျင့် သီလ တရား မပျက်ပြားရအောင် သည်းခံခြင်းဆိုတဲ့ ခန္တီတရား အမြဲလက်ကိုင်ထားရမယ်တဲ့နော်။ အကယ်၍ ခန္တီဆိုတဲ့တရား လက်ကိုင်မထားခဲ့လို့ရှိရင် နောင်အခါ အတိုက်အခံ ဆန့်ကျင်ဘက်တရားတွေနဲ့ တွေ့ကြုံရင် သည်းမခံနိုင်ဘဲ ကိုယ်ကျင့် သီလ တရားပျက်ပြားတတ်ပါတယ်နော်။

(မှန်ပါဘုရား)

ခန္တီတရားလက်ကိုင်ရင် ဆန့်ကျင်ဘက် အတိုက်အခံတရားတွေ ဝိုင်းအုံပြီး တွေ့ကြုံအုံးတော့ နှလုံးတုန်ဘွယ် မရှိဘူးနော်၊ အလောင်းတော်များ ဥပုသ် သီတင်း သီလ ကျင့်သုံးဆောက်တည်နေတဲ့ အခိုက်အခါမှာဆိုရင် သည်းခံခြင်းဆိုတဲ့ ခန္တီတရား အမြဲလက်ကိုင်ထားပြီး ကျင့်သုံးဆောက်တည်ကြတယ် မဟုတ်လား ...

(ဟုတ်ပါတယ်ဘုရား)

ဘယ်ဝတ္ထု သက်သေ သာဓကတွေကို ထောက်ဆ သိရပါသလဲလို့ ဆိုတော့ အလောင်းတော် ခန္တီဝါဒီရသေ့ အစရှိသည်တို့ကို ထောက်ဆပြီး သိရပါတယ်နော်၊ သမထဝိပဿနာ ဘာဝနာတရားအလုပ် အားထုတ်တဲ့အရာမှာ သည်းခံခြင်းဆိုတဲ့ ခန္တီတရားဟာ အမြဲထားရှိရမယ့် လက်ကိုင်တရားကြီး ဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

သမထ ဝိပဿနာ ဘာဝနာ တရားအလုပ်ကို တကယ် အားထုတ်တော့မယ်ဆိုရင် ခန္တီတရား အမြဲလက်ကိုင်ထား ရ

ခြင်းရဲ့ အကြောင်းက ဘယ်လိုလဲဆိုတော့ ကိုယ်တွင်းကိုယ်ပ ဘေးရန် အတိုက်အခံ ဆန့်ကျင်ဘက် တရားတွေ ဖြစ်ပေါ် ကြုံတွေ့တဲ့အခါ၊ ခန္ဓာတရား လက်ကိုင်မထားဘူးဆိုရင် ကိုယ် ကျင့်တရား ပျက်ပြားတတ်ပါတယ်နော်။

(မှန်ပါတယ်ဘုရား)

ခန္ဓာတရားတလုံးကို လက်ကိုင်သုံးခဲ့လို့ရှိရင် အခြား လူ တကာတွေက မုန်းရိုးထုံးတမ်းမရှိဘူးတဲ့နော်။

(မှန်ပါတယ်ဘုရား)

အဲ-ဒါကြောင့် သဗ္ဗညူ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ခန္ဓာပရမံ တပေါ-တိတိက္ခာ"လို့ ဟောကြားတော်မူပါ တယ်။

တိတိက္ခာ သည်းခံခြင်းဟူသော။ ခန္ဓာ၊ အဓိ.ဝါသန၊ ခန္ဓာ တရားသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်းတဲ့....

(ဦးရသေ့ရေ....ဘုရား) ကိုယ်ကျင့် သီလ တရားများကို ကျင့်သုံးဆောက်တည်သမျှ ကာလပတ်လုံး သည်းခံခြင်းဆိုတဲ့ ခန္ဓာတရားတလုံးကိုလဲ အမြဲတမ်း လက်ကိုင်သုံးဘို့ ဆရာဘုရား က သထိပေး တိုက်တွန်းရခြင်း ဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

ကိုယ်ကျင့် သီလ တရားများ ကျင့်သုံးဆောက်တည်နေတဲ့ အခိုက်အခါမှာဆိုရင် ကိုယ်, နှုတ်, နှလုံး, သုံးပါးလုံး ဖြောင့်မတ် မှန်ကန်ခြင်းဆိုတဲ့ သစ္စာလဲရှိဘို့ လိုပါသေးတယ်နော်။ ဖြောင့်

မတ်မှန်ကန်ခြင်းဆိုတဲ့ သစ္စာမရှိရင်လဲ ကိုယ်ကျင့်သီလ တရား မရှိဘူးဆိုတာ အပြန်အလှန် သိရပါတယ်နော်။

(မှန်ပါဘုရား)

သစ္စာမရှိတဲ့သူလောက် ကြောက်စရာ ကောင်းတဲ့သူမရှိ လူယုံသတ်လျှင် သေတတ်၏ ဆိုတဲ့စကားမှာ သစ္စာမတည်သူ များကိုစဲ့၍ ဖြစ်ပေါ်လာသောစကားဘဲနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)သစ္စာမရှိတဲ့သူဟာ မည်သည့်အခါ မျှ အထက်တန်းသို့ မရောက်နိုင်ဘူးနော်၊ ဖြောင့်မတ် မှန်ကန်မှု သစ္စာဟာ လွန်စွာ အစွမ်းထက်မြက်၏၊ အဇလောင်းတော်များ သစ္စာစကား ကို တိုင်တယ် ပြေးဆိုလိုက်ပြီးဆိုမှဖြင့် လောင် လာသောမီး၊ တိုးလာသောရေ၊ တက်နေသော အဆိပ်များ ကိုပင် လျှောကျစေနိုင် ရပ်တန့်စေနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

တကယ်မြင့်မြတ်တဲ့ သူတော်ကောင်းတို့မှန်လျှင် ကိုယ်ကျင့် သီလတရားနှင့် ဖြောင့်မတ် မှန်ကန်သောသစ္စာကို လက်ကိုင် ထားပြီး အများကြီး စောင့်ထိန်းထားပါတယ်နော်၊ သစ္စာကို ဘယ်အခါမှ လက်လွှတ်မထားဘူး၊ အရေးကြုံလျှင် သစ္စာကိုဘဲ ခိုလှုံပါတယ်၊ ကိုယ်ကျင့် သီလတရားနှင့် ပြည့်စုံပြီး ဖြောင့်မတ် မှန်ကန်မှု သစ္စာစကားများဟာ မိုးကြိုးသွားလို ထက်မြက် ပြင်းထန်ပြီး မိမိလိုရာအမှုကိစ္စများ ပြီးမြောက်အောင်မြင်စေ နိုင်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) သစ္စာဆိုတာ နှစ်မျိုးနှစ်စား ရှိပါတယ်နော်၊ ဓမ္မစကြာသုတ်ဘေဘဲက ဘုရားရှင်ဟောကြားတော်မူတဲ့ သစ္စာတရားလေးပါးက တမျိုး၊ ပါရမီဆယ်ပါးထဲက သစ္စာကတမျိုး၊ အဲ-ဒီသစ္စာနှစ်မျိုးဟာ ယခု ဆရာဘုရားဟောကြားခဲ့တဲ့ သစ္စာကတော့ ပါရမီသစ္စာကို ဟောကြားခြင်းဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

သူတော်ကောင်း သူမြတ်လောင်းတို့ ကုသိုလ်ပါရမီ ဖြည့်ကျင့်ရာမှာ ဖြောင့်မတ်မှန်ကန်တဲ့ သစ္စာတရား အမြဲလက်ကိုင်ထားတယ်ဆိုတာ သစ္စာပါရမီကို ဆိုလိုပါတယ်နော်၊ မောဟတရားဖုံးဖိထားတဲ့ သစ္စာကတော့ သစ္စာတရားလေးပါးက သစ္စာပါဘဲနော်။

(မှန်ပါဘုရား)

* * *

စိတ်မိုက်-စိတ်ရိုင်းကိုဆုံးမ

(ဦးရသေ့ရေ....ဘုရား) ငါတို့မနုဿလူ့ဘုံမှာ ဘုရားရှင်သာသနာတော်နှင့် ဆုံတွေ့ကြုံတွေ့တဲ့အခါမှာ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး ဂုဏ်တော်များကို မမေ့ဘဲ ကိုယ်ကျင့်တရားဖြစ်တဲ့ သီလမေတ္တာ၊ ခန္တီသစ္စာဆိုတဲ့ အစောင့်အရှောက်အရံအတား တရားလေးပါးကိုအမြဲလက်ကိုင်ထားကြပါနော်။

(မှန်ပါဘုရား)

အဲ-ဒီတရားလေးပါးကတော့ လိုရင်းအချုပ်ဖြစ်တဲ့ ကိုယ်ကျင့်တရားတွေဘဲနော်၊ ခန္ဓာအစဉ်မှာ ကိန်းအောင်းနေတဲ့ အကြောင်းရှိလျှင် ဖြစ်ပေါ်လာတတ်တဲ့ နာမ်ပရမတ်ဆိုတဲ့ စိတ်မနောဟာ ဆုံးမဘို့အတော်ခက်ပါတယ်၊ သူ့အစွမ်းသတ္တိက ဟိုရောက် ဒီရောက်၊ ဟိုကြုံ ဒီကြုံ၊ အင်မတန် လျင်မြန်တဲ့ သဘောရှိတတ်ပါတယ်၊ စိတ်မနောကြောင့် လူသတ္တဝါတွေ ဒုက္ခများ နေကြတယ်မဟုတ်လား။

(ဒုက္ခများနေပါတယ်ဘုရား)

(ဦးရသေ့ရေ .. ဘုရား)စိတ်ဆဲရာကိုယ်ပါ လိုရာကိုမရောက်နိုင်ကြဘဲ မျှောက်မှိုင်သလို မှိုင်နေကြရတယ်ဆိုရင် မလွယ်ဘူးနော်၊ ကိုယ့်စိတ်နှင့်ကိုယ် နှိုင်းစာကြည့်လိုက်ရင် သိနိုင်စရာအကြောင်းရှိပါတယ်၊ မကောင်းတဲ့ စိတ်မနောဝိညာဏ်မှာ တသုံသုံ စီးဆင်းနေတဲ့ ရေအယဉ်တွေနှင့် မတူပေဘူးလား။ ရေများရဲ့ သဘောဟာ တောင်ကုန်း မြေမြင့်များပေါ်ကနိမ့်ရာကိုသာ စီးဆင်းသွားပြီး ဒလဟောသွား စီးဆင်းသလို နာမကွန္ဓာဖြစ်တဲ့ စိတ်ဘရားဟာ ကုသိုလ်ဆိုတဲ့ အမြင့်ပေါ်ကနေ အကုသိုလ်ဆိုတဲ့ အနိမ့်ဘက်ကို မြန်မြန်ကြီး စီးဆင်းသွားတတ်ကြပေတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့်မို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဓမ္မပဒပါဠိတော်ကြီးမှာ....

ပါပသိုံ ရမတိနော ရယ်လို့ ဟောကြားတော်မူပါတယ်။ မနော၊ တွက်ချင့်ကာမမျှော်ဘဲ၊ လက်သင့်ရာ ခေါ်တတ်တဲ့

စိတ်မိုက်ကြီးသည်။ ပါပသို့၊ မကောင်းမှု အကုသိုလ်ဒုစရိုက်တရား၌။ ရမတိ၊ မေ့လျော့တတ်၏။ ရမတိ၊ အခြေမနိမ့်စရာပညေနဲ့ မကြီးတဲ့အပြင် အနေလိုမ့်ကာ၊ အထွေထွေမှီးခဲ့လို့ အခြေမိန့်ကာ ဝမ္မေနှင့်မနိုးပေသပေါ့၊သတ္တဝါတွေမှာ(မြေနိမ့်ရာ ရေစီး)ဖြစ်ရလေတော့သတည်း။

(သာခု-သာခု-သာခု)

(ဦးရသေ့ရေ....ဘုရား) အဲ-ဒီ စိတ်မိုက် စိတ်ရိုင်းကြီးကို သမထဆိုတဲ့ တရားအလုပ်နှင့် ဆဲနိုင်ချိန်းမှ တော်ရုံကျမယ်နော်။ သူ့ကို မဆဲနိုင် မချိန်နိုင် မချုင်နိုင် လေသမျှ တော့သုံးဆယ်တနိုင်ငံဆိုတဲ့ ဘုံဘဝမှာ ဆုံကန္ဒားလို ကျင်လည်နေကြရမယ်နော်။ စိတ်ထက် အစွမ်းကောင်းတဲ့သူမရှိ၊စိတ်ဟာ သူရဲသဘက်ထက်ကြောက်စရာကောင်းတယ်၊ကမ္ဘာမြေကြီးကို ကျောက်ပျဉ်လုပ်, မြင့်မိုရ်တောင်ကြီးကို ကျောက်တုံးထင်နေတာတွေဟာ စိတ်ကဘဲမဟုတ်လား၊ စိတ်ကို အခြားနည်းနဲ့ ကြိတ်ချေသော်လည်းမကြေ၊ သမထဝိပဿနာနဲ့ ကြိတ်ချေမှ ကြေတယ်ဆိုတဲ့ စကားဟာ ဟုတ်ခဲ့လား။

(ဟုတ်ပါတယ်ဘုရား)

အဲ-ဒါကြောင့် စိတ်မိုက် စိတ်ရိုင်းကြီးကို အလိုမလိုက်ကြနှင့်တော့၊တော်သင့်ပြီနော်၊သူ့ကိုတော်ရာ ထားတော့ ကိုလေသာအဖေါ်မျှားနှင့် ပျော်ပါးအုံးမယ်ဆိုတာ အမှန်ဘဲနော်၊ ကိုလေသာ အဖေါ်မျှားနှင့် ပျော်ပါးခဲ့လို့ ရှိရင်လဲ ပဉ္စင်္ဂတော်မှုတဲ့ ဆူဆူဘုရားနှင့် လဲအုံးမှာဘဲ၊ ပဉ္စင်္ဂတော်မှုတဲ့ ဘုရားနှင့် မလဲရအောင် မိမိတို့ စိတ်မိုက် စိတ်ရိုင်းကြီးကို ယဉ်ကျေး

အောင် သွန်သင်ဆုံးမပေးပြီး၊ ကိုယ်ကျင့် သီလတရားများနှင့် ကုသိုလ်ကောင်းမှုများကို မပြတ်ခါခါ သမထဝိပဿနာ ဘာဝနာဆိုတဲ့တရားကို ပွားများပြီး ကြိုးစားအားထုတ်ကြပါနော်။

(မှန်ပါဘုရား)

* * *

အလွဲသုံးစားတရားတော်

(ဦးရဇသေ့ရေ....ဘုရား) ငါတို့ရဲ့ ဘဒ္ဒကပ်ကမ္ဘာဟာ ဘုရားငါးဆူပွင့်ထွန်းတဲ့ ကမ္ဘာကြီးဘဲနော်၊ အဲ-ဒီဘုရားငါးဆူ ရှိသည့်အနက် လေးဆူတော့ ပွင့်သွားပြီ၊ တဆူထဲကျန်တော့တယ်၊ ကျန်တဲ့တဆူကို ဖုံးတော့ရအောင် ဒါန,သီလ,ဘာဝနာဆိုတဲ့ ရိုက္ခာထုပ်တွေကို ရှာမှီးပြီး ကြိုးစားအားတုတ်ကြပါ။ နောင်ပွင့်တော်မူလတ္တံ့ဖြစ်တဲ့ မိုးကောင်းသခင် ဘုရားရှင်ရဲ့ မဂ္ဂင်ဖေါင်တော်ကြီးပေါ်မှာ တူပျော်ပျော်ကြီး လိုက်စီးနိုင်ကြရအောင် ယခုထဲက ကြိုးတင်ပြီး ရှာမှီးကားရုမယ်တဲ့နော်။

(မှန်ပါဘုရား)

နောက်ပြီးတော့၊ မိုးကောင်းသခင်ဘုရားရှင်ရဲ့ မဂ္ဂင်ဖေါင်ကြီးပေါ်မှာအတူတကွလိုက်စီးကြဘို့ရာ ဒါန၊သီလ၊ဘာဝနာတည်းဟူသော ကူးတို့ဖေါင်ခ မပါရင် တက်စီးလို့ ရနိုင်မယ်မဟုတ်ဘူးနော်၊ ဒါကြောင့်မို့ ယခုထဲက ဒါန၊သီလ၊ဘာဝနာ

ဆိုတဲ့ ကောင်းမှုများ လက်ကိုင်မပါးရအောင် ခပ်များများ စုဆောင်းထားရမယ်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ...ဘုရား) ပုထုဇဉ် သတ္တဝါတွေဟာ ဆူဆူ ဘုရားနှင့် မလွဲဘဲ နေပါ့မလား။ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိုလေသာ အဖော်အသင်းတွေနှင့် ပျော်ပွဲခင်းလုပ်နေ ကြလို့ အလွဲကြီးလွဲနေကြရတယ်နော်။

(မှန်ပါဘုရား)

အချို့သူတွေက ဘုရားသခင်ပွင့်တဲ့အခါ ငရဲဘုံမှာလုံ အောင်ပုန်းအောင်းနေကြတယ်၊အချို့ကတော့ တိရစ္ဆာန်ဘုံ၊ အချို့ကတော့ ပြိတ္တာဘုံ၊ အချို့ကတော့ အသူရကာယ်ဘုံ သွားပြီး ပုန်းအောင်း နေကြတယ်။ အဲ-ဒီလို လုံအောင်ပုန်း အောင်းနေကြတော့ ဆူဆူဘုရားနှင့် လွဲကုန်ကြရတယ်နော်။

(မှန်ပါဘုရား)

တို့ပုထုဇဉ်သတ္တဝါတွေဟာ လွဲလာလိုက်တာ၊ ကမ္ဘာ အသင်္ချေ ဘဝတွေမရောက်နိုင်အောင် ရိုးတီးရောင်တောင် နှင့် စားရင်လဲလွဲ၊ နေရင်လဲလွဲ၊ ကျင့်ရင်လဲလွဲ၊ လုပ်ရင်လဲလွဲ အလွဲလွဲအချော်ချော် ကိုလေသာတရားတွေနှင့် ပျော်ပါးနေ ကြလို့ ပွင့်တော်မူကြတဲ့ ရှင်တော်ဘုရားတွေနှင့် လွဲကုန်ကြ မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား)

ပဋ္ဌာန်းတော်မူကြတဲ့ ရှင်တော်ဘုရားတွေနှင့် လွတ်ကုန်ကြတယ် ဆိုပါအုံးတော့၊ ယခုလက်ငင်း ပက်ပင်းတွေ့ကြုံရတဲ့ ငါတို့ ဂဂါတမ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးမှာပင် ဘုရားရှင် ဟောထားတော် မူခဲ့တဲ့ ရှစ်သောင်း လေးထောင်သော ဓမ္မကွန္ဓာ တရားဒေသနာတွေကို မလွဲဘို့၊အလွဲသုံးစားမဖြစ်ဘို့ လိုပါတယ်နော်၊ မလွဲဘို့ဆိုတာ မိမိကိုယ်ကလဲ တဏှာသခင် ကိုလေသာ ဘုရင်တွေနှင့် မခင်မင် ဘို့ရာလိုပါတယ်၊ ခင်ပင် ရင်းနှီးပြန်ရင်လဲ လွဲအုံးမယ်ဆိုတာ အမှန်ပါဘဲနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ .... ဘုရား) အလွဲသုံးစားမဖြစ်ဘို့ ဆိုတာလဲ ဒါလဲဘဲ လိုပါသေးတယ်နော်၊ ဘယ်လိုလဲလို့ ဆိုဟော့ ငါတို့ မနုဿလူ့ဘုံမှာ ကံကြုံလို့ ဘုရား သာသနာတော်နှင့် ဆုံလို့ ကြုံတွေ့တဲ့အခါ ကိုယ်ကျင့်သိက္ခာ၊ သီလ သမာဓိ ပညာဆိုတဲ့ တရားဓမ္မတွေကို အသားကျအောင် ကောင်းစွာကျင့်သုံးရမယ့် အခါနေရာမျိုး ဖြစ်တဲ့အတွက်ကြောင့် မကျင့်သုံးဘဲ အခြားတပါး အလကားအခွါနေရာမှာ အချိန်ဖြုန်းပြီး ကျင့်သုံးရင်တော့ အလွဲသုံးစား နေရာဌာနကို ရောက်သွားလိမ့်မယ်နော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့် အလွဲသုံးစား တရားတော်ကို နာယူမှတ်သားလိုက်ကြပါ။

သုတ္တေနဒုဗ္ဘိတက္ကေန၊ အကိစ္စကရဏေနဝါ၊

မောဃကာလကွယောမနွှော၊ ဒုက္ခသန္ဓံကထံကရေ။

ဘောဇ္ဈာ၊ လွဲစကိုးကိုင်၊ လွဲလမ်းထိုင်လျက်၊ လွဲပိုင်သမျှ၊ လွဲနှိုင်ကြသည့်၊ လွဲစရည်လျား၊ အို လူအများတို့။ တုမ္မေ၊ အလွဲကိုပင်၊ အမှန်ထင်၍၊ နေ့စဉ်လွဲငြား သင့်အလွဲသမားတို့သည်။ သုတ္တေန၊ အိပ်ပျော်၍နေခြင်းဖြင့်ရင်း။ သုတ္တေန၊ တဏှာရစ်အာချစ်ထူးလျက် ပစ်ဘူးခဲ့ပေါင်၊ အလွဲဆောင်၍၊ လွဲကောင်တို့စိတ်၊ လွဲအောင်ဟိတ်ကတွန့် အိပ်ပျော်၍ နေခြင်းဖြင့်ရင်း။ ဒုပ္ပိတဂ္ဂေန၊ မကောင်းသော အကြံအစည်တွေကို နေ့ရှိတိုင်းကြံစည်၍ နေခြင်းဖြင့်ရင်း။ အကိစ္စကရဏေနဝါ၊ ကိုယ့်အမှုကိုယ့်ကိစ္စမဟုတ်သည်တို့၌ အားထုတ်ပြုလုပ်၍နေခြင်းဖြင့်ရင်း။ မောသကာလဂ္ဂယော၊ အကျိုးမပြီး အချိန်နှီး အလွဲလွဲဖြင့် အနဲနဲ အချိန်ဖြုန်းပစ်ကြကုန်သော။ မနွှော၊ ပညာနှုန်နှေး၊ အသိသေးသည့်၊ အရေးမမြင်၊ မဆင်ခြင်ငြား၊ လူ့အလွဲသမားသည်။ ဒုက္ခသုန်ဟုံ၊ ဒုက္ခခပ်သိမ်း ကင်းလွတ်ငြိမ်းသည့် အေးကိန်းကြီးနိဗ္ဗာန်တာကို။ ကထံကရေ၊ ဘယ်လိုနည်းနှင့် ရှာမှီးပြုလုပ်နိုင်ပါတော့အုံနည်း။ ကထံကရေ၊ သံသာဘဝေ၊ လက်စတုံးဘောင်၊ ဓမ္မကွန္ဒာတွေကို အချက်ကျကျ မသုံးရှာကြသဖြင့် ရက်, လ, အားလုံး နှစ်ပါးကုန်ခဲ့ပေါ့ ဖြစ်ရှာပုံ၊ အမြဲနှလုံးမပွားကြလေသောကြောင့်၊ ပြေ-အလွဲသုံးစားကြီး ဖြစ်ရလေတော့သတည်း။

(သာဓု - သာဓု - သာဓု)

(ဦးရသေ့ရေ .... ဘုရား) အလွဲသုံးစား တရားတော်နှင့် လက်တွဲပြီး သံသရာမှာ နွဲ့ပျော်လာလိုက်တာ ရှင်တော်ဘုရား ဓမ္မကွန္ဒာတရားတော်နှင့် လွဲချော်ကုန်ရတယ်နော်။ ဓမ္မကွန္ဒာ တ ရား တော် နှင့် မလွဲမချော်ရအောင် အ မြဲ ပျော် နေ တဲ့

မကောင်းမှု အကုသိုလ်ဒုစရိုက် တရားတွေကို ပယ်ရှားပြီး ကောင်းမြတ်တဲ့ ကိုယ်ကျင့်တရားများကို ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်ကြပါနော်။

(မှန်ပါဘုရား)

ကိုယ်က ကျင့်ကြံကြိုးကုတ် အားမထုတ်နိုင်ဘူးဆိုရင် ယခုလက်ငင်း ရှိရင်းစွဲဖြစ်တဲ့ ငါတို့ဂေါတမသခင် ဘုရားရှင် တရားတော်နှင့်လဲရုံမကနောင်ပွင့်တော်မူလတံ့ဖြစ်တဲ့ မိတေးသခင် ဘုရားရှင်နှင့်လဲအုံးမယ်ဆိုတာ အမှန်ဘဲနော်။ အဲ-ယခုကတဲက မလဲရအောင် ကြိုတင်ပြီး မိမိစိတ်ဓာတ်ကို ယဉ်ကျေးအောင် သွန်သင်ဆုံးမပေးပြီးသကာလ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကောင်းမှုလက်ကိုင်တရားတွေကို ကြိုးစားပြီးစုဆောင်းထားဘို့ လိုပါတယ်နော်။

(လိုပါတယ်ဘုရား)

သို့သော်လဲ ယခုသာသနာတော်တွင်းမှာပင် တရားတော်များကို ကျင့်ကြံကြိုးကုတ် အားထုတ်လို့ ခရီးရောက်ပြီး ကိစ္စပြီးမြောက်ခဲ့လို့ရှိရင် ဆိုဘွယ်ရာမရှိဘူးနော်၊ အကယ်၍ ခရီးမရောက် ကိစ္စ မပြီးမြောက်ခဲ့လို့ ရှိရင် နောင်မိတေးသခင် ဘုရားရှင်နှင့် ဆုံလိုက် ကြုံကြိုက်တဲ့အခါ တပုဒ်တပါဒ တဂါထာသော တရားတော်များကို နားသောတ ကြားကာမျှဖြင့် ပါရမီဓာတ်ခံထူးကြောင့် မြင့်မြတ်သောဘဝသို့ ကူးပြောင်းနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

* * *

ရုပ်ခန္ဓာလေးအိုကြီး

(ဦးရသေ့ရေ....ဘုရား) ဘဝပြင်ကျယ်၊ မြစ်ပင်လယ်၊ ဝဲ သြဃရေအယဉ်ဆိုတဲ့ အနုမတဂ္ဂ သံသရာကို ကူးမြောက်ဘို့ရာ မလွယ်ကူလှဘူးနော်၊ ဘာ့ကြောင့်လဲလို့ ဆိုတော့ ရုပ်ခန္ဓာ ခေါ်ဆိုတဲ့ လေးအိုကြီးပေါ်မှာ စီးထားတဲ့ နာမကွန္ဓာ နာမ် တရား လေးစီးသမားတွေဟာ ခေမာသောင်နန်း တဘက်ကမ်း ရောက်အောင် လော်ခတ်ကြပေမယ့် သံသရာတလွှားက အစဉ် တစိုက် ကိန်းအောင်းမပါလာတဲ့ အနုသယကိလေသာ ရေ ဟောင်းတွေလဲ မပက်ထုတ်ကြ၊ ယခုရောက်ဆဲ ဘဝမှာ ပရိယုဋ္ဌာနကိလေသာ၊ဝိတိက္ကမကိလေသာ ရေအသစ်တွေ ဒုံရေ ငါးပေါက်ကနေ မတိုးဝင်နိုင်အောင် မပိတ်ဆို့ကြ၊ အဲဒီလို မပက်ထုတ်ကြ မပိတ်ဆို့ကြတော့ လော်ရင်း လော်ရင်းနဲ့ သံသရာ ပင်လယ်သမုဒ္ဒ ဝဲဇလုပ်အတွင်းမှာ နစ်မြုပ် ရှာကြရ တယ်နော်။

(မှန်ပါဘုရား)

ကိလေသာဆိုတာ ရေဟောင်းနှင့်တူတဲ့ အနုသယ ကိလေ သာ၊ ရေသစ်နှင့်တူတဲ့ ပရိယုဋ္ဌာနကိလေသာ၊ ဝိတိက္ကမ ကိလေ သာလို့ သုံးမျိုးသုံးစားရှိပါတယ်။ အဲ-ဒီသုံးမျိုး သုံးစားထဲ မှာ အနုသယ ကိလေသာဆိုတာ ပုထုဇဉ် သတ္တဝါတို့ရဲ့ သက္ကာယန်အစဉ်မှာ အစဉ်တစိုက် ကိုန်းအောင်းလျက်ပါနေတဲ့ ရေဟောင်းနှင့်တူပါတယ်နော်။

(မှန်ပါဘုရား)

အတိုက်အခံ လောကီအာရုံ ကာမဂုဏ်ငါးပါး အမိုက်တရားတွေကို တွေ့ဆုံတဲ့အခါ ခန္ဓာကိုယ်တွင်းက ရှုန်းရင်းဆန်ခတ်ဖြစ်ပြီး မိမိစိတ်ကိုမထိန်းသိမ်းနိုင်တော့ဘဲ ငြိမ်နေတဲ့ မြေဟောက်ကိုဒုတ်နှင့်ခေါက်လိုက်သလိုအစဉ်တစိုက်ကိန်းအောင်း ငြိမ်ဝပ်နေတဲ့ အနုသယကိလေသာတွေဟာ ဖြတ်ခနဲ ထကြွသောင်းကြမ်းလာပါတယ်။ အဲ-ဒါကို ပရိယုဋ္ဌာန ကိလေသာလို့ ခေါ်ဆိုရပါတယ်နော်။

(မှန်ပါဘုရား)

တခါ ပရိယုဋ္ဌာန ကိလေသာ အနေအားဖြင့် ခန္ဓာကိုယ်တွင်း ထကြွသောင်းကြမ်း ဖြစ်ပေါ်လာပြီး မိမိစိတ်ကို ချုပ်ဘည်းအောင့်အီး မနိုင်တော့ဘဲဖေါက်ပြန် ကျူးလွန်မိခြင်းကို ဝီတိက္ကမ ကိလေသာလို့ ခေါ်ဆိုရပြန်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)ယခုပြဆိုခဲ့တဲ့ ကိလေသာ သုံးမျိုး သုံးစားထဲမှာ အနုသယ ကိလေသာကို အမြစ်ပြတ်အောင် ပယ်သတ်ဘို့ရာ ဆိုင်ရာမဂ်ဖြင့် ပယ်သတ်မှ အကြွင်းမဲ့ပြတ်နိုင်ပါတယ်။ ပရိယုဋ္ဌာန ကိလေသာ မဖြစ်နိုင်အောင်တော့(၀ါ) ထိုထိုလောကီအာရုံ ကာမဂုဏ် ငါးပါး အမိုက်တရားတွေကို စိတ်မဝင်စားရအောင် သမာဓိတရားဖြစ်ရမယ်နော်။ ဝီတိက္ကမ ကိလေသာမဖြစ် တားမြစ်နိုင်ဘို့ရာကတော့ ကိုယ်ကျင့်သီလ တရားနှင့် တားမြစ်ရမယ်နော်။ အဲ-ဒီလို ဆိုင်ရာ ဆိုင်ရာ သူ့

တရားနှင့်သူ တားမြစ်လို့ ရှိရင် ကိုလေသာတရားများ ဖြစ်ပေါ်လာဘို့ရာ ခဲယဉ်းသွားပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ . ဘုရား) ခုနက ဆရာဘုရား ဥပမာထားပြီး ဟောကြားခဲ့တဲ့ ရုပ်ခန္ဓာလေးအို့ကြီးပေါ်မှာ အနုမတဂ္ဂ သံသရာ တလွှားက ပါလာတဲ့ အနုသယ ကိုလေသာ ရေဟောင်းတွေလဲ ကြိုးစားပြီးပက်ထုတ်ကြ၊ ပရိယုဋ္ဌာန ကိုလေသာ ဝိတိက္ကမ ကိုလေသာဆိုတဲ့ ရေသစ်တွေ မတိုးမဝင်နိုင်အောင် ဒွါရဝါးပါး လေးပေါက်မျှားကို ပိတ်ဆို့ကြပြီး၊ သီလဆိုတဲ့ ပဲ့ဘက်မ၊ သမာဓိဆိုတဲ့ လေတက်ဦး၊ ဝိပဿနာဉာဏ်ဆိုတဲ့ လက်နှင့် မြဲမြဲကိုင်တွယ်ပြီး၊ မြစ်ပင်လယ် သံသရာတဘက်ကမ်း နိဗ္ဗာန်နန်းရောက်အောင် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်ဆိုတဲ့ ဗလငါးတန်နှင့် အားသန်သန်ခတ်ဆွဲပြီး၊ အဲ-ဒီလိုအားခဲပြီး လေ့ာ်ကြရင်မကြာခင် ခရီးရောက်ပြီးမြောက်နိုင်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) အချို့လူများကတော့ အားခဲပြီး လေ့ာ်ကြပါဘယ်။ လေ့ာ်ပင် လေ့ာ်ငြားသော်လဲ သီလလေ့ပဲ့တက်မကြီး မခိုင်မြဲဘဲ ယိုင်လဲပြီး ပျက်ကျိုးသွားပါတယ်နော်။ အဲ-ဒီလိုပျက်ကျိုးသွားတော့ လောဘ၊ ဒေါသ၊ မောဟ ရေဝဲလှိုင်းတံပိုးကို ရုပ်ခန္ဓာလေ့အို့ကြီး ဖြောင့်အောင် မတိုးသွားနိုင်ဘဲ သံသရာ ပင်လယ်သမုဒ္ဒမှာ နစ်မြုပ်ရှာကြတယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား)

(ဦးရသေ့ရေ....ဘုရား) သံသရာဘဝ ပြင်ကျယ် မြစ်ပင်လယ်တဘက်ကမ်းမှာရှိတဲ့ နိဗ္ဗာန်နန်းသို့ ရောက်အောင် လှော်ကြတဲ့ ရုပ်ခန္ဓာလှေအိုကြီးပေါ်မှာ စီးထားတဲ့ နုမကွန္ဓာနှာမ်တရားလေစီးသမားတွေဟာ သီလပဲ့တက်မကြီးနှင့် လှည်းကသမာဓိတက်မှု၊ အဲ-ဒီတက်ကြီးနှစ်ခုကို ဝိပဿနာဉာဏ်လက်က အမြဲကိုင်ထားပြီး လှော်သွားကြရမယ်နော်။

(မှန်ပါဘုရား)

* * *

သမထ အသားကျမှ သမာဓိတရား ရနိုင်မည်

(ဦးရသေ့ရေ....ဘုရား) လိုရင်းအချက်ကတော့ ကိုယ်ကျင့်သီလတရား အရေးကြီးပါတယ်။ ကိုယ်ကျင့်သီလ တရား အရင်းထားပါမှ သမထဆိုတဲ့ သမာဓိတရား ရနိုင်ပါတယ်နော်။ သမထဆိုတာ တခြားမဟုတ်ပါဘူး၊ သမာဓိတရား, သမာဓိအလုပ်, သမာဓိစခန်းကို ဆိုလိုပါတယ်။ ဝိပဿနာကတော့ ဉာဏ်တရား,ဉာဏ်အလုပ်,ဉာဏ်စခန်းပါဘဲနော်။

(မှန်ပါဘုရား)

စိတ်ခေတ်အစဉ်မှာရှိတဲ့ လောဘ၊ ဒေါသ၊ ကိလေသာမီးတွေကို ငြိမ်းအေးစေတတ်တဲ့ ဧကဂ္ဂတာစေသသိက် သမာဓိတရားဟာ သမထမည်ပါတယ်။ သမထဆိုတဲ့ သမာဓိတရား အသားကျမှ ဝိပဿနာကူးပြီး ရှုသွားရပြန်ပါတယ်နော်။

ဝိပဿနာဆိုတာ အထူးသဖြင့် ရှုမြင်တတ်တဲ့ ဉာဏ်ကို ခေါ်ပါတယ်။

ဝိပဿနာဆိုတာ ဘာကို ရှုရပါသလဲလို့ဆိုတော့ တပ်မက်စဲ့လန်းစရာ တေဘူမက ဘုံသုံးပါး၊ လောကီနာမ်ရုပ်ခန္ဓာငါးပါး။ သင်္ခါရတရားတွေကို အမှန်အတိုင်း ရှုမြင်ရပါတယ်။ အဲဒီလို အမှန်အတိုင်းရှုမြင်ပြီး ဖြစ်ပေါ်လာတဲ့ဉာဏ်တွေကို ဝိပဿနာဉာဏ်လို့ခေါ်ပါတယ်၊ သမထဆိုတဲ့ သမာဓိတရား ကောင်းကောင်း အသားကျပါမှ ဝိပဿနာတရားကို ကူးသွားရ လွယ်ပါတယ်နော်။

(မှန်ပါဘုရား)

သမထဆိုတဲ့ သမာဓိတရား အသားကျအောင် အရင်အားမထုတ်ဘဲနှင့် ဝိပဿနာအလုပ် တခါထဲကျော်ပြီး အားထုတ်ရင် ဝိပဿနာ ဉာဏ်ပညာတရားတွေ ထင်မြင်ဘို့ ခဲယဉ်းတတ်ပါတယ်။ဒါကြောင့်မို့ ဆရာဘုရားက သမထစခန်းနည်းလမ်းကျအောင် အရင်ပြပြီး ဟောကြားပြသပေးပါတယ်။

ဆရာဘုရား အနှစ်သက်ဆုံး သမထနည်းကတော့ အာနာပါနဆိုတဲ့ ထွက်သက် ဝင်သက်ရှုမှတ်နည်းဖြစ်ပါတယ်။အာနာပါနဆိုတဲ့ သမထဘာဝနာ ကမ္မဋ္ဌာန်းဟာ ထွက်သက် ဝင်သက်လေကို အချက်ကျကျနှင့်လိုက်၍အာရုံပြုပြီး အားထုတ်ရတော့ မေဟာအားကြီးပြီး ပြန့်လွင့်နေတဲ့ စိတ်တွေကို ချုပ်နှိုင် ဘမ်းနှိုင်ပါတယ်။

* * *

အာနာပါန ကမ္မဋ္ဌာန်းလျှင် အကြောင်းရင်း ဖြစ်ပုံ

(ဦးရသေ့ရေ....ဘုရား) သဗ္ဗညုဘုရားရှင် ဝိဇ္ဇာသုံးပါးကို ရတော်မူခြင်းဟာ အကြောင်းမဲ့မဟုတ်ပါဘူး၊ အာနာပါန ကမ္မဋ္ဌာန်းကြောင့် ဖြစ်ပါတယ်။ အဲဒါကြောင့်မို့ သဗ္ဗညုဘုရားရှင်တော်မှလက်လွှတ်မထားဘဲ အမြဲပွားများ အားထုတ်တဲ့ နိယာမဘာဝနာ ကမ္မဋ္ဌာန်းဘဲနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) သဗ္ဗညုရှင်ဘုရားများ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းပုံ အချင်းအရာများကို ဒီလိုသိရပါတယ်။ ဘယ်လိုလဲဆိုတော့ မဟာဗောဓိပင်အောက် ရှေပလွင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီး ငါ့ခန္ဓာကိုယ်တွင်းရှိ အရေ အကြော၊ အသွေး၊ အသားတို့သည် ခြောက်ကပ်၍ အရိုးစုမျှ ပင် ကြွင်းသော် ကြွင်းပါစေ။သဗ္ဗညု တရှေ့ဘဝ်တော်ကို မရှုသမျှ ဤထက်ဝယ်ဖွဲ့ခွေမှ မပြောင်းတော့လို့ အဓိဋ္ဌာန်တော် မူတယ်။ အဲ-ဒီလိုအဓိဋ္ဌာန်တော်မူပြီး အင်္ဂါလေးပါးနှင့် ပြည့်စုံတဲ့ သမ္မာဝါယမလုံ့လတော်ကို နှီးဆော်ချီးပင့်ပြီး အာနာ ပါနဆိုတဲ့ ထွက်သက် ဝင်သက် နှစ်ပါးကို အာရုံပြုနေတော်မူ ပါတယ်။

အဲ-ဒီလို အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူတဲ့အခါ သမ္မာသတိလဲထင်ပါတယ်၊ သမ္မာသတိကြောင့် မေ့လျော့ခြင်း

တေ့ဝေခြင်းကင်းပြီးသကာလ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိဆိုတဲ့ ကိုယ်ရဲ့ငြိမ်းချမ်းခြင်း၊ စိတ်ရဲ့ငြိမ်းချမ်းခြင်း ဖြစ်လာပါတယ်။

အဲ-ဒီလို ကာယပဿဒ္ဓိ၊စိတ္တပဿဒ္ဓိ ဖြစ်ခြင်းကြောင့် စိုးရိမ်ပူပန်တာတေ့ကင်းပြီး ထွက်သက် ဝင်သက်မှာ အလွန်အာဝေကောင်းတဲ့ သမ္မာသမာဓိ ဖြစ်လာပါတယ်။ သမ္မာသမာဓိ၏ အဟုန်ကြောင့် ဝတ္ထုအာရုံ ကာမဂုဏ်တွေမှာ နှစ်သက်စုံမက်တိမ်းညွှတ်တတ်တဲ့ဆန္ဒ ပြင်းပြင်းပြပြ တပ်တတ်တဲ့ရာဂ အလွန်အမင်းလိုလားတတ်တဲ့ ဆန္ဒရာဂ၊ အဲ-ဒီတရားတွေကို ပယ်ခွာတွန်းလှန်ပြီး တဆင့်တက်ပြီး ဝိပဿနာတရားများကို ပွားများတော်မူပြန်ပါတယ်။

(ဦးရသေ့ရေ....ဘုရား) ဆရာဘုရား ခပ်တိုတိုနှင့် လိုရင်းအချက်ကိုဘဲ ဟောကြားပါတော့မယ်နော်၊ ဒါနဲ့ဘဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဝိပဿနာ ဉာဏ်ကြောင့် မိုးသောက်ယံနေအာရုဏ်သွက်သည်နှင့် တပြိုင်နက် အာသဝက္ခယခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်နှင့်တကွ သဗ္ဗညုတဉာဏ်တော်ကို မျက်မှောက်ပြုပြီး ဓမ္မရာဇ်မှန်ကူ သယမ္ဘူ။ထွဋ္ဌတား မြတ်ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသော်မှ ထွက်သက်, ဝင်သက်ဆိုတဲ့ အာနာပါန ကမ္မဋ္ဌာန်းကို လက်လွှတ်မထားဘဲ ပွားများ အားထုတ်တော်မူတယ်ဆိုတော့ အခြားရဟန်းရှင်လူပုဂ္ဂိုလ်များ အဘို့ရာမှာ အထူးပြောဘွယ်တောင်မလို၊အသင့်လျော်ဆုံး ကမ္မဋ္ဌာန်းဘာဝနာပါဘဲ။ အဲဒီအာနာပါန ထွက်

သက် ဝင်သက် အားထုတ်ပုံနည်းလမ်းကို စည်းကမ်းတကျဖြစ်အောင် ဆရာဘုရားအနည်းငယ်မျှ ဟောကြား ပြသပေးအုံးမယ်။ နားစိုက်ပြီးနှလုံးသွင်းကြပါ။

(ဦးရသေ့ရေ....ဘုရား) မဂ်ဖိုလ် နိဗ္ဗာန်ဆိုက် အောင်ကမ္မဋ္ဌာန်း ဘာဝနာကို တကယ်တမ်း အားထုတ်တော့မယ့် ပုဂ္ဂိုလ်များ ကြောင့်ကြမှု တောင့်တမှု ပလိဗောဓ ဟူသမျှတွေကို ပြတ်စဲစေရမယ်။ငါးပါးဖြစ်စေ၊ ရှစ်ပါးဖြစ်စေ၊ ဆယ်ပါးဖြစ်စေ၊ မိမိတို့စွမ်းနိုင်ရာ သီလများကို ခံယူကျင့်သုံး ဆောက်တည်ပြီး မကျိုးမပေါက်မပျောက်မကျားရအောင် စင်ကြယ်စေရပါမည်။

ငါ့သီလဟာ မဂ်ဉာဏ်အတွက် ကျေးဇူးပြုနိုင်ပါစေလို့ မိမိစိတ်ခေတ်ကို မဂ်ဉာဏ်သို့ ညွှတ်စေရမယ်နော်၊ အရိယာပုဂ္ဂိုလ်များအပေါ် ပြစ်မှားခဲ့ဘူးတဲ့ အရိယူပဝါဒကံရှိလျှင် ထိုပုဂ္ဂိုလ်အား ကန်တော့တောင်းပန်၊အကယ်၍ ထိုပုဂ္ဂိုလ်ထံသို့ မသွားနိုင်လျှင် ဆရာသမားထံမှာ ကန်တော့ တောင်းပန်ရမည်နော်၊ ကန်တော့ တောင်းပန်ပြီးလျှင် ဘုရားရှင်မြတ်ကို ရှိခိုးကန်တော့ မေတ္တာပို့ အမျှဝေပြီး မြတ်စွာဘုရားအား မိမိခန္ဓာကိုယ်ကို အပ်နှင်းလှူဒါန်းရမယ်နော်။

(မှန်ပါဘုရား)

* * *

မြတ်စွာဘုရားအား မိမိခန္ဓာကိုယ်ကို အပ်နှင်းလှူဒါန်းပုံ

(၁) ဤအနိစ္စ ဖြစ်သောခန္ဓာကိုယ်ကို ကိုလေသာတို့မှ ကင်းဝေးတော်မူသော မြတ်စွာဘုရားအားလှူဒါန်း ပါ၏ဘုရား။

(၂) ဤဒုက္ခဖြစ်သော ခန္ဓာကိုယ်ကို ကိုလေသာတို့မှ ကင်းဝေးတော်မူသော မြတ်စွာဘုရားအားလှူဒါန်း ပါ၏ဘုရား။

(၃) ဤအနတ္တ ဖြစ်သော ခန္ဓာကိုယ်ကို ကိုလေသာတို့မှ ကင်းဝေးတော်မူသောမြတ်စွာဘုရားအား လှူဒါန်း ပါ၏ ဘုရား။

(၄) ဤအသုဘ ဖြစ်သော ခန္ဓာကိုယ်ကို ကိုလေသာတို့မှ ကင်းဝေးတော်မူသော မြတ်စွာဘုရားအား လှူဒါန်း ပါ၏ ဘုရား။

အစ္စာဒိုကတ္တာ ဗုဒ္ဓဿအန္တေဝါသိကော၊ ဓမ္မဿအန္တေဝါသိကော၊ သံဃဿအန္တေဝါသိကော မံဓါရေထ။

အစ္စာဒိုကတ္တာ၊ ယနေ့ကိုအစပြု၍။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အန္တေဝါသိကော၊ အတွင်းနေတပည့်တည်း။ ဓမ္မဿ၊ တရားတော်မြတ်၏။ အန္တေဝါသိကော၊ အတွင်းနေတပည့်တည်း။ သံဃဿ၊ သံဃာတော်မြတ်၏။ အန္တေဝါသိကော၊ အတွင်းနေတပည့်တည်း။ ဣတိ၊ ဤသို့။ မံ၊ တပည့်တော်ကို။ ဓါရေထ၊ မှတ်တော်မူပါကုန်ဘုရား။

* * *

ကမ္မဋ္ဌာန်းဆရာထံ ကမ္မဋ္ဌာန်းတောင်းပုံ

နိဗ္ဗာနသဿ၊ သစ္ဆိကရဏတ္ထာယ၊ မေဘန္တေ၊ သမထကမ္မဋ္ဌာနံဒေဟိ။

ဘန္တေ၊ အရှင်ကမ္မဋ္ဌာန်းဆရာ။ နိဗ္ဗာနသဿ၊ နိဗ္ဗာန်ချမ်းသာတော်မြတ်ကြီးကို။ သစ္ဆိကရဏတ္ထာယ၊ မျက်မှောက်ပြုပါရခြင်းအကျိုးငှာ။ မေ၊ တပည့်တော်အား။ သမထကမ္မဋ္ဌာနံ၊ အာနာပါန၊ သမထကမ္မဋ္ဌာန်းကို။ ဒေဟိ၊ ကရုဏာရှေထား၍ ပေးသနားတော်မူပါဘုရား။

ကမ္မဋ္ဌာန်းဆရာထံ ကမ္မဋ္ဌာန်းတောင်းပြီးရင် (၂၄)ပစ္စည်းကို အရပ်လေးမျက်နှာ အာရုံပြုပြီး အောက်ပါနည်း အတိုင်း ရှုတ်ဘတသရဇ္ဈာယရမယ်။

(၁) ပဌမအကြိမ် အရှေ့အရပ်မျက်နှာ။

(၂) ဒုတိယအကြိမ် တောင်အရပ်မျက်နှာ။

(၃) တတိယအကြိမ် အနောက်အရပ်မျက်နှာ။

(၄) စတုတ္ထအကြိမ် မြောက်အရပ်မျက်နှာ။

(၅) ပဉ္စမအကြိမ် အရှေ့အရပ်မျက်နှာသို့ အာရုံပြုပြီး တခါပြန်ရှုတ်ဘတ်သရဇ္ဈာယ်ပါ။

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊

ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္မယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

* * *

အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံအခြင်းအရာ

(ဦးရသေ့ရေ....ဘုရား) မိမိစရိုက်နဲ့သင့်တော်မယ့်ကမ္မဋ္ဌာန်းတခုတခုကို အားထုတ်လိုလျှင် အားထုတ်နိုင်ပါတယ်၊ သို့သော်လဲ အမျှားအားဖြင့် ပုဂ္ဂိုလ်တိုင်းနှင့် သင့်လျော်တဲ့အာနာပါနကမ္မဋ္ဌာန်း အားထုတ်နည်းကိုလဲ ညွှန်ပြပေးမယ်နော်။

(မှန်ပါဘုရား)

အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်လိုတဲ့ပုဂ္ဂိုလ်တို့မှာ ရှေးဦးပြုဘုယ် ပုဗ္ဗကိစ္စပရိကံကို ပြုပြီးလျှင် ဆိတ်ငြိမ်ရာအရပ်မှာ ဖြစ်စေ၊ ဘုရားရှေ့, စေတီရှေ့မှာဖြစ်စေ သေသေချာချာအချိုးကျထိုင်ရမယ်နော်။ ဒကာဖြစ်လျှင် တင်ပလင်ခွေခန့်ကိုယ်ကြီးကြာကြာထိုင်နိုင်အောင် မိမိကြိုက်တဲ့ ဣရိယာပုထ်နဲ့ ထိုင်နိုင်ပါတယ်။ ဒကာမမျှားဖြစ်လျှင် မိန်းမထိုင် ပုဆစ်ဒူးတုတ်ကြုံ့ကြုံ့ကြိုက်သလို ထိုင်နိုင်ပါတယ်၊ ထိုင်တဲ့အခါ တင်ပါး ခါးအထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထိုင်ပြီး ဘယ်ဘက်

လက်ဝါးအပေါ် ညာလက်ဝါးကို ပက်လက်တင်ထား၊လက်မ နှစ်ချောင်း ထိပ်ဖျားချင်းထိ၊ တင်ပလင်ခွေပေါ်တွင် ထားပြီး ထွက်သက်, ဝင်သက်လေကို မှန်မှန် ရှုရှိုက်ပြီး နှာသီးဝ, နှာသီး ဖျား, အသားဆိုင်ကလေးပေါ်မှာ စိတ်ကိုထား၊ ထွက်တဲ့လေကို ထွက်မှန်း၊ ဝင်တဲ့လေကို, ဝင်မှန်းသိအောင် သတိနဲ့ စောင့် ကြည့်ရပါတယ်။

ထွက်သက်, ဝင်သက်လေကို ရှုမှတ်နေတဲ့အခါ မိမိစိတ်က ဘာမှမကြံစည် မတွေးတောဘဲနဲ့ တိုး၍ တိုး၍ ထိ၍ ထိ၍ ထွက်ဝင်တဲ့နေရာမှာ သိ၍ သိ၍ နေအောင်သတိထား ရှုမှတ် ရမယ်နော်၊ထွက်လေ ဝင်လေတွေကို ရှည်ရှည်လေးလေး ရှုရှိုက် တာ၊ တိုတိုစိပ်စိပ် ခပ်ဆတ်ဆတ် ရှုရှိုက်တာ စသည်တွေမှာ ကိုယ်ကြိုက်သလို နှစ်သက်သလို ကိုယ့်သဘာဝနဲ့ အဆင်ပြေ အောင် ရှုရှိုက်နိုင်ပါတယ်။

ရှုရှိုက်နေတဲ့လေဟာ နှာသီးဖျား အသားဆိုင်ကလေးကို ဘိုးထိပြီး ထွက်တဲ့လေ ထွက်တိုင်းထွက်တိုင်း ထိတာကိုသိ၊ ဝင် ဘဲ့လေ, ဝင်တိုင်းဝင်တိုင်း ထိတာကိုသိ၊ အဲ-ဒီလို ထွက်လေ ထိသိ၊ ဝင်လေ ထိသိ သတိမလွတ်အောင် ထိသိ ထိသိနဲ့ မိမိက သိနေဘို့သာ အရေးကြီးပါတယ်။

အဲ-ဒါကြောင့် "ထိမှ, သိမှ ထိုနှစ်ခု သတိမြဲစွာပြု" ဆိုထား ပါတယ်နော်။

(မှန်ပါဘုရား)

* * *

နိမိတ်သုံးပါးခေါ်ပုံ

(ဦးရသေ့ရေ....ဘုရား) ရှုရှိုက်နေတဲ့ ထွက်သက် ဝင်သက်လေကို ထိသိ ထိသိနှင့် အမှတ်ထားပြီး အာရုံပြုနေပါ။ အဲ-ဒီလို အာရုံပြုနေတဲ့ ထွက်လေ ဝင်လေတွေကို ရှေးဦးစွာ စိတ်ဖြင့် မှန်းဆ၍ ပွားများတဲ့ ပရိကမ္မ ဘာဝနာအာရုံ, လေနိမိတ်ကို ပရိကမ္မနိမိတ်ခေါ်ပါတယ်။ အဲ-ဒီပရိကမ္မနိမိတ် ထွက်သက်, ဝင်သက်လေကို မှတ်ဖန်များလာတော့ အခု၊ သူများမှာ တစက္ကန့်မှ, တမိနစ်, နှစ်မိနစ်၊ ငါးမိနစ်, ဆယ်မိနစ်ခန့်ကြာအောင် နိမိတ်ထင်မြင်လာတတ်ပါတယ်။ နိမိတ်ထင်မြင်လာပြီး ပျောက်သွားသည်နှင့် တပြိုင်နက် အခြားတပါးသို့စိတ်မရောက်ရအောင် ထွက်လေ, ဝင်လေ ထိတဲ့နေရာ နှာသီးဖျားမှာဘဲ ပြန်ထားပြီး ထွက်လေ, ဝင်လေကိုမှန်မှန် ပြန်ရှုရှိုက်ရမယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) အဲ-ဒီလိုဘဲ ထွက်သက်, ဝင်သက်လေကို ပြန်ပြီး မှန်မှန်ရှုရှိုက်နေတဲ့အခါ နိမိတ်အမျိုးမျိုးတွေ ထင်လာ, မြင်လာ, ပေါ်လာတတ်ပါတယ်နော်။ တွေ့လာတတ်ပုံက မိမိနှာသီးဖျားဝက ထွက်လေ, ဝင်လေဟာ လေအမြှောင်းကြီးလို၊ ဆင်စွယ်ကြီးလို မီးခိုးပြွှန်းလို ထင်မြင် ပေါ်လာတတ်ပါတယ်။ အပြွှန်းခိုးတွေ ထင်မြင်တဲ့အခါ အပြွှန်းခိုးနှင့်ရောပြီး လက်လက်, လက်လက်နှင့် ရှေခြည်မှုန့် ငွေခြည်မှုန့်ကလေးတွေ မီးပန်းကလေးတွေလို ဖွာဖွာ ဖွာဖွာနှင့် ရောပါတာကိုလဲ ထင်မြင်တတ်ပါတယ်။

ဒီလိုနိမိတ်တွေမြင်နေတဲ့အခါ နှာသီးဖျားမှာစိတ်မရှိတော့ဘဲ နိမိတ်ကိုဘဲ အာရုံပြုနေတတ်ပါတယ်။ နိမိတ်ပျောက်သွားတော့မှ နှာသီးဖျားမှာ စိတ်ရောက်လာပြန်ပါတယ်။ မရောက်ရင်လဲ တမင်ပြန်ပြီး ထားပေးရမယ်။ အဲ-ဒီနိဗ္ဗိတ် အမျိုးမျိုးတွေကို ဥဂ္ဂဟနိမိတ်လို့ ခေါ်ပါတယ်။

အဲ-ဒီဥဂ္ဂဟ နိမိတ်တွေကိုဘဲ ဆက်လက်ပြီး အာရုံပြု အားထုတ်ပြန်ရင် အလွန်ကြည်လင် တောက်ပဖြူဖွေး ထွန်းလင်းတဲ့ မသေးလွန်း၊ မကြီးလွန်း၊ ဂုံညင်းသီး၊ ဥသျစ်သီးခန့်ရှိတဲ့ အဖြူနိမိတ်လုံးကို နှာသီးဖျားဝနဲ့ တတောင်ခန့် အကွာလောက်မှာ မြင်ရတတ်ပါတယ်။ မျက်စိမှိတ်ပြီး ထွက်သက် ဝင်သက်ကို ရှုရှိုက်လို့ အကြင်အခါမှာ ဥဂ္ဂဟနိမိတ်နှင့် ပုံသဏ္ဌာန်ပမာဏ ချင်းတူတဲ့ အာရုံ နိမိတ်တမျိုးဟာ စိတ်ထဲမှာ ငြိမ်သက်ပြီး တည်နေပါတယ်။

စိတ်ထဲမှာ ငြိမ်သက်ပြီး တည်နေတဲ့ အာရုံနိမိတ်ဟာ မပျောက်မပျက် ကွက်ကွက် ကွင်းကွင်း ထင်လာပါတယ်။ အဲ-ဒါဟာ ပဋိဘာဂနိမိတ်ပါဘဲ၊ ပဋိဘာဂ နိမိတ်က တော့ ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်မျှားနဲ့ အလားတူတဲ့အာရုံနိမိတ်ကို ဆိုလိုတယ်။ သို့သော်လဲ ပဋိဘာဂနိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် အဆ ရာထောင်မက ကြည်လင်တယ်။ဘာနှင့် ဥပမာတူသလဲလို့ ဆိုတော့ ဆွတ်ဆွတ်ဖြူတဲ့ ဗျိုင်းကလေးဟာ တိမ်အညိုထဲမှာ ပုံဝဲနေတဲ့အခါနှင့် တူပါတယ်။ အဖြူ ဆွတ်ဆွတ်ကလေးဟာ

အလွန်ဘဲ ပသာဒရှိပါတယ်။ ကြာတော့ ဖြူတဲ့အာရုံနိမိတ်ဟာ မပျောက်တော့ဘဲ မြင်မြဲမြင်နေပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)မြင်နေတဲ့ အာရုံနိမိတ်ဟာ မျက်စိဖွင့်ပြီး ကြည့်တာတောင် မြင်နေပါတယ်။ ဒါပေမဲ့ မျက်စိကို မှိတ်ထား စိတ်နဲ့ မြင်အောင် ကြည့်မြဲ တိုင်း ကြည့်၊ ကြည့်ရှုဖန်များရင် သမာဓိကပိုသည်ထက်ပို၊ ခိုင်မြဲသည်ထက် ခိုင်မြဲပြီး ထိုအာရုံနိမိတ်ဟာ နေရောင်လရောင်ထက် များစွာပိုပြီး အေးကြည်သာယာ လင်းလာလိမ့်မယ်။ မိမိရှေ့မှာ ငြိမ်ပြီးတည်နေတဲ့ အာရုံနိမိတ်ကို ပဋိဘာဂနိမိတ်လို့ခေါ်ပါတယ်။

* * *

ပဌမဈာန်ဇောကျပုံ

(ဦးရသေ့ရေ....ဘုရား) ပဋိဘာဂနိမိတ်ကို ကြည့်ကြည့်နေရင် ကြာလေ ငြိမ်သက်လေ၊ ကြာလေလင်းလေ၊ ကြာလေ အေးကြည်လေ ဖြစ်ပြီးသကာလ နှစ်သက်တဲ့ ပီတိဖြစ်ဖြစ်နေတတ်တယ်နော်။ နှစ်သက်တဲ့ ပီတိဖြစ်တယ်ဆိုရင်ဘဲ ချမ်းသာမှု သုခဖြစ်လာတော့တာပါဘဲ၊ ချမ်းသာမှု သုခဖြစ်ရင် ကျောက်စာတိုင်လို ခိုင်မြဲတည်ကြည်ငြိမ်သက်တဲ့ သမာဓိဆိုတဲ့ ဇောဂုဏ်တာဖြစ်လာတော့တာဘဲ။

ကေဂ္ဂတာ စိတ်ဖြစ်လာတဲ့အခါ ပဋ္ဌာဘာဂနိမိတ်ထဲ စိတ်ရောက်နေသလို ပဋ္ဌာဘာဂနိမိတ်ကို မြင်နေသည်မှတပါးအခြားဘာကိုမှ မသိမြင်တော့ဘူးတဲ့၊ ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ ကေဂ္ဂတာတည်းဟူသော စျာန်အင်္ဂါငါးပါးနှင့် ပြည့်စုံပြီးသကာလ ပဌမစျာန်ဇော ကျသွားပါတယ်နော်။

(မုန်ပါဘုရား)

* * *

ဝိပဿနာကမ္မဋ္ဌာန်း

(ဦးရသေ့ရေ....ဘုရား) အာနာပါနကမ္မဋ္ဌာန်းကိုအားထုတ်လို့ တစစနှင့် သမာဓိတရားရင့်ကျက် ခိုင်မြဲလာခဲ့လို့ ရှိရင် သမထကမ္မဋ္ဌာန်းကိုဖြတ်ပြီး ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်မယ့် ပုဂ္ဂိုလ်မျှားဟာ ဗေဒနာပရိယ တရားမှာလာတဲ့ သဒ္ဓါ၊ စိရိယ၊ သတိ၊သမာဓိ၊ပညာဆိုတဲ့အတိုင်း ရှေးဦးစွာ ယုံကြည်မှု သဒ္ဓါနှင့် ပြည့်စုံရမယ်နော်။

ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်တဲ့အခါ ပြောခဲ့တဲ့ ဗလငါးတန်နှင့် ပြည့်စုံပြီး မနေမနား မီးပွတ်တဲ့ ယောကျ်ားလို အားထုတ်ကြရလိမ့်မည်နော်။ လွှတ်ကိုက်တဲ့ယောကျ်ားဟာ သံစ်တုံးကို မျဉ်းကြောင်း မလွဲရအောင် အမြဲကြည့်တိုက်ရသလို ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာလဲ မိမိနှာသီးဖျားကို အာရုံစိုက်ပြီး မျက်စိအသာမှိတ်ထားပြီး ထွက်သက်

လေ ထွက်မှန်းသိ၊ ဝင်သက်လေ ဝင်မှန်းသိအောင် ရှုမှတ်ရမယ်နော်။

(မှန်ပါဘုရား)

(ဦးရဲသေ့ခရေ....ဘုရား) အဲ-ဒီလိုထွက်သက် ဝင်သက်လေကို ဂရုတစိုက်လိုလိုချင်ချင်နှင့် ၃-၄ ရက်လောက် အားထုတ်မိတဲ့အခါ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တွေကို ရတတ်ကြပါတယ်။ အချို့သူများဟာ ၅-ရက်၊ ၁၀-ရက်၊ ၁၅-ရက်လောက်ကြာမှ နိမိတ်များထင်တတ်ပါတယ်။ ပါရမီဉာဏ်အနဲ အရင့်လိုက်ပြီး အနှေးအမြန်ရှိတတ်ပါတယ်။

ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်ပုံ အစီအစဉ်ဟာလဲ အာနာပါန ကမ္မဋ္ဌာန်းအားထုတ်ခါနီး ပြုအပ်တဲ့ပရိကံလိုဘဲ ထပ်ပြီးပြုပါ၊ မိမိကြိုက်နှစ်သက်ရာ သရဏကို သီလခံယူပြီးရင် ဘုရားရှိခိုး ကန်တော့ မေတ္တာပို့ အမျှဝေ၊ အမျှဝေပြီးလျှင် မြတ်စွာဘုရားအား မိမိခန္ဓာကိုယ်ကို အပ်နှင်းလှူဒါန်း အားထုတ်ရင် ကောန်ရမှာဘဲလို့ ယုံယုံကြည်ကြည် ရှိရမယ်၊ အလွန်လိုချင်တဲ့စိတ် ရှိရမယ်၊ လောကဆင်းရဲ ဒုက္ခအပေါင်းကို ကြောက်ပြီး ထွက်မြောက်လိုတဲ့ စိတ်ရှိရမယ်၊ မာန်မာနချပြီး စိတ်ကို နှိုးညှံ့ပျော့ပျောင်းအောင်ထားရမယ်၊ ကိုယ်အမှုအရာ နှုတ်အမှုအရာလဲ နှိုးညှံ့သိမ်မွေ့စေရမယ်နော်။

(မှန်ပါဘုရား)

* * *

အသိသုံးမျိုးနှင့်လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာရှုပုံ

(ဦးရသေ့ရေ.... ဘုရား) ကိုယ်နှင့် သင့်တော်သလိုထိုင်ပြီး မိနစ်(၂၀)လောက်ကြာအောင် နှာသီးဖျားဝမှာ ထွက်လေဝင်လေ တိုးထိသည်ကို ထွက်မှန်းသိ၊ဝင်မှန်းသိအောင် သတိနှင့်အာရုံစိုက်ပြီးရှုမှတ်ပါ။ အဲ-ဒီလိုဘဲ အားထုတ်ပြီး ထွက်လေထိသိ, ဝင်လေထိသိ၊ ထွက်လေထိသိ, ဝင်လေထိသိ၊ ထိသိ, ထိသိနှင့် ထိမှု, သိမှု နှစ်ခုကို အမှတ်သညာပြုပြီး သိနေခြင်းဟာ အသိသုံးမျိုး သုံးစားထဲမှာ သညာသိတဲ့ ခေါ်ပါသေးတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)ထွက်သက်လေကို အနိစ္စဝိပဿနာနှင့်တင်ပြီး ရှုရမယ်နော်၊တင်ရှုပုံက ထွက်သက်လေဟာ မမြဲခြင်းသဘောတရား ထွက်ပေါ်လာပြီး ကွယ်ပျောက် ပျက်စီးတတ်တဲ့အနိစ္စမရဏသဘောလို့နှလုံးသွင်းရမယ်၊အဲ-ဒီလိုအနိစ္စသဘောမှန်း အဟုတ်အမှန်သိတာ ဘာက သိသလဲလို့ဆိုတော့ ဉာဏ်ခေါ်ဆိုတဲ့ အသိဉာဏ်က သိတယ်၊ သိတဲ့ဉာဏ်က ဘာဉာဏ် ခေါ်ဆိုပါသလဲလို့ဆိုတော့ ဝိပဿနာဉာဏ် ခေါ်ဆိုရပါတယ်။ဘာကိုရှုလို့ ဘာဉာဏ် ခေါ်ဆိုရပါသလဲ၊ မဖြစ်ခြင်းဆိုတဲ့ အနိစ္စကိုရှုလို့ အနိစ္စဝိပဿနာဉာဏ် ခေါ်ဆိုရပါတယ်။

မမြဲခြင်းဆိုတဲ့ အနိစ္စ ဝိပဿနာဉာဏ်ထင်ရင် မြဲခြင်းဆိုတဲ့ နိစ္စဒိဋ္ဌိအယူကို စွန့်လွှတ်ပြီးသား ဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

ထုတ်သက်လေဟာ မမြဲခြင်းကြောင့် "**အနိစ္စ တရား**" မည်ပါတယ်၊ ထုတ်သက်လေဟာ ကွယ်ပျောက် ပျက်စီးတတ်သော အခြင်းအရာမျှသာဖြစ်သောကြောင့် "**အနိစ္စလက္ခဏာ**" မည်ပါတယ်၊ ထုတ်သက်လေဟာ ထုတ်ပြီးကွယ်ပျောက် ပျက်စီးတတ်တာကို သိတဲ့ဉာဏ်ဟာ "**အနိစ္စဝိဇ္ဇာဉာဏ်**" မည်ပါတယ်နော်။

(မှန်ပါဘုရား)

ခုနက ထုတ်သက်လေ၊အခုဝင်သက်လေကို ဒုက္ခဝိပဿနာ အဖြစ် တင်ရှုပုံကိုပြောမယ်၊ ဝင်သက်လေသည် ဇရာ မရဏတို့ မပြတ်မလပ်နှိပ်စက်သည့် ဒဏ်ရာဒဏ်ချက်ကို ခံရလို့မသက်သာသောကြောင့် ဆင်းရဲခြင်းဆိုတဲ့ "**ဒုက္ခ**" သဘောတရားပါတကား။အဲ-ဒီလို ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခသဘောကို ဘာကသိသလဲလို့ဆိုတော့ ဉာဏ်ခေါ်ဆိုတဲ့ အသိဉာဏ်က သိတယ်၊ သိတဲ့ဉာဏ်က ဘာဉာဏ်ခေါ်ပါသလဲလို့ဆိုတော့၊ "**ဝိပဿနာဉာဏ်**" လို့ခေါ်ပါတယ်၊ ဘာကိုရှုလို့ ဘာဝိပဿနာဉာဏ်ခေါ်ပါသလဲ၊ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခတရားကိုရှုလို့ "**ဒုက္ခဝိပဿနာ**"ဉာဏ်လို့ ခေါ်ပါတယ်၊ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခဝိပဿနာဉာဏ်ထင်ရင် ချမ်းသာခြင်းဆိုတဲ့"**သုခဒိဋ္ဌိအယူ**"ကို စွန့်လွှတ်လေတော့တယ်နော်။

(မှန်ပါဘုရား)

ဝင်သက်လေဟာ ဆင်းရဲခြင်းဆိုတဲ့ "**ဒုက္ခတရား**" သာ မည်ပါတယ်၊ ဝင်သက်လေဟာ ဇရာမရဏတို့ရဲ့ မပြတ်မလပ်

နှိပ်စက်တဲ့ ဒဏ်ရာဒဏ်ချက်ကိုခံရလို့ မသက်သာတဲ့ အချင်းအာရာ ဖြစ်သော ကြောင့် "**ဒုက္ခ လက္ခဏာ**" မည်ပါတယ်။ ဝင်သက်လေဟာ အနှိပ်စက်တဲ့ ဒဏ်ရာဒဏ်ချက်ကို ခံရလို့ **မသက်သာတာကိုသိတဲ့ဉာဏ်ဟာ** ဆင်းရဲခြင်းဆိုတဲ့ "**ဒုက္ခဝိဇ္ဇာ ဉာဏ်**" မည်ပါတယ်နော်။

(မှန်ပါဘုရား)

ထွက်သက် ဝင်သက်လေကို အနတ္တဝိပဿနာ ရှုပုံကတော့ အဲ-ဒီလို မှတ်ရမယ်နော်၊ ခန္ဓာကိုယ် တွင်း မှာ ထွက်သက် ဝင်သက်လေ ဖြစ်ပေါ်လာတာ ထင်ထင်ရှားရှား အကောင်အထည်မဟုတ်၊ အသက်လိပ်ပြာမဟုတ်၊ ကိုယ်မဟုတ်၊ အလို့သို့မလိုက်၊ အစိုးမရခြင်းဆိုတဲ့ အနတ္တ သဘောတရားသာဖြစ်ပါတယ်နော်၊ အဲ-ဒီလို အစိုးမရခြင်းဆိုတဲ့ အနတ္တသဘောတရားကိုဘာကသိသလဲလို့ဆိုတော့ ဉာဏ်ခေါ်တဲ့အသိဉာဏ်ကသိတယ်၊ သိတဲ့ဉာဏ်က ဘာဉာဏ်ခေါ်ပါသလဲ၊ "**ဝိပဿနာ ဉာဏ်**" ခေါ်ပါတယ်၊ ဘာကိုရှုလို့ ဘာဝိပဿနာဉာဏ်ခေါ်ပါသလဲ၊ အစိုးမရခြင်းဆိုတဲ့ အနတ္တတရားကိုရှုလို့ အဲ-"**အနတ္တ ဝိပဿနာဉာဏ်**" ခေါ်ပါတယ်၊ အစိုးမရခြင်းဆိုတဲ့ အနတ္တ ဝိပဿနာဉာဏ်ထင်ရင် **အစိုးရခြင်း**၊ ကိုယ်ဟုတ်ခြင်းဆိုတဲ့ "**အတ္တဒိဋ္ဌိအယူကိုစွန့်လွှတ်ပြီး**" ဖြစ်တော့တယ်နော်။

(မှန်ပါဘုရား)

ထွက်သက်, ဝင်သက်, လေဟာ **အလိုသို့မလိုက်**၊ **အစိုးမရခြင်း** ကိုယ်မဟုတ်ခြင်းဆိုတဲ့ **အနတ္တတ**သောတရားသာမည်

ပါတယ်၊ ထွက်သက်, ဝင်သက်လေဟာ အကောင်အထည်မဟုတ်၊သတ္တဝါမဟုတ်၊အသက်လိပ်ပြာမဟုတ်၊အလိုသို့မလိုက်၊ အစိုးမရခြင်း! ကိုယ်မဟုတ် အခြင်းအရာမျှသာ ဖြစ်သောကြောင့် "အနတ္တလက္ခဏာ" မည်ပါတယ်၊ အကောင်အထည်မဟုတ်၊ သတ္တဝါမဟုတ်၊ အသက်လိပ်ပြာမဟုတ်၊ ကိုယ်မဟုတ်တာကို သိတဲ့ဉာဏ်ဟာ "အနတ္တဝိဇ္ဇာဉာဏ်" မည်ပါတယ်။

အဲ-ဒီလို အနိစ္စတရား၊ အနိစ္စလက္ခဏာ၊ အနိစ္စဝိဇ္ဇာဉာဏ်၊ ဒုက္ခတရား၊ ဒုက္ခလက္ခဏာ၊ ဒုက္ခဝိဇ္ဇာဉာဏ်၊ အနတ္တတရား၊ အနတ္တလက္ခဏာ၊ အနတ္တဝိဇ္ဇာဉာဏ်တွေကို ခွဲခြမ်းစိတ်ဖြာပြီး၊ ဝိပဿနာ ဉာဏ်ပညာနှင့် အနှီအပြား ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိနိုင်တဲ့ အသိပညာမျိုးမှ "ပညာ"သိ ခေါ်ဆိုပါတယ်နော်။

(မှန်ပါဘုရား)

အဲ-ဆိုကလို ပညာနှင့် သိသောအသိမျိုးမှာ မိမိတို့ရဲ့ သိမှုစိတ်အစဉ်မှာ လိုချင်နှစ်သက် ခင်မင်တွယ်ဘာ သာယာတပ်မက်မှုဆိုတဲ့ လောဘစိတ်၊ ဆဲချင်ဆိုချင် စိတ်မသက်သာနှလုံးနာမှုဆိုတဲ့ ဒေါသစိတ်၊ မသိခြင်းဆိုတဲ့ မိုက်မဲတွေဝေမှုမောဟစိတ်၊အဲဒီလောဘ၊ဒေါသ၊မောဟ အစရှိတဲ့ ကိလေသာအညစ်အကြေးတွေဟာ ဝိပဿနာနည်းနဲ့ ကျင့်ကြံအားထုတ်ပြုလုပ်မှသာ သန့်ရှင်းစင်ကြယ်နိုင်ပါတယ်။

အဲ-ဒါကြောင့် အကျဉ်းနည်းရှုမယ်ဆိုရင် အာနာ ထွက်သက်သည် အနိစ္စမရဏတရားပေတည်း၊ ပါနာဝင်သက်သည်

ဒုက္ခဇာတိတရားပေတည်း။ ထွက်သက်မရဏနှင့် ဝင်သက်ဒုက္ခ ဇာတိကို စွဲမြဲစွာညာဏ်သမ္မာဇဉ်နှင့် အာရုံပြုပြီး၊အနုတ္တလက္ခဏာ ဆက်ခါသုံးရင် မဂ်အမတာ၊ နိဗ္ဗာန်သာ အဆုံးကိုတွေ့လိမ့်မည် လို့ မှတ်ရမယ်နော်။

(မှန်ပါဘုရား)

* * *

ထွက်သက်-ဝင်သက် လေကို ဖြစ်,ပျက် ရှုပုံ

(ဦးရသေ့ရေ....ဘုရား)ထွက်သက်,ဝင်သက်လေနှစ်မျိုးကို ဖြစ်,ပျက် ရှုမယ်ဆိုရင် ရှုနိုင်ပါတယ်၊ ဒါကြောင့် ရှိုက်ဝင် သောလေသည်(ဖြစ်)၊ရှူထုတ်သောလေသည်(ပျက်)အဲ-ဒီလို ဘဲ ဖြစ်ပျက်၊ဖြစ်ပျက်နှင့်အမြဲတစေ နှာသီးဝမှာစိတ်ကို ထား ပြီး ရှုမှတ်လိုက်တဲ့အခါကျတော့ ရှိုက်ဝင်သော အဖြစ်တရား လေသည် ရိပ် ရိပ် ရိပ်ရိပ်နှင့် စက္ခုမျက်စိကတွေ့၊တခါရှူထုတ် လိုက်သော အပျက်တရားလေသည် ရိပ် ရိပ် ရိပ် ရိပ် နှင့် နာမ် တရားဆိုတဲ့ ဝိညာဏ်ကသိ။ အဲ-ဒီလိုဘဲ၊ ပြစ်ပျက်ခြင်းဆိုတဲ့ ထွက်သက်,'ဝင်သက်လေကို စက္ခုကတွေ့၊ နာမ်တရားကသိ၊ အသိညာဏ်တရားနှင့် ဖြစ်ပျက်, ဖြစ်ပျက်, ရှုမှတ်ဖန်များခဲ့လို့ ရှိရင် ဘာတွေတွေ့ရှိရသလဲဆိုတော့၊ ယထာဘူတ၊ ယထာဓမ္မ ဆိုတဲ့ မိမိအဇ္ဈတ္တိက ခန္ဓာကိုယ်ထဲမှာ အမှန်တကယ်ရှိတဲ့ ရူပ် ဓာတ်၊ နာမ်ဓာတ်တရားတွေကို တွေ့ရှိလို့ ထိုရူပ်တရား နာမ်

တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းဆိုတဲ့ ဥဒယဗ္ဗယဉာဏ် ရသွားတယ်နော်။

(မှန်ပါဘုရား)

ဥဒယဗ္ဗယဆိုတဲ့ ဖြစ်ပျက်တရား နှစ်ပါးကို လက်ဝဲသံပေါက် အနေနှင့်၊ မှတ်မိကြအောင် ဆရာဘုရား တိုင်ဆိုပေးမယ်နော်။

(၁) နာမ်ရုပ်နှစ်ဖြာ၊ ဖြစ်ပျက်ပေါ်လာ၊ မြင်သိ၊ယထာဘူတဉာဏ်။

(၂) နာမ် ရုပ်နှစ်ဖြာ၊ ဖြစ်ပျက်မှုန်းလာ၊ မြင်သိ၊ နိဗ္ဗိန္ဒဉာဏ်။

(၃) နာမ်ရုပ်နှစ်ဖြာ၊ ဖြစ်ပျက်ဆုံးလာ၊ မြင်သိ၊ မဂ်ရဉာဏ်။

အဲ-ဒီ လက်ဝဲသံပေါက်ကို နှုတ်ထဲစိတ်ထဲမှာ စဲ့မြဲနေအောင် လူတိုင်းလူတိုင်းဘဲ ဆောင်ထားပြီး၊ ရှုတ်ဆိုကြပါနော်။

(မှန်ပါဘုရား)

ထွက်သက်, ဝင်သက်လေရဲ့ ဥဒ္ဒယဗ္ဗယဆိုတဲ့ ဖြစ် ပျက်ခြင်းက ဘာဝိတာ ဗဟုလီကတာ ကြိမ်ဖန်များစွာ ပွားများ ကြိမ်ဖန်များစွာ အားထုတ်ခဲ့လို့ ရှိရင် အမှန်မှုချ တဆင့်ထက်တဆင့် ရင့်ကျက်ပြီးတော့ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်တို့ မကြာခင် တက်ရောက်သွားပါတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒီဘဝ်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်, နိုဗ္ဗိန္ဒဉာဏ် တွေကို မြန်မြန်ကြီးတက်ရလွယ်အောင် သတိတမန်၊ ဉာဏ်မြေ ကတုတ်၊ ဝိရိယကို နောက်မဆုတ်ဘဲ ချွန်းလိုအုပ်ပြီး သကာလ၊ ဖြစ်ခြင်းပျက်ခြင်း တရားနှစ်ပါးကို အမှန်အတိုင်း ရှုမှတ်ပြီး တကယ်အစစ်အမှန် ဉာဏ်ဦးနှြေ ရင့်သန်လို့ မြင်သွားလျှင် နုဗ္ဗိန္ဒဉာဏ်ရတာပေါ့။ အဲ-ဒီလို နိုဗ္ဗိန္ဒဉာဏ်မျိုးကိုရတော့ မြန် မြန်ထက်ထက်နှင့် မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို တက်ရောက်ပြီးရနိုင် ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)ယ ခု တ ရား နာ နေ တဲ့ ပရိ သတ် အပေါင်းသူတော်ကောင်းတို့အပေါ်မှာ ဆရာဘုရား ဂ ရုဏာ ထားရှိတာကတော့ တကယ်တရားမျှားကို အားထုတ်လို့တတ် ရှိရလေအောင် အားထုတ်တဲ့အခါမှာလဲ ဉာဏ်ဝမှာ ထင်ပြီး တော့၊ ထက်ထက်မြက်မြက်နဲ့ အာရုံမှာ စူးရှပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မကြာဆောလျင် လှမ်းတက်နိုင်အောင် နည်း လမ်းကို ညွှန်ပြပြီး ဟောပြောပြသ သြဝါဒပေးပါတယ်နော်။

(မှန်ပါဘုရား)

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို လှမ်းတက်နိုင်အောင် ဆိုပြီး မိမိ ကလဲ နည်းလမ်းမျှားကို သေသေချာချာ နာယူမှတ်သားပြီး ကြိုးစားအားထုတ်မှ လှမ်းတက်နိုင်ပါတယ်၊ မိမိကကြိုးစား အားမထုတ်ဘဲနဲ့ နှုတ်ပါးစပ်ဖျားက မဂ်တရား, ဖိုလ်တရား ရပါစေလို့ ဆုတောင်းရုံနဲ့ မရနိုင်ဘူးနော်၊ အာ ရုံ တ ပါး

တခြားကိုစိတ်မသွားရအောင် သမာဓိခိုင်ခိုင်နှင့် ဉာဏ်စခန်းကို လက်ကိုင်မိအောင် အားထုတ်မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရနိုင်ပါတယ်။

(မှန်ပါဘုရား)

(ဦးရှုသေ့ရေ....ဘုရား) ခုနက ဆရာဘုရား တိုင်ဆိုပေးလိုက်တဲ့ လက်ဝဲသံပေါက်ထဲမှာ ဉာဏ်သုံးဆင့်ဟာ, လိုရှင်းအချုပ်ဘဲနော်၊ နာမ်ရုပ်ကို ဖြစ်ပျက်ရှုလို့ ဟုတ်တိုင်း မှန်စ္စာ သီဘာက ယထာဘူတဉာဏ် ဟုတ်တိုင်းမှန်စ္စာ ဖြစ်ပျက်ရှုလို့ ရုပ်နာမ်ကို ခြိုးငွေ့ပြီးမှန်းလာရင်နိုဗ္ဗဒဉာဏ်၊ရုပ်နာမ်ကိုဖြစ်ပျက်ရှုလို့ ခြိုငွေ့ပြီးမှန်းလာတော့ တချက်ချက်မှာ ဆုံးသွားပါရော။ ဆုံးသွားရင် မဂဉာဏ်ဝင်လာတာဘာ၊မဂဉာဏ်ဝင်လာရင် မဂ်ရဉာဏ်ဘဲနော်။

(မှန်ပါဘုရား)

မဂ်ရဉာဏ် ဆိုက်ရောက်ပြီဆိုရင် ကိုလေသာကို ဖြတ်၍ သတ်၍ နိဗ္ဗာန်ဓမ္မသို့ ကူးသွားတော့တာဘဲနော်၊ နိဗ္ဗာန်ဓမ္မသို့ ကူးရောက်သွားရင် ဒုက္ခခပ်သိမ်းကင်းလွတ်ခြင်းသည့် ငြိမ်းချမ်းပြည်နိုင်ငံကို ကေန်ထုတ်ချောက် မျက်မှောက် ပြုပါတယ်နော်။

(မှန်ပါဘုရား)

စိတ် စေတသိက်ဆိုတဲ့ နာမကွန္ဓာနာမ်တရား၊ ရုပ် အဋ္ဌဝိသဆိုတဲ့ ရုပ်တရား (၂၈) အဲ-ဒီရုပ်တရား, နာမ်တရား ဟူသမျှ

တွေ့မှာ သင်္ခါရမည်တာဝချည်းဘဲနော်၊သို့သော်ရုပ်နာမ် သင်္ခါရတရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့၊ ဝိပဿနာရှုတဲ့အခါမှာ လောကုတ္တရာတရားကို မရှုနိုင်ဘူးနော်၊ မိမိတို့ယခု တွေ့ကြုံဆဲဖြစ်တဲ့ လောကီနာမ်ရုပ် ခန္ဓာငါးပါး သင်္ခါရတရားတွေကိုဘဲ ရှုနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

* * *

ဉာဏ်သုံးဆင့်နှင့်ရှာဖွေဝိပဿနာရှုကြည့်ပုံ

(ဦးရသေ့ရေ....ဘုရား)ဒီကနေ့ညအဘို့ရာ တရားရှာသော်ကိုယ်မှာတွေ့ ဆိုသလို မိမိတို့ရုပ်နာမ်ခန္ဓာကိုယ်ပေါ်မှာ တည်ရှိတဲ့ ဥဒယဗ္ဗယဆိုတဲ့ ဖြစ်ခြင်း, ပျက်ခြင်းတရားတွေကို ဉာဏ်သုံးဆင့်နှင့် ဝိပဿနာ ရှုကြည့်ရမယ်နော်၊ ဝိပဿနာဉာဏ်နှင့် ရှုကြည့်လိုက်ရင် ရုပ်နာမ်ခန္ဓာတွေ ဖြစ်ပြီးပျက်နေတာကို တွေ့ရမယ်မဟုတ်လား။

(တွေ့ရပါတယ်ဘုရား)

ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုတဲ့ ငါးပါးထဲက တပါးပါးကို စိုက်ပြီး ဝိပဿနာဉာဏ်နှင့်ရှုကြည့်၊ အဲ-ဒီလိုရှုကြည့်ရင် ဖြစ်ပြီး ပျက်နေတာကို သာတွေ့ရမယ်၊ ဒီလိုဘဲဖြစ်ပျက် ဖြစ်ပျက်နှင့် အနိစ္စသဘောအမှန်ကိုသာ မြင်ရမယ်နော်။

(မှန်ပါဘုရား)

ရုပ်နာမ်ခန္ဓာကိုယ်ကြီးဟာ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခသစ္စာ အမှန်ဘဲနော်၊ ဖြစ်ပြီးပျက်နေတာပါ။ ဖြစ်ပြီးပျက်တာကလဲ့သို့ ဘာမှုမရှိဘူး၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခဘဲရှိပါတယ်၊ အဲဒီလို ဖြစ်ဒုက္ခ ပျက်ဒုက္ခနှင့် ရုပ်နာမ်ခန္ဓာကိုယ်ကြီးကို စိုက်ပြီးဝိပဿနာဉာဏ်နှင့် ရှုကြည့်၊ ဖြစ်ပျက်နေတဲ့ ဆင်းရဲခြင်း ဒုက္ခသစ္စာမြင်ရင် အနိစ္စဉာဏ်ကိုရတာဘဲနော်၊ အဲ-ဒီအနိစ္စဉာဏ်ရရင် မအို မနာ မသေ နိုင်တဲ့ နိဗ္ဗာန်ရှေမြို့တော်ကြီး သွားရောက်ဘို့ရာ ဉာဏ်လှေခါး သုံးဆင့် ရှိတဲ့ အနက်က တဆင့်တော့ တက်ရောက်မိပြီလို့ မှတ်ရမယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ပဌမ ဉာဏ်လှေခါး တထစ် တက်ရောက်မိပြီဆိုတာ ယသဘုတဉာဏ်ရတာကို ပြောတာပါနော်၊ ဖြစ်ပျက်တာကို အမှန်သိ ဖြစ်ပျက်တာကို အမှန်တွေ့ရင် ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခသစ္စာကို သိမြင်တာဘဲ၊ ဆင်းရဲခြင်း အမှန် ဒုက္ခသစ္စာ သိမြင်ရင် အသေဆိုးနှင့် မသေနိုင်ဖော့ဘူး၊ အဲ-ဒါကြောင့်မို့ သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဓမ္မပဒ ပါဠိတော်ကြီးမှာ....

ကောဟံ ဇီဝိတံ သေယျော၊ ပဿတောဥဒယဗ္ဗယံ၊
လို့ဟောကြားတော်မူခဲ့တယ်။

ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားစုတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို။ ပဿတော၊ ပညာရှေတင် ရှုမြင်သောပုဂ္ဂိုလ်၏။ ကောဟံ၊ တနေ့ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ မြင့်မြတ်ပါပေသတည်း။ အဲ-ဒီလို ခန္ဓာငါးပါး

ရုပ်နာမ်တရားတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းကို အနိစ္စအချက်မြင်ရင် တရက်ထဲပင် အသက်ရှည်ရပေမယ့် အင်မတန် မွန်မြတ်ပါတယ်လို့ ဘုရားရှင် ဟောကြားတော်မူခဲ့တယ်နော်။

(မှန်ပါဘုရား)

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းကို ဆင်းရဲခြင်း အမှန်ဒုက္ခသစ္စာ သိခဲ့လို့ရှိရင် နောက်တော့ ဖြစ်ပျက်ကိုမှန်းပြီး ငြီးငွေ့ခြင်းဆိုတဲ့ နိုဗ္ဗိန္ဒာဏ် ပေါ်လာမယ်၊ ဖြစ်ပျက်မှန်းပြီး ငြီးငွေ့ခြင်း နိုဗ္ဗိန္ဒာဏ်ရရင် ဒုတိယ လှေခါးထစ်ရောက်ပြီလို့ မှတ်ပါနော်။

(မှန်ပါဘုရား)

မိမိရုပ်နာမ်ခန္ဓာကိုယ်ကြီးကိုမှန်းပြီး ငြီးငွေ့ခြင်းဆိုတဲ့ နိုဗ္ဗိန္ဒ ဝိပဿနာ ဉာဏ်နှင့် ရှုကြည့် စောင့်ကြည့်ဖန် များလာတော့ လိုချင်တဲ့စိတ်မရှိတောဘူး။ အမှန်ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခသစ္စာ သိမြင်လာတာကိုး၊ ဒုက္ခသစ္စာသိမြင်လာရင် ဘယ်မှာ လိုချင်တောမှာလဲ။ ရရှိ မလိုချင်တော့ မလိုချင်တဲ့ဉာဏ်က စွန့်လွှတ်ချင်လာတော့တယ်နော်။ ဒါကြောင့် အနတ္တ လက္ခဏာသုတ် ပါဠိတော်ကြီးမှာ....

ဝေံ ပဿံ ဘိက္ခဝေ သုတဝါ အရိယာသဝ ဝါကော၊
ရူပသ္မိံ ပိနိဗ္ဗိန္ဒတိ ဝေဒနာယပိ နိဗ္ဗိန္ဒတိ သညာယပိ
နိဗ္ဗိန္ဒတိ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံ ပိ နိဗ္ဗိန္ဒတိ။

လို့ ဟောကြားတော်မူတယ်။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝေါ၊ ဤသို့။ ပဿံ၊ ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ဝိပဿနာဉာဏ်ဖြင့် ရှုသော။ သုတဝါ၊ အကြားအမြင်ရှိသော။ အရိယသာဝကော၊ အရိယာဖြစ်သော တပည့်သည်။ ရူပသို့ပိ၊ ရုပ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝေဒနာယပိ၊ ဝေဒနာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သညာယပိ၊ သညာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သင်္ခါရေသုပိ၊ သင်္ခါရတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝိညာဏသို့ပိ၊ ဝိညာဏ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ အဲ-ဒီလို ဝိပဿနာဉာဏ်နှင့် ရုပ်၊နာမ်၊ခန္ဓာကိုယ်ကြီးကို ဖြစ်ပျက်ဒုက္ခရှုလို့ မုန်းပြီး ငြီးငွေ့လာရင် မလိုချင်တဲ့ဉာဏ်၊ စွန့်လွှတ်ချင်တဲ့ ဉာဏ် တွေ့ရောက်လာတာဘဲ၊ အဲ-ဒီဉာဏ်တွေ့ရောက်လာရင် ဆင်းရဲဒုက္ခ ခန္ဓာပျောက်တော့မှာဘဲ၊ဒုက္ခခန္ဓာ ပျောက်သည်နှင့်တပြိုင်နက် သုခ ပေါ်ရောက်လာတော့တာဘဲ၊ သုခ ပေါ်ရောက်လာရင် အဲ-ဒါ မဂ်ဉာဏ်ဆိုက်ပြီလို့ မှတ်ပါနော်။

(မှန်ပါဘုရား)

ရုပ်တရား, နာမ်တရားတွေ့ဆိုတာ အခြားတော့ မဟုတ်ပါဘူး၊ ခန္ဓာငါးပါးကိုဘဲ ခေါ်ပါတယ်နော်၊ အဲ-ဒီ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါးနှင့် ရှုလို့မုန်းပြီး ငြီးငွေ့လာတော့ မလိုချင်တဲ့ဉာဏ်၊ စွန့်လွှတ်ချင်တဲ့ ဉာဏ်တွေ့ရောက်ပြီး တချက်ချက်မှာ အဆုံးသို့ရောက်မယ်၊ ဆုံး သွား ရင် မဂ်ရဉာဏ်ဘဲ နော်၊ ဖြစ်ခြင်း, ပျက်ခြင်း တရားတွေ့ကို ဝိပဿနာရှုလို့ အဆုံးကိုမြင်တာက တော့ မဂ်ဉာဏ်၊မဂ်ရဉာဏ်၊ ဖြစ်ခြင်း,ပျက်ခြင်းတရားတွေ့ကို

ဝိပဿနာရှုလို့ ဖြစ်ပျက်ဆုံးရင် အဲ-ဒါ နိဗ္ဗာန်ပါဘဲ။ လိုရင်းမှာတော့ အဆုံးကိုမြင်တာက မဂ်ဉာဏ်၊ ဆုံးတာကတော့ နိဗ္ဗာန်၊ အဲ-ဒီလို မှတ်ရမယ်နော်။

(မှန်ပါဘုရား)

ကဲ၊ တခါလိုက်ဆိုကြအုံး....

(၁) နာမ်ရုပ်နှစ်ဖြာ၊ ဖြစ်ပျက်ပေါ်လာ၊ မြင်သိ၊ ယထာဘူတဉာဏ်။

(၂) နာမ်ရုပ်နှစ်ဖြာ၊ ဖြစ်ပျက်မှုန်းလာ၊ မြင်သိ နိဗ္ဗိန္ဒဉာဏ်။

(၃) နာမ်ရုပ်နှစ်ဖြာ၊ ဖြစ်ပျက်ဆုံးလာ မြင်သိ၊ မဂ်ရဉာဏ်။

ဖြစ်ပျက်ရှုလို့၊ ဖြစ်ပျက်မြင်ရင်၊ ယထာဘူတဉာဏ်။
ဖြစ်ပျက်ရှုလို့၊ ဖြစ်ပျက်မှုန်းရင်၊ နိဗ္ဗိန္ဒဉာဏ်။

ဖြစ်ပျက်ရှုလို့၊ ဖြစ်ပျက်အဆုံးကိုမြင်ရင်၊ မဂ်ရဉာဏ်။

အဲ-ဒီဉာဏ် သုံးပါးအနက် ယထာဘူတဉာဏ်နဲ့ နိဗ္ဗိန္ဒဉာဏ်ဟာ ဝိပဿနာဉာဏ်ဘဲ ရှိပါသေးတယ်နော်၊ ဒီဉာဏ်နှစ်ပါး အမြင်ကတော့ ဝိပဿနာ သမ္မာဒိဋ္ဌိအမြင်၊ ပုထုဇဉ်အမြင်၊ သခ်ၢတအမြင်၊ အဆုံးမြင်တာကတော့၊ မဂ်ရဉာဏ်၊ မဂ်ဉာဏ်။ သူ့အမြင်ကတော့၊ မဂ်သမ္မာဒိဋ္ဌိအမြင်၊ အရိယာ

အမြင်၊ အသစ်တအမြင်၊ သိသာခြားနားအောင် ခွဲခြားပေး ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ယခု ဆရာဘုရား ဟောကြား လိုက်တဲ့ ဝိပဿနာ အားထုတ်နည်းကတော့၊ လိုရင်း အကျဉ်း ချုပ် ဉာဏ်စဉ်သုံးပါးကို မှုထားပြီး ခွဲခြားဟောကြားခဲ့ပါ တယ်၊ ဟောကြားလိုက်တဲ့ ဉာဏ်စဉ်သုံးပါးဟာ ဝိပဿနာ ဉာဏ်ဆယ်ပါးနဲ့ အစာ့ကူ့ကူ့ပါဘဲ၊ ဝိပဿနာဉာဏ်ဆယ်ပါးကို အကျဉ်းချုပ် ထုတ်နှုတ်တာပါဘဲ၊ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ ဥဒယဗ္ဗယဉာဏ်ကို ကြိမ်ဖန်များစွာ ပွားများ၊ကြိမ်ဖန်များစွာ အားထုတ်ခဲ့လို့ရှိရင် အမှန်မှုချ ဝါဆင့်ထက်တဆင့် ရင့်ကျက် ပြီးတော့၊ တခါထဲဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒဉာဏ်တွေဟာ တခါတည်း တဆက်တည်း တရှိန်တည်း ဖြစ်ပေါ်လာတော့တယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) အဲ–ဒီဉာဏ်တွေဟာ အသံသာ ကဲ့ ပါတယ်၊ အဓိပ္ပါယ်မှာအတူတူ၊ အပေါ့နှင့်အလေး၊ အတိမ်နှင့် အနက်သာ ကွာပါတယ်၊ ကြပ်ကြပ်ရှုလေ၊ ကြပ်ကြပ်ငြိုးငွေ့ လေ၊ ငြိုးငွေ့နေရင် ဘာကိုမျှ မတပ်မက်မောတော့ဘဲ၊ ပျင်း မှုန်းငြိုးငွေ့လာတော့တယ်။ ဤကဲ့သို့ ငြိုးငွေ့ လာ တဲ့ အ ခါ တပ်နှစ်သက်ခြင်းနှင့်တကွ၊ စွဲလမ်းမှု တ ဏှာ ရာ ဂ ကို စွန့်ပြီး

စက်ဆုပ်ဘွယ်ထင်လာတယ်၊ စပ်ဆုပ်ဘွယ်ထင်လာရင် မိမိ၌ ဖြစ်စေ၊ သူတပါး၌ဖြစ်စေ၊ တပ်မက်မောသော တဏှာရာဂ စွန့်လွှတ်လေတော့တယ်၊ တဏှာရာဂမျိုးကို စွန့်လွှတ်ခဲ့လို့ရှိရင် မင်းဆိုက်တာနှင့် မင်းရဉာဏ် ရတာနှင့် အတူတူပင် ဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

* * *

ဝိသုद္ဓိ(၇)ပါးနှင့်
ဝိပဿနာ ဉာဏ်စဉ် (၁၀)ပါး

(ဦးရသေ့ရေ... ဘုန်း) ဝိပဿနာလုပ်ငန်းနဲ့ ဆိုင်တဲ့ ဝိသုဒ္ဓိ ၇-ပါး၊ ဝိပဿနာဉာဏ်စဉ် ၁၀-ပါး၊ အဓိပ္ပါယ်ကို မကျဉ်းမကျယ် အလယ်အလတ် အနည်းငယ်မျှ ဆရာဘုရား ဟောကြားပါမယ်။ နာယူမှတ်သားကြပါနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)တို့ အောင်မင်္ဂလာစိန်ဖူး မဏ္ဍပ်တော်ကြီးအတွင်း ဒီနေရာ ဒီဌာနမှာဆိုရင် ညစဉ်ညတိုင်း ဓမ္မဘာဝနာတရားတော်များကို (၁) နည်းလမ်းလုပ်ငန်းကို ညွှန်ပြ (၂) နာယူမှတ်သား (၃) အားထုတ်၊ထိုသုံးချက်ကိုမူ ထားတာကိုး-နော်။ ,ဒကာ ဒကာမများလဲ သေသေချာချာ ညွှန်ပြတဲ့နည်းလမ်းကို သေသေချာချာနာယူပါမှ ဘာဝနာ

တရားမျှားကို ကျင့်ကြံကြိုးကုတ် အားထုတ်လို့ မတိမ်းမစောင်းဘဲ၊ လိုရာခရီးပြီးမြောက်နိုင်ပါတယ်နော်။ ဘာဝနာကတော့ သမထဘာဝနာ၊ဝိပဿနာဘာဝနာနှစ်မျိုးနှစ်စားအပြားရှိပါတယ်၊ အဲ-ဒီနှစ်မျိုး နှစ်စားထဲက သမထ ဘာဝနာအလုပ်ကို အရင်အားထုတ်ပြီးလို့ သမာဓိတရား ခိုင်မြဲလာတဲ့အခါကျမှ ဝိပဿနာ ဘာဝနာအလုပ်ကို ကျင့်ကြံကြိုးကုတ်အားထုတ်လို့ လွယ်ကူပါတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒီလိုဝိပဿနာ ဘာဝနာအလုပ်မှာဆိုရင် ဘာလိုရင်းလဲ လို့ဆိုတော့ လိုရင်းကဝိသုဒ္ဓိ ၇-ပါးနှင့် ဝိပဿနာ ဉာဏ် စဉ် ၁၀-ပါးပါနော်။

* * *

ဝိသုद्धि (၇) ပါး

၁။ သီလ ဝိသုဒ္ဓိ။ ၅။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ။
၂။ စိတ္တ ဝိသုဒ္ဓိ။ ၆။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ။
၃။ ဒိဋ္ဌိ ဝိသုဒ္ဓိ။ ၇။ ဉာဏဒဿန ဝိသုဒ္ဓိ။
၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ။

ရယ်လို့ (၇)ပါး အပြားရှိပါတယ်နော်။

(မှန်ပါဘုရား)

သီလဝိသုဒ္ဓိ။ ။ဆိုတာ သီလကိုခံယူပြီး၊ မိမိသီလမကျိုးမပေါက် မပျောက်မကျားသမျှ ကာလပတ်လုံး၊ **သီလဝိသုဒ္ဓိ** ဖြစ်တော့တယ်နော်။

စိတ္တဝိသုဒ္ဓိ။ ။ကတော့ သီလခံယူပြီး သမထ ကမ္မဋ္ဌာန်းလေးဆယ်ရှိသည့်အနက် တပါးပါးကို ရှုတဲ့အခါ ကာမစ္ဆန္ဒနိဝရဏစသော အညစ်အကြေးတို့မှ စိတ်၏သန့်ရှင်း စင်ကြယ်ခြင်းဟာ "**စိတ္တဝိသုဒ္ဓိ**"မည်ပါတယ်။

ဒိဋ္ဌိဝိသုဒ္ဓိ။ ။မှာခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို ခွဲခြမ်းစိတ်ဖြာပြီး ဆင်ခြင်လိုက်တဲ့အခါ အဇ အာပူစတဲ့ဆန့်ကျင်ဘက်အကြောင်းတွေနဲ့ တိုက်ဆိုင် ပေါင်းဘက်မိလို့ ဖေါက်ပြန်ချေဖျက်ခြား ပျက်ပြားမှုဟာ ရုပ်၊ သိမှုဟာ စိတ်၊ ခံစားမှုဟာ ဝေဒနာ၊ မှတ်သားမှုဟာ သညာ၊ အာဃာတပြုလုပ်မှုက သင်္ခါရ၊ ဒီရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့မှ **အ**ခြားတပါး အတ္တဟူသော တရားတမျိုးမရှိလို့ သိမြင်နိုင်တယ်။ ဒီလိုသိမြင်ခြင်းသည်ဖင် အတ္တစွဲလမ်းမှ အညစ်အကြေးမှ ကင်းဝေး စင်ကြယ်သောကြောင့် "**ဒိဋ္ဌိဝိသုဒ္ဓိ**" မည်ပါတယ်နော်။

(မှန်ပါဘုရား)

ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ။ဆိုတာ ငါသည် ရှေးအတိတ်ကဖြစ်မှ ဖြစ်ခဲ့ဘူးလေရဲ့လား စသော ယုံမှားမှု အလုံးစုံကို အကုန်သိမြင်နိုင်သော ဘုရားရှင်ဆိုတာ ရှိမှ ရှိနိုင်ပါ့မလား စ သည် ဖြင့် ဘုရားကိုယုံမှားမှု၊ တရားတော်ကိုယုံမှား၊ သံဃာတော်ကိုယုံမှားမှု စတဲ့ယုံမှားမှုတွေကို လွန်မြောက်ပြီး၊ အဟေ

တုက ဒိဋ္ဌိ၊ဝိသမဟေတုက ဒိဋ္ဌိဘည်းဟူသောအညစ်အကြေးတို့ မှစင်ကြယ်တဲ့အခါ "ကခ်ါဝိတရဏဝိသုဒ္ဓိ" မည်ပါတယ်နော်။ မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ။ ။ဥဒယဗ္ဗယညာဏ်ကို ကောင်းစွာ အားစိုက်ပြီး ရှုတဲ့အခါ သမာဓိတရား၊က ရင့်ရင့်လာပြီးသမာဓိ၏ အရှိန်ကြောင့် ယောဂိပုဂ္ဂိုလ်သဏ္ဌာန်မှာ ရှေးရှေးကမဖြစ်ဘူးတဲ့ ကိုယ်ရောင်ကိုယ်ဝါ လွန်စွာနှစ်သက်မှု ပီတိစတဲ့ ဆယ်မျိုးသောတရားများ ဖြစ်ပေါ်လာတတ်ပါတယ်။ ဒီတရားမျိုးကို မစဲ့လမ်း မနှစ်သက်ဘဲ၊ ဝိပဿနာကို ဆက်လက်ပြီး အားထုတ်မှုသာ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်တယ်။ ကိုယ်ရောင်ကိုယ်ဝါစသည်တွေကို နှစ်သက်နေမှုကား မဂ်ဖိုလ်ရဘို့ရန် လမ်းမှန်မဟုတ်လို့မဂ်ဟုတ်တယ်-မဟုတ်ဘူးဆိုတာ သိမြင်တဲ့ညာဏ်ဟာ "မဂ္ဂါ မဂ္ဂညာဏ ဒဿနဝိသုဒ္ဓိ" မည်ပါတယ်နော်။

(မှန်ပါဘုရား)

ပဋိပဒါညာဏဒဿနဝိသုဒ္ဓိ။ ။က ဘယ်လိုလဲ လို့ဆိုတော့ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ ဥဒယဗ္ဗယဝိပဿနာညာဏ်ဖြစ်ခဲ့သော်လဲ ဝိပဿနာကို ညစ်နွမ်းစေတတ်တဲ့ ဥပက္ကိလေသတရား၊တွေ့ရှိနှောက်ယှက်မှုကြောင့် လက္ခဏာ ရေး သုံး ပါး တို့ ကောင်းကောင်းမထင်ရှားသေးဘူးနော်။ ဥပက္ကိ လေ သ တရား တို့မှ လွတ်မြောက်ပြီးတဲ့အခါ လက္ခဏာရေးသုံးပါး အလွန်ထင်ရှားအောင် ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ ဥ ဒ ယဗ္ဗ ယ ဝိ ပဿ နာ ညာဏ်ကို ထပ်မံအားထုတ် ရပြန်ပါတယ်။ ဥဒယဗ္ဗယညာဏ်မှ စပြီး ဘင်ဂ်ညာဏ်၊ ဘယညာဏ်စသော ညာဏ်စဉ်အတိုင်း အနုလောမညာဏ် ရောက်သည်အထိ ရှုသွားရသောညာဏ်ကို ပဋိ

ပဒါဥာဏဒဿနဝိသုဒ္ဓိခေါ်ပါတယ်။ လိုရင်းကတော့ တေဘူ မကသခ်ါရ၊ ရုပ်နာမ်တရားတွေကို လက္ခဏာရေးသုံးပါး တင်ရှုလို့ ဆန့်ကျင်ဘက် ကိလေသာတို့မှ ဝေးကွာပြီး အလွန်စင်ကြယ်တဲ့ ဉာဏ်အမြင်ဟာ "ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိ" မည်ပါတယ်နော်။

(မှန်ပါဘုရား)

ဉာဏဒဿနဝိသုဒ္ဓိ။ ။ကတော့၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိစတဲ့ ဝိသုဒ္ဓိ (၆)ပါးကို အစဉ်အတိုင်း အားထုတ်ပြီးသည်နောက် သောတာပတ္တိမဂ်စတဲ့ မဂ်ဉာဏ်(၄)ပါးကို သစ္စာလေးပါးတို့ကို တိုက်ရိုက် သိမြင်တတ်သောကြောင့် "ဉာဏဒဿနဝိသုဒ္ဓိခေါ်တာပါဘဲနော်၊ လိုရင်းအချုပ်ဆိုတော့ မဂ်ရှေနားက အနုလုံကျရောက်ခဲ့လို့ရှိရင် အောက်ဝိသုဒ္ဓိ ခြောက်ပါးပြီး လေပြီလို့ 'မဂ်ဉာဏ်(၄)ပါးကို' "ဉာဏဒဿနဝိသုဒ္ဓိ" ခေါ်ပါတယ်။

* * *

၀ိပဿနာဉာဏ်စဉ် (၁၀)ပါး

၁။ သမ္မသနဉာဏ်။	၄။ ဘယဉာဏ်။
၂။ ဥဒယဗ္ဗယဉာဏ်။	၅။ အာဒီနဝဉာဏ်။
၃။ ဘင်္ဂဉာဏ်။	၆။ နိဗ္ဗိဒါဉာဏ်။

၇။ မုစ္စိတုကမျတာဉာဏ် ၉။ သင်္ခါရုပေက္ခာဉာဏ်။
၈။ ပဋိသင်္ခါဉာဏ်။ ၁၀။ အနုလောမဉာဏ်။

ရယ်လို့ ဆယ်ပါးအပြားရှိပါတယ်။ ဆယ်ပါးအဓိပ္ပာယ်ကို သေသေချာချာ မှတ်သားကြ၊ ဆရာ ဘုရား အနည်းငယ် ဟောကြားပြသပေးပါ့မယ်။

သမ္မသနဉာဏ်။ ။ဆိုတာ ရူပ်နာမ်ဓမ္မသင်္ခါရ တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ရှုဆင်ခြင်တဲ့ဉာဏ်ကို "**သမ္မသနဉာဏ်**" ခေါ်တယ်။

ဥဒယဗ္ဗယဉာဏ်။ ။ဒီဉာဏ်ကတော့ ရူပ်နာမ်ဓမ္မသင်္ခါရတို့ရဲ့ ဖြစ်ပေါ်မှု၊ ပျက်ဆုံးမှုနှစ်မျိုးကို ရှုဆင်ခြင်တာကို "ဥဒယဗ္ဗယဉာဏ်" ခေါ်ပါတယ်။

ဘင်္ဂဉာဏ်။ ။မှာ အပြစ်ကိုလွှတ်ထားပြီး ပျက်မှုသက်သက်ကိုဘဲ ရှုဆင်ခြင်တာကို 'ဘင်္ဂဉာဏ်' ခေါ်ပါတယ်။

ဘယဉာဏ်။ ။ရူပ်နာမ်ဓမ္မ သင်္ခါရတရား၊ တို့ရဲ့ ပျက်ပုံအနိစ္စ သဘောကို ထင်မြင်တဲ့အခါ ရူပ်နာမ်တရားအပေါ် ကြောက်လန့်တဲ့ဉာဏ်ကို "ဘယဉာဏ်" ခေါ်ပါတယ်။

အာဒီနဝဉာဏ်။ ။ကြောက်ဘွယ်, လန့်ဘွယ်အဖြစ် ထင်မြင်လာပြီး ဘေးဘယမျိုး ရူပ်ဆိုး, နာမ်ဆိုးတို့မှာ အားကိုးရာမရှိ အပြစ် အတိပါတကားလို့ ရှုဆင်ခြင်တဲ့ဉာဏ်ကို "**အာဒီနဝ**ဉာဏ်" ခေါ်ပါတယ်။

နိုဗ္ဗိဒါဉာဏ်။ ။အာဝေကိုးရာမရှိ အပြစ်အတိသာလို့ ဆင်ခြင်တဲ့အခါ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတရားတို့မှာ မပျော်မွေ့ငြီးငွေ့တဲ့ဉာဏ်ကို "နိုဗ္ဗိဒါဉာဏ်" ခေါ်ပါတယ်။

မုစ္စိတုကမ္မတာဉာဏ်။ ။မပျော်မွေ့ငြီးငွေ့ပြီး သင်္ခါရနယ်အတွင်းက အတင်းထွက်မြောက်လိုတဲ့ဉာဏ်ကို "မုစ္စိတုကမ္မတာဉာဏ်" လို့ ခေါ်ပါတယ်။

ပဋိသင်္ခါဉာဏ်။ ။သင်္ခါရနယ်အတွင်းက အလွန်တရာလွတ်လိုပြီး သင်္ခါရတရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ တဖန်ထပ်မံရှုသောဉာဏ်။ "မုစ္စိတုကမ္မတာဉာဏ်" ကိုးက သင်္ခါရတို့မှ လွတ်မြောက်လိုကာမတ္တာ၊ လွတ်ချင်ရုံသာရှိသေးတယ်။ တကယ်ကား မလွတ်နိုင်သေး နိစ္စ၊ သုခ၊ အတ္တ အနေအားဖြင့် မှတ်ထင်စဲ့လမ်းမှု၊ တဖန်ပြန်၍ မစဲ့လမ်းနိုင်လောက်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု နာနာကြီးထပ်မနား၊ တဖန်ဆင်ခြင်သုံးသပ်ရှုပြန်သော ဉာဏ်ကို "ပဋိသင်္ခါဉာဏ်" ခေါ်ပါတယ်။

သင်္ခါရုပေက္ခာဉာဏ်။ ။ပဋိသင်္ခါဉာဏ် ရင့်သန်လာတဲ့အခါ အနိစ္စလက္ခဏာ ၁၀-ပါး၊ ဒုက္ခလက္ခဏာ ၂၅-ပါး၊ အနတ္တလက္ခဏာ ၅-ပါးဆိုတဲ့ ဘာဝနာ လေးဆယ်တို့ဖြင့် အကျယ်တဝင့် အပြင်းအထန် အားထုတ်တဲ့အခါ၊ ဝိပဿနာဉာဏ်ထက်သန်ပြီး ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေကို မုန်းချစ်မပြုလျစ်လျူ၊ ရှုတဲ့ဉာဏ်ကို "သင်္ခါရုပေက္ခာဉာဏ်" ခေါ်ပါတယ်။

အနုလောမဉာဏ်။ ။ဒီဉာဏ်က တဆင့် တက်ရင် မဂ်ဖိုလ်ရောက်တော့မယ်။ ဥဒယဗ္ဗယဉာဏ်စတဲ့ အောက်ဉာဏ်ရှစ်ပါး

နှင့်ရင်း၊ အထက်မဂ်စခန်းမှာ ရလတ္တံ့ဖြစ်တဲ့ အထက်မဂ်ဉာဏ် နှင့်ရင်း လျော်စွာဖြစ်တတ်သောဉာဏ်ကို "အနုလောမဉာဏ်" ခေါ်ပါတယ်။

* * *

သီလဝိသုဒ္ဓိအကျယ်

သီလဝိသုဒ္ဓိဖြစ်ပုံကိုတော့ ဒီလိုမှတ်ရမယ်နော်၊ သီလဆိုတာ ကိုယ်မှု, နှုတ်မှု, စိတ်မှုတွေမှာ ဒုစရိုက်မဖြစ်ရအောင် ကိုယ် နှုတ် စိတ်တို့ကို စောင့်စည်းခြင်းဘဲ၊ လူမှာလူနှင့်ဆိုင်ရာ၊ ရဟန်းမှာ ရဟန်းနှင့်ဆိုင်ရာ အကျင့်သီလလုံခြုံရင် သီလဝိသုဒ္ဓိ ပြည့်စုံလေ တော့တယ်နော်။ လူဝတ်ကြောင်များကတော့ ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလ, တမျိုးမျိုးကို မကျိုးမပေါက် မပျောက် မကျားအောင် ထိန်းသိမ်း စောင့်ရှောက်ရမယ်နော်၊ ရဟန်း များကတော့(၂၂၇)သွယ်သော ပါတိမောက္ခသံဝရ သီလ ဣန္ဒြေ(၆)ပါးကို စောင့်ရှောက်ထိန်းသိမ်းခြင်း၊ ဣန္ဒြိယသံဝရ သီလ၊ ကုလဒူသက အနေသန စသည်မဖြစ်စေဘဲ ရရှိတဲ့ပစ္စည်း ကိုသာ သုံးဆောင်ခြင်းဟူသော အာဇီဝ ပါရိသုဒ္ဓိသီလ၊ ပစ္စည်းလေးပါးကို ပစ္စေဝက္ခဏာ ဆင်ခြင် သုံးဆောင်ခြင်း၊ ပစ္စယသန္နိဿိတသီလ ဒီသီလလေးပါးကို ပွတ်သစ်စခရုသင်းလို သန့်ရှင်း စင်ကြယ်အောင် သုတ်သင်စောင့်ရှောက်ရမယ်၊ လေး ပါးထဲမှာ ပါတိမောက္ခသံဝရ သီလဆိုတာ အကျင့်အားဖြင့် ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက်မှာလာတဲ့ အကျင့်

သီလသိက္ခာပါဘဲ၊ အကျယ်အားဖြင့် ကုဋေကိုးထောင် တရာ ရှစ်ဆယ်ငါးသန်း သုံးသောင်းခြောက်ထောင်သော သိက္ခာပုဒ် တော်ဘဲနော်။ ပါတိမောက္ခ သံဝရသီလမှာ ဘာပြဋ္ဌာန်းသလဲ လို့ဆိုတော့ သဒ္ဓါပြဋ္ဌာန်းပါတယ်။ သဒ္ဓါထက်ထက်သန်သန်နဲ့ ဖြည့်ကျင့်သူမှသာ လုံခြုံနိုင်ပါတယ်၊ ပါတိမောက္ခသံဝရသီလနဲ့ ကိုယ်နှုတ်ကိုဘဲ စောင့်စည်းနိုင်ပါတယ်၊ စိတ်ကိုတော့ မစောင့် စည်းနိုင်သေးဘူး။ မနောဒ္ဒါရေ အနာပတ္တိ အရ အမျှားအား ဖြင့် စိတ်ချည်းဘဲ သက်သက်ဆိုရင် အာပတ်မသင့်နိုင်ဘူးနော်။

(မှန်ပါဘုရား)

နောက်ပြီး ဣန္ဒြိယသံဝရ သီလကတော့၊ ဒီလိုမှတ်ရမယ် နော်။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့ကို။ သံဝရော၊ စောင့်စည်းကြောင်း သီလသည်။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရသီလမည်၏ ဆိုတဲ့ အတိုင်း အဘိဓျာဒေါမနဿ၊ အကုသိုလ်တရားမဖြစ်ရအောင် စက္ခုဣန္ဒြေ၊သောတိန္ဒြေ၊ဃာနိန္ဒြေ၊ဇိဝှိန္ဒြေ၊ကာယိန္ဒြေ၊မနိန္ဒြေ၊ ဣန္ဒြေ (၆) ပါးကို စောင့်စည်းခြင်း။ ဣန္ဒြိယသံဝရသီလ ဣန္ဒြိယသံဝရသီလဟာ ဘာပြဋ္ဌာန်းသလဲလို့ ဆိုတော့ သတိ ပြဋ္ဌာန်းပါတယ်။ မြင်သမျှ, ကြားသမျှ အကုသိုလ် မဖြစ်ရ အောင် သတိတရား ကြပ်ကြပ်ထားနိုင်မှ၊ ဒီ သီလလုံခြုံတယ်။ သတိတရား မထားနိုင်ရင် နေရင်း, ထိုင်ရာ၊ အိန္ဒြိယသံဝရသီလ ပျက်နိုင်ပါတယ်။ အချုပ်အားဖြင့် စိတ်ကို စောင့်စည်း နိုင်မှ ဒီသီလလုံမယ်။

(မှန်ပါဘုရား)

အာဇီဝပါရိသုဒ္ဓိသီလ၊ အာဇီဝဆိုတာ အသက်ရှည်ကြောင်း (အသက်မွေးဝမ်းကျောင်း) ဖြစ်တဲ့ ကိုယ်မှု နှုတ်မှု တွေဘဲ၊ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ကာယပယောဂ၊ ဝစီပယောဂ စင်ကြယ်ကြောင်း သီလဟာ အာဇီဝပါရိသုဒ္ဓိ သီလမည်ပါတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး စက်ဆုပ်တော် မူတဲ့ ကုလဒူသန အနေသန စသော မိစ္ဆာဇီဝကို ရှောင်ကြဉ်လျက် ပစ္စည်းလေးပါးကို တရားသဖြင့် ရှာမှီးပြီး အသက်မွေးနိုင်ပါမှ ဤသီလလုံခြုံမယ်။ အာဇီဝပါရိသုဒ္ဓိသီလဟာ ဘဝ်ပြဋ္ဌာန်းသလဲ လို့ဆိုတော့ ဝိရိယ ပြဋ္ဌာန်းပါတယ်။ ဝိရိယကင်းပြီး အပျင်းထူနေရင် ချောင်ချောင် လည်လည်ဖြင့် ပစ္စည်း ရအောင် ကုလ ဒူသန၊ အမှုတို့ကို ပြုလုပ်သည့် အတွက် ဒီ သီလ ပျက်တော့တယ်နော်၊ ငမ္မာက်မှားစွာ အသက်မွေးကျောင်း မကောင်းသောကိုယ်မှု နှုတ်မှုများကို မိစ္ဆာဇီဝခေါ်ပါတယ်၊ မိစ္ဆာဇီဝဟာ ဒကာ ဒကာမတွေကို ပစ္စည်းပေးခြင်း၊ မိမိကို ဒကာ ဒကာမတို့ အထင်ကြီး ကြည်ညိုလာအောင်ဟန်အမျိုးမျိုးထုတ်ပြီး ကြောင်သူတော်လုပ်ခြင်း၊ အတင်းအကြပ် မလှူချင် လှူချင်အောင် ပြောဆို တိုက်တွန်းခြင်း၊ ဆေးဝါးပယောဂ၊ ဗေဒင်ဟောပြခြင်းစသည်ဖြင့် အတော်များများ ဝိသုဒ္ဓိမဂ်မှာ လာပါတယ်၊ ထိုအမှုများကြောင့် လှူသော ပစ္စည်းကို ထိုရဟန်း သာမက တသဲ့သနှာလုံးပင် မသုံးစွဲ ထိုက်တော့ဘူးနော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့်....

အနေသနာယ စိတ္တံပိ၊ အာဇနေတ္ဌာ ဝိစက္ခဏော။
အာဇီဝံ ပရိသောစေယျ၊ သဒ္ဓါပဗ္ဗဇိတော ယတိ။

ဝိစက္ခဏော၊ ဘုရား့မျက်နှာ သာသနာနှင့် ကိုယ်မှာနောင်ရေး၊ မျှော်တေးဆင်ခြင်၊ ပညာရှင်လဲ ဖြစ်ပေထသော။သဒ္ဓါပဗ္ဗဇိတော၊ ဘယာမဘက်၊ သဒ္ဓါတ္ဌက်ကြောင့် ခွါထွက်သမ္မာရဟန်းပြုခဲ့သူလည်း ဖြစ်ပေထသော။ ယတိ၊ သာသနာဝန်၊ အားသွန်ကြိုးပမ်း ထမ်းဘိုရည်ရော်၊ ရဟန်းတော်သည်။အနေသနာယ၊ ဘုရားစက်ဆုပ် လွန်သေးနှုပ်သည့် အယုတ်တမာ၊ လေးဖြာပစ္စည်း၊ ရှာဖွေနည်းခ်ု။ စိတ္တံပိ၊ ပြုလုပ်ဘိုရန် စိတ်အကြံကိုမျှလည်း။ အဇနေတ္ဌာ၊ သာသနာ့အရှိန်၊ ကိုယ်အရှိန်ခ်ု ဂုဏ်သိဏ်ညစ်ပေ မဖြစ်စေဘဲ။ အာဇီဝံ၊ တသက်လျှာမှ တဝမ်းဝဘို တခဏတ္ဌက်ကလေး အသက်မွေးကို။ ပရိသောစေယျ၊ ဝန်းကျင်ခပင်း ပြစ်မျိုးကင်းအောင် ရှင်းလင်း သုတ်သင်ရာသတည်း။

(သာဓု-သာဓု-သာဓု)

(ဦးရသေ့ရေ....ဘုရား) ပ စ္စ သ ဒ္ဓိ သီ တ သီ လ မှာ ဆုံမ်းသက်နှိုးကျောင်းဆေး ပစ္စည်းလေးပါးကို မှီဝဲတဲ့သီလဘဲနော်။ အာဇီဝပါရိသုဒ္ဓိ သီလစင်ကြယ်စွာနှင့် ရတဲ့ပစ္စည်းလေးပါးကို ပဋိသင်္ခါယောနိသော စိဝရံပဋိသေဝါမိ စသည်ဖြင့် ဆင်ခြင်ပြီး သုံးစဲ့မှ ပစ္စယသန္ဓိသီတသီလ လုံခြုံတယ်။ထိုသို့ဆင်ခြင်ရာမှ ပဋိသင်္ခါယောနိသော စိဝရံပဋိသေဝါမိ စသည်ဖြင့် နှုတ်က

ရှုတ်ဆိုမ္ဘဟာ ဆင်ခြင်မှုမဟုတ်သေးဘူး၊ ပစ္စည်းလေးပါးထဲမှာ တပါးပါးကို သုံးဆောင်ရသည့်အတွက် အသက်ရှည် ကြာ ဘေးရောဂါတို့ ကိုယ်မှာမကပ် ပရိယတ်နှင့် ပဋိပတ်ရေး မျှော် တွေးထောက်၍ ဣရိယာ၊ ဣရိယာ၊ ဣသက်နှင့် ရှင်လန်း ဘွယ်ကောင်း ဣစံကျောင်းကို မှီအောင်း သုံးစွဲပါတယ်လို့ ဉာဏ်ဖြင့် ဆင်ခြင်မှု၊ စိတ်ဖြင့် ဆင်ခြင်စဉ်းစား ပွားများမှုကို သာ ဆင်ခြင် ခြင်းဆိုပါတယ်၊ ထိုသို့မဆင်ခြင်ဘဲနှင့် အမှတ် တမဲ့ဖြစ်စေ၊ သို့မဟုတ် လောကီပကာသန အလှအပအတွက် ဖြစ်စေ၊ သုံးစွဲနေခဲ့လို့ရှိရင် ပစ္စယသန္နိဿိတသီလပျက်ပါတယ်။ တနေ့အဘို့မှာ အာရုံမတက်ခင် ပစ္စည်းလေးပါးကို သုံးစွဲရ သဖြင့် အကျိုးများပုံကို ဆင်ခြင်မိစေရမယ်နော်၊ သက်နှိုးလဲ တုံး၊ ဆွမ်းအလုပ်တုံး၊ ကျောင်းတွင်းဝင်တုံး၊ ဆေးသုံးစွဲ တိုင်း ဆင်ခြင်နိုင်ရင် သာပြီးကောင်းမြတ်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရဲ့သေ့ရေ.... ဘုရား)ပစ္စယသန္နိဿိတသီလမှာ အမှမ်း တင် ဆင်ခြင်နည်းများလဲရှိပါတယ်။ ဆင်ခြင်နည်းမှာ စက် ဆုပ်ဘွယ်ရာ ဣခန္ဓာကိုယ်ကြီးနှင့်စပ်၍ သုံးဆောင်အပ်သမျှ ပစ္စည်းလေးပါးလဲ စက်ဆုပ်ဘွယ်ချည်းသာ ဖြစ်ပါတယ်လို့ ပဋိကူလသညာနဲ့ ဆင်ခြင်းနည်း၊ ခန္ဓာကိုယ်နှင့်တကွ ပစ္စည်း လေးပါးလုံး ဓာတ်တုံး၊ ဓာတ်စုသာဟု ဓာတုမနသိကာရ ဆင်ခြင်နည်း၊ ဣဆင်ခြင်နည်းများဟာ ပဋိကူလသညာနှင့် ဓာတုမနသိကာရတို့မှာ အမှမ်းတင်သာဖြစ်၍ မဆင်ခြင်အုံး တော့လဲ သီလမပျက်၊ ပစ္စဝေက္ခဏာ မဆင်ခြင်မှုသာ သီလပျက်

ပါတယ်နော်၊ ပစ္စယသန္နိဿိတသီလမှာ ဥာဏ်ပညာနှင့် ဆင်ခြင်ရလို့ ဥာဏ်ပြဋ္ဌာန်းပါတယ်၊ ရှင်ဖြစ်ခါစ သာမဏေယ်တို့မှာ ပဋိသန်ဓေယောနိသော စသော ပုတီးစိပ် ပါဠိတော်ကို အရကျက်ဘို့ထက် ဥာဏ်ဖြင့် ဆင်ခြင်တတ်ဘို့ အရေးကသာပြီးကြီးလေးပါတယ်နော်၊ အေး-ယခုပြဆိုခဲ့ပြီးတဲ့ ပါတိမောက္ခသံဝရသီလ၊ဣန္ဒြိယသံဝရသီလ၊အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ ဤသီလလေးမျိုးကို စတုပါရိသုဒ္ဓိသီလ၊ ခေါ်ပါတယ်နော်။စတု-လေးပါး၊ပါရိသုဒ္ဓိ-ထက်ဝန်းကျင်စင်ကြယ်သောသီလ၊ ကိုယ်နှုတ် စိတ်ကို ကောင်းစွာထားကြောင်းအကျင့်ဘဲ၊ လိုရင်းတော့ ကိုယ်နေ-နှုတ်ပြော စိတ်သဘောထားတတ်ကြောင်း ကောင်းသောအကျင့်လေးပါးဘဲနော်။

(မှန်ပါဘုရား)

* * *

ဒေသနာသုဒ္ဓိ

(ဦးရသေ့ရေ....ဘုရား) ဒီ သီလတော့ပျက်ရင် ပြန်စင် ကြယ်အောင် ကုစားနည်းကောင်း လေးမျိုး လေးပါးကိုလဲ ပြထားပါတယ်။ (ဒေသနာသုဒ္ဓိ) ဂုဟန်းမျှား ပါတိမောက္ခသံဝရသီလပျက်ရင် သိတင်းသုံးဘော်ရဟန်းတော်မျှားအား မိမိမှာမည်သည့် သီလပျက်သွားပါတယ်လို့ ပြောပြမှုကို ယခုကာလ၊ ဒေသနာကြားလို့ ခေါ်ပါတယ်၊ ဒေသနာပြောပြခဲ့လို့ ရှိရင် ထူလွန်စွယ်စသော အောက်အာပတ်ငယ် ငါးပါးဟာတွက် ပြန်

၍စင်ကြယ်တယ်၊ ဒါကြောင့် ဒေသနာသုဒ္ဓိလို့ခေါ်ရပါတယ်။ (ဒေသနာ၊ပြောပြခြင်းကြောင့်၊သုဒ္ဓိ၊စင်ကြယ်ခြင်း။) သံဃာဒိသိသ် အာပတ်အတွက် ပရိဝါသ် မာနတ် ဆောက်တည်မှု ပါရာဇိကအာပတ်အတွက် လူထွက်မှုမျှားလဲ ဒေသနာထဲတွင် သွင်းယူရမယ်၊ စာဂေါယောဘိက္ခု ဘာဝဿသာ ပါရာဇိက ဒေသနာ ဆိုတဲ့ခုဒ္ဒသိက္ခာကိုထောက်ဆပြီး သိရပါတယ်။ ဘိက္ခုဘာဝသဲ၊ ရဟန်းအဖြစ်ကို။ ယောစာဂေါ၊ အကြင်စွန့်လိုက်ခြင်းသည်။ အတ္ထိ၊ ထင်ရှားရှိ၏။ သာ၊ ထိုရဟန်းဘဝကို စွန့်လိုက်ခြင်းသည်ပင်။ပါရာဇိက၊ဒေသနာ ပါရာဇိကအာပတ်ကို၊ ဒေသနာပြောခြင်းပင်တည်း။ ဒါကြောင့် သံဃာဒိသိသ် အာပတ်သင့်၍ ပရိဝါသ်မာနတ် ဆောက်တည်လျှင် သီလပြန်၍ စင်ကြယ်ပါတယ်။ ပါရာဇိကကျ၍ လူထွက်ရင်လဲ ပါရာဇိကအတွက် သီလစင်ကြယ်တော့တယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) သီလစင်ကြယ်ရင် တရားအလုပ် အားထုတ်တဲ့ အရာမှာ မဂ်ဖိုလ်နတ်ရှာ စျာန်နိုဗ္ဗာန်များကို မတားမြစ်နိုင်တော့ဘူး၊သီလပျက်ပြီးမကုစားရင်အထင်အရှား သိနေတဲ့ ဒုက္ခဋ္ဌအာပတ်ကလေးများပင် နတ်ရှာ နိုဗ္ဗာန်စျာန် မဂ်ဖိုလ်ကို တားမြစ်နိုင်ပါတယ်။ အဲ-ဒါကြောင့် သီလဝိသုဒ္ဓိ သီလစင်ကြယ်ဘို့အရေးလိုပါတယ်။ သီလမစင်ကြယ်ရင် ဘာဝနာအလုပ် အားကြိုးတကုတ် ပေါက်အောင် အား ထုတ် အုံးတော့၊နတ်ရှာနိုဗ္ဗာန် စျာန်မဂ်ဖိုလ်ကို မရနိုင်ဘူး။နတ်ရှာနိုဗ္ဗာန်

ဗျာန်မင်ဖိုလ်ရဘို့ရန် သီလကို ကောင်းစွာ စောင့်ရှောက်ပြီး မကျိုးမပေါက် မပျောက် မကျားဘို့ လိုပါတယ်နော်။

(မှန်ပါဘုရား)

* * *

သုဒ္ဓိ (၄) မျိုး

(ဦးရသေ့ရေ....ဘုရား) သံဝရသုဒ္ဓိကတော့၊ စက္ခုဇြေစတဲ့ ဣန္ဒြေ(၆)ပါးထဲမှာ တပါးပါး ပေါက်ကြားရှိ လောဘ၊ ဒေါသ စသည်ဖြစ်ခဲ့လို့ရှိရင် နောင်အခါ ဤကဲ့သို့ မပေါက်ကြားစေတော့ပါလို့ အခိုင်ဘာန်ပြုစောင့်စည်းက ဣန္ဒြိယသံဝရသီလပြန်ပြီး စင်ကြယ်ပါတယ်။ သံဝရ စောင့်စည်းမှုကြောင့် သုဒ္ဓိ စင်ကြယ်ခြင်း၊ နောက်ပြီး ပရိယေဋ္ဌိသုဒ္ဓိကတော့၊ ဂုဏသဒ္ဒသန၊ အနေသန၊ မိစ္ဆာဇီဝကို ရှောင်ကြဉ်ပြီး တရားသဖြင့် ရှာဖွေနိုင်မှသာ အာဇီဝပါရိသုဒ္ဓိ စင်ကြယ်နိုင်ပါတယ်နော်။ ပရိယေဋ္ဌိ၊ရှာမှီးခြင်းဟူသော။သုဒ္ဓိ၊စင်ကြယ်ခြင်း။ပစ္စဝေက္ခဏာသုဒ္ဓိ၊ ပစ္စည်းလေးပါးအတွက် ရရှိသော သာသနာအကျိုးကို ဆင်ခြင်စဉ်းစား၍ သုံးစွဲနိုင်မှသာ ပစ္စယသန္နိဿိတ သီလစင်ကြယ်ပါတယ်။ပစ္စဝေက္ခဏာ ဆင်ခြင်မှုဟူသော သုဒ္ဓိ၊စင်ကြယ်ခြင်း၊ ရဟန်းတော်မျှားမှာ ပြဆိုခဲ့ပြီးတဲ့ စတုပါရိ သုဒ္ဓိ သီလ လေးပါးလုံး လုံခြုံမှသာ သီလဝိသုဒ္ဓိ သီလစင်ကြယ်ခြင်းဖြစ်ပါတယ်။ ကမ္မဋ္ဌာန်းဘာဝနာကို တကယ်တမ်း အားထုတ်တော့

မယ်ဆိုရင် လူပုဂ္ဂိုလ်စသည်တို့မှာလဲ ဤသီလလေးမျိုးကို မိမိတို့နှင့်ဆိုင်ရာ စင်ကြယ်စေရမယ်နော်။

(မှန်ပါဘုရား)

* * *

စိတ္တဝိသုဒ္ဓိ

(ဦးရဏေ့ ရေ....ဘုရား) ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ ၂-မျိုးဟာ စိတ္တဝိသုဒ္ဓိ မည်ပါတယ်။ ဒီစိတ္တဝိသုဒ္ဓိက တော့ ကာမစ္ဆန္ဒနိဝရဏစတဲ့ အညစ်အကြေး သန့်ရှင်းစင်ကြယ်ခြင်းဟာ စိတ္တဝိသုဒ္ဓိပါဘဲ။ သမထကမ္မဋ္ဌာန်းမှာ ဥပစာရ ဘာဝနာ ရောက်ရင် နိဝရဏ စင်ကြယ်ပြီးဖြစ်လို့ စိတ္တဝိသုဒ္ဓိဖြစ်ပြီနော်။ အဂယ်၍ အပ္ပနာ ဘာဝနာစျာန်ကို ရရင်တော့၊ ပြောဘွယ်မရှိတော့ဘူး။ ဝိပဿနာကမ္မဋ္ဌာန်းကို အဟုတ်ကြိုးပမ်းမယ့် ယောဂီပုဂ္ဂိုလ်များဟာ သမထကမ္မဋ္ဌာန်းကိုရှေးဦးစွာ ဥပစာရသမာဓိလောက်ဖြစ်စေ၊ အပ္ပနာ သမာဓိသို့ ရောက်အောင်ဖြစ်စေ အားထုတ်ပြီး မိမိစိတ်ကို နိဝရဏ အညစ်အကြေးကင်း၀ေး စင်ကြယ်ခြင်း ဖြစ်စေရမယ်။

(မှန်ပါဘုရား)

* * *

ဒိဋ္ဌိသုဒ္ဓိအကျယ်

(ဦးရသေ့ရေ....ဘုရား) ဒိဋ္ဌိသုဒ္ဓိကို ဒီလိုမှတ်ရမယ်နော်။ လက္ခဏရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိသုဒ္ဓိနာမ ဆိုတဲ့ သင်္ဂဟအဋ္ဌကထာနဲ့ အညီ နာမ်ရူပ်ဟာရား နှစ်ပါးကို လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တွေနဲ့ သိမ်းဆည်းဆင်ခြင်လိုက်တဲ့အခါ ထိုထိုအာရုံတွေကို သိမှုဟာ ဝိညာဏကွန္ဓာဆိုတဲ့စိတ်ဘဲ။ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ၊ ပြုလုပ်အားထုတ်မှု၊ ပြောဆိုမှု၊ ကြံစည်မှုမျှားမှာ သင်္ခါရကွန္ဓာဘဲ။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ကောင်းကောင်း, ဆိုးဆိုး အမျိုးမျိုးကို ခံစားမှုကား ဝေဒနာကွန္ဓာ၊ ထိုထိုအာရုံတွေကို မှတ်သားမှုဟာ သညာကွန္ဓာ၊ ဤခန္ဓာလေးပါးကို နာမ်တရားလို့ ခေါ်ပါတယ်။ ငါတို့ခန္ဓာကိုယ်ကြီးဟာ ဖေါက်ပြန် ပျက်စီးတတ်တဲ့ သဘောကြောင့် ရူပကွဲ့ခန္ဓာပါဘဲနော်။ ဒီလိုဆင်ခြင်လိုက်တဲ့အခါ ဤကားရုပ်, ဤကားနာမ်၊ နာမ်ထဲမှာ သိမှုဟာ ဝိညာဉ်ဆိုတဲ့စိတ်။ ခံစားမှုဟာ ဝေဒနာ၊ မှတ်သားမှုဟာ သညာ၊ ဖေါက်ပြန် ပျက်စီးတတ်တဲ့ ခန္ဓာကိုယ်ကြီးဟာ သင်္ခါရ ရုပ်ဘဲ၊ ဤရုပ်၊ ဝေဒနာ သညာ၊ သင်္ခါရ၊ဝိညာဉ်တို့မှတပါး အတ္တဟူသော တရားတမျိုးမရှိလို့ သိမြင်နိုင်ပါတယ်။ ဤသို့ သိမြင်ခြင်းသည်ပင်လျှင် အတ္တစွဲလမ်းမှု အညစ်အကြေးမှ ကင်းဝေး စင်ကြယ်သောကြောင့် ဒိဋ္ဌိသုဒ္ဓိမည်ပါတယ်နော်။

(မှန်ပါဘုရား)

ဘနည်းအားဖြင့် နာမ်ရုပ်တရားနှစ်ပါးကို လက္ခဏာရသ၊ ပစ္စုပ္ပန္နဝန်၊ ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းပုံကို ဒီလိုမှတ်ရမယ်နော်၊ နာမ်တရားသည် အာရုံသိုညွှတ်ခြင်း လက္ခဏာရှိပါတယ်။ နာမ်တရားသည် ကောင်းစွာအညီအညွတ် ကေုပ္ပါဒအစရှိသော အပြားအားဖြင့် .ယှဉ်ခြင်းကိစ္စရှိပါတယ်။ နာမ်တရားသည် မခွဲခြမ်း မဝေ ဘန် ခြင်းလျှင် ရှေး ရှု ထင် သော အချင်းအရာရှိပါတယ်။ နာမ်တရားသည် ဝိညာဉ်လျှင် နီးစွာ သော အကြောင်းရှိပါတယ်။ အဲ-ဒါက နာမ်တရား၊ ရုပ်တရား ကဘာ့ ရုပ်ဟုရားသည် ဖေါက်ပြန်ခြင်းလက္ခဏာရှိပါတယ်။ ရုပ်တရားသည် ဖယိုဖရဲကြဲခြင်း ကိစ္စရှိပါတယ်၊ ရုပ်တရားသည် အကျိုးမပေးတတ်ခြင်းလျှင် ရှေးရှုထင်သော အချင်းအရာရှိပါတယ်၊ ရုပ်တရားသည် ဝိညာဉ်လျှင် နီးစွာသောအကြောင်းရှိပါတယ်။ အဲ-ဒီလိုရုပ်တရား နာမ်တရားတွေကို သိမ်းဆည်းဆင်ခြင်လို့ ဟုတ်မှန်တိုင်းမြင်ကဲ့ ဉာဏ်အမြင်ဟာ ဒိဋ္ဌိဝိသုဒ္ဓိဘဲနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ဒီတလံလောက်ရှိတဲ့ ခန္ဓာကိုယ်ကြီးဟာ ခက်မာပြင်းထန်တဲ့ မြေဓာတ်သဘော၊ ဖွဲ့စည်းယိုစီးတတ်တဲ့ ရေဓာတ်သဘော၊ ခိုးရှိန်, ပူ, အေး တဲ့ မီးဓာတ်သဘော!တောင့်တင်းရှေ့လျားတဲ့ လေဓာတ်သဘော၊ဒီဓာတ်လေးပါး အစုသဘောပါဘဲ၊ ဓာတ်လေးပါး အစုသဘောထဲမှာ ပထဝီဓာတ်၊ အာပေါဓာတ်ဆိုတဲ့ ဂရုက ဓာတ်နှစ်ပါးဟာ မြေစိုင်ခဲရေအယဉ်တို့လို သတ္တဝါတို့အား အိပ်ခြင်း၊ထိုင်ခြင်းကို

ဖြစ်စေပါတယ်။ သတ္တဝါတို့ဟာ ဒီခေတ် နှစ်ပါးတို့ကြောင့် အိပ်ကြ ထိုင်ကြခြင်းဖြစ်ပါတယ်။ တေဇောခေတ်၊ ဝါယောခေတ်ဆိုတဲ့ လဟုကခေတ်နှစ်ပါးတို့မှာ မီးတောက် လေဟုန်တို့ကဲ့သို့ သတ္တဝါတို့အား ထခြင်း သွားခြင်းကို ဖြစ်စေတတ်ပါတယ်။ သတ္တဝါတို့ဟာ ဒီခေတ် နှစ်ပါးကြောင့်ထက် သွားကြလာကြခြင်းဖြစ်ပါတယ်။ ဤသို့ အိပ်ခြင်း ထိုင်ခြင်း ထခြင်း သွားခြင်း လာခြင်းကို ပြုတတ်သောပုဂ္ဂိုလ်, သတ္တဝါ၊ ငါ,သူ တပါး၊ ယောကျ်ား၊ မိမိမှဆိုလို၊ တစုံတခုမျှ မရှိချေပါတကား လို့၊ အဘန်ဘန်ရှုဆင်ခြင် ခြင်းဖြင့် သတ္တဇံဝ သညာကိုပယ်ပြီး၊ ခေတ်လေးပါးအစုသာတည်းလို့ ဉာဏ်တွင် ထင်မြင်တဲ့အခါ၊ ဒီလေးပါးကိုမှီပြီး ဖြစ်တတ်တဲ့တရားကား ဥပါဒါရုပ်တို့တည်းလို့ သိမ်းဆည်းဆင်ခြင်ပြီးတဲ့အခါ၊ ရူပက္ခန္ဓာကရဇကိုယ်ကို အာရုံပြုတဲ့ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်ဆိုတဲ့ ဖဿ၊ ပဠုမကာ၊ တရားတွေကို အရင်းထားပြီး နာမ်ခန္ဓာလေးပါးကို ထင်မြင်အောင်ရှုပါ။ ထင်မြင်လာတဲ့ နာမ်တရားတွေဟာ အာရုံသို့ ရှေးရှည်ဟတ်တတ်လို့ နာမ်မည်ပါတယ်။ နာမ်တရားမှီရာဖြစ်တဲ့ ခေတ်လေးပါး၊ ဥပါဒါတရားတွေဟာ အချမ်း အပူ တို့ကြောင့် ဖေါက်ပြန်တတ်လို့ ရုပ်တရားမည်ပါတယ်။ မြင်အပ်ပြီးတဲ့ ရုပ်နာမ်ကိုပင် ပေါင်းစု ပူးယှဉ်ပြီး ဤကား ရုပ္ပနလက္ခဏာရှိသောရုပ်၊ ဤကား နာမနလက္ခဏာရှိသောနာမ် တည်းဟု မှတ်၍ ရှုလိုက်ရင် စေ့စေ့စပ်စပ်၊ ဖုံးထားတဲ့ ကြုတ်သေတ္တာအစပ်ကို သန်လျက်နှင့် ဖွင့်လှစ်ပြီး နှစ်စပ် နှစ်လှာ နှစ်စု ပြုသလို အနမတဂ္ဂ သံသာရကမ္ဘာ ရိပ်မြုက်မထင် မမြင်ဘူးတဲ့ ရုပ်နာမ်တရားတွေကို ပိုင်းခြားထင်ထင်

သိမြင်လိမ့်မယ်နော်၊ တိုရုပ်နာမ်တရား နှစ်ပါးထဲမှာ နာမ်တရားလဲ နာမ်ချည်းသက်သက်၊ ရုပ်တရားလဲ ရုပ်ချည်းသက်သက် ဘာကိစ္စတခုမျှ မဆောင်ရွက်တတ်တဲ့အတွက် အသေချည်းသာတည်း။ စင်စစ် ရုပ်နာမ်တရား နှစ်ပါးတို့ဟာ ရုပ်ကိုမှီ၍ နာမ်၊ နာမ်ကိုမှီ၍ ရုပ်၊ ငါးထမ်းရွက်စပ် စပ်ကြသဖြင့် စားခြင်း သွားခြင်းစသော ထိုထိုအမှု ကိစ္စကြီးငယ်နှင့်တကွ အကြောင်း အကျိုး အကောင်း အဆိုးစတဲ့ အလိုဆန္ဒဗျာပါဒတွေကို ဖြစ်စေနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

ဒီ နာမ်ရုပ်မှတပါး စားတတ် သွားတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ ငါ့သူတပါး၊ယောကျ်ား၊မိမ္မစသည်မရှိ နာမ်ရုပ်တရားနှစ်ပါးမျှသာတည်း။ ဒါကြောင့် ထိုနာမ်ရုပ် တရားနှစ်ပါးတို့ကို ပညာမျက်စိဖြင့် စေ့စေ့ကြည့်လျက် ဤကားရုပ်၊ ဤကား နာမ်ဆိုပြီး တရားနှစ်တန်တို့ကို ပိုင်းပိုင်း ခြားခြား မှတ်သားသိမ်းဆည်းပြီး၊ သတ္တ၊ ဇီဝ သည်ကို ဖြတ်ပိုင်းပြီး ဟုတ်တိုင်း မှန်စွာသိတဲ့ နာမရူပ ဝတ္ထုဗာပနဉာဏ်၊သင်္ခါရ ပရိစ္ဆေဒဉာဏ်နှင့် ဖြောင့်မှန်စွာ သိတဲ့အယူ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်စေပါတယ်၊ ဒီ ဒိဋ္ဌိဝိသုဒ္ဓိ ကထာစကားမှာ ဆင်ခြင်ကြဘို့ ဂါထာတွေကတော့....

ယထာပိ နာဝံ နိဿာယ၊ မနုဿာ ယန္တိ အဏ္ဏဝေ၊
ဧဝမေဝ ရူပံ နိဿာယ၊ နာမကာယော ပဝတ္တတိ။

ဘောဇ္ဈောသပ္ပုရိသာ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပ ဤ ဌာနသို့ ကြွရောက်လာကြကုန်သော အို-တရားနာ ပရိသတ်

အပေါင်း သူတော်ကောင်းတို့။နာဝံ၊အဖုံဖုံ အဖြာဖြာ လုံခြုံစွာ သစ်သား သံမဏိတို့ဖြင့် ဥာဏ်ရှိသလို ကြံဖန်၍ အတန်တန် ဆောက်လုပ်ထားတဲ့ လှေသင်္ဘောကြီးကို။ နိဿာယ၊အမှီတဲ့ အဟဲပြု၍။ မနုဿာ၊ ထိုမြို့ဒေသ ထိုဌာနသို့ သွားကြလိုသူ ထို ထိုလူတို့သည်။ အဏ္ဏဝေ၊ ကမ်းမမြင် လမ်းမမြင် ဒီလှိုင်းတွေ တသွင်သွင်နှင့် ရေပြင်လေအလျင်က ကြီးတာမို့ အပြီးတိုင် အပြန့်ကျယ် အုံ့စဉ့ယ်ဖြစ်သော ဇလုပ်ပြင်ကျယ် မြစ်ပင်လယ် ကြီး၌။ယန္တိယထာပိ၊ဘယ်ကလောက်ပင် ခရီးဝေးသော်လည်း အနီးကလေးမှတ်ထင်၍ တကယ်ပင်အထူးအာဝေးဖြင့် မရပ်မနား ကူးသွားကြလေကုန်ဘိသကဲ့သို့ ဧဝ မေဝ လှေနာဝါသင်္ဘော ကြီးဖြင့် အဏ္ဏဝါ မြစ်ပင်လယ်ကြီးမှာ အပြီးတိုင်ကူးသွား ဤပုံနည်းအလားတူသာလျှင်။ ရူပံ၊ သုံးဆဲ့နှစ်ဝ ကောဌာသ ဟု ပေါင်းကြမျှားစွာ ဓာတ်ကလပ်အဖြာဖြာ ရုပ်ခန္ဓာကို။ နိဿာယ၊ အမှီတဲ့ သဟဲပြု၍။ နာမကာယော ဝေဒနာ သညာ၊ စေတနာသောင်းသောင်း တက်စီးသူ အပေါင်းနှင့် တူတဲ့၊နာမက္ခန္ဓာ တရားအပေါင်းသည်။ပဝတ္တတိ၊အကြောင်း တရားပေါင်းအမျှားကြောင့် ထင်ရှားမသွေဖြစ်ပေါ်၍ သွား လာနိုင်လေသတည်း။ ပဝတ္တတိ၊ သဌာယတန၊ ဗာဟိရနှင့် သဘာဝရှေ့ရှု ပေါင်းဆုံမှုကြောင့် ပေါ်မှုဖဿ၊နာမကာယတို့ မုချမသွေ ဓာတ်သဘောအားဖြင့် လတ်တလော ဖြစ်ပေါ်၍ လာလေတော့သသည်း။

(သာဓု-သာဓု-သာဓု)

ယထာပိ အင်္ဂ်သမ္ဘာရာဟောတိ သဒ္ဒေါ ရထောဣတိ၊
ဝေါဟာရေသုသန္တေသု ဟောတိသဘ္ဘောတိ သမ္မုတိ။

ဘောရှေ၊ သပ္ပုရိသာ၊ ဘေးသံသရာ၊ အေးရန်တာကို ကြံရှာဘိတောင်း၊ အို-တရားနှာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ အင်္ဂ်သမ္ဘာရာ၊ ဝင်ရိုးစက်ဘီး၊ အသီးသီးတို့ ဖွဲ့စည်းပေါင်းဆုံ အဆောက်အအုံကြောင့်။ရထောဣတိ သဒ္ဒေါ၊ လူသူအများ စီးနင်းသွားဘို့ ရထားခေါ်အပ် နာမပညတ်သည်။ ဟောတိယထာ၊ ဖြစ်ပေါ်လာသကဲ့သို့။ဝေါတထာ၊ ပမာပုံယူ ဤအတူသာလျှင်။ ခန္ဓေသု၊ခန္ဓာငါးတန်၊ရုပ်နာမ်နှစ်ဖြာတို့သည်။ သန္တေသု၊ ထင်ရှားပေါင်းဆုံ၊ ရှိကြကုန်သော်။ သဘ္ဘောတိ၊ သမ္မုတိသတ္တဝါဟု ခေါ်ဝေါ်ပြုဘို့ သမ္မုသိမ္မုတ် နာမပညတ်သည်။ ဟောတိ၊ ရုပ်နာမ်နှစ်ပါး၊ မကဲ့ပြားက ထင်မှားဘွယ်ရာ ဖြစ်ပေါ်လာပေသည် ပါတကား။

(သာဓု-သာဓု-သာဓု)

ယထာ ပဋိစ္စ ကဋ္ဌာဒိ ံ၊ အဂါရန္တိ ပဝုစ္စတိ၊
ဝေါပဋိစ္စ အင်္ဂ ၂ ဒိ ံ၊ သရီရန္တိ ပဝုစ္စတိ၊

ဘောရှေ၊ သပ္ပုရိသာ၊ သံသရာ ဝဲ ဒုက္ခထဲမှ ခွါရဲလို ကြောင်း၊အို-တရားနှာပရိသတ်အပေါင်း သူတော်ကောင်းတို့။ ကဋ္ဌ ၂ ဒိ ံ၊ တုံး, တိုင်, သစ်, ဝါး, ကြိမ်နှယ်အားဖြင့် မျှားပြားစုပုံ အဆောက်အအုံကို။ ပဋိစ္စ၊ စုပေါင်းစဲမှီ၊ တဲ့ကာချီသဖြင့်။ အဂါရန္တိ၊ အိမ်ကျောင်းမကျွတ်၊ ဇရပ်တိုက်တာ၊ နေရာဌာန၊

အာဝါသဟူ၍။ ပဝုစ္စတိယထာ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်သကဲ့သို့။ ဝေါတထာ၊ ပမာနိုင်းယူ၊ ဤအတူသာလျှင်၊ အဋ္ဌ ၊ ဒီ ့ အရိုးအဆက်၊ အကြောရှက်လျက်၊ ဖွဲ့ကြက်အသား ဖုံးလွှမ်းအပ်သော အရေမျှားကို။ ပဋ္ဌိစ္စ၊ စုပေါင်းစပ်မှီ၊ တဲ့ကာတည်သဖြင့်၊ သရီရန္တိ၊ သူ့ကိုယ်, ငါ့ကိုယ်၊ ခန္ဓာကိုယ်ဟူ၍။ ပဝုစ္စတိ၊ခေါ်ဝေါ်ပညတ်၊ သမုတ်အပ်ပေသည်တကား။

(သာဓု-သာဓု-သာဓု)

ရဋ္ဌယောဂါ ဒါရုယန္တံ၊ သဗျာပါရံဝ ခါယတိ၊
ဝေါသုညံ နာမရူပံ၊ အညမညသမာယုတံ။

ဘောဇန္တာ၊ သပ္ပုရိသာ၊ တွင်းပြင်နှစ်ရပ်၊ ဓာတ်ချင်းဓာတ်တို့၊ ပေါင်းစပ်တွေ့ဆုံ၊ သို့ဖြစ်ဟုနှိုင်းကြောင့်၊ ဆန်စုန်လူးလာ။ သံသရာတွင်။ ဖန်ခါမပြတ်၊ ခန္ဓာစပ်လျက်၊ တွေ့လပ်ဖုံ့ဖုံ့ ဇာတ်မျိုးစုံပေါင်း၊ အို - တရားနာပ ရိတ်သတ် အ ပေါင်း၊ သူတော်ကောင်းတို့။ ရဋ္ဌယောဂါ၊ အရပ်မျိုးမျိုး၊ အရုပ်ကြိုးနှင့်၊ အသင့်ဆွဲတပ်၊ တဲ့စပ်မိခြင်းကြောင့်။ဒါရုယန္တံ၊ သစ်သားထုလုပ်၊ ယန္တရားဆိုတဲ့၊ မင်းသွီး, မင်းသားရုပ်သည်။ သဗျာပါရံဝ၊ သွားရပ်ကခုန်၊ ဆိုတတ်သည့်ပုံ၊ ဗျာပါရ ရှိပုံသကဲ့သို့။ ခါယတိ၊ ရှုသူစိတ်တွင်။ မှတ်ထင်ရလေ၏။ ဝေါ၊ ဤအတူ။ သုညံ၊ အနှစ်သာရ၊ အတ္တမဘက်၊ အသက်မှ ကင်းဆိပ်သော။ နာမရူပံ၊ နာမ်ရုပ်နှစ်ဖြာ ငါးခန္ဓာသည်။ အညမညသမာယုတံ၊ အချင်းချင်းပေါင်းစပ်မိသည်ဖြစ်၍။ သဗျာပါရံဝ၊ သွား,ရပ်ထိုင်,လျောင်း၊ လိုရာပြောင်းလျက်၊အကြောင်းအားလျော်စွာ

ဗျာပါဒရှိနေသကဲ့သို့။ ခါယတိ၊ နာမ်ရုပ်နှစ်ပါး၊ မကဲ့ပြားက အမျှားစိတ်တွင်၊ ထင်မြင်စဲ့လမ်းရလေသည်တကား။

(သာဓု-သာဓု-သာဓု)

ဒီ-ဂါထာပါဌ် ဒေသနာတော် အနက် အဓိပ္ပာယ်အလာ၊ နာမ်ရုပ်နှစ်ဖြာကို၊ စိတ်ထဲထင်မြင်အောင်၊ ဆင်ခြင်ဖန်များရင်၊ သတ္တဝါမရှိ၊ ပုဂ္ဂိုလ်မရှိ၊ အတ္တမရှိ၊ ယောကျား, မိမ္မမရှိ၊ နာမ်ရုပ်သာရှိတယ်လို့၊ မိမိ ရရ သဘောကျခါ။ အတ္တဒိဋ္ဌိ၊ အညစ်အကြေးမှ၊ ကင်းဝေး စင်ကြယ်ပြီး၊ ဒိဋ္ဌိဝိသုဒ္ဓိနယ်သို့၊ ရောက်ခဲ့ပြီနော်။

(မှန်ပါဘုရား)

* * *

ကင်္ခါဝိတရဏ ဝိသုဒ္ဓိအကျယ်

(ဦးရသေ့ရေ...ဘုရား) ကင်္ခါဝိတရဏ ဝိသုဒ္ဓိဆိုတာ ငါသည် ရှေးအတိတ်က ဖြစ်မှ ဖြစ်ခဲ့ဘူးလေရဲ့လား စတဲ့ယုံမှားမှုအလုံးစုံကို အကုန်သိမြင်နိုင်တဲ့ ဘုရားရှင်ဆိုတာ ရှိမှရှိနိုင်ပါ့မလား စတဲ့ယုံမှားများကို ကင်္ခါလို့ခေါ်တယ်။ ယုံမှားမှုတွေကို လွန်မြောက်ကြောင်း ဉာဏ်ဟာ ကင်္ခါဝိတရဏ မည်ပါတယ်။ ထိုဉာဏ်သည်ပင် အဟေတုကဒိဋ္ဌိ၊ ဝိသမဟေတုကဒိဋ္ဌိ၊ အညစ်အကြေးတို့မှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိလဲမည်ပါတယ်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ မြင်ပြီး

တဲ့ နာမ်ရုပ် တရားနှစ်ပါး အကြောင်းကို ဆင်ခြင်ရှာမှီးသိမ်းဆည်းပွားများ နှလုံးထားသမျှ ကာလသုံးပါး၊ ယုံမှားခြင်းကို လွန်မြောက်တဲ့ဉာဏ်ဟာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်ပါတယ်။ ဒါကြောင့် လက်သန်း အဌကထာမှာ....

(တေသမေဝစ,နာမရူပါနံ ပစ္စယ ပရိဂ္ဂဟော ကင်္ခါဝိတရဏ ဝိသုဒ္ဓိနာမ)လို့ မိန့်ဆိုတော်မူပါတယ်။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ဘို့ရန် ဒိဋ္ဌိ ဝိသုဒ္ဓိနှင့် သိမြင်အပ်ပြီးတဲ့ နာမ်ရုပ်များအကြောင်းကို သိမ်းဆည်းဆင်ခြင်ရမယ်။ နာမ်ရုပ်များ အကြောင်းကို မဆင်ခြင်မှီ။ အဟေတုက ဒိဋ္ဌိ၊ ဝိသမဟေတုက ဒိဋ္ဌိတွေကို အနည်းငယ် စိစစ်ပြီးပြောပြမယ်နော်။ အဟေတုက ဒိဋ္ဌိဆိုတာ နာမ် ရုပ် တရား များ ဟာ အ ကြောင်း မ ရှိ ဘဲ၊ ဘာသိ ဘာသာ အလိုလိုဖြစ်ပေါ်လာတယ်လို့ ယူမှားခြင်း ဖြစ်ပါတယ်။

ဝိသမဟေတုက ဒိဋ္ဌိကတော့ မည်မည္ဆတ် မမှန် မကန်တဲ့ အကြောင်းတရားကို ဝိသမ ဟေ တု က လို့ ခေါ်ပါတယ်။ ဗြဟ္မာမင်းကြီး၊ ဗိဿနိုးနတ်၊ထဝ၀ရဘုရား စ သူ တို့ ဖန် ဆင်းမှုကြောင့် ဤနာမ်ခန္ဓာ ဖြစ်ပေါ်လာပါတယ်လို့ ယုံမှားခြင်းဟာ ဝိသမဟေတုက ဒိဋ္ဌိ မည်ပါတယ်။

(ဦးရယ့ေရ .. ဘုရား)မည်မမျှ မမှန်ကန်တဲ့ ဝိသမဟေတုက အကြောင်းတွေကို ပယ်ရှားပြီး အကြောင်း အကျိုးနဲ့ သင့်တင့်ညီမျှတဲ့ သမဟေတု အကြောင်းများကို ရှာရမယ်

နော်။ အဲ-ဒီ အကြောင်းတွေကို အဝိဇ္ဇာ ပစ္စာယာသင်္ခါရာ စတဲ့ ပဋိစ္စသမုပ္ပါဒ်နည်း၊ ဟေတုပစ္စယောစတဲ့ ပဋ္ဌာန်းနည်းတို့ အ ရ ဆင်ခြင်နိုင်ရင် ထင်မြင်လွယ်ပါတယ်။ သို့သော်လဲ အဘိဓမ္မာသဘောကို မပိုင်နိုင်ရင် ဆင်ခြင်ဘို့ရာ ခဲယဉ်းလို့ ရုပ်ခန္ဓာအတွက် ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ အကြောင်းတရား, နာမ်ခန္ဓာတို့အတွက်၊ ယောနိသော မသီကာရစတဲ့ အကြောင်းတရားများနှင့် စဉ်းစားဆင်ခြင်ရမယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ကံကြောင့်ဖြစ်တဲ့ ရုပ်ခန္ဓာဟာ မိခင်ဝမ်းဘိုက်မှာ အလွန်သေးငယ်တဲ့ ကလလ ရေကြည်အဖြစ်ဖြင့် တည်ပါတယ်နော်။ ဒီရုပ်ကလေးဟာ မိဘတို့၏ သုတ်သေးကို မှီတွယ်ရုသော်လဲ၊ ရှေးဘဝက အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ကံ,ဆိုတဲ့ ဇနကအကြောင်း၊ ဒီဘဝက အာဟာရဆိုတဲ့ ဥပတ္ထမ္ဘက အကြောင်း၊ ဒီအကြောင်းငါးပါးကြောင့် ဖြစ်ပေါ်လာရပါတယ်။ လိုရင်းအရင်းခံဘရားကတော့ အဝိဇ္ဇာတဏှာဖြစ်ပါတယ်။ အဝိဇ္ဇာတဏှာ အရင်းခံခြင်းကြောင့် ကံကြောင့်သာဖြစ်လာရပါတယ်နော်။ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုစသည်အားဖြင့် သတ္တဝါအမျိုးမျိုးမှာ ကံအမျိုးမျိုးရှိကြပုံကို ထားလိုက်အုံးတော့၊ သီလစောင့်မှု ကံတခုကိုပင် အချို့က သဒ္ဓါပညာ၊ သတိ၊ ဝီရိယစသည်တို့အလွန်ထက်သန်စွာ ပြုပါတယ်။ တချို့က သင့်တော်ရုံသာ ပြုပါတယ်၊ တချို့ က ဝတ်ကြေတန်းကြေ၊ တချို့က နမူး နထူးအခေနှင့်ပြုတယ်။ ကံအကျိုးတရားပေးတဲ့အခါ တယောက်နှင့်တယောက်မတူဘဲ တချို့မှာ

အလွန် အဆင်း လှပတင့်တယ်ပြီး တချို့မှာ သင့်တော်ရုံ **စ**သည် ဖြစ်ကြရတယ်။ ဤသို့စသည်ဖြင့် ရှေးကံက မတူလို ရုပ်ခန္ဓာမတူနိုင်ပုံကို အစွမ်းကုန် ခွဲပြီးကြည့်တတ်ရမယ်နော်။

(မှန်ပါဘုရား)

စိတ်လဲ ရုပ်ကိုဖြစ်စေနိုင်ပါတယ်၊ စိတ် ချမ်းသာ ရင် ရုပ်ကြည်လင်တယ်၊ ထိုက်တန်သမျှ ကျန်းမာရေးကို **အာ**းပေးပါတယ်။ ဝဖြိုးစေပါတယ်။ စိတ်ပျိုတော့ ကိုယ်နုဆိုတဲ့ စကားပုံမျှားမှန်ပါတယ်၊ စိတ်မချမ်းသာရင် ရုပ်ညှိုးနွမ်းပြီး ကျန်းမာရေးချိုတဲ့တတ်တယ်၊ စိတ်ထောင်းတော့ကိုယ်ကြေ ဆိုသလိုပေါ့။ တယောက်နှင့် တယောက် စကားပြောတုံး မှာခဲတာင် အတွင်းသဘောကို မှန်းဆနိုင်ပါတယ်။ စိတ် သ ဘော ကျ ရင် မျက်နှာကြည်လင်ပြီး ဟဒယရှင်ခြင်းဖြစ်ပါတယ်၊ စိတ်တိုင်းမကျရင် မျက်နှာညှိုးငယ်ခြင်း၊မျက်နှာပျက်ခြင်းဖြစ်ပါတယ်။ ဒီ အချက်အလက်မျှားဟာ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တရားတို့ရဲ့ ပြောင်းလဲမှုဘဲ ဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)ဥတုလဲ ရုပ်ကို ဖြစ်စေနိုင်ပါတယ်၊ ဥတုသာယာလျှင် ရုပ်ကြည်လင်ပါတယ်၊ ကျန်းမာ ဝဖြိုးပါတယ်။ သန့်ရှင်းသောအိပ်ရာ နေရာ အဝတ်မျှားကိုသာ သုံးစွဲခြင်းကြောင့် သန့်ရှင်းတဲ့ ရုပ်ကောင်မျှား တိုးပွားပါတယ်၊ နည်းအမျိုးမျိုးဖြင့် မိမိကိုယ်မှာ ကောင်းသောဥတုဝေ့မျှားတွေ့ထိစေရင် အသက်ရှည်ကြောင်း နည်းကောင်းတခုပါဘဲ၊

ဥတုများ မသာယာရင် ရုပ်ကိုညှိုးနွမ်းပါတယ်၊ကျန်းမာရေးလဲ ချွတ်ယွင်းတယ်၊ မသန့်ရှင်းတဲ့ အိပ်ရာ နေရာ အဝတ်များကို သုံးစဲ့မှုကြောင့် မကောင်းတဲ့ဥတုဌေ့များ ကိုယ်ခန္ဓာ၌ဓတ္တုထိ သဖြင့် ရုပ်ဆိုး ရုပ်ညံ့များ တိုးပွားခြင်း ဖြစ်ပါတယ်၊ နည်း အမျိုးမျိုးဖြင့် မိမိကိုယ်၌ မကောင်းသော ဥတုဌေ့များ မတွေ့ထိအောင် ရှောင်ကြဉ်တတ်ရင် အ သက် ရှည် ကြောင်း နည်းလမ်းကောင်း တခုပါဘဲ၊ တောဆောင်သစ်ပင်တို့ ဥတု အလိုက် ပြောင်းလဲပုံကို သတိထားပြီး ခန္ဓာ ကိုယ် ကြီး ဥ တု ကြောင့်ဖြစ်တဲ့ ရုပ်များ၊ ပြောင်းလဲမယ့်အချက်ကို လေးလေး နက်နက် စဉ်းစားကြပါနော်။

(မှန်ပါဘုရား)

(ဦးရသေ့ခရ ...ဘုရား) အစာ အာဟာရမှာပါတဲ့ အဆီ အနှစ်စေး သြဇာလဲ ရုပ်ကို ဖြစ်စေ နိုင်ပါတယ်၊ မိမိနှင့် သင့်မြတ်တဲ့ အစားအသောက်နှင့် ဆေး ဝါးများကို သာ စားသောက်သုံးစဲ့ရင် ကောင်းတဲ့ရုပ်များ တိုးပွားပြီး ဝဖြိုး ကြည်လင် စည်ပင်ကျန်းမာခြင်းဖြစ်ပါတယ်။စားပြီး မကြာမီ သိသာ ခြားနားပါဘယ်နော်၊မသင့်မြတ်တဲ့ အစားအသောက် နှင့် မသင့်တဲ့ဆေးများကိုသုံးစဲ့စားသောက်မိရင် မကောင်းတဲ့ ရုပ်များ တိုးပွားပြီး ညှိုးနွမ်းသွေ့ခြောက် ရောဂါ ရောက် တတ်သည်မှာ မျက်မြင် အ ထင် အ ရှား ပါ ဘဲ။ ဒါကြောင့် သင့်မြတ်တဲ့ အစားအသောက်နှင့် သင့်မြတ်တဲ့ ဆေးများကို သုံးစဲ့မိအောင် သတိဆောင်သူတို့သာ ကျန်းကျန်းမာမာနှင့် အသက်ရှည်ခွင့်ရှိပါတယ်၊ဒါက ရုပ်ကိုဖြစ်စေနိုင်တဲ့အကြောင်း

တရား လေးပါး ကြောင့် ရုပ်ဖြစ်ပုံ အကြမ်းစား၊ အမျိုး နားလည်နိုင်တဲ့ အဓိပ္ပာယ်သဘောတရားများ ပါဘဲနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ .... ဘုရား) နာမ်ခန္ဓာ အကြောင်း ဒီလို သေသေချာချာ မှတ်ထားပါနော်၊ နာမ်ခန္ဓာလေးပါးထဲမှာ ဝိညာဏခန္ဓာဟာ အချုပ်ဘဲ၊ ဝိညာဉ်ဟာ အကောင်းသိ အမှန်သိ၊တရားသိဖြစ်တဲ့ ကုသိုလ်တရား၊ မကောင်းသိ၊မတရား သိဖြစ်တဲ့ အကုသိုလ်တရား၊ အကျိုးဘရားအဖြစ်ဖြင့် သိရတဲ့ ဝိပါက်တရား၊ နောင်အခါ အကျိုးမရ၊ သိကာမတ္တဖြစ်တဲ့ ကြိယာတရားလို့ လေးမျိုးလေးစား ရှိပါတယ်၊ လေးမျိုးထဲ မှာ ကုသိုလ်တရားဟာ အရာရာမှာ သင့်တင့်အောင် နှလုံး သွင်းလေ့၊ (သင့်တင့်အောင်စိတ်ထားလေ့)ရှိတဲ့ ယောနိသော မနသိကာရကြောင့် ဖြစ်ပါတယ်။ အကုသိုလ်တရားဟာမသင့် မတင့် နှလုံးသွင်းလေ့၊ (စိတ်ထားမတတ်လေ့) ရှိတဲ့ အယော နိသောမနသိကာရကြောင့်ဖြစ်ပါတယ်။ဝိပါက်တရားက ရှေး ဘဝက ကုသိုလ်, အကုသိုလ်ကံ တရားကြောင့် ဖြစ်တယ်၊ ကြိယာတရားက အသဝေါတရား ကုန်ခန်းပြီးတဲ့ ရဟန္တာ သဏ္ဌာန်မှာ ဖြစ်ပါတယ်၊ ဝိပါက်စိတ်ထဲမှာ စက္ခုဝိညာဏ်ဖြစ် ဘို့ရာ စက္ခုပသာဒ၊ ရူပါရုံအာရုံလောက (အရောင်အလင်းမန သိကာရ) (နှလုံးသွင်းဆင်ခြင်မှု)ဆိုတဲ့ အကြောင်းလေးပါး ရှိပါတယ်၊ အကြောင်းလေးပါးမစုံရင် ထာဝရဘုရားပေါင်း ထောင်သောင်း ဝိုင်ဝန်း ဖန်ဆင်းသော်လဲ မဖြစ်နိုင်ဘူး၊

အကြောင်းတရား စုံလင်နေရင် ဘုရားသခင်တို့ အစွမ်းကုန် တားမြစ်သော်လဲ မရကေန် စက္ခုဝိညာဉ်ဖြစ်မှာဘဲနော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့်....

နဟေတွဲ ဒေဝါ ဗြဟ္မာ ဝါ သံသာရသတ္တိကာရကော၊ သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဟေတုသမ္ဘာရ ပစ္စယာ။

တော်၊ ဤနာမ်ရူပ်အပေါင်း အကြောင်းသင့်စွာ ဖြစ်ပေါ်ရှိနေရာ၌။ သံသာရသ၊ သံသရာကို။ ကာရကော၊ မဖြစ်ဖြစ်အောင် တည်ထောင်ဖန်ဆင်းနိုင်သော။ ဒေဝေါဝါ၊ ကျေးဇူးကိုတင် ဂုဏ်အင်ကိုမှတ် ပျပ်ဝပ်ရှိခိုးဘို့ ပိဿနိုး နတ်မင်းကြီးသည်ရင်း။ ဗြဟ္မာဝါ၊ ကမ္ဘာကိုစနိုင်သည့် ထာဝရဘုရားသခင် အရှင်ဗြဟ္မာမင်းကြီးသည်ရင်း။ နဟိ အတ္ထိ၊ ရှေနောက်ပေါင်းလစ်၊အကြောင်းစစ်က၊စနစ်ကေန်၊မရှိရှိုးအမှန်တည်း။ သုဒ္ဓမ္မာ၊ အနှစ်သာရ အတ္တမဘက် သက်သက် နာမ်ရူပ်ဟာရားတို့သည်။ ဟေတုသမ္ဘာရပစ္စယာ၊အကြောင်းအဆောက်အအုံ လောက်လုံ သိုက်မြိုက် တိုက်ဆိုင်ခြင်း ဟူ သော အကြောင်း ကြောင့်သာလျှင်။ ပဝတ္တန္တိ၊ အမျှားမျက်မြင် အထင်အရှား ဖြစ်ပွားပေါ်ပေါက် ကြရပေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

(ဦးရသေ့ရေ....ဘုရား)ပစ္စုပ္ပန်ဘဝ နာမ်ရုပ်တို့ ဖြစ်ခြင်း အကြောင်းကို ကောင်းကောင်းသိမြင်တဲ့အခါ ရှေးရှေးဘဝ တုန်းကလဲ အကြောင်းအားလျော်စွာ နာမ်ရုပ်ခန္ဓာတို့မျှားစွာ ဖြစ်ခဲ့လှလေပြီ၊ ရဟန္တာမဖြစ်သေးသမျှကာလပတ်လုံး နောက် နောက်ဘဝတို့မှာလဲ အကြောင်းအားလျော်စွာ ဖြစ်ကြရလိမ့် ဦးမယ်နော်။ အဲ-ဒီလိုသဘောကျမှ ယုံမှားမှု ၁၆-ပါး ကင်း ကွာနိုင်ပါတယ်။

* * *

ယုံမှား(၁၆)ပါး

(၁) အဟောသိံ နုခေါ၊ အဟံ အတီတမဒ္ဓါနံ။

အဟံ၊ ငါသည်။ အတီတမဒ္ဓါနံ၊ လွန်လေပြီးသော ရှေး အတိတ်ကာလ၌။ အဟောသိံ နုခေါ၊ ဖြစ်ဘူးပြီလော။

(၂) နနုခေါအဟောသိံ၊ အတီတမဒ္ဓါနံ။

အတီတမဒ္ဓါနံ၊လွန်လေပြီးသောရှေးအတိတ်ကာလ၌။ နအဟောသိံ နုခေါ၊ မဖြစ်ဘူးလေသလော၊ ဤယုံမှား ခြင်းနှစ်ပါးဟာ။ သဿတဝါဒ၊ အဓိစ္စသမုပ္ပန္နဝါဒ၊ နှစ်ပါးကိုမှီ၍ ဖြစ်ခြင်းပါဘဲ။

(၃) ကိံ နုခေါအဟောသိံ၊ အတီတမဒ္ဓါနံ။

အတီတမဒ္ဓါနံ၊ လွန်လေပြီးသော ရှေး အတိတ်ကာ လ၌။ ကိံ နုခေါအဟောသိံ၊ အဘယ်သို့သောသူ ဖြစ်

ဘူးလေသနည်း၊ ဤယုံမှားခြင်း တပါးဟာ လူမင်း, နတ်မင်း, စသော ဇာတိလိင်္ဂကိုမှီ၍ ယုံမှားခြင်းပါတဲ့။

(၄) ကထံနုခေါ အဟောသိ၊ အတီတမဒ္ဓါနံ။

အတီတမဒ္ဓါနံ၊ လွန်လေပြီးသော ရှေးအတိတ်ကာလ၌။ ကထံနုခေါ အဟောသိ၊ အဘယ်သို့သော ပုံသဏ္ဌာန်အခြင်းအရာအားဖြင့် ဖြစ်ဘူးလေသနည်း။ ဒီဃရဿ စသော သဏ္ဌာနကာရကိုမှီ၍ ယုံမှားခြင်း ဖြစ်ပါတယ်။

(၅) ကိံ ဟုတ္ဝာ၊ ကိံ အဟောသိ နုခေါ၊ အဟံ အတီတ မဒ္ဓါနံ။

အဟံ၊ ငါသည်။ အတီတမဒ္ဓါနံ၊ လွန်လေပြီးသော ရှေးအတိတ်ကာလ၌။ ကိံ၊ အဘယ်သို့သော, သူသည်။ ဟုတ္ဝာ၊ ဖြစ်ပြီး၍။ ကိံ၊ အဘယ်သို့သော သူသည်။ အဟောသိ နုခေါ၊ ဖြစ်ဘူးလေသနည်း။ ဤကား အဆင့်ဆင့်ဆက်၍ ဖြစ်သော ဇာတ်စသည်ကိုမှီ၍ ယုံမှားခြင်း ဖြစ်ပါတယ်။ ဤယုံမှားခြင်း ငါးပါးမှာ အတိတ်ကာလ၌ ယုံမှားခြင်း ဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

(၆) ဘဝိဿာမိ နုခေါ၊ အဟံ အနာဂတမဒ္ဓါနံ။

အဟံ၊ ငါသည်။ အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ ဘဝိဿာမိ နုခေါ၊ ဖြစ်ရလတ္တံ့လော။ ဒါက သဿတာဒိကာရ ကိုမှီ၍ ယုံမှားခြင်း။

(၇) နနုခေါဘဝိသောမိ အနာဂတမဒ္ဓါနံ။

အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ နနုခေါ ဘဝိသောမိ၊ မဖြစ်ရလတ္တံ့လော၊ ဒါက ဥစ္ဆေဒါကာရ ကိုမှီ၍ ယုံမှားခြင်း။

(၈) ကိုံ နုခေါဘဝိသောမိ အနာဂတမဒ္ဓါနံ။

အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ ကိုံ နုခေါ ဘဝိသောမိ၊ မင်းပုဏ္ဏားစသည်တို့တွင်အဘယ်သို့သော သူဖြစ်လတ္တံ့နည်းဟု အမျိုးစသော လူမင်း, နတ်, စသော ဇာတိ၊ လိင်ကိုမှီ၍ ယုံမှားခြင်း။

(၉) ကထံနုခေါဘဝိသောမိ၊ အနာဂတမဒ္ဓါနံ။

အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ ကထံနုခေါ ဘဝိသောမိ၊ အဘယ်သို့သော အခြင်းအရာအားဖြင့် မြင့်သောသူ နိမ့်သောသူ ဖြစ်ရလတ္တံ့လောဟု၊ ဒီဃ ရဿ စသော ပုံသဏ္ဌာန်ကိုစဉ်၍ ယုံမှားခြင်း။

(၁၀) ကိုံ ဟုတ္ဝာ၊ ကိုံ ဘာဝိသောမိ နုခေါ၊ အဟံ အနာဂတ မဒ္ဓါနံ။

အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ ကိုံ အဘယ်သို့ သောသူသည်။ ဟုတ္ဝာ၊ နောင်ဖြစ်လတ္တံ့ဖြစ်၍။ အဟံ၊ ငါသည်။ ကိုံ ဘဝိသောမိနုခေါ၊ အဘယ်သို့သောသူ ဖြစ်ရလတ္တံ့နည်းဟုအဆင့်ဆင့်ဆက်၍ဇာတ်စသည်ကို မှီ၍ ယုံမှား ဖြစ် ခြင်း။ ဒါက အနာဂတ်ကာလမှာ ယုံမှားခြင်း ငါးပါးပါနော်။

(မှန်ပါဘုရား)

(၁၁) အဟံနုခေါသို့။

အဟံအသို့နုခေါ၊ ငါဟုတ်မှ ဟုတ်ကဲ့ လေသလား၊ ဒါက သဿတ၊ သက္ကာယ၊ အခြင်းအရာကိုစဲ့၍ ယုံမှားမှုဖြစ်ခြင်း။

(၁၂) နနုခေါသို့။

နနုခေါသို့၊ ငါမဟုတ်ဘဲ ရှိလေရော့သလား၊ ဤကား-ဥစ္ဆေဒသက္ကာယ အခြင်းအရာကိုစဲ့၍ ယုံမှားမှု ဖြစ်ခြင်း။

(၁၃) ကိုံနုခေါသို့။

ကိုံ၊ အဘယ်သို့သော အမျိုးဇာတ် စသောသူသည်။ အသို့နုခေါ၊ ငါဖြစ်လေသနည်း။ မင်းမျိုးလေလား၊ ပုဏ္ဏားမျိုးလေလားလို့ ယုံမှားမှုဖြစ်ခြင်း။

(၁၄) ကထံနုခေါသို့။

ကထံ၊ အဘယ်သို့သော ပုံသဏ္ဌာန် အခြင်းအရာအား ဖြင့်၊ အသို့နုခေါ၊ ငါ၏ အတ္တသည် ဖြစ်လေသနည်း။

(၁၅) အယံနုခေါသတ္တောကုတော၊ အာဂတော။

အယံသတ္တော၊ ဤငါဖြစ်သော သတ္တဝါ အတ္တဘော သည်။ ကုတော၊ အဘယ်ဘဝက။ အာဂတောနုခေါ၊ လာခဲ့လေသနည်း။

(၁၆) သောကုဟိ ဂါမိ၊ ဘဝိဿတိ။

သော၊ ထိုအတ္တဘောသည်။ ကုဟိ ဂါမိ၊ အဘယ် ဘဝသို့ လားသွားရလတ္တံ့သည်။ ဘဝိဿတိ နုခေါ၊ ဖြစ်လိမ့်မည်နည်း။

ဒါကပစ္စုပ္ပန်ကာလမှာ ယုံမှားခြင်း။ အားလုံးပေါင်းတော့ (၁၆)ပါးဘဲနော်။

(မှန်ပါဘုရား)

ယုံမှားခြင်း (၁၆)ပါးဟာ လက္ခဏာ၊ ရသာ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တွေနဲ့, သုံးသပ်အပ်ပြီး၊ နာမ်, ရူပ်, တရားတို့ရဲ့ အကြောင်းကို ရှာဖွေဆင်ခြင်ရင် ၈၂, သူတပါး, ယောကျ်ားမိန်းမ အထင်တွေ ကင်းပျောက်နိုင်ပါတယ်။ ဒီတဆယ့်ခြောက်ပါးသော ယုံမှားခြင်း ကင်းပျောက်ရင် နာမ်ရူပ်မှတပါး ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ဤကားနာမ်ရူပ်၊ နာမ်ရူပ်ကား ဤမျှသာ၊ ဤကား နာမ်ရူပ်၏အကြောင်း၊ နာမ်ရူပ်၏ အကြောင်းကား ဤမျှသာလို့ ပိုင်းခြားပြီးသိတဲ့ ညာတပရိညာ ဖြစ်လာပါတယ်၊ ညာတပရိညာ ဖြစ်လာတဲ့အခါ ဘုရားဌ ယုံမှားခြင်း၊ တရားဌယုံမှားခြင်း၊ သံဃာဌယုံမှားခြင်း၊ သိက္ခာပုဒ်ဌယုံမှားခြင်း၊ သံသရာရှေးအစွန်းဌယုံမှားခြင်း၊ သံသရာနောက်အစွန်းဌယုံမှားခြင်း၊ သံသရာရှေးအစွန်း, နောက်အစွန်း နှစ်ပါးစုံဌ ယုံမှားခြင်း၊ ပဋိစ္စသမုပ္ပါဒ်တရားဌ ယုံမှားခြင်း၊ ဤရှစ်ပါးသော ယုံမှားခြင်းတရား ပျောက်ပျက်ရတော့တယ်နော်။ နာမ်ရူပ်ဘို့ရဲ့ အကြောင်းကို သိမ်းဆည်းပြီး အစွန်း သုံးပါးမှာ

ယုံမှားခြင်းကို လွန်မြောက်တဲ့ ဉာဏ်ဟာ ကခ်ၢိဝိဘရဏာ ဝိသုဒ္ဓိမည်ပါတယ်နော်။

(မှန်ပါဘုရား)

သူ့အကြောင်း အားလျော်စွာ ဖြစ်တတ်ပုံကို သဘောကျရင် အဝိဇ္ဇာပစ္စယာသင်္ခါရာအရ အဝိဇ္ဇာ ဖုံးကွယ်ထားတဲ့ ဘုရား, တရား, သံဃာစသော (၈)ပါးမှာယုံမှားမှုမျိုးလဲကင်းကွာပါတော့တယ်။ယုံမှားမှုအားလုံးကိုလွန်မြောက်ပြီး အဟေတုကဒိဋ္ဌိ၊ ဝိသမဟေတုကဒိဋ္ဌိ၊ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်တဲ့အခါ ကခ်ၢိဝိဘရဏာဝိသုဒ္ဓိစခန်းပေါက်ပြီလို့ မှတ်ပါနော်။ ကခ်ၢိဝိတရဏာဝိသုဒ္ဓိကို အကျိုးတရားများ တည်တံ့ဘို့ အကြောင်းကို သိတတ်သောကြောင့် ဓမ္မဒိဋ္ဌိဉာဏ်လို့လဲခေါ်ပါတယ်။ နာမ်တရားတွေကို အကြောင်းနှင့်တကွ ဟုတ်မှန်တိုင်း သိတတ်လို့ ယထာဘူတဉာဏ်လို့လဲ ခေါ်ပါတယ်၊ မှန်ကန်စွာ သိမြင်တတ်လို့ သမ္မာဒဿနဉာဏ်လို့လဲ ခေါ်ပါတယ်၊ ဒိဋ္ဌိဝိသုဒ္ဓိတုံးက နာမ်ရုပ်ကိုသာ သိရပါတယ်၊ နာမ်ရုပ်တို့အကြောင်းကို မသိရသေးဘူး၊ ကခ်ၢိဝိတရဏာဝိသုဒ္ဓိကျမှ အကြောင်းနှင့်တကွ နာမ်ရုပ်တို့ကိုသိရပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) သောတာပန် ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မကြွင်းကျန်ရအောင် ပယ်ဖြတ်နိုင်ပါတယ်။ ကခ်ၢိဝိတရဏာဝိသုဒ္ဓိရောက်တဲ့ ယောဂီဟာလဲ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို အကြွင်းမဲ့ မသတ်စေကာမူ အတော်ကြာအောင် ပယ်

ခွာနိုင်ပါပြီ၊ ဒါကြောင့် သောတာပန်နှင့် အလားတူလို့ စူဠသောတာပန်၊ သောတာပန် အငယ်စား ဖြစ်ပြီလို့ ဆိုနိုင်ပါတယ်။ သီလ ဝိသုဒ္ဓိ၊ စိတ္တ ဝိသုဒ္ဓိ တို့ဖြင့် စင်ကြယ်ပြီးတည်တံ့ခိုင်မြဲတဲ့ သီလသမာဓိရှိလို့ ကမ္မပထမြောက်လောက်တဲ့ ဒုစရိုက်အကုသိုလ်လဲ ဖြစ်ဘွယ်မရှိတော့ဘူး၊ ဝိသုဒ္ဓိစခန်းကမဆုတ်နစ်ရင် မဂ်ဖိုလ်ကိုမရသေးသော်လဲ ဒုတိယ ဘဝအတွက် သုဂတိ ဧကန်ရပေတော့မယ်။ ဒါကြောင့် ယခုလောက် အမြော်အမြင်ရှိတဲ့ ဘဝမှာ အနည်းဆုံး စူဠသောတာပန် အဖြစ်ရောက်အောင် ကြိုးစားသင့်လှပေတယ်နော်။

(မှန်ပါဘုရား)

ကခ်ါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးဟာ မြတ်စွာဘုရားသခင် သာသနာတော်မှာ မဂ်တည်းဟူသော ထောက်တည်ရာ၊ ဖိုလ်တည်းဟူသော သက်သာရာကို ရှုပါပြီး မြဲသောလားရာ ကောင်းရာသုဂတိဘဝကို ရှုပါပြီ။

ဒါကြောင့်....

ဝိသုဒ္ဓိ သီလ စိတ္တောဟိ၊ သခ်ါဝိတရဏ ညာဏိကော၊
စူဠ သောတာပန္နော နာမ၊ တဒတ္ထံဝါယ မေတတော။

ဘောန္တော၊ သပ္ပုရိသာ၊ သံသရာဝဲ၊ ဒုက္ခထဲမှ၊ ထွက်လွဲလို့ ကြောင်း အို-တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့။ ဝိသုဒ္ဓိသီလစိတ္တောဟိ၊ ညစ်ကြေးမတင် လွှန်သန့်စင်သည့် လေးအင်သီလ သမထကြောင့် တောက်ပလျှံဖိတ် စင်ကြယ်သော စိတ်တို့နှင့်တကွ။ ကခ်ါဝိတရဏညာဏိကော၊ ဒိဋ္ဌိဝိစိကိစ္ဆာ

ပယ်ခွါနိုင်ဘိ ဝိသုဒ္ဓိဉာဏ်အမြင်သန်သော ယောဂီသည်။ စူဠ သောတာပန္နောနာမ၊ သောတာပန်ဖြစ် ပုဂ္ဂိုလ်စစ်နှင့် စနစ်တူတန် စူဠမှန်သည့် သောတာပန် မည်နိုင်ပေပြီ။ တတော၊ ထိုကြောင့်။ တဒတ္ထံ၊ ထိုစူဠသောတာ ဖြစ်စိမ့်ငှာဖြင့် ကခ်ါလွန်မြောက် ဝိသုဒ္ဓိရောက်ဘို့အကျိုးငှာ။ ဝါယမေ၊ အချိန်ကောင်းဆဲ အားကုန်နဲ့၍ တပ်တလမ်း လွန်ကြိုးပမ်းလျက် စမ်းသပ်အားထုတ် သင့်လေတော့သတည်း။

(သာဓု-သာဓု-သာဓု)

* * *

သမ္မသနဉာဏ်နည်း (၄) မျိုး

(ဦးရသေ့ရေ....ဘုရား) မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိစခန်းမှာ သမ္မသနဉာဏ်(၄)မျိုးနဲ့ ဥဒယဗ္ဗယဉာဏ်(၂)မျိုး ပါဝင်နေပါတယ်။ ဝိသုဒ္ဓိနယ်အတွင်းမှာ ဉာဏ်စခန်းများကို သွင်းထားလို့ မျက်စိအလွန်လည်တတ်သလို ဉာဏ်မျက်စိ အလွန်လည်တတ်ပါတယ်နော်။ သတိထားပြီး သေသေချာချာ နာကြားပါ။ ရုပ်နာမ် ဓမ္မသင်္ခါရတို့ကို ခန္ဓာအာယတဲန စသည့်ဖွဲ့စည်းပြီး အနိစ္စ, ဒုက္ခ, အနတ္တ,အားဖြင့် ရှုဆင်ခြင် သုံးသပ်တတ်တဲ့ဉာဏ်ကို သမ္မသနဉာဏ်လို့ ခေါ်ပါတယ်။ ရှေးဝိသုဒ္ဓိ(၄)ပါးအခိုက်အခါတုံးက လက္ခဏာရေးသုံးပါးနှင့်မရှုမဆင်ခြင် မသုံးသပ်ရသေးဘူး၊ သီလဝိသုဒ္ဓိမှာ မိမိတို့သီလကိုသာ စင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး အားထုတ်ခဲ့ရပါတယ်၊ စိတ္တဝိသုဒ္ဓိမှာ စိတ်စင်ကြယ်အောင် သမာဓိရအောင်

အားထုတ်ခဲ့ရပါတယ်။ ဒိဋ္ဌိဝိသုဒ္ဓိမှာ နာမ်,ရုပ်တို့ကို ပိုင်းခြားပြီး နာမ်,ရုပ်တရားတို့ကိုသာ သိခဲ့ရပါတယ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိမှာ နာမ်ရုပ်တို့၏အကြောင်းရင်းကို ရှာဖွေ၊အကြောင်းနှင့်တကွ နာမ်ရုပ်တို့ကို သိရပါတယ်နော်။ မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိဖြစ်ဘို့ရာတော့ အကြောင်းနှင့်တကွ ပိုင်းခြားသိပြီးတဲ့ (တေဘူမက) ဘုံသုံးပါးမှာဖြစ်တဲ့ နာမ်ရုပ်ဓမ္မ သင်္ခါရတရားတွေကို လက္ခဏာယာဉ် သုံးပါးသို့ဘင်၍ သမ္မသနညာဏ်ဖြင့် သုံးသပ်ဆင်ခြင် ရှုရမယ်နော်။

(မှန်ပါဘုရား)

သမ္မသန ညာဏ်ရှုနည်းမှာ ကလာပ သမ္မသနနည်း၊ အဒ္ဓါ သမ္မသနနည်း၊ သန္တတိ သမ္မသနနည်း၊ ခဏ သမ္မသနနည်းတို့ လေးမျိုးလေးစားရှိပါတယ်၊ဒီလေးမျိုးထဲမှာ အတိတ်ဘဝက ရုပ်စသည်ဖြင့် မခွဲခြားဘဲ ရုပကွန္ဓာအားလုံး၊ ဇဝ ဒုကွန္ဓာ အားလုံး စသည်ဖြင့် ခန္ဓာတခုတခုကို အပေါင်းပြု၍ သုံးသပ်ဆင်ခြင်ခြင်းဟာ ကလာပသမ္မသနနည်း မည်ပါတယ်။ အတိတ်ဘဝက ရုပကွန္ဓာ၊ ပစ္စုပ္ပန်ဘဝက ရုပကွန္ဓာစသည်ဖြင့် ဘဝကို ခွဲခြားပြီး သုံးသပ်ဆင်ခြင်ခြင်းဟာ အဒ္ဓါသမ္မသနနည်း မည်ပါတယ်။ အဇရုပ်စဉ်ကတမျိုး၊ အပူရုပ်စဉ်ကတမျိုး စသည်ဖြင့်တဘဝတည်းမှာဘဲ အစဉ်အမျိုးမျိုးခွဲခြား သုံးသပ်ဆင်ခြင်ခြင်းဟာ သန္တတိသမ္မသနနည်းမည်ပါတယ်။ ရုပ်အစဉ်တမျိုးတည်းဌိပင် ဥပါဒ် ခဏ၊ဌိတိဆိုတဲ့ ခဏအားဖြင့် ခွဲခြားသုံးသပ်ဆင်ခြင်ခြင်းဟာ ခဏသမ္မသနနည်း မည်ပါတယ်။ နည်းလေးမျိုးထဲမှာ ကလာပသမ္မသနနည်းဟာ အလွယ် ဆုံး နည်းဘဲ၊ အခြားနည်းများကတော့ အဆင့်ဆင့်သိမ့်မွေ့ကယ်။ အဲဒါ

ကြောင့် အလွယ်ဆုံးနည်းဖြင့် အသားကျတဲ့အခါမှ အဆင့်ဆင့်တိုးတက်ဘို့ ဟောကြားမယ်နော်။

(မှန်ပါဘုရား)

* * *

ကလာပသမ္မသနနည်း

(ဦးရသေ့ရေ....ဘုရား)ကလာပသမ္မသနနည်း၊သုံးသပ်ဆင်ခြင်ပွားများပုံကို မြန်မာလိုရိုးရိုးနှင့်ဘဲ ဆရာဘုရားဟောကြားပေးပါမယ်နော်။ ရူပကွန္ဓာဆိုတဲ့ ရူပ်ဟူသမျှဟာ ကုန်ခန်းပျက်စီးခြင်း သဘောရှိပါသဖြင့် မမြဲခြင်း အနိစ္စချည်းပါတကား၊ ကြောက်မက်ဘွယ် ဘေးကြီးသဘော ရှိပါသဖြင့် ဆင်းရဲခြင်း ဒုက္ခကြီးပါတကား၊ အနှစ်သာရ မရှိသည့်အတွက် အတ္တမဟုတ်ပါတကား၊ ဝေဒနကွန္ဓာဆိုတဲ့ ဝေဒနာဟူသမျှဟာ ကုန်ခန်းပျက်စီးခြင်းသဘောရှိပါသဖြင့် မမြဲခြင်း အနိစ္စချည်းပါတကား၊ ကြောက်မက်ဘွယ်ဒုက္ခ ဘေးကြီးသဘောရှိပါသဖြင့်ဆင်းရဲခြင်းဒုက္ခကြီးပါတကား၊အနှစ်သာရမရှိသည့်အတွက် အတ္တမဟုတ်ပါတကား။ သညာဟူသမျှ သင်္ခါရဟူသမျှ ဝိညာဏ်ဟူသမျှ ကုန်ခန်းပျက်စီးခြင်း သဘောရှိပါသဖြင့် မမြဲခြင်း အနိစ္စပါတကား၊ ကြောက်မက်ဘွယ် ဘေးကြီးသဘောရှိပါသဖြင့် ဆင်းရဲခြင်း ဒုက္ခကြီးပါတကား၊ အနှစ်သာရမရှိသည့်အတွက် အတ္တမဟုတ်ပါတကားလို့ လက္ခဏာရေးသုံးပါးနှင့် ရူဆင်ခြင်သုံးသပ်ပွားများရမယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ...ဘုရား) ကုန်ခန်း ပျက်စီး တတ် ခြင်း ကို ထောက်ရှုလျှင် ရူပကွန္ဒာ၏ အနိစ္စသဘော မမြဲကြောင်း ထင်ရှား ပါတယ်။ အ ကြောင်းအား လျော်စွာ ဖြစ်ပြီးနောက် မပျက်စီးနိုင်ဘဲ ခိုင်မြဲမှသာ နိစ္စလို့ ဆိုရမယ်။ ခုတော့ ဖြစ်ပြီး ပျက်စီးသွားရပါတယ်။ ဒါကြောင့် ရူပကွန္ဒာဟာ မမြဲခြင်း အနိစ္စသဘောပါဘဲ၊ မိမိတို့သဏ္ဌာန်မှာရှိတဲ့ ရူပကွန္ဒာဟာ ကန်ပျက်ရအုံးမယ်။ ပျက်ရမည့်အရာမှန်ရင် ကေန် ကြောက်မက်ဘွယ် ကောင်းလှပါတယ်။ ရုပ်ဆိုတဲ့ ရူပကွန္ဒာထဲမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးဟာ မြေဆိုးကြီး လေးကောင်နှင့် တူပါတယ်။ ရာဇဝတ်မှုသင့်နေတဲ့ အကျဉ်းသားဟာ ဒီမြေဆိုးကြီး လေးကောင်ကို အစာမှန်မှန် ကျွေးပြီး မွေးမြူရမည်။ အစာကျွေးပုံ မဟန်တဲ့တနေ့မှာမကြေ နပ်တဲ့မြွေက သင့်ကို ကိုက်သတ်လိမ့်မည်လို့ အမိန့်ချမှတ်ခြင်း ခံရသူဟာ ထိုမြေဆိုးကြီး လေးကောင်ကို အလွန် ကြောက် ကြောက် ရုံ့ရုံ့နှင့် အစာမှန်မှန်ကျွေးရာက အလိုမကျသဖြင့် အကိုက်ခံရတော့သလို ဤခန္ဓာကိုယ်ထဲက ဓာတ်ကြီးလေးပါး ကို အာဟာရမှန်မှန်ကျွေးမွေးပေးနေရာက အစာ၊ အာဟာရမ တဲ့ ခြင်းကြောင့် ဖေါက်ပြန်ပျက်စီးပြီး ရောဂါအမျိုးမျိုး ဖြစ် ပေါ် လာ ကာ သေ ကြေ ပျက် စီး ကြရလေတယ်။ သို့အတွက် ကြောင့် ဤခန္ဓာကိုယ်ကြီးဟာ ကြောက်စ ရာ ဖြစ် ၍ ကေန် ဆင်းရဲခြင်းဒုက္ခ တုံးကြီး ပါ တ ကား လို့ ကြောက်မက် ဘွယ် ကောင်းလှတဲ့ အချက်အလက်တွေ့ မျှားစွာပင်ရှိပါတယ်။ ရှေး ကပြုဆိုခဲ့တဲ့ အနှစ်သာရမရှိကြသဖြင့် ရူပကွန္ဒာဆိုတဲ့ ရုပ်အား လုံးမှာလဲ ကိုယ်မဟုတ် အနတ္တချည်းပါတကား၊ ဝေဒနာ၊

သည်၊ သင်္ခါရ၊ ဝိညာဏ်ဘို့၌၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ သုံးပါးဟာ တပါးနှင့်,တပါး ဆက်သွယ်လျက်ရှိပါတယ်။ အနှစ်သာရမရှိသော ကြောင့် မခိုင်မြဲ ဘဲ အနိစ္စသဘောနှင့် ပျက်စီးရပါတယ်။ ပျက်စီးတတ်သ ဖြင့် ကြောက်မက်ဘွယ်ဘေး ကြီးဖြစ်တဲ့ ဆင်းရဲဒုက္ခတုံး ဖြစ်ပါတယ်။ မပျက်စီး၊ ခိုင်မြဲပြီး မဆင်းရဲလိုဘဲလျက် ပျက်စီးရ ဆင်းရဲသဖြင့် အစိုးမရ အနတ္တ ချည်းဖြစ်ပါတယ်။ ဤသို့ လက္ခဏာယာဉ်(၃)ပါးဟာ တပါးနှင့်တပါးဆက်သွယ်လျက် ရှိသောကြောင့် တပါးကိုကောင်းကောင်း ထင်မြင်ခဲ့လို့ ရှိရင် အခြားသော လက္ခဏာယာဉ် (၂)ပါးလဲ အလိုလို ထင်ရှား လာနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

* * *

အဒ္ဓိသမ္မသနနည်း

(ဦးရဲ့ဆရာ....ဘုရား) ရူပ်တရား, နာမ်တရား တွေ့ကို အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝတို့ဖြင့် ပိုင်းခြားပြီး သုံးသပ်ဆင်ခြင်ပွားများမှုကို အဒ္ဓါသမ္မသနနည်း မှတ်ပါနော်။ အတိတ်ဘဝကဖြစ်တဲ့ ရူပကွန္ဓာဟာ အတိတ်ဘဝမှာဘဲ ချုပ်ငြိမ်း ကုန်ဆုံးလေပြီ၊ ဒီပစ္စုပ္ပန်ဘဝကို မရောက်နိုင်။ ဤသို့ ကုန်ခန်းခြင်း သဘောရှိပြီး မမြဲခြင်းဆိုတဲ့ အနိစ္စ၊ ကြောက်မက်ဘွယ်ဘေးကြီး ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခ၊ အနှစ်သာရမရှိ အစိုးမရခြင်းဆိုတဲ့ အနတ္တကြီးပါတကား၊ ဤသို့ စသည်ဖြင့်

ပွားများရမယ်နော်။ အဒ္ဓါသမ္မာသနည်းဟာ ကလာပသမ္မသနည်းထက် နှုးညှံ့သိမ်မွေ့ပါတယ်၊ ဒါကြောင့် ကလာပသမ္မသနည်းကို သုံးသပ်ဆင်ခြင်ပွားများလို့ အတော်အသားကျပြီးမှ အဒ္ဓါသမ္မာသနည်းကို သုံးသပ်ဆင်ခြင် ပွားများဘို့ရာ ဆက်လက်ဟောကြားပေးပါတယ်နော်။

(မှန်ပါဘုရား)

ဒါကြောင့်-ဝိသုဒ္ဓိမဂ် အဋ္ဌကထာထဲမှာလဲ....

အနတ္တရာစယောဘဂ္ဂါ၊ ယေစဘဂ္ဂါအနာဂတာ။

တဒန္တရာနိရုဒ္ဓါနံ၊ ဝေသမံနတ္ထိလက္ခဏေ။

ရယ်လို့ ဟောကြားတော်မူပါတယ်။

အနတ္တရာ အခြားမဲ့ဖြစ်ရ အတိတ်ကာလဋ္ဌ။ယေစခန္ဓာ၊ အကြင်ခန္ဓာငါးပါး၊ ရူပ် နာမ် တရား တို့သည် လည်း။ ဘဂ္ဂါ၊ ချုပ်ပျက်ပြုန်းတီး ပျက်စီးလေကုန်ပြီ။အနာဂတာ၊ အခြားမဲ့ဖြစ်တတ် အနာဂတ်ကာလဋ္ဌ။ ယေစခန္ဓာ၊ အကြင်ခန္ဓာငါးပါး ရူပ်နာမ်တရားတို့သည်လည်း။ ဘဂ္ဂါ၊ ချုပ်ပျက်ပြုန်းတီး ပျက်စီးကုန်လတ္တံ့။ တဒန္တရာ၊ ထိုအတိတ်၊ အနာဂတ်ကာလ၊ နှစ်ပါး အကြား ဖြစ်ဆဲသမယ ပစ္စုပ္ပန်ကာလဋ္ဌ။ ယေစခန္ဓာ၊ အကြင်ခန္ဓာငါးပါး ရူပ်နာမ်တရားတို့သည်လည်း။ ဘဂ္ဂါ၊ ချုပ်ပျက်ပြုန်းတီး ပျက်စီးကုန်ဆဲ။ နိရုဒ္ဓါနံ၊ ချုပ်ပျက်ကုန်ငြား ခန္ဓာငါးပါးတို့၏။ လက္ခဏေ၊ အနိစ္စလက္ခဏေ၊ ချုပ်ပျက်ရသည့်။ အနိစ္စလက္ခဏာဋ္ဌ၊ ဝေသမံ၊ မတူကဲ့ပြား ထူးခြားသော အဖြစ်မည်သည်။ နတ္ထိ၊ ကေန်တိတိ မရှိနိုင်ပါတကား။

(သာဓု-သာဓု-သာဓု)

(ဦးရသေ့ရေ....ဘုရား) ဒီလိုကာလသုံးပါးမှာ ဖြစ်ပြီး,ဖြစ်ဆဲ, ဖြစ်လတ္တံ့, ဖြစ်တဲ့, ခန္ဓာငါးပါးရုပ်နာမ်တရားတို့ရဲ့ ပျက်စီးခြင်း အနိစ္စ လက္ခဏာကို ကောင်းစွာ ထင်မြင်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ လွန်လေပြီးတဲ့ အတိတ်ဘဝခန္ဓာတို့ တစုံတခုသော အရပ်မှာ စုဆောင်းသိမ့်သိမ်းဆည်းခြင်းသို့ မရောက်ဘဲ၊ ကွယ်ပျောက်ချုပ်ငြိမ်းသည်ကိုရင်း၊ မရောက်သေးသော အနာဂတ်ဘဝ ခန္ဓာဖြစ်လာရာ ရုပ်နာမ်တို့ဟာ ဖြစ်ဘို့ရန် စုဆောင်း၍ တပေါင်းတည်း မတည်သည်ကိုရင်း၊ ဖြစ်ဆဲပစ္စုပ္ပန် ခန္ဓာတို့လဲ ပွတ်ဆောက်ဖျားမှာ တင်ထားအပ်တဲ့ မုန်ညင်းစေ့လိုတခဏမျှ တည်လျက် ကုန်ပျက် ချုပ်ငြိမ်းသည်ကိုရင်း၊ ကာလသုံးပါးဌ် အပိတ်အပင်ကင်းပြီး အကြွင်းမဲ့မြင်လေတော့တယ်နော်။

(မှန်ပါဘုရား)

ဒါကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ....

အနိစ္စာနုဂတာ ဘင်္ဂါ ပုဗ္ဗော နတ္ထိ အနာဂတော။

နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

လို့ မိန့်တော်မူပါတယ်။

ဘင်္ဂါ၊ ချုပ်ပြီးပျက်ရ သင်္ခါရတို့သည်။ အနိစ္စာနုဂတာ၊ ငြိမ်းနေပြီးသည့်ဆိမ်းပမာ သိမ့်ရာမရှိသောအဖြစ်သို့ ရောက်လေကုန်ပြီ။ အနာဂတော၊ မဖြစ်သေးရ အနာဂတ်ကာလ၌။ ပုဗ္ဗော၊ လာ၍ ဖြစ်ဘို့ရာ အစုအပုံသည်။ နတ္ထိ၊ ဇောန်တိတိ မရှိနှင့်လေ။ ယေပိ၊ ပစ္စုပ္ပန်မည်စွဲသင်္ခါရသည်လည်း။ နိဗ္ဗတ္တာ၊ ဖြစ်လာပေါ်လာကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ မလွဲအမှန်တည်ကုန်

ပြန်၏။ တေပိ၊ ထိုပစ္စုပ္ပန် မည်ရ သင်္ခါရတို့ သည်လည်း။ အာရဂ္ဂေ၊ အပ်သွားအလားပွတ်ဆောက်ဖျားဌ။ သာသပူပမာ၊ မုန်ညင်းစေ့တမူ ပမာတူ ကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တခဏမျှ တည်ကြလေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

ကာလသုံးပါးမှာ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ.,ဖြစ်တဲ့ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့ရဲ့ ခယဝယ၊ ကုန်ခြင်းပျက်စီးခြင်း သဘောကို ကြွင်းမဲ့ကုန်စင် ထင်မြင်တဲ့အခါ ယောဂီ သူမြတ် သဏ္ဌာန်မှာ အဒ္ဓါသမ္မသနဉာဏ် ရင့်သန် ထက်မြက်ခြင်းသို့ ရောက်ပါတယ်နော်။

(မှန်ပါဘုရား)

* * *

သန္ဋာတိသမ္မသနနည်း

(ဦးရသေ့ရေ....ဘုရား) ရုပ်နာမ်တို့ရဲ့ သဘောတူတဲ့ အစဉ် အတန်းကို **သန္ဋတိလို့**ခေါ်ပါတယ်နော်။ အပူခတ်ကြောင့် ဖြစ်သော ရုပ်စဉ်၊ အဓောတ်ကြောင့်ဖြစ်သောရုပ်စဉ်၊ ဌင်းရုပ် စဉ်တွေကို သုံးသပ် ဆင်ခြင်ပွားများ ရှုမှတ်နည်းဟာ သန္ဋတိ သမ္မသနနည်းမည်ပါတယ်။ ရှုဆင်ခြင်ပွားများပုံက အပူမှာ နေတုံး, အပူရုပ်အစဉ်ဖြစ်မယ်။ နေရိပ်ထဲဝင်နေပြီး အတော် ကြာရင် အပူရုပ်အစဉ် ပျောက်ပြီး၊ အရေပ်အစဉ် ရောက်ပါ တယ်။ အပူရုပ်အစဉ်ဟာ အရေပ်အစဉ်သို့ မရောက်ဘဲ၊ ကုန်ခန်း ခြင်း သဘော ချုပ်ပျောက်ခြင်း သဘော ရှိခြင်းကြောင့်

မမြဲခြင်း အနိစ္စ၊ ကြောက်မက်ဘွယ် ဘေးကြီးအတိ ဖြစ်သော ကြောင့်၊ ဆင်းရဲခြင်းဒုက္ခ အနှစ်သာရမရှိခြင်းကြောင့် အစိုးမရခြင်း၊ အနတ္တ ပါတကားလို့ ပွားများ သုံးသပ် ဆင်ခြင်ရမယ်နော်။

(မှန်ပါဘုရား)

တနည်းအားဖြင့် မကျန်းမာတဲ့အခါ မကျန်းမာတဲ့ ရူပ်အစဉ်ဖြစ်၊ ကျန်းမာပြန်ရင် ကျန်းမာတဲ့ ရူပ်အစဉ်ရောက်ပါတယ်။ ထိုင်နေတဲ့အခါ ထိုင်နေတဲ့ရူပ်အစဉ်၊ ထလိုက်တဲ့အခါ ထိုင်တဲ့ရူပ်အစဉ်အကုန်ပျောက်၊ထတဲ့ရူပ်အစဉ်ရောက်ပါတယ်။ စကားပြောတုန်းအခါ စကားပြောတဲ့ရူပ်အစဉ်၊ ဆိတ်ဆိတ်နေလိုက်တဲ့အခါ၊ စကားပြောတဲ့ရူပ်အစဉ် အကုန်ပျောက်ပါတယ်။ အဲ-သည်လိုဘဲ အလုပ်ကိုစွဲပြောင်းလဲတိုင်း နေရာဌာနပြောင်းလဲတိုင်း၊ ဣရိယာပုထ် ပြောင်းလဲတိုင်း ရူပ်အစဉ်ပြောင်းလဲပုံ၊ နောက်ပြီးတော့ ရူပါရုံကို အာရုံပြုတဲ့စိတ်ဝိထိအစဉ်ဟာ သဒ္ဒါရုံကိုအာရုံပြုတဲ့ စိတ်ဝိထိအစဉ်ကို မရောက်ဘဲ၊ ကုန်ခန်းချုပ်ပျောက်ခြင်းကြောင့်၊ မမြဲခြင်း အနိစ္စ၊ ကြောက်မက်ဘွယ်ဖြစ်သောကြောင့်၊ ဆင်းရဲခြင်း ဒုက္ခ အနှစ်သာရမရှိခြင်းကြောင့်၊ အစိုးမရခြင်း အနတ္တ ပါတကားလို့ ဆင်ခြင်သုံးသပ်ခြင်းဟာ "သန္တတိသမ္မသနဉာဏ်" ခေါ်ပါတယ်။ သန္တတိသမ္မသနဉာဏ်ဟာ တဘဝတည်းမှာပင် အစဉ်အမျိုးမျိုးခွဲခြား ပွားများရတာကြောင့်၊ အဒ္ဓါသမ္မသန ဉာဏ်းထက်နှုးညံ့ သိမ်းမွှေတဲ့ အတွက် အဒ္ဓါသမ္မသန ဉာဏ်း အခြားမဲ့မှာ ပြထားဟောကြားပေးပါတယ်နော်။

* * *

ခဏသမ္မသနနည်း

(ဦးရသေ့ရေ....ဘုရား) ဥပါဒါ၊ ဌီ၊ ဘင် ဆိုတဲ့ ဖြစ်တည်ပျက်၊ ရုပ်နာမ်တွေကို ခဏအားဖြင့် သုံးသပ် ဆင်ခြင် ပွားများမှုကို "ခဏသမ္မသနနည်း" ခေါ်ပါတယ်။ ပွားများပုံက အတိတ်ခဏမှာ ဖြစ်တဲ့ ရုပ်ဟာ အတိတ်ခဏမှာ ချုပ်လေပြီ၊ ပစ္စုပ္ပန်ခဏသို့မရောက် ကုန်ခန်းပျက်စီးခြင်း အနက်သဘောကြောင့်၊ မမြဲခြင်းဆိုတဲ့ အနိစ္စ၊ ကြောက်မက်ဘွယ်ဘေးအတိ ဖြစ်သောကြောင့်၊ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခ အနှစ်သာရ မရှိသောကြောင့်၊ အစိုးမရခြင်းဆိုတဲ့ အနတ္တ၊ တနည်းအားဖြင့် ဧလေးအတိတဘုဉ် ခဏမှာဖြစ်တဲ့ စိတ်စေတသိက် နာမကွန္ဓာ တရားလေးပါးဟာ အတိတဘုဉ် ခဏမှာပျောက်လေပြီ ဘဝင်စလနသို့ မရောက် ကုန်ခန်း ပျက်စီးခြင်းအနက်သဘောကြောင့်၊ မမြဲခြင်းဆိုတဲ့ အနိစ္စ၊ ကြောက်မက်ဘွယ်ဘေးကြီးအတိ ဖြစ်သောကြောင့်။ ဆင်းရဲခြင်းဆိုတဲ့ဒုက္ခ၊ အနှစ်သာရ မရှိခြင်းကြောင့်၊ အစိုးမရခြင်းဆိုတဲ့ အနတ္တ၊ အဲဒီလို ရုပ်ဝိထိ၊ နာမ်ဝိထီ၊ အစဉ်ကို ကြည့်ပြီးတော့ သုံးသပ်ဆင်ခြင် ပွားများရယ်နော်။ ဒီခဏသမ္မသနနည်းဟာ အစွမ်းကုန်သိမ်မွေ့ တာကြောင့်၊ ဘုရားရှင်မှ တပါး အခြားတပါးသောပုဂ္ဂိုလ်တို့ ဥာဏ်မှာ ထင်မြင်နိုင်ဘို့ ခဲယဉ်းတယ်လို့ ဆိုကြတယ်၊ သို့သော် တိုက်ရိုက် မထင်မြင်သော်လဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘော ထင်ရှားအောင် အမှန်းအတားအားဖြင့် ပိုင်းခြားကန့်သန့်ပြီး၊ သုံးသပ်ဆင်ခြင် ပွားများအပ်ပါတယ်။ ဝေဒဘူမက သင်္ခါရတရားတို့မှာ ကလာပသမ္မသနနည်း၊ အဒ္ဓါသမ္မသနနည်း စသောနည်းများဖြင့် အနိစ္စ

ဒုက္ခ၊ အနတ္တ လို့ သုံးသပ်ဆင်ခြင် ပွားများတတ်တဲ့ ဉာဏ်ကို "သမ္မသနဉာဏ်" ခေါ်ပါတယ်။ ဒီသမ္မသနဉာဏ်နည်း လေးမျိုး လေးပါးကို သေသေချာချာ မှတ်သားပြီး ပွားများပါနော်။

(မှန်ပါဘုရား)

ဒါကြောင့်....

တေဘုမကာ သင်္ခါရေသု ပဿတောလက္ခဏတ္တယံ။
သမ္မသနနာမံဉာဏံ၊ ဇာတံ ပဋ္ဌမယောဂိနော။

ဘာခန္ဓေ၊ သပ္ပုရိသာ၊ ဘေးသံသရာ အေးဘို့ရာကို ကြံရွာဘိတောင်း အို-တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့။ တေဘုမကသင်္ခါရေသု၊ ကာမ, ရူပ, အရူပတွင်, ဘဝသုံးခွင်၊ ဘုံသုံးပြင်၌ ပါဝင်သမျှသင်္ခါရတို့၌။ လက္ခဏတ္တယံ၊ မမြဲနိုင်လင့်၊ ဒုက္ခစစ်နှင့် အနှစ်မဲ့အင် လက္ခဏာယာဉ် သုံးပါးခွင်ကို။ ပဿတော၊ နည်းအဖုံဖုံ လေးမျိုး စုံအောင်၊ တလုံလဲလဲ စွဲမြဲထင်မြင် ဆင်ခြင်ကြည့်ရှုပေသော။ ပဋ္ဌမယောဂိနော၊ ပဋ္ဌမလျှင်အစထွင်၍ အစဉ်ကြိုးကုတ် ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်သော ပုဂ္ဂိုလ်၏။ သမ္မသန နာမံဉာဏံ၊ သမ္မသန အမည်ရလျက် သင်္ခါရတွင်း၊ ဉာဏ်အလင်းသည်။ ဇာတံ၊ ဒုက္ခ ခပ်သိမ်း ဝဋ္ဌဇာတ်ငြိမ်းဘို့ ကိန်းအာဝေလျော်စွာ ဖြစ်ပေါ်၍ လာပေသတည်း။

(သာဓု-သာဓု-သာဓု)

* * *

ဥဒယဗ္ဗယဉာဏ်

(ဦးရသေ့ရေ....ဘုရား) ရုပ်နာမ်တို့ရဲ့ဖြစ်ခြင်း,ပျက်ခြင်းကို သုံးသပ်ဆင်ခြင် ထင်မြင်အောင် ပွားများရှုမြင်တတ်တဲ့ဉာဏ် ဟာ 'ဥဒယဗ္ဗယဉာဏ်' မည်ပါတယ်နော်။ ရှေကဟောပြော ပြဆိုခဲ့ပြီးတဲ့ နည်းများအရ သုံးသပ် ဆင်ခြင် ရှုမြင်ပွားများ ဘန်များလို့ သမ္မသနဉာဏ် ရင့်သန်ပြီး တိုးတက်ပွားများ အားထုတ်တဲ့အခါ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာပါတယ်။ နာမ်ရုပ်တို့သည် မဖြစ်ခင်က အဆင်သင့်ဖြစ်ဘို့ရာ စုဆောင်း သိမ်းဆည်းထားခြင်းလဲ မရှိ၊ ချုပ်ပျောက်တဲ့ အခါ အရုပ် တပါးသို့ ရောက်သွား၍ စုပုံနေတာလဲ မဟုတ်၊ စောင်းခွက် စောင်းကြိုးထဲမှာ တီးခြင်းအမျိုးမျိုးကိုစွဲပြီး၊ ရုတ်ခနဲ စောင်း သံပေါ်လာပြီးနောက် အတီးရပ်သည်နှင့် တပြိုင်နက် အသံ တိတ်ဆိတ်သွားသလို နာမ်ရုပ်တရားတို့ဟာ ဆိုင်ရာအကြောင်း ကြောင့် ရုတ်ခနဲ ဖြစ်ပြီးနောက် မကြာခင် ချုပ်ပျောက်ကြ ပါတယ်။ ဒါကြောင့် ဖြစ်နေတဲ့ ရုပ်, နာမ်ဟာ အဟောင်း မရှိ အသစ်ကြီးသာ ဖြစ်ကြပါတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒီလို အသစ်ကြီးသာ ဖြစ်ကြတဲ့ နာမ်, ရုပ်တရား တွေ ဟာ ဖြစ်ပြီးရင်အမှန်ပျက်ရအုံးမယ်နော်။ ဖြစ်ဒုက္ခ, ပျက်ဒုက္ခ, နှစ်ပါးသာရှိပါတယ်။ အဲ-ဒီလို သုံးသပ် ဆင်ခြင် ပွားများ စဉ်းစားပြီးတဲ့နောက် နာမ်ရုပ် တရားတွေကို အကြောင်း ပစ္စယနှင့် တွဲဘက်ပြီး ဆက်လက်ပွားများရှုမှတ်တဲ့ ပစ္စယသမ နုပဿနာနည်း။ ဥပါဒ်ခဏ၊ ဘင်ခဏနှင့် တွဲဘက်ပြီး နာမ်ရုပ်

တရားတွေကို အဖြစ်အပျက်နှင့် ဆက်လက်ပွားများ ရှုမှတ်တဲ့ ခဏသမ္မနုပဿနာဉာဏ်း၊ ဉာဏ်းနှစ်မျိုးရှိပါတယ်။ အဲ-ဒီနှစ်မျိုး နှစ်စားထဲမှာ နာမ်ရုပ် တရားတွေကို အကြောင်း ပစ္စယနှင့် တဲ့ဘက် ပွားများရှုမှတ်တဲ့ဉာဏ်းကို အဲ-ဒီလို မှတ်ရမယ်နော်။ ရုပ်တရားအကြောင်းရင်းကား၊ အဝိဇ္ဇာ,တဏှာ,ကံ,အာဟာရ အကြောင်းလေးပါး ဖြစ်ပါတယ်။ ဖြစ်စ, ပေါ်စ, ဥပါဒ်စ သခ်ၢတလက္ခဏာဟာ ငါ့ရုပ် ဖြစ်ခြင်းဆိုတဲ့ ဥဒယမည်ပါတယ်။ ဤသို့ အကြောင်း ပစ္စယ အားဖြင့် ဖြစ်ခြင်းဆိုတဲ့ ဥဒယ လေးပါး၊ ဥပါဒ်ခဏအားဖြင့် ဖြစ်ခြင်းဆိုတဲ့ ဥဒယတပါး ပေါင်းလိုက်တော့ ဥဒယလက္ခဏာ ငါးပါးဖြစ်ပါတယ်။ နောက်ပြီးတော့ ရုပ်တရားချုပ်ပျက်ရခြင်း အကြောင်းက အဝိဇ္ဇာ, တဏှာ,ကံ,အာဟာရ ဒါလေအကြောင်းလေးပါးဘဲ။ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရအကြောင်း လေးပါးတို့ ချုပ်ပျက်ခြင်း ကြောင့် ငါ့ရုပ် ခေါ်ဆိုတဲ့ ရူပကွန္ဓာ ချုပ်ပျက် ရတယ်။ ဖေါက်ပြန်ပျက်စီးရတယ်။ ချုပ်ပျက် ဖေါက်ပြန်ပျက်စီးခြင်း ဆိုတဲ့ သခ်ၢတလက္ခဏာဟာ ငါ့ရုပ်ပျက်ခြင်းဆိုတဲ့ ဝယလေးပါး မည်ပါတယ်။ အကြောင်းပစ္စယ အားဖြင့် ပျက်ခြင်း ဝယ လေးပါး၊ ဘင်ခဏအားဖြင့်ပျက်ခြင်း ဝယတပါး၊ ပေါင်း ပျက်ခြင်း ဝယလက္ခဏာ ငါးပါး ဖြစ်ပြန်တယ်။ အားလုံး ပေါင်းလိုက်တော့၊ ရူပကွန္ဓာမှာ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ ဥဒ ယဗ္ဗယဉာဏ်ဆယ်ပါး ဖြစ်ပါတယ်နော်။

(မှန်ပါဘုရား)

ထို့အတူဘဲ ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ၊ ဝိညာဏကွန္ဓာ တို့မှာလဲ ဖြစ်ခြင်းပျက်ခြင်းဆိုတဲ့ ဥဒယဗ္ဗယ

ဉာဏ်ဆယ်ပါးစီ ဖြစ်တယ်။ အထူးကတော့ ဝေဒနာ, သညာ သင်္ခါရဆိုတဲ့ စေတသိက်၊ နာမ်တရားတို့ရဲ့ ဖြစ်ခြင်းအကြောင်းက အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ, ဆိုတဲ့ အကြောင်း လေးပါး၊ ဝိညာဏကွန္ဓာ ဆိုတဲ့ စိတ်ဝိညာဉ် နာမ်တရားရဲ့ ဖြစ်ခြင်း အကြောင်းက အဝိဇ္ဇာ,တဏှာ,ကံ,နာမ်ရูပ် ဆိုတဲ့အကြောင်း လေးပါး၊ ခဏလဲ တပါးစီ အနည်းငယ်မျှ ပြောင်းလဲရသဖြင့် ခန္ဓာငါးပါးမှာ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ ဥဒယဗ္ဗယဉာဏ် ပေါင်းငါးဆယ်ရပါတယ်။ သေသေချာချာမှတ်သားထားပါနော်။ နာမ်ရูပ်တရားများဟာ ဒီအကြောင်းတို့ကြောင့်ဖြစ်ရပါတယ်။ ဒီအကြောင်းတွေမရှိရင် ရูပ်တရား, နာမ်တရားတွေလဲ မဖြစ်နိုင်ပါ။ မသိခြင်းဆိုတဲ့ အဝိဇ္ဇာတရားကြောင့် ရูပ်, နာမ်တို့ ဖြစ်ရပါတယ်။ အဝိဇ္ဇာကို အကြွင်းမဲ့ သတ်နိုင်ရင် ရูပ်နာမ်တို့ဖြစ်နိုင်တော့မှာမဟုတ်။ အဲ-ဒီလို အဘာန်ဘာန်ရှုဆင်ခြင်ပွားများတဲ့အခါ ဖြစ်မှု ပျက်မှု၊ ဥဒယဗ္ဗယ လက္ခဏာဟာ အလွန်ထင်ရှားလာမယ်၊ အလွန်အလွန်ထင်ရှားလာရင် ဥဒါဒ် ခဏ၊ ဘင်ခဏ အားဖြင့်လဲ ထင်ရှားလာတော့မယ်။ ခဏအားဖြင့် ထင်ရှားအောင် တမင်အား ထုတ်ဘွယ်မလိုတော့ဘူး။ ရေမှာတုတ်နှင့် ရေးခြစ်တဲ့အခါ ရှေ့ကခြစ် နောက်ကပျက်လိုက်သလို၊ နာမ်ရูပ်တရားများလဲ ဖြစ်ပြီးလျှင် ချက်ခြင်းပျက်ရတော့တယ်နော်၊ ရေအိုင်ဌ မိုးရွာလို့ ဥဖေါင်းပွက်ကလေးများ ဖြစ်ရာမှာ ဖြစ်ပြီးရင် ပျက်ရသလို၊ နောက်ပြီးတော့ နေထွက်သည်နှင့် တပြိုင်နက်၊ ဆီးနှင်းပေါက်တွေ့အရည်ပျော်ပြီး ပျောက်သလို အပ်နဖားကို ထွင်းတဲ့စူးဖျားပေါ်မှာ မုန်ညင်းစေ့ကိုတင်ရင် တင်ပြီးသည်နှင့် တပြိုင်နက် လိမ့်ကျသလို ရูပ်

နာမ်တရားတွေဟာ ခုဖြစ်ပြီးလျှင် ခုပျက်ရမှာ အမှန်ပါ တကားလို့ အဖြစ်အပျက်ကို ခဏအားဖြင့် ထင်ရှားအောင် ပြုတဲ့ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာပါတော့တယ်နော်။

(မှန်ပါဘုရား)

၃ါကြောင့် ...

တေဘူမက သင်္ခါရေသု၊ ပဿတော ဥဒယဗ္ဗယံ။

ဥဒယဗ္ဗယနာမံဉာဏံ၊ ဇာတံဒုတိယ ယောဂိနော။

ဘောဇ္ဈောသပ္ပုရိသာသံသရာဝဲဒုက္ခထဲမှ ခွါရှဲလိုကြောင်း အို-တရားနှာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ တေဘူမက သင်္ခါရေသု၊ ကာမ,ရူပ၊ အရူပဟု၊ ဘဝသုံ့ထပ် ဘုံသုံးရပ်၌ ပါဝင်ပေါ်ပြား သင်္ခါရတရားတို့၌။ ဥဒယဗ္ဗယံဖြစ်လျှင် ချက်ခြင်း၊ ပျက်ပုံအခင်းကို။ ပဿတော၊ တုတ်ခြစ်ရေးထက် မိုးရေပွက်နှင့်၊ အပ်ထက်မှန်ညင်း၊နေထွက်နှင်းသို့၊မယွင်းပုံပြု၊ အဖန်ဖန်ရှုလျက်နေသော။ ဒုတိယယောဂိနော၊ ဒုတိယအဆင့် ဉာဏ်ကုန်လွှင့်၍ အသင့်ကြိုးကုတ် ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်သော ပုဂ္ဂိုလ်၏ ဥဒယဗ္ဗယနာမံဉာဏံ၊ ဥဒယဗ္ဗယအမည် ရသော သင်္ခါရတွင်း ဉာဏ်ရောင်အလင်းသည်။ ဇာတံ၊ ဒုက္ခ ခပ်သိမ်း၊ ဝဋ္ဋဇာတ်ငြိမ်းဘို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍ လာပေတော့သတည်း။

(သာဓု-သာဓု-သာဓု)

ရှင်နာမ်တို့ရဲ့ အဖြစ်အပျက်ကို အကြောင်းနှင့် တွဲဘက်သုံးသပ်ဆင်ခြင် ထင်မြင်အောင် ရှုဖန်မျှားရင် ဥပါဒ်ခဏ၊ ဘင်ခဏအားဖြင့် အဖြစ်အပျက်တွေဟာ အလိုလို ထင်လာ

တော့တယ်နော်။ ဒီ အခါ အကြောင်းပစ္စယကို မစဉ်းစား မဆင်ခြင်တော့ဘဲ ဥပါဒ်ခဏ၊ ဘင်ခဏကိုဘဲ သတိထားပြီး ခဏသမုဒယသနာနည်းနှင့် ကြိုးစား ပွားများရင် အဖြစ် အပျက်တွေ အလွန်ထင်ရှားသည့်အတွက် စိတ်အားတက်ကြွ၍ စိတ်အလွန် ကြည်တဲ့အခါ ဥဒယဗ္ဗယဉာဏ် အဆုံးမသတ်ခင် လမ်းခုလပ်မှာ သြဘာသစတဲ့ ဝိပဿနုပက္ကိလေသ၊ ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်များနှင့် တွေ့ရတဲ့ အခါကျတော့ ဝိပဿနာအစဉ် ရပ်နေတော့တယ်နော်။

(မှန်ပါဘုရား)

* * *

ဝိပဿနာနုပက္ကိလေသ (၁၀) ပါး

(ဦးရသေ့ရေ...ဘုရား) သြဘာသဆိုတဲ့ ကိုယ်ရောင် ကိုယ်ဝါတွေ စိတ်ခေတ်ကြည်လင်မှုကြောင့် ကိုယ်မှုထွက်ဖြာလာတဲ့ အရောင် အဝါတို့ဟာ စိတ်အစွမ်းအားလျော့စွာ ဉာဏ်ထက်လျှင် ထက်သလို မိမိထိုင်နေရာ အနားမှာ ဖြစ်စေ၊ အချို့ကတော့ တခန်းလုံး တကျောင်းလုံးဖြစ်စေ၊ တတိုက်တာလုံး၊ တဂါဝုတ်၊ ၂-ဂါဝုတ် တယူဇနာ၊ ၂-ယူဇနာစသည်ဖြင့် စကြာဝဠာတခုလုံး လင်းအောင် ထွက်ဖြာကြပါတယ်။ ငါ့မှာ ရှေးက ဒီကိုယ်ရောင် ကိုယ်ဝါမျိုးမဖြစ်ဘူးပါ။ ဒီကိုယ်ရောင် ကိုယ်ဝါတွေကို ထွက်ဖြာစေနိုင်တဲ့စိတ်ဟာ မဂ်စိတ် ဖိုလ်စိတ်မျှားပင် ဖြစ်ရမယ်။ ငါ့မှာ ဧကန်တော့ မဂ်ရပြီ၊ ဖိုလ်ရပြီလို့ မှတ်ထင်ပြီး အားထုတ်ပွားများမြဲ ကမ္မဋ္ဌာန်းကို စွန့်လွှတ်ပြီး ဝိပဿနာလမ်းစဉ် လွှဲရှောလေတော့တယ်နော်။

အဲ-ဒီအခါကျတော့ နှစ်သက်ခြင်းဆိုတဲ့ ပီတိ ဖြစ်လာပါရော၊ ဝိပဿနာဉာဏ်နှင့်ယှဉ်တဲ့၊ ခုဒ္ဒိကာ၊ ခဏိကာစတဲ့ ပီတိငါးမျိုးလဲ ထိုက်သင့်သလိုဖြစ်ပေါ်ပါတယ်။ ဒီပီတိကိုယောဂီပုဂ္ဂိုလ်ဟာ အလွန်နှစ်သက် မွေ့လျော်တတ်ပါတယ်နော်။

နှစ်သက်ခြင်း ပီတိဖြစ်ပြီးရင် ကိုယ်စိတ်နှစ်ပါးလုံးပင် ငြိမ်ငြိမ်းချမ်းခြင်းဆိုတဲ့ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိလဲ ဖြစ်တော့တယ်နော်၊ ယောဂီပုဂ္ဂိုလ်ဟာ ပဿဒ္ဓိသာ မကဘဲ၊လဟုတာ၊ မုဒုတာ၊ ကမ္မညတာ စတဲ့စေတသိက်များလဲ ထူးထူးခြားခြားဖြစ်ပေါ်လာကြပြီး လွန်စွာငြိမ်းချမ်းသဖြင့် စဲ့လမ်းမွေ့လျော်ရှင်ပျော်လေတော့တယ်နော်။

ပဿဒ္ဓိဖြစ်ပြီးလျှင် ကမ္မဋ္ဌာန်းအာရုံမှာ စူးစိုက်စွာ သက်ဝင်ယုံကြည်ဆုံးဖြတ်တတ်တဲ့ သဒ္ဓါစေတသိက်ဆိုတဲ့သဒ္ဓါတရားလဲ ဖြစ်ပေါ်လာပါဘော့တယ်နော်။ သဒ္ဓါမှာ ယုံကြည်ကာမတ္တမဟုတ် စူးစိုက်သက်ဝင်တတ် ဆုံးဖြတ်တတ်လို့ သဒ္ဓါကိုဘဲ အဓိမောက္ခလို့ ဆိုပါတယ်။ အဓိမောက္ခစေတသိက် မမှတ်နှင့်နော်။

အဓိမောက္ခဖြစ်ပြီးရင်ဝိပဿနာစိတ်ကို နောက်မဆုတ်နိုင်အောင် အားပေးချီးမြှောက် ထောက်ပံ့တတ်တဲ့ပဂ္ဂဟခေါ်တဲ့ ဝီရိယလဲ ဖြစ်ပေါ်လာပါတယ်နော်။

ပဂ္ဂဟဖြစ်ပြီးရင် ဆိတိဝါဂ်မ်းလို ယောဂီပုဂ္ဂိုလ် တကိုယ်လုံးမှာ မွန်မြတ်တဲ့ စိတ္တဇရူပ်တွေကို ပံ့ပိုးထုံမွမ်း စေတတ်တဲ့ သုခဝေဒနာလဲ ဖြစ်ပေါ်လာပါတယ်နော်။

သုခဝေဒနာဖြစ်ပြီးရင် ဝဇီရစိန်လက်နက်၊ မိုးကြိုးစက်သို့လို သွက်လက်လျင်မြန် အမြင်သန်တဲ့ ဝိပဿနာဉာဏ်လဲ

ဖြစ်ပေါ်လာပါတယ်နော်၊ ထိုဝိပဿနာဉာဏ်ကြောင့် သင်္ခါရတွေကို ရှုလိုက်တိုင်း ရှုလိုက်တိုင်း၊ ရူပ်နာမ်တို့ရဲ့ အဖြစ်အပျက်တွေ ကွက်ကွက် ကွင်းကွင်း ရှင်းရှင်း လင်းလင်း သိမြင်ထင်ရှားလာတော့တယ်နော်။

ဉာဏ်ဖြစ်ပြီးရင် မြင့်မိုရ်တောင်မင်းကြီးပမာ ကမ္မဋ္ဌာန်းအာရုံမှာ စဲမြဲစွာတည်တံ့တဲ့ ဥပဋ္ဌာနခေါ်တဲ့ သတိလဲ ဖြစ်ပေါ်လာပါတယ်နော်။

ဥပဋ္ဌာနဆိုတဲ့ သတ်ဖြစ်ပြီးရင် ဝိပဿနုပေက္ခာ အဝိဇ္ဇာနုပေက္ခာဆိုတဲ့ ဥပေက္ခာမျိုးလဲ ဖြစ်ပေါ်လာပါရောနော်။ ဖြစ်မှု ပျက်မှု အလွန်ထင်ရှားနေရင် အဖြစ်အပျက်တွေကို ရှုဘို့ရန် ဗျာပါဒ မမျှားရတော့ဘဲ အသင့်အားဖြင့်ရှုနိုင်တဲ့ ဝိပဿနာဉာဏ်နှင့်ယှဉ်တဲ့ တတြမဇ္ဈတ္တုပေက္ခာဟာ ဝိပဿနာ နုပေက္ခာမည်ပါတယ်။ ဖြစ်မှု,ပျက်မှုကို ဆင်ခြင်တဲ့အခါ အလွန်လျင်မြန်စွာ ဆင်ခြင်နိုင်တဲ့ အာဝဇ္ဇန်းနှင့် ယှဉ်တဲ့စေတနာကို အာဝဇ္ဇနုပေက္ခာလို့ ခေါ်ပါတယ်နော်။ ပိတိကစပြီး ဒီဥပေက္ခာအထိ တရားတွေဟာ ဝိပဿနာဉာဏ်ရဲ့ ယှဉ်ဘက်စေတသိက်မျှားဖြစ်ပါတယ်။

ဥပေက္ခာဖြစ်ပြီးရင် နိကန္တိ (သိမ်မွေ့တဲ့တဏှာ) ဩဘာသစသည်တို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်ထားသလို ဖြစ်နေတဲ့ ဝိပဿနာဉာဏ်ကို သာယာနှစ်သက်တတ်တဲ့ တဏှာဟာ နိကန္တိမည်ပါတယ်။ယောဂီပုဂ္ဂိုလ်က တဏှာမှန်းမသိဘူးနော်။ ဝိပဿနာမှာ မေ့လျော့မှုဆိုတဲ့ ဝိပဿနာရတိလို့သာ ယောဂီပုဂ္ဂိုလ်က မှတ်ထင်နေပါတယ်နော်။ ပိတိပဿဒ္ဓိ အဓိမောက္ခစသည်တို့ဖြစ်တဲ့အခါလဲ ငါ့မှာရှေးက ပိတိမျိုးတွေ မဖြစ်ခဲ့ပါ

ဘူး၊ ခုတော့ ဒီပိတိမျိုးကို ဖြစ်စေနိုင်တဲ့စိတ်ဟာ မဂ်စိတ် ဖိုလ်စိတ်ပင်,ဖြစ်မှာဘဲ၊ ငါမဂ် ရပြီ ဖိုလ် ရပြီ လို့ မှတ် ထင်ပြီး ဝိပဿနာလမ်းလဲရှာလေတော့တယ်နော်။

(မှန်ပါဘုရား)

ဆိုခဲ့ပြီးတဲ့ သြဘာသ ပိတိ,စသည့် (၁၀) ပါးတို့ဟာ ဝိပဿနာဥာဏ်ရဲ့ ညစ်နွမ်းကြောင်းဖြစ်တဲ့ ဘေးရန်အန္တရာယ် မျှားဖြစ်ပါတယ်။ သြ ဘာ သ ပိ တိ စ တဲ့ ရှေ (၉)ပါးဟာ အကုသိုလ်မဟုတ်ဘဲ ဘေးရန်မျှားလည်း မဟုတ်ဘူးနော်။ နိုဝဏ်တို့ တခုသာဘေးရန်အစစ်ဖြစ်ပါတယ်။သို့သော် သြဘာသ ပိတိ စသည်တို့ ဟာ ဖြစ်ပေါ်လာဘဲ့အခါ ပရိယတ်မျှားဌ် မကျမ်းကျင်တဲ့အချို့ယောဂိပုဂ္ဂိုလ်မှာ ငါ့မှာ ရှေအခါတုံးက ဒီ ကိုယ်ရောင် ကိုယ်ဝါမျိုးတို့ မထွက်ပေါ်လာဘူးပါ၊ ကိုယ် ရောင် ကိုယ်ဝါမျိုးကို ဖြစ်စေနိုင်တဲ့စိတ်ဟာ ကေဠာတော့ မဂ် စိတ် ဖိုလ်စိတ်ဘဲဖြစ်ပါလိမ့်မည်။ အမှန်တော့ ငါ့ဟာ မဂ်ဖိုလ် အမှန်တရားတော့ရပြီ၊ ဘာ့ကြောင့်လဲဆိုတော့ ငါ့မှာ ရှေးက ဤကဲ့သို့ ပိတိပဿဒ္ဓိတရားမျိုးတွေ့တခါမှမဖြစ်ဘူးပါ၊ခုတော့ ငါ့မှာမဂ်ဖိုလ်ကိုမရလို့ ဒီတရားမျိုးတွေ့ဖြစ်ပေါ်လာရုပါတယ်။ သည့်အတွက်ကြောင့် စင်စစ်တော့ ငါ့မှာ မဂ်ဖိုလ်ကို ရပါပြီ၊ ဒီလိုအထင်ကြီးပြီး ဝိပဿနာလမ်းလဲတဲ့ သြဘာသ,ပိတိပဿဒ္ဓိ စတဲ့တရားတွေကို စဲ့လမ်းသာယာမှု(တဏှာ) အလွန်နှစ်သက် ဘွယ်ကောင်းပေသည်ဟု မှတ်ထင်တတ်တဲ့ အထင်ကြီးမှု(မာန) သြ ဘာ သ, ပိ တိ စသည်တရားတွေဟာ ငါ့မှာဖြစ်ပြီ ရပြီဟု အထင်အမြင်မှားပြီး စဲ့လန်းတဲ့ ဒိဋ္ဌိတွေဖြစ်ကြပါတော့တယ်။ ထိုဘဏှာ,မာန,ဒိဋ္ဌိ,တို့ဟာ ဝိပဿနာကို ညစ်နွမ်းစေတတ်တဲ့

ဘေးရန် အန္တရာယ် အစစ်တွေ့ဘဲနော်။ ပရိယတ်မှာဖြစ်စေ ကမ္မဋ္ဌာန်း အစဉ်မှာဖြစ်စေ ကျမ်းကျင်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ တဏှာ, မာန, ဒိဋ္ဌိ, တို့၏ တည်ရာဖြစ်တဲ့ ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်တဲ့ ဘေးရန်အန္တရာယ်ဖြစ်ကြတဲ့ သြဘာသာ, ပီတိ အစရှိတဲ့ တရားတွေကို သာယာနှစ်သက် စွဲလမ်းနေမှုဟာ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန်မဟုတ်၊အမဂ္ဂဘဲ။ သြဘာသပီတိ စသည်ကို ဂရုမစိုက်ဘဲ အစဉ်အတိုင်း ဆက်လက်ပြီး တိုးတက်အားထုတ်မြဲ ဝိပဿနာသာလျှင် မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန် မဂ္ဂအစစ်ဖြစ်ပါတယ်။အဲ-ဒီလိုလမ်းမှား လမ်းမှန်ကို ပိုင်းခြားသတ်မှတ်နိုင်တတ်တဲ့ ဉာဏ်ဖြစ်ပေါ်လာပါတယ်။ ဒီဉာဏ်ဟာ သာမန် သီရုံမျှမဟုတ် မဂ္ဂ၊ အမဂ္ဂကို မျက်စိဖြင့်ကြည့်ရသလို သိမြင်တတ်လို့ ဒဿနလဲမည်ပါတယ်။ ဝိပဿနုပက္ကိလေသတို့မှ စင်ကြယ်လို့ ဝိသုဒ္ဓိလဲ မည်ပါတယ်။ ဒါကြောင့်မို့ ဝိပဿနာ ဘေးရန် အန္တရာယ်များကို အမှန်အတိုင်းသိမ်းဆည်းပြီး လမ်းမှန်လမ်းမှားကို ပိုင်းခြားသတ်နိုင်တဲ့ဉာဏ်ကို မဂ္ဂါ၊ မဂ္ဂ၊ဉာဏဒဿန၊ဝိသုဒ္ဓိခေါ်ပါတယ်။ ဤမျှလောက်သော ဝိပဿနာအစဉ်ဟာ ဥဒယဗ္ဗယဉာဏ်၊ အဆုံးမသတ်ဘဲနှင့် သြဘာသ, ပီတိစသည်တို့ နှောက်ယှက်မှုကြောင့် အဆုံးမသတ်မီ လမ်းခုလပ်မှာ ဝိပဿနာအစဉ် ရပ်နေတတ်တယ်နော်။ ဒါကြောင့် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ရှေပိုင်းကို မဂ္ဂါ၊ မဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနယ်ဘဲမှတ်ပါ။ မဂ္ဂါ၊ မဂ္ဂ၊ ဉာဏဒဿန ဝိသုဒ္ဓိစခန်းထဲမှာ ဥမ္မသနဉာဏ် လေးမျိုးနှင့် ဥဒယဗ္ဗယဉာဏ် လေးမျိုး ပါဝင်နေတဲ့အတွက် ဝိသုဒ္ဓိနယ်အတွင်းမှာ ဉာဏ်မျက်စိများ မလည်ရအောင် ဆရာဘုရားက

ဥာဏ်စခန်းတွေ သွင်းထားပြီး ဟောကြားပေးရခြင်း ဖြစ်ပါတယ်။

(မှန်ပါဘုရာ။)

* * *

ဥဒယဗ္ဗယဥာဏ်နှင့် ပဋိပဒါဥာဏဒဿနဝိသုद္ဓိ

(ဦးရသေ့ရေ....ဘုရား)သမ္မသနဥာဏ်လေးမျိုး၊ ဥဒယဗ္ဗယဥာဏ်နှစ်မျိုးနှင့် တဲ့ပြီး ဟောကြားခဲ့တဲ့ မဂ္ဂါ၊ မဂ္ဂဥာဏ ဒဿနဝိသုဒ္ဓိဖြင့် ဝိပဿနာ စိတ်အစဉ်ကို နှောင်ဖွဲ့ဖျက်ဆီးတတ်တဲ့ ဝိပဿနုပက္ကိလေသဆိုတဲ့ ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန် (၁၀)ပါးကကင်းလွတ်ခဲ့ပြီးတဲ့ ယောဂိပုဂ္ဂိုလ်ဟာ ဥဒယဗ္ဗယဥာဏ်ကစပြီး အနုလောမဥာဏ်အထိ အစဉ်အတိုင်း တိုးတက်အဆက်ဆက် အားထုတ်ရင် ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိဖြစ်တယ်နော်။ ပဋိပဒါဥာဏဒဿန ဝိသုဒ္ဓိအစဟာ ဥဒယဗ္ဗယဥာဏ်၊ အဆုံးကတော့ အနုလောမဥာဏ်။ မဂ္ဂါ၊ မဂ္ဂ၊ ဥာဏဒဿန ဝိသုဒ္ဓိဖြစ်တုံးက ဥဒယဗ္ဗယဥာဏ်ဖြစ်ခဲ့သော်လဲ အပြီးမယတ်လမ်းခုလပ်မှာ ဝိပဿနုပက္ကိလေသ ဘေးရန်တို့ နှောက်ယှက်ခြင်းကြောင့် လက္ခဏာရေးသုံးပါး ကောင်းကောင်း မထင်ရှားမသန့်ရှင်းခဲ့သေးဘူး။ ဒါကြောင့် ဥပက္ကိလေသ ဘေးရန်လွတ်ကင်းပြီး လက္ခဏာရေးသုံးပါးထင်ရှားအောင် ဥဒယဗ္ဗယဥာဏ်ကို တဖန်အားထုတ်ရပြန်ပါတယ်နော်။ ဥဒယဗ္ဗယဥာဏ်ကစပြီး ဘင်္ဂဥာဏ်, ဘယဥာဏ်, အာဒီနဝဥာဏ် စတဲ့ ဥာဏ်စဉ်

အတိုင်း အနုလောမညာဏ် ရောက်တဲ့အခါကျမှ ပဋိပဒါညာဏ ဒဿန ဝိသုဒ္ဓိနယ်ဆုံးပါတယ်နော်။ အဲ-ဒါကြောင့် မဂ်ဖိုလ် ရောက်ကြောင်း အကျင့်ဖြစ်လို့ ပဋိပဒါလို့ ခေါ်ပါတယ်။ တေဘူမကသင်္ခါရတွေကို အနိစ္စ, ဒုက္ခ, အနတ္တလို့ သိတတ်လို့ ဉာဏခေါ်ပါတယ်။ သာမန်အသိမျိုးမဟုတ်, မျက်စိဖြင့်မြင်ရသလို သိမြင်တတ်လို့ ဒဿနခေါ်ပါတယ်။ ဆန့်ကျင်ဘက် ကိလေသာတွေ ဝေးသည်ထက် ဝေးကွာပြီး စင်ကြယ်လို့ ဝိသုဒ္ဓိခေါ်ပါတယ်။ လိုရင်း အချုပ်တော့ မဂ်ဖိုလ် ရောက်ကြောင်း အကျင့်စင်ကြယ်တဲ့ ဉာဏ်အမြင်ကို ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိလို့ ခေါ်ပါတယ်နော်။

(မှန်ပါဘုရား)

* * *

ဘင်ဉာဏ်

(ဦးရသေ့ဇရ...ဘုရား) ဥဒယဗ္ဗယညာဏ်နှင့် ရူပ်နာမ် အဖြစ် အပျက် ၂-မျိုးလုံးကို ထင်ရှားအောင်ရှုလို့ အလွန်ထင်နေတဲ့ အခါ အဖြစ် အပျက် တွေက အလွန် လျင်မြန်တယ် နော်။ အဖြစ်ကိုအာရုံမပြုမိ၊ မရှုမိတော့ဘဲ၊ အပျက်ကိုချည်းမြင်တော့ တယ်။ ဥပမာ-ဘယ်လိုလဲဆိုတော့၊ ရေအိုင်ထဲမိုးရွာလို့ ရေဥ ဖေါင်း ပွက်ကလေးများကို ကြည့်ရှုရာမှာ ဖြစ်ပြီးသည်နှင့် တပြိုင်နက် အပျက်က အလွန်လျင်မြန် လွန်းဘော့ အဖြစ်ကို မမြင်လိုက်ရဘဲ၊ အပျက်ကိုဘဲ မြင်ရတော့သလိုပါဘဲ၊ ပစ္စုပ္ပန် ရူပ်နာမ်များရဲ့ အပျက် ဘင်ကို ကျကျ-နန ရှုနိုင်တဲ့အခါ အတိတ် အနာဂတ် ရူပ်နာမ်များကို မှန်းဆပြီး အာရုံပြုလိုက်

ရင်အပျက်ဘင်္ဂကိုဘဲ အာရုံပြုမိလျက်သားဖြစ်နေတော့တယ်။ သင်္ခါရတဲခုခုရဲ့ဘင်ကို အာရုံပြုတဲ့ ဘင်္ဂဉာဏ်ရဲ့ နောက်ထပ်ဆက်ပြီး ဉာဏ်တခုက အာရုံပြုနိုင်တဲ့အခါ ဘင်္ဂဉာဏ် အထွဋ် အထိပ် ရောက်ပြီလို့မှတ်ပါနော်။

အဲ-ဒါကြောင့်....

သင်္ခါရာမေ ပဋ္ဌဋ္ဌံဝ ဘိဇ္ဇရေ ဘိဇ္ဇရေ ခဏံ၊
ပဿတော့ဝံဘင်္ဂဉာဏံ ဇာတံ တတိယယောဂိနော။

ဘောဇ္ဇော၊ သပ္ပုရိသာ၊ ကုံခဲ့, ကြားခဲ့, သည်တရားပွဲမှာ အားခဲ့၍ နားစဲ့အောင် ကြားနာကြကုန်သော အို-တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဤမေသင်္ခါရာ၊ ဤရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့သည်။ ပဋ္ဌဋ္ဌ ဝ၊ ရေအိုင်အထက်မိုးရေပွက်တို့ အပျက်လျင်မြန် ပုံဟန် အတူသာလျှင်။ ခဏံ၊ ရုတ်တရက်မျှ တခဏခြင်း။ ဘိဇ္ဇရေ ဘိဇ္ဇရေ၊ အဆက်မပြတ် တပျက်တည်း ပျက်တတ်ကုန်စ့တကား။ ဝံပဿတော၊ ဤကဲ့သို့လျှင် အပျက်မြင်အောင် ဆင်ခြင် ပွားများလျက်နေသော။ တတိယယောဂိနော၊ တတိယအဆင့် ဉာဏ်ကုန်လွှင့်၍ အသင့်ကြိုကုတ် ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်သော ပုဂ္ဂိုလ်၏။ ဘင်္ဂဉာဏံ၊အဖြစ်တော့ပျောက် အပျက်လောက်မျှ မျက်မှောက်မြင်ဟန်၊ ဘင်္ဂဉာဏ်သည်။ ဇာတံ၊ ဒုက္ခ ခပ်သိမ်း ကင်းလွတ်ငြိမ်းဘို့ကိန်းအားလျော်စွာဖြစ်ပေါ်၍လာပေတော့သတည်း။

(သာခု-သာခု-သာခု)

* * *

ဘယဉာဏ်

(ဦးရသေ့ရေ....ဘုရား) အသက်ရှည်ကြာ ချမ်းသာကို လိုလား ဘေးဘယာကို မျှားစွာကြောက်တတ်သူဟာ၊ ခြင်သေ့, သစ်, ကျား, သားရဲ မျှားတဲ့ တောအရပ်ကိုမြင်လျှင် ကြောက်စရာအရပ်လို့ ထင်မှတ်သလို၊ ဘဂ်ဉာဏ်ဖြင့် ရူပ် နာမ် တို့၏ အပျက်တွေကို မြင်ပြီးတဲ့သူဟာ ရူပ်နာမ်တွေဟာ ရှေးရှေး ဘဝက ပျက်ခဲ့လှလေပြီ၊ ယခုဘဝလဲ နှမ်းအိုးခင်းမှာ မီးနှင့် လှော်တဲ့ နှမ်းစေ့တွေ ကျခါနီး၊ တဖျစ်ဖျစ်နေသလို တပျက်ထဲ ပျက်လျက်ပင် နောက်နောက် ကာလ၊ နောက် ဘဝမှာလဲ (သည် ပုတ်ထဲက, သည်ပဲဆိုသလို)ကေန် ပျက်ရအုံးမယ်။ ရူပ်နာမ်တွေဟာ ကြောက်စရာတွေပါတကား လို့ ထင်မြင်တဲ့ ဘယဉာဏ်ဖြစ်ပေါ်ပါတယ်နော်။

အဲ-ဒါကြောင့်....

နိုရဒ္ဓါတိတသင်္ခါရာ ပစ္စုပ္ပန္နာစ ဘိဇ္ဇရေ၊
အနာဂတာ ဘိဇ္ဇိယန္တိ သဗ္ဗေပိ ဘာဝယိဘဝ္ဘကာ။

ဘောန္ဓေ၊ သပ္ပုရိသာ၊ သံသရာဝဋ်၊ တဏှာညွှတ်မှ ကင်းလွတ်ဘို့ရာ ကျင့်သမ္မာဂို့ ရှာကြပေကြား၊ အို-တရားနှာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ အတိတသင်္ခါရာ၊ အတိတ်ဘဝ ရှေးကာလဟို့ ဖြစ်ကြ အမျှား သင်္ခါရ တရားတို့သည်။ နိုရဒ္ဓါ၊ ငါ၏ သတ္တာန် အဘန်ဘန်ဖြင့် မှန်မှန်ပျက်ပြုန်း ကုန်ဆုံးကြလေကုန်ပြီ။ ပစ္စုပ္ပန္နာစ၊ ယခုလက်ငင်း ပက်ပင်းတွေ့ကို့ အဖုံဖုံပွား၊ သင်္ခါရတရားတို့သည်လည်း။ ဘိဇ္ဇရေ၊ နှမ်းအိုးခင်းထက် နှမ်းတွေကျက်သို့ ရုတ်တရက်အနေ ချုပ်ပျက်ကြ

လေကုန်၏။ အနဂတာ၊ နောက်နောင်ဘဝ နောက်ကာလ၌ ဖြစ်ကြရန်သင့် အဆင့်ဆင့်ပွားသော သင်္ခါရ တရားတို့သည်။ ဘိုဇီဿန္တိ၊ သည်ပုတ်ထဲက သည်ပဲအနေ ချုပ်ပျက်ရလေကုန်လတ္တံ့။ သဗ္ဗေပိ၊ ယခုရှေ့နောက် ငါ့ထံရောက်လျက် ချုပ်ပျောက်ပျက်ပြုန်း၊ ရုပ်နာမ် အားလုံးတို့သည်ပင်။ ဘာယိတဗ္ဗကာ! ကြောက်ဘွယ်ခမန်း ဘေးဘေးတို့ချည်းပါကုန်တကား။

(သာဓု-သာဓု-သာဓု)

ဘယညာဏ် ကြောက်ပုံကိုဒီလိုမှတ်ရမယ်၊ ဘယညာဏ်က ကြောက်သလား ဘယညာဏ်ဖြစ်တဲ့ ယောဂီပုဂ္ဂိုလ်က ကြောက်သလားလို့ မေးဘွယ်ရှိပါတယ်နော်။ အဖြေကတော့ ကြောက်တတ်တဲ့ သဘောဟာ ဒေါသဇောသာ ဖြစ်ပါတယ်။ ဒါကြောင့် မဟာကုသိုလ်မှာ ယှဉ်တဲ့ ဘယညာဏ်ဟာ မကြောက်ပါဘူး၊ ယောဂီပုဂ္ဂိုလ်ကလဲ မကြောက်ပါဘူး၊ သို့သော်လဲ တဘူမကသင်္ခါရတရားတွေကို ကြောက်ဘွယ် ကောင်းသော တရားတွေပါတာကားလို့ ရှုတတ်လို့ ဘယညာဏ်ဆိုလိုပါတယ်နော်။ ဥပမာ-ကလေးမိုက် တယောက်ဟာ ကလေးချင်း အပေါ်မှာ အတော်ရုက်စက်ပြီး ပုတ်ခတ်ညှင်းဆဲတယ်၊ ဒါနဲ့ဘဲ ကစားဘော် ကစားဘက် ကလေးတွေ ဒုက္ခရောက်ပြီး စိတ်ဆင်းရဲနေရတယ်။ အဲ-ဒီကလေးမိုက်ကို လူကြီးတွေကမြင်တော့ မကြောက်၊ သို့သော် ကြောက်စရာကောင်းတဲ့ အကောင် ကလေးဘဲလို့ ထင်မှတ်သလိုပါဘဲနော်။

(မှန်ပါဘုရား)

ရုပ်နာမ်သင်္ခါရတွေကို ကြောက်မက်ဘွယ် ဘေးကြီးပါတကားလို့ ဘယညာဏ် ပေါ်လာတဲ့အခါ ရုပ် နာမ် သင်္ခါရ

ဘေ့ရဲ့အပြစ်ကို မြင်တဲ့ အာဒီနဝဉာဏ်လဲ ပေါ်လာတော့မယ်။ အပြစ်မြင်မိရင် မပျော်ရှင်နိုင်တော့ဘဲ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ် ဆက်လက်ဖြစ်ပေါ်လာတော့မယ်နော်၊ (ဘယဉာဏ်) (အာဒီနဝဉာဏ်) (နိဗ္ဗိဒါဉာဏ်) သုံးပါးတို့ဟာ ဖြစ်ခါစမှာ ရှုမြင်ပုံ ကွဲပြားအုံးတော့လဲ အသားကျတဲ့အခါ ဉာဏ်တခုတည်း၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါဆိုတဲ့ နာမည်သုံးမျိုးကွဲပြားရတာကိုသိနိုင်ပါတယ်။ ထိုကဲ့သို့ ငြီးငွေ့လာရင် (ပိုက်ကွန်မှာ မိတဲ့ငါးဟာ ပိုက်ကွန်က လွတ်ထွက်ချင်သလို) ထိုသင်္ခါရတို့မှ လွတ်မြောက်လိုတဲ့ မုစ္စိတုကမ္ယတာဉာဏ်လဲ ဖြစ်ပေါ်လာတော့တယ်နော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့်....

ဘယတောပဋ္ဌာနေ နေဝ အာဒီနဝံ စဇာနတော၊
နိဗ္ဗိန္ဒတော သင်္ခါရေသုဇာတာ မုစ္စိတုကမ္ယတာ။

ဘောန္တေ၊ သပ္ပုရိသာ၊ သံသရာဝန်၊ တဏှာညွှန်ကို ပယ်သွန်ဘုံရာ ကျင့်သမ္မာကို ရှာကြပေကြား အို-တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့။ သင်္ခါရေသု၊ ရူပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၌။ ဘယတောပဋ္ဌာနေ နေဝ၊ ကြောက်ဘွယ်ခမန်း၊ဘေးဘျန်းဟုစေ့ ဉုဆင်ခြင်ထင်မြင်နေခြင်းကြောင့်သာလျှင်။ အာဒီနဝံ၊ ပြောရှိမကုန်ဖြစ်မျိုးစုံကို။ဇာနတော၊ သိမြင်သောဉာဏ်၊ ထက်သန်သူလည်း ဖြစ်ပေထသော။ နိဗ္ဗိန္ဒတော၊ ငြီးငွေ့သောဉာဏ် ထက်သန်သူလည်း ဖြစ်ပေထသော။ ယောဂီနော၊ ငါးကြိမ်, ခြောက်ကြိမ်, ဉာဏ်ဝရဇိန်ဖြင့် အရှိန်ထက်မြက် ဆက်လက်အားထုတ်သော ပုဂ္ဂိုလ်၏။ မုစ္စိတုကမ္ယတာ၊

သခ်ၤါရုစက် သံသာဗဒုက်မ္ပ လုတ်ထုက်လိုဟန် ထက်မြက်သော ဥာဏ်သည်။ ဇာတာ၊ ဒုက္ခခပ်သိမ်း ကင်းလုတ်ငြိမ်းဘို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍လာပေတော့သတည်း။

* * *

အာဒီနဝဥာဏ်

(ဦးရသေ့ရေ....ဘုရား) ခပ်သိမ်းဥဿုံ အလုံးစုံ ပျက်ပြားနေတဲ့ တောဘုမက သခ်ၤါရတရားတွေကို သေမင်းဘေးကြီးပမာ လွန်စွာ ကြောက်မက်ဘွယ်ကောင်းတဲ့ တရားတွေပါတကားလို့ ရှုသတ်တာကို ဘယဥာဏ်ခေါ်ပါတယ်နော်။ အဲ-ဒီဘယဥာဏ် ထက်သန်လာတဲ့အခါ သက်ရှည် ချမ်းသာ အနာဂင်းလို့ ဘေးကိုကြောက်သူဟာ သားရဲနေတဲ့ရှိ၊ ကျားခိုတဲ့တောင် ခေါင်း၊ မီကျောင်းရဲတဲ့ရေ၊ ဓားပြနေတဲ့ တောတောင်၊ မီးလောင်တဲ့အိမ်၊ရှယ်ချိန်လွတ်ပစ်၊ခုတ်ထစ်တိုက်ခိုက်ဆဲဖြစ်တဲ့ စစ်မြေပြင်ကိုရောက်လို့ ကြောက်ရွံ့လန့်ထိတ်၊စိတ်မပျော်ရှင်၊ ထက်ဝန်းကျင်အပြစ် အာဒီနဝကို မြင်သလို၊ ခပ်သိမ်းဥဿုံ ဘဝအလုံးစုံတို့မှာ ကိုးစားရာရှာကြံမရ၊ လောကကြီးကိုလဲ မီးခဲတွင်း မီးခဲစုဟန်၊ လေးတန်သော ဓာတ်လေးဖြာကို အဆိပ်လျင်တဲ့မြွေ။ ငါးထွေသော ခန္ဓာကို သန်လျှက်ချိမတဲ့ သူသတ်ယောကျ်ား၊ အစ္စတ္ဘိကာကယတန်၊ ခြောက်ပါးကို ရှာပျက်ပမာ၊ ဗဟိရာယတန်၊ ခြောက်ပါးကို ခိုးသူခဲ့ပြကြီးလို့ အပြစ်ကြီးစွာထင်နေတဲ့ အာဒီနဝဥာဏ် ပေါ်လာတယ်နော်။

(မှန်ပါဘုရား)

* * *

နိဗ္ဗိဒါဥာဏ်

(ဦးရသေ့ရေ....ဘုရား) အာဒီနဝဥာဏ် ထက်သန်လာရင် အ နော တတ် အိုင် ၏ အနောက်မျက်နှာ ရတနာခုနစ်ပါးဖြင့် ပြီးတဲ့ စိတ္တာကုဋ္ဌေတောင်ခြေ၊ ကြာတောမှာ ရှင်မောပျော်မှု နေတဲ့ ရှေဟာသ်ဟာ ဒုန်းစက္ကာ ရှာအထွက် ဧတ်စုံတဲ့ ရုံအိုင် ဗွက်မှာ မနှစ်သက် မပျော်မွေ့နိုင်သလို၊ ယူဇနာသုံးထောင် ဟေဝန်ချောင်နှင့် တောတောင်အကြေ့မှာ ပျော်မွေ့နေကြ ဖြစ်တဲ့ မိဂရာဇာကသရာ ခြသေ့မင်းဟာ လူ့ရာဝင်း ခြုံ အတွင်း ပျော်စံမမ္ဘေ၊ ငြိုးငွေ့သလို၊ နောက်ပြီးကော့ ဆဒ္ဒန် အိုင် အနားမှာ ပျော်ပါးနေကြဖြစ်တဲ့ ဆင်ဖြူဆန္ဒန်၊ ကောင်း ကင်ပျံဟာ နိုင်ငံမြို့တွင်းမှာ အလျှင်းပင် မပျော်မွေ့သလိုဘဲ ဘုံဘဝ ရုပ်နာမ်သင်္ခါရတို့ အပြစ် အာဒီနဝကို မြင်ပြီးတဲ့ယောဂီ ပုဂ္ဂိုလ်ဟာ နာမ်ရုပ်ခမ္မ၊ သင်္ခါရတို့မှာ ပျော်ပိုက်နှစ်ခြိုက်မှု မဖြစ်နိုင်ဘဲ ညည်းမှိုင်နွမ်းချိ၊ ပျင်းရိငြီးငွေ့ခြင်း နိဗ္ဗိဒါဥာဏ် ဖြစ် ပေါ်ပေါက်လာတယ်နော်။

(မှန်ပါဘုရား)

* * *

မုဒိတုကမျတာဥာဏ်

(ဦးရသေ့ရေ....ဘုရား) နိဗ္ဗိဒါဥာဏ် ရင့်သန်ထက်မြက်လာ ရင် မြေမိတဲ့ ဘားအ ကောင်၊ ချိုင့်လျှောင် တဲ့ တော ကြက်၊ အလမ္ဘာယ်လက်ထဲရောက်တဲ့မြေ၊ ကျောက်ဂွင်းမီးလေတဲ့ သမင်၊ ဂဠုန်လက်တွင်း၊ နဂါး၊ ကြောင်ဘားလက်က ကြွက်သူငယ်၊ နက်ကျယ်တဲ့ ညွှန်ပြောင်းထဲ ကျတဲ့ဆင်အို၊ ရာဟုမျိုတဲ့ လ

ဗိမာန်၊ ရန်သူဝိုင်းခံရတဲ့ယောကျ်ားစသည်တို့ လွတ်မြောက်ချင်ကြသလို တစုံတရာသော သခ်ၸါရမှာ ပျော်ပါးခြင်းမရှိ၊ ဖွဲ့စပ်တပ်စွမ်းခြင်းမရှိ၊ လွန်စွာထန်ပြင်း၊ လွတ်ကင်းထွက်မြောက်လိုတဲ့ မုဒ္ဓိတုကမျှတာ ဥာဏ် ပေါ် ပေါက် လာ လေ တော့ တယ်နော်။

(မှန်ပါဘုရား)

* * *

ပဋိသခ်ၸါဥာဏ်

(ဦးရသေ့ရေ....ဘုရား) သခ်ၸါရတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး၊ တဖန် ထပ်မံရှုရတဲ့ ဥာဏ်ဟာ ပဋိသခ်ၸါဥာဏ်မည်ပါတယ်။ မုဒ္ဓိတုကမျှတာဥာဏ်နှင့် သခ်ၸါရတို့မှာ လွတ်မြောက်လိုရုံသာရှိသေးတယ်။ တကယ်တော့မလွတ်မြောက်နိုင်သေးဘူး၊ ပဋိသခ်ၸါဥာဏ်ကျမှ သခ်ၸါရတရား တွေကို စွန့်လွတ်ခဲတော့မယ်နော်။ သို့သော်လဲ စွန့်လွတ်ခါနီးမှာ ယုတ်ခနဲ မလွတ်လိုက်သေးဘဲ ကြပ်ကြပ်နှံနှာအောင် (အနိစ္စ ဒုက္ခ၊ အနတ္တလို့)ရှုပြန်ရပါတယ်။ ဥပမာ-တံငါသည်, ငါးဖမ်းရာမှာ ရှည်လျားတဲ့ အကောင်ကြီးကို ရေထဲလည်စေ, ဆုပ်မိရာ ငါမြှေကြီးကို ဖမ်းမိပြီဆိုပြီး ရှင်လန်းအားရနှင့် ရေမှဖော်ထုတ်တဲ့အခါကျတော့ မြှေဆိုးရဲ့ အမှတ်လက္ခဏာဖြစ်တဲ့လည်ရေးသုံးဆင့်ကို မြင်တော့မှ ကြောက်ရွံ့ပြီး စိတ်ပျက်ပျက်နှင့် လွတ်ပစ်လိုက်ရာမှာ အလွတ်မှာမိမိလက်ကို ကိုက်သွား မှာ စိုးလို့ ရုတ်တရက် မလွတ်သေးဘဲ ချာချာလယ်အောင် ရစ်ပတ်ပြီး အတော်နှာမှ လွတ်ပစ်လိုက်ရသလို၊ ထို့အတူဘဲ ရုပ်နာမ်

သခ်ၢါရတွေကို ပင်ကိုယ်သဘောက အတော် နှစ်သက်ပြီးမှ အနိစ္စ၊ ဒုက္ခ လက္ခဏာတွေကို တွေ့မြင်ရတဲ့အခါကျမှ ဘယ ဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမ္မတာဉာဏ် တို့အစဉ်အတိုင်းဖြစ်ပြီး စွန့်ပစ်ဘို့ရာ အနိစ္စ,ဒုက္ခ,အနတ္တ,လက္ခ ဏာရေးသုံးပါးကို တဖန်ထပ်မံရှုရပြန်ပါတယ်နော်။

(မှန်ပါဘုရား)

* * *

သခ်ၢါရုပေက္ခာဉာဏ်

(ဦးရသေ့ရေ....ဘုရား) ပဋိသခ်ၢါဉာဏ်နှင့် သခ်ၢါရတွေကို စွန့်လွှတ်ပြီးနောက် ဘယ၊ အာဒီနဝစသည် မရှုတော့ဘဲ၊ လစ်လျူရှုနိုင်တဲ့ဉာဏ်ကို သခ်ၢါရုပေက္ခာဉာဏ်ခေါ်ပါတယ်။ သခ်ၢါရုပေက္ခာဉာဏ်နှင့် လစ်လျူရှုတယ်လို့ ဆိုအုံးတော့လဲ လုံးလုံး အာရုံမပြုတော့ဘဲ နေလို့မဖြစ်၊ ဝိပဿနာ ဉာဏ်ဟူသမျှမှာ သခ်ၢါရရုပ်နာမ်ကို အာရုံပြုရတယ်။ သို့သော် အာရုံပြုတဲ့အခါ သာယာနှစ်သက်ခြင်းလဲမရှိ၊ကြောက်မက်ဘွယ်လို့လဲ ဂရုမစိုက်တော့ဘဲ၊ လစ်လျူရှုကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဆင်ခြင်နေခြင်းသာဖြစ်ပါတယ်။ ဥပမာ - မယားကို ချစ်ခင်နေတဲ့ယောကျ်ား တယောက်ဟာ သူ့မယားက အခြားတပါးယောကျ်ားများနှင့် အကျင့်ဖေါက်ပြားနေတာကို တွေ့မြင်တဲ့အခါ မယားအပေါ်မှာ ကြောက်ရွံ့ခြင်း၊ အပြစ်မြင်ခြင်းနှစ်မျိုးရောနှောဖြစ်ပြီး မကြာခင် ကွာရှင်းလိုက်တယ်ဆိုပါတော့၊ အဲ-ဒီလို ကွာရှင်းပြီးတဲ့အခါ၊ အဲ-ဒီ မယားကို ချစ်လဲ

မချစ်၊ အခြားတပါးသောသူနှင့် အကျင့်ဖေါက်ပြားတာကို မြင်အုံးတော့လဲ ထူးထူးခြားခြား အပြစ်မမြင် ဘာဘဲဖြစ်ဖြစ် လို့ လစ်လျှူရှုနေနိုင်သလိုဘဲနော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့်....

မုဒ္ဒိတုံ၊ ကာမတောယေ၀ ပဋ္ဌိသင်္ခါရဇာနတော။
သင်္ခါရုပေက္ခာနာမံ ဥာဏံဇာတံနဝမ ယောဂိနော။

ဘောဇွော၊ သပ္ပုရိသာ၊ သံသရာ၀ဲ၊ ဒုက္ခထဲမှ၊ ခွါရှဲ့ လိုကြောင်း အို-တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ မုစ္ဆိတုံ၊ သင်္ခါရခပင်း၊ ဝဋ္ဌအတွင်းမှ လွတ်မြောက်ခြင်းငှာ။ ကာမတောယေ၀၊ မြှော်လင့်ဝံ့စား၊ လိုလားခြင်းကြောင့် သာလျှင်။ ပဋ္ဌိသင်္ခါရ၊ အနိစ္စ၊ ဒုက္ခ၊ သုခ၊ အနတ္တဟု ကြည့်ရှုတဖန်၊ ဆင်ခြင်သောဥာဏ်ဖြင့်။ ဇာနတော၊ နိစ္စ၊သုခ၊အတ္တ ကင်းစင်၊ သိမြင်လျက်ရှိသော။ နဝမယောဂိနော၊ နဝမဆင့်၊ ဥာဏ်ကုန်လွှင့်ရှု၊ အသင့်ကြိုးကုတ်၊ ကမ္မဋ္ဌာန်းဘာ၀နာအား ထုတ်ခဲ့သော ပုဂ္ဂိုလ်၏။ သင်္ခါရုပေက္ခာနာမံဥာဏ်၊ အကြောက် မဘက်၊ မနှစ်သက်ဘဲ၊ ပစ်စလက်ခတ်ဟု၊ လစ်လျှူရှုသော ဥာဏ်သည်။ ဇာတံ၊ ဒုက္ခခပ်သိမ်း၊ ဝဋ္ဌဇာတ်ငြိမ်းဘို့၊ ကိန်း အားလျော်စွာ ဖြစ်ပေါ်၍ လာပေတော့သတည်း။

(သာဓု-သာဓု-သာဓု)

* * *

အနုလောမဉာဏ်

(ဦးရသေ့ရေ....ဘုရား) ဝိပဿနာ ဉာဏ်ဆယ်ပါး ဟော ပြောလာခဲ့တာ အနုလောမဉာဏ်ဘဲ ကျန်ပါတော့တယ်နော်။ ဒီ အနုလောမဉာဏ်က တဆင့်တက်လျှင် မဂ်ဖိုလ်ရောက်တော့ မယ်။ အထက်မဂ်စခန်းမှာ ရလတ္တံ့ဖြစ်တဲ့ ဗောဓိပက္ခိယ တရားအားလုံး၊ ဥဒယဗ္ဗယဉာဏ်စတဲ့ အောက်ဉာဏ်ရှစ်ပါး အားလုံး၊ လျှော်ကန်သင့်တင့်တဲ့အတွက် ဒီဉာဏ်ကို အနုလော မဉာဏ်လို့ ခေါ်ပါတယ်။ အနုလောမဉာဏ်ဟာ ရှေးဉာဏ် မျှားဆိုင်ရာ ကိစ္စကို ခွင့်ပြုကြေနပ်သလို အနိစ္စ၊ဒုက္ခ၊အနတ္တလို့ ထပ်ပြီးရှုတုံးဘဲဖြစ်ပါတယ်။ဒါကြောင့် ရှေးဉာဏ်ရှစ်ပါးနှင့်လဲ မဆန့်ကျင်၊ ပင်ကိုယ်ရည်ရွယ်ရင်းက မဂ်ဧကမှာ ဗောဓိပက္ခိယ တရားတွေကိုရအောင်ရည်ရွယ်ခဲ့တယ်။ထိုရည်ရွယ်ချက်အတိုင်း ထိုတရားမျှားကို ဧကန်ရတော့မှာဖြစ်လို့ ထို ဗောဓိပက္ခိယ တရားတွေနှင့် လဲလျှော်တယ်။ဥပမာ-ဘုရင်မင်းမြတ် ရွှေတော် မှောက်မှာ အမတ်ကြီးရှစ်ယောက်တို့ ရာဇသတ်နှင့်အညီ တရား စီရင်တဲ့အခါ ဘုရင်မင်းမြတ်ကလဲ အမတ်ကြီးမျှားစီရင်ချက် အတိုင်း တည်စေလို့ အမိန့်ချမှတ်ရာမှာ ဘုရင်မင်းမြတ် အမိန့် ဟာ အမတ်ကြီး ရှစ်ယောက်တို့ စီရင်ချက်နှင့်ရင်း၊ အထက်က ရာဇသတ်ကျမ်းနှင့်ရင်း၊ လျှော်ကန် သင့်တင့်သလိုပါဘဲနော်။ (မှန်ပါဘုရား)

အနုလောမဉာဏ်ဟာ၊ မဂ္ဂဝိထိမှာပါတဲ့၊ ပရိကံ, ဥပစာ၊ အနုလုံကိစ္စတပ်တဲ့ဉာဏ်ဘဲနော်။ ဂေါတြဘူက သခ်ါရကို အာ ရုံမပြု၊နိဗ္ဗာန်ကိုသာ အာရုံပြုလို့ ဝိပဿနာဉာဏ်ထဲမသက်ဝင်။ သို့သော် ဝိပဿနာဉာဏ်မျှားရဲ့ အထွဋ်ဦးခေါင်းနှင့် တူလို့

ဝိပဿနာထဲ သွင်းယူထားပါတယ်၊အနုလောမဉာဏ်ဖြစ်ပေါ်လာပုံကို အဲ-ဒီလိုမှတ်ရမယ်၊ သင်္ခါရပေကွာဉာဏ်နှင့် သင်္ခါရတရားတွေကို လစ်လျှူရှု၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုဆင်ခြင်ဖန်များရင် သင်္ခါရတွေကို အာရုံမပြုလိုဘဲ သင်္ခါရတို့ လွတ်ကင်းရာ နိဗ္ဗာန်ကိုဘဲ စိတ်ညွှတ်နေတော့တယ်နော်။ သို့သော် နိဗ္ဗာန်ကို တိုက်ရိုက်မမြင်ရသေးလို့ နိဗ္ဗာန်ကိုရှာဖွေရင်း သင်္ခါရတွေကို အာရုံပြုနေရပါသေးတယ်။ ဥပမာ-ခုလို စက်သင်္ဘောတွေ မထွန်းကားမီ ရှေးအခါတုံးက ရွက်လှေကြီးတွေနှင့်သမုဒ္ဒရာထဲကူးသန်းသွားတဲ့ကုန်သည်တွေဟာ ကျီးငှက်တွေကို ယူဆောင်သွားပြီး ကမ်းမမြင်ရတဲ့အခါ ကျီးငှက်ကို လွှတ်ကြရတယ်နော်။ ကျီးငှက်ဟာ ကမ်းကိုပျံသန်းရှာဖွေလို့ ကမ်းကိုမမြင်ရသေးသမျှ လှေရှိရာပျံလာပြီး ရွက်တိုင်ပေါ်နားပါတယ်။ နောက်ရှာပြန် ကမ်းမမြင် ရွက်တိုင်ပေါ်လာနားပြန်၊ ကမ်းကိုမြင်တဲ့အခါကျတော့၊ လှေကိုပြန်မလာတော့ဘဲ၊ ကမ်းရောက်အောင် ပျံသန်းသွားပါတော့တယ်နော်။ အဲ-ဒီလိုဘဲ ယောဂီပုဂ္ဂိုလ်ရဲ့စိတ်လဲ နိဗ္ဗာန်ကို မမြင်ရသေးသမျှ၊ သင်္ခါရတရားကို အာရုံပြုကာ နိဗ္ဗာန်ကိုရှာဖွေနေရတယ်။ နိဗ္ဗာန်မြင်တဲ့အခါကျတော့၊ ပရိကံ, ဥပစာ, အနုလုံဆိုတဲ့၊ အနုလောမဉာဏ် ဖြစ်ပေါ်လာပြီး ဂေါတြဘူနှင့် နိဗ္ဗာန်ကို အာရုံပြုပြီး မဂ်ဖိုလ်ရောက်အောင် တိုးတက်လာပါတော့တယ်နော်၊ ဥဒယဗ္ဗယဉာဏ်ကစပြီး, အနုလောမဉာဏ်အထိ အဆင့်ဆင့်တိုးတက်လာတဲ့ ဝိပဿနာဉာဏ်ကိုးပါးကို ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိလို့ ခေါ်ပါတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့်....
သခ်ၢါရာ လီနစိတ္တာသ ဝိတသခ်ၢါရ မေသတော၊
အနုလောမ နာမံ ဥာဏံ ဇာတံ ဒသမ ယောဂိနော။

ဘောဇ္ဇော၊ သပ္ပုရိသာ၊ သံသရာဘေး လွတ်ဘို့ရေးကို မြှော်တွေးလို့ကြောင်း, အို-တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့။ သခ်ၢါရာ၊ ရုပ်နာမ်နှစ်ပါး သခ်ၢါရတရား။ လီနစိတ္တာသ၊ အာရုံမျှကို မပြုလိုသဖြင့် တွန့်တို ဆုတ်နစ်စိတ် ရှိသည်ဖြစ်၍သာလျှင်။ ဝိတသခ်ၢါရံ၊ သခ်ၢါရခပ်သိမ်းတို့ ဇာတ်ငြိမ်းရာမှန် ဧနိဗ္ဗာနဲ့ကို။ သေတော၊ စွဲလမ်းနှစ်သက် ရှာကြံလျက်ရှိသော။ ဒသမ ယောဂိနော၊ ဒသမအဆင့် ဉာဏ်ကုန်လွှင့်၍ အသင့်ကြိုးကုတ် ကမ္မဋ္ဌာန်းဘဝနှာ အားထုတ်သော ယောဂိပုဂ္ဂိုလ်၏။ အနုလောမ နာမံ ဥာဏံ၊ ရှေနောက်လျော်ကန် အနုလောမ မည်သောဉာဏ်သည်။ ဇာတံ၊ ဒုက္ခခပ်သိမ်းကင်းလွှဲငြိမ်းဘို့ ကိန်းအာဝေလျော်စွာ ဖြစ်ပေါ်၍ လာပေတော့သတည်း။

* * *

ဝုဋ္ဌာနဂါမိနိဝိပဿနာ

(ဦးရသေ့ရေ....ဘုရား) သခ်ၢါရုပေက္ခာဉာဏ် ထက်သန်ပြီး မဂ်ဉာဏ်ကို ရရှိခါနီးတဲ့အခါ မနောဒ္ဒါရာဝဇ္ဇောန်း စိတ်ဖြစ်ပြီးတဲ့နောက်မှာ မဟာကုသိုလ်ဉာဏ် သမ္ပယုတ်ဇောစိတ် ၄-ခု အနက်၊ တခုခုဟာ ပရိကံ, ဥပစာ, အနုလုံဆိုတဲ့နာမည်တွေနှင့် သုံးကြိမ်ဖြစ်တယ်။ အဲ-ဒီဇောသုံးကြိမ်ကို မိမိရှေက ဝိပဿနာ ဉာဏ်(၉)ပါးနှင့်ရင်း၊ နောက်ဖြစ်မယ့် မဂ်ဉာဏ်မျှားနှင့်ရင်း၊

လျော်ကန် သင့်တင့်တဲ့အတွက် အနုလောမညာဏ် (လျော်ကန်တဲ့ဉာဏ်)လို့ ခေါ်ဆိုရတာပေါ့နော်။ နာမည်အမျိုးမျိုးကဲ့နေပေမယ့် လိုရင်းမှာတော့ တခုပါဘဲ၊ နာမည်တွေက မုစ္ဆိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမညာဏ်၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ အစရှိသည်ဖြင့် နာမည်အမျိုးမျိုးတွေကဲ့ပြားပြီးနေသော်လဲ၊ လိုရင်းတခုပါဘဲ မဂ်တရားကို ဝုဋ္ဌာနလို့ ခေါ်ပါတယ်။ ဝုဋ္ဌာနဆိုတဲ့ မဂ်ရောက်ကြောင်းဖြစ်တဲ့ မဂ်နှင့်နီးကပ်နေတဲ့ဝိပဿနာဟာ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ အဲ-ဒီ ဝိပဿနာတခုလဲကို ဆိုလိုတာပါဘဲ။ လိုရင်းတော့ မဂ်ရောက်ကြောင်းဖြစ်တဲ့ ဝိပဿနာကို ဝုဋ္ဌာနဂါမိနီဝိဿနာလို့ ခေါ်ဆိုပါတယ်။ အဲ-ဒီ ဝိဿနာကတော့ ဝိသုဒ္ဓိအဆင့်ဆင့်၊ ဝိပဿနာဉာဏ်အဆင့်ဆင့်၊ တက်လာနဲ့လို့ ဉာဏ်ရင့်သန်ပြီး မဂ်ဉာဏ်ကိုရခါနီး မဂ်ဉာဏ်အနား ဆိုက်ကပ်နေတော့ ဝိပဿနာအထွဋ်ထိပ်ဖြစ်တဲ့ ဝိပဿနာဉာဏ်ကို ပါဠိမာဂဂလို့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၊ မြန်မာလို ပြန်ဆိုတော့ မဂ်ရောက်ကြောင်းဖြစ်တဲ့ ဝိပဿနာလို့ ဆိုလိုတာပါဘဲနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) အကျယ်ခွဲပြီးဟောပြပါ့မယ်။ မဂ်ဘုရားဟာ ဘယ်အခါမှ သင်္ခါရတရားကို အာရုံမပြုတော့ဘူးနော်။ နိဗ္ဗာန်ကိုဘဲအာရုံပြုပါတယ်။ ဒါကြောင့် မဂ်တရားဟာ သင်္ခါရအာရုံနိမိတ်က ထမြောက်ပါတယ်။ မဂ်ကိုရရင်သံသရာဝဋ္ဋမှာ ကြာရှည်စွာ ခန္ဓာအစဉ် မဖြစ်တော့ဘူးနော်။ သောတာပတ္တိမဂ်ကိုရရင်ဘဲ ကာမဘုံမှာ ခုနစ်ဘဝဘဲ ဖြစ်ခွင့်ရှိပါတော့ဘယ်။ ဒါကြောင့် မဂ်တရားဟာ ဝဋ္ဋပဝတ္တခေါ်တဲ့ ဝဋ္ဋခန္ဓာ

မှလဲထမြောက်တတ်ပါတယ်။သခ်ၢါရနှင့် ဝဋ္ဋပဝတ္တမှ ထမြောက်တတ်လို့ မဂ်ကို ဝုဋ္ဌာနလို့ ခေါ်တယ်။ဝုဋ္ဌာနဆိုတဲ့ မဂ်ရောက်ကြောင်းဖြစ်တဲ့ ဝိပဿနာက သခ်ၢါရုပေက္ခာဉာဏ် နောက်ဆုံးအပိုင်းနှင့်အနုလောမဉာဏ်ဘဲနော်။သခ်ၢါရုပေက္ခာဉာဏ်ကို ရှေ့ပိုင်းရယ်, အလယ်ပိုင်းရယ်, မဂ္ဂဝိထိနှင့် ဆက်သွယ်နေတဲ့ နောက်ဆုံးအပိုင်းရယ် သုံးပိုင်းခဲ့ခြားထားပါတယ်။ သုံးပိုင်းထဲမှာ ရှေ့ပိုင်းနှင့်, အလယ်ပိုင်းတို့ကတော့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာနှင့် မသက်ဆိုင်ဘူး၊ မနောဒ္ဓါရာ ဝဇ္ဇာန်း နောက်။ ဇော ခုနစ်ကြိမ် ဆိုတဲ့ သခ်ၢါရုပေက္ခာဉာဏ် ဖြစ်ပြီးတဲ့ အခါ ဘဝင် အနည်းငယ် ခြားပြီး။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒ္ဓါရ ဝဇ္ဇာန်းတို့နောက်။ ပရိကံ-ဥပစာ၊ အနုလုံဆိုတဲ့ အနုလောမဉာဏ်ဖြစ်ပါ'တယ်နော်(နောက်ဂေါတြဘုဆက်ပြီး ဖိုလ်ဖြစ်တော့မယ်)၊ဒီလို အနုလောမ ဉာဏ်နှင့် ဆက်စပ်ကပ်နေတဲ့ သခ်ၢါရုပေက္ခာဉာဏ် နောက်ဆုံးအပိုင်းနှင့် အနုလောမဉာဏ်ဟာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်ပါတယ်နော်။

(မှန်ပါဘုရား)

* * *

အနုလောမဉာဏ်ဖြစ်ပြီး ဂေါတြဘု စိတ်ဆက်၍ဖြစ်ပုံ

(ဦးရှသေ့ရေ....ဘုရား) ဝိပဿနာဉာဏ် ဆယ်ပါးနှင့် ရှေ့လောကီဝိသုဒ္ဓိ ခြောက်ပါးဖြစ်ပြီး နောက်ဆုံးဖြစ်တဲ့ ဉာဏဒဿနဝိသုဒ္ဓိခေါ်တဲ့ မဂ်ဉာဏ် ဖြစ်ပေါ်လာပုံကတော့၊ အနု

လောမဥာဏ်ဖြစ်ပြီးနောက် အနုလောမ အမည်ရတဲ့ ဇောစိတ်သည်ပင်လျှင် ဂေါတြဘုဆိုတဲ့ နာမည်နှင့် နိဗ္ဗာန်ကို အာရုံပြုပြီး ပုထုဇဉ်အနှယ်ပယ်ပျောက် အရိယာအနှယ် ရောက်ပြီး ပေါ်ပေါက်ဖြစ်ပွားလာပါတယ်။ ဂေါတ္တံဘဝတိအဘိသမ္ဘုဏာတိတိ၊ ဂေါတြဘု, ဂေါတ္တံ, အရိယာအနှယ်သို့။ ဘဝတိ၊ အဘိသမ္ဘုဏာတာ၊ ရောက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏တဲ့နော်။ အရိယာနှယ်ဆိုတာ၊ သဂ္ဂါယ ဒိဋ္ဌိ ဝိစိ ကိစ္ဆာ ကင်းပြီး။ ဂေါတြဘုစိတ် ဖြစ်တဲ့အခါ၊ ထိုအရိယာအနှယ်သို့ ဥပစာအားဖြင့် ရောက်ပါတော့တယ်နော်။

တနည်းအားဖြင့် ပုထုဇဉ်နဂေါတ္တံအဘိဘဝန္ဆုံဖြင့် ဂေါတ္တံ့ဘဝတိအဘိဘဝတိတိ ဂေါတြဘု၊ ဂေါတ္တံ၊ ပုထုဇဉ်အနှယ်ကို ဘဝတိ၊ အဘိဘဝတိ လွှမ်းမိုးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်ပါတယ်။ ဤဂေါတြဘုဘဒ္ဒ၊ ဂေါတ္တအရ၊ ပုထုဇဉ်အနှယ်ဟူသည်။ သဂ္ဂါယဒိဋ္ဌိ ဝိစိ ကိစ္ဆာမကင်းသော ခန္ဓာအစဉ်ဘဲ၊ဂေါတြဘု စိတ်ဖြစ်တဲ့အခါ၊ ထိုပုထုဇဉ်အနှယ်ကို လွှမ်းမိုးနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ဂေါတြဘုစိတ်ဟာ၊ မိမိချွေကဆင်ခြင်ပေမယ့် အာဝဇ္ဇန်းမရှိ နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်နော်။ ဥပမာ၊ မြောင်းငယ်တခုကို ခုန်ကူးတဲ့ ယောကျ်ားဟာ အဝေးကပြေးလာပြီး မြောင်းအသက် သစ်ကိုင်းက ကျတဲ့နှယ်ကြိုးကို ကိုင်၍ ဖြစ်စေ၊ ဒုတ်ထောက်၍ ဖြစ်စေ၊ မြောင်းကိုခုန်လိုက်ပြီးနောက်၊ ဟိုဘက်ကမ်းရောက်တဲ့အခါ၊ ကြိုးသို့

မဟုတ် ဒုတ်ကို လွှတ်လိုက်သည်နှင့် တပြိုင်နက် ဟိုဘက်ကမ်း မြေမှာ ခြေထောက်မိသလို ဥဒယဗ္ဗယဉာဏ်ကစပြီး၊ ဉာဏ် အဟုန်နှင့် ပြေးလာခဲ့တာ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပြီးနောက်၊ ဘဝင်ကျပြီး မနောဒ္ဓါရ ဝဇ္ဇာန်းဖြင့် ရုပ်တရား ဆိုတဲ့ ကြိုး သို့မဟုတ် နာမ်တရားဆိုင်ရာ ဒုတ်ကိုကိုင်ပြီး ပရိကံဇော ဖြင့် နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်းကို ခုန်လိုက်တဲ့အခါ ဥပစာဇော ဖြင့် မြောင်းလယ်သို့ရောက်၊ အနုလုံဇော ဖြင့် နိဗ္ဗာန်ကမ်းတဘက်သို့ ရောက်၊ ထိုနောက် ရုပ်နာမ် ဆိုတဲ့ ကြိုး, ဒုတ်ကို လွှတ်လိုက် သည်နှင့် တပြိုင်နက် နိဗ္ဗာန် ဆိုတဲ့ တဘက်ကမ်း အထက်မှာ ဂေါတြဘု ခြေနင်းမိပါတော့တယ်။ သို့သော်လဲ နင်းမိခါစမှာ မခိုင်မြဲသေးဘူး၊ နောက်မှ ခိုင်ခိုင်မြဲမြဲ ထောက်မိပါတယ်နော်။ (မှန်ပါဘုရား)

* * *

အနုလောမဉာဏ်နှင့် ဂေါတြဘုသဘောကိုထူး

(ဦးရသေ့ရေ....ဘုရား) ပရိကံစတဲ့ အနုလောမဉာဏ်ဟာ မောဟမှောင်ကိုဘဲပယ်နိုင်တယ်။ နိဗ္ဗာန်ကိုမမြင်နိုင်၊ ဂေါတြဘု ဟာ နိဗ္ဗာန်ကိုဘဲမြင်နိုင်တယ်။ မောဟကို မပယ်နိုင်။ ဥပမာ- နက္ခတ်ဆရာဟာ ညအခါ လကိုကြည့်ရှုလို့ တိမ်တိုက်ဖုံးကွယ် နေရင် နက္ခတ်ကို မမြင်နိုင်ဘူးနော်။ မကြာခင် လေတိုက် ခတ်ပြီး တိမ်ထူတွေ ကင်းစင်၊ ဒုတိယလေ တိုက်လာပြန်တော့ အလတ်စား တိမ်လွှာတွေ လွင့်သွားပြီး၊ တတိယလေရောက်မှ တိမ်အားလုံးလွင့်စင် လကို မြင်ရသလိုပါဘဲ။ ထိုနိဗ္ဗာန်ဆိုတဲ့

လမင်းကို ကြည့်ရှုရာမှာ မောဟမှောင်ကွယ်ကာနေလို့ မမြင်နိုင်၊ ပရိကံ ဥပစာ အနုလုံဆိုတဲ့ လေသုံးကြိမ် တိုက်ခတ်လာမှု မောဟမှောင်ကင်းစင် ဂေါတြဘုဖြင့် နိဗ္ဗာန်ဆိုတဲ့ လမင်းကို မြင်ရပါတယ်။ ဂေါတြဘုဟာ နိဗ္ဗာန်ကို ပထမဆုံး မြင်ရတဲ့ အတွက် မဂ်ရှေက ဆင်ခြင်ပေးတဲ့ အာဝဇ္ဇာန်းဓာရုံးမှာ တည်တယ်လို့ ပြောစမှတ်ပြုကြပါတယ်။

(မှန်ပါဘုရား)

* * *

မဂ်စိတ်

(ဦးရသေ့ရေ....ဘုရား) ဂေါတြဘုစိတ်ချုပ်ပြီး ကိစ္စလေးချက်ကို တပြိုင်နက်ပြီးစေတတ်တဲ့ မဂ်စိတ်ဖြစ်ပေါ်လာပါတယ်နော်။ဥပမာ-ဆိမ်းဟာ မီးစာကိုလောင်ခြင်း၊အမှောင်ကို ပယ်ခြင်း၊အလင်းရောင်ကိုပြခြင်း၊ဆီကို ကုန်စေခြင်းဆိုတဲ့ ကိစ္စလေးချက်ကို တပြိုင်နက်ပြီးစေသလို၊ မဂ်တရားလဲ ဒုက္ခသစ္စာကို ဤမျှသာရှိ၏လို့ပိုင်းခြားရှုသိခြင်း၊ပရိညာကိစ္စ၊သမုဒယသစ္စာ တဏှာလောဘကို ပယ်စွန့်ခြင်း၊ ပဟာနကိစ္စ၊ နိရောဓသစ္စာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ သစ္ဆိကရဏကိစ္စ၊ မဂ္ဂသစ္စာကို မိမိသဏ္ဌာန်၌ ဖြစ်ပေါ်လာစေခြင်း ဘာဝနာကိစ္စ ဒီကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) သီလဝိသုဒ္ဓိစတဲ့ ရှေ့ဝိသုဒ္ဓိခြောက်ပါး အစဉ်ဖြင့် အဆင့်ဆင့်တက်ပြီး ရအပ်တဲ့မဂ်ကို ဉာဏဒဿန

ဝိသုဒ္ဓိဟု ခေါ်ပါတယ်နော်။ ဆိုလိုရင်းတော့ မဂ်လေးပါးလုံး ကိုပင် ဉာဏဒဿနဝိသုဒ္ဓိဘဲ။စတုသစ္စံဇာနာတိတိဉာဏံ ပစ္စက္ခတောပဿတာတိတိဒဿနံ ကိလေသမလတော ဝိသုဇ္ဈနံ ဂိသုဒ္ဓိ ဆိုတဲ့အတိုင်း သစ္စာလေးပါးကို သိတတ် မျက်စိဖြင့် မြင်ရသလို တိုက်ရိုက် မြင်တတ်လို့ ဉာဏဒဿန မည်ပါတယ်။ ကိလေသာ အညစ်အကြေးမှ စင်ကြယ်လို့ ဝိသုဒ္ဓိလဲမည်ပါတယ်။ ၎င်းနာ မည်သုံးရပ်ကို ပေါင်းစပ်ပြီး မဂ်ကို ဉာဏဒဿန ဝိသုဒ္ဓိလို့ ခေါ်ဝေါ်ပါတယ်နော်။

(ဦးရသေ့ရေ....ဘုရား)ဝိသုဒ္ဓိ(၇)ပါးထဲမှာသီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိနှစ်ပါးဟာ အခြေခံမူလဘဲ၊ ဒီနှစ်ပါး မစင်ကြယ်ရင် အထက်ဝိသုဒ္ဓိများ စင်ကြယ်နိုင်မယ် မဟုတ်ဘူးနော်။ အထက် ဝိသုဒ္ဓိငါးပါးကတော့ အထည်ကိုယ်သရီရ ဝိသုဒ္ဓိလို့ အဋ္ဌကထာ ကဆိုထားပါတယ်။ ဋီကာကျော်ကတော့ မဟုတ်ဘူး၊ ဉာဏ ဒဿနဝိသုဒ္ဓိကို ချန်ပြီး အထက်ဝိသုဒ္ဓိလေးပါးကို အထည်ကိုယ် သရီရလို့ ဆိုထားပါဘယ်။ ဉာဏဒဿနဝိသုဒ္ဓိကို ဦးခေါင်းနှင့် ဥပမာပြုလိုဟန်တူပါရဲ့။ နောက်ပြီးတော့ ဝိသုဒ္ဓိ(၇)ပါးနှင့် သမ္မသနစတဲ့ဉာဏ်ဆယ်ပါးကို ရှာင်ရှားလိုတဲ့ပြမယ်ဆိုရင် သီလ ဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ အဲ-ဒီဝိသုဒ္ဓိ လေးပါးစခန်းမှာ နာမ်ရုပ်တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ်သုံးပါးနှင့် မသုံးသပ်ရသေးလို့ သမ္မသနဉာဏ် မဖြစ်သေးဘူး။မဂ္ဂါ-မဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိစခန်းက သမ္မသန ဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်း တစိတ်ဖြစ်တယ်။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိစခန်းမှာ ဥဒယဗ္ဗယဉာဏ်နောက်ပိုင်း တစိတ် နှင့် ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊

မှုစ္စိတုကမျှတာဉာဏ်၊ ပဋိသန္ဓေါရုပေကွာဉာဏ်၊အနုလောမဉာဏ်
တို့ဖြစ်ကြတယ်။ ဥာဏဒဿန ဝိသုဒ္ဓိစသော်မှာ နိဗ္ဗာန်ကို အာရုံ
ပြုလို့ သန္တာန်ရတရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ မရှုရတဲ့
အတွက် ဝိပဿနာဉာဏ်မလိုတော့ဘူးနော်။

(မှန်ပါဘုရား)

* * *

ကာမာဒီနဝတရားဟောပြပုံ

(၁) စက္ခု မြင်မှု ဖြစ်ပျက်ရှု မြင်မှုတဏှာ မာန ဒိဋ္ဌိကွာ။
(၂) သောတကြားမှု၊ဖြစ်ပျက်ရှု၊ကြားမှုတဏှာမာနဒိဋ္ဌိကွာ
(၃) ဃာန နံမှု၊ ဖြစ်ပျက်ရှု၊ နံမှု တဏှာ မာန ဒိဋ္ဌိကွာ။
(၄) ဇိဝှာ လျှက်မှု၊ဖြစ်ပျက်ရှု၊လျှက်မှုတဏှာမာန ဒိဋ္ဌိကွာ။
(၅) ကာယ ထိမှု၊ ဖြစ်ပျက်ရှု၊ ထိမှု တဏှာ မာန ဒိဋ္ဌိကွာ။
(၆) မနော သိမှု၊ ဖြစ်ပျက်ရှု၊ သိမှု တဏှာ မာန ဒိဋ္ဌိကွာ။

(ဦးရသေ့ရေ....ဘုရား)ဒီလက်ဝ သံပေါက် အဓိပ္ပာယ်ကို
ဘယ်လို မှတ်ရပါသလဲလို့ ဆိုတော့ အလုံးစုံသော လူသတ္တဝါ
တို့ ရုပ် ခန္ဓာ အိမ် ကိုယ် အတွင်းမှာ အသိဝိညာဏ် ခေါ် တဲ့
နာမ်တရား ဝင်ထွက် သွားလာစရာ တံခါးပေါက်နှင့် တူတဲ့
စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန-ရယ်လို့ ခြောက်ခု
ရှိတယ်။ ဒီ ခြောက်ခုထဲမှာ ပျက်စီးခေါ်တဲ့ စက္ခုက ရူပါရုံ
အဆင်းကို မြင်လိုက်တာနှင့် တပ်ပြိုင်နက် မြင်သိမှုတရားကလေး

ဟာ ကေန်ပေါ်ပေါက်လာတော့မယ်။ အဲ-ဒီ မြင် သိမှု ဟာ ဘယ်သူမှတားဆီးလို့မရဘူး၊ စက္ခုနှစ်ကွင်းအလင်းရလို့ ရူပါရုံ နှင့် တွေ့ဆုံကြုံကြိုက်တဲ့အခါ မြင်မြဲခမ္ဗာ ဖြစ်ပေါ်လာတယ်။ အဲ-ဒီတော့ စက္ခုပြသာဒနှင့် ရူပါရုံ တွေ့ဆုံပြီဆိုရင် ကေန္ဒို စက္ခုဝိညာဏ် ဖြစ်ရတော့မှာဘဲ။ အဲ-ဒီနေရာ ဌာနမှာ ဣဋ္ဌာရုံ အနိဋ္ဌာရုံရှိသေးတယ်။ ဣဋ္ဌာရုံကလေးများ မြင်လိုက်တော့ နှစ်သက်လိုချင်ခြင်းဆိုတဲ့၊ သဘောကလေးများ ပေါ်ပေါက်လာပါတယ်နော်။ နှစ်သက်လိုချင်ခဲ့လို့ ရှိရင် တဏှာလောဘ ဖြစ်တော့မယ်။ တဏှာလောဘဖြစ်ရင် တဏှာလောဘ မိတ်ပေါ်အသင်းအပင်း မာနဒိဋ္ဌိတွေလဲ ဖြစ်အုံးမယ်၊ တဏှာမာနဒိဋ္ဌိတွေဆိုတာ သံသရာနယ်ကို ခဲ့ထွင်တတ်တဲ့ ပပဉ္စတရား၊ အဲ-ဒီတရားတွေမဖြစ်ပေါ်အောင် မြင်တွေ့တဲ့အခါ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ ဝိပဿနာညာဏ်နှင့် ရှုကြည့်ရမယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ဒါကတော့ နှစ်သက်လိုချင်စရာ ဣဋ္ဌာရုံ၊ မနှစ်သက် မလိုချင်အပ်တဲ့ အနိဋ္ဌာရုံကလေးတွေနှင့် တွေ့ကြတဲ့အခါ ဘာဖြစ်သလဲလို့ ဆိုတော့၊ ဒေါသတရားဖြစ်တော့မယ်။ ဒေါသတရား မဖြစ်ပေါ်လာရအောင် ဖြစ် ပျက် ရှုရမယ်နော်။ ဂရုမစိုက်လောက်တဲ့ အမှုမဲ့, အမှတ်မဲ့ မြင်ရတဲ့ ရူပါရုံ အဆင်းတွေ တွေ့မြင်ကြပြန်တော့ နှစ် သက် တာ လဲ မဟုတ်၊ မနှစ်သက်ဘူးလဲမဟုတ်၊ အမှတ်တမဲ့ ဂရုမစိုက်ဘဲနေတဲ့ မြင်သိအလုံး မောဟတရားဖြစ်မယ်။ မောဟတရားမဖြစ်ပေါ်လာရအောင် ခုနကလို ဖြစ် ပျက်ရှု၊ အဲ-ဒီလို ဖြစ် ပျက်

ရှမ့ဲလို့ ရှိရင် မိမိခန္ဓာကိုယ်မှာ အကုသိုလ်တရားတွေ မတိုးဝင်လာနိုင်ဘူးနော်။

(မှန်ပါဘုရား)

မိမိတို့မှာ ဥပုသ်သီလ စောင့်သုံးနေတယ်၊ အကုသိုလ် မဖြစ်ဘူးလို့ မှတ်ထင် နေကြတယ်။ ကိုယ်ပိုင် ဥာဏ်နှင့် တွေးကြည့်ရင် မြင်သိဆိုတဲ့ အလုံးကလေးက လိုချင်နှစ်သက်လို့ လောဘဖြစ်ပုံ၊ မနှစ်သက်လို့ ဒေါသဖြစ်ပုံ၊ အမှတ်တမဲ့နေမိတော့ မောဟဖြစ်ပုံ၊ ဒါကုသိုလ်တွေ မဟုတ်ဘူးနော်။ အကုသိုလ်တရားတွေ တထိုင်တည်းဘယ်ကိုမှလဲ မသွားဘူး၊ ထိုင်နေရင်းလဲမြင်နိုင်တာဘဲ။ မျက်စိနှစ်ဘက်အလင်းရနေရင် မြင်နိုင်တာချည်းဘဲ။ မြင်ပြီးရင် အကုသိုလ်တရား မဖြစ်ဘူးလိုတယ်။ အကုသိုလ်တရားမဖြစ်ပေါ်ဘူးခု ခုနက ဆရာဘုရား တိုင်ဆိုပေးတဲ့ လက်ဝဲသံပေါက်အတိုင်း ဖြစ်ပျက်ရှုရမယ်နော်။ အဲ-ဒီလို ဖြစ်ပျက်ရှုကြည့်တော့။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ သံသရာနယ်ခွဲသမား၊ ပပဉ္စတရားသုံးပါးတွေ ကွာဝေးသွားပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)ယခုဆရာဘုရား ဟောကြားခဲ့တာ စက္ခုပသာဒနှင့် ရူပါရုံမနော်၊ နောက်ပြီးတော့ သောတပသာဒနှင့် သဒ္ဒါရုံကကော၊ နားမလေးဘူး၊ နားမထိုင်းဘူးဆိုရင် နားကကောင်းမယ်ဆိုရင် သဒ္ဒါရုံဆိုတဲ့အသံကြားတော့ မှာဘဲ။ ကြားတော့ မိမိကိုယ်က သီလစောင့်သုံးနေတာတော့ မှန်ပါတယ်၊ သောတဆိုတဲ့နားက အလကားမနေဘူး ကြား

တယ်။ ဣဋ္ဌာရုံကို ကြားမိတော့ နှစ်သက်တယ်၊ နှစ်သက်တော့ ဘာဖြစ်လာမလဲလို့ဆိုတော့ လောဘဖြစ်လာပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံကြားတော့ မနှစ်သက်ဘူး၊ မနှစ်သက်ရင် ဒေါသ ဖြစ်တော့မယ်နော်။ အသံအမျိုးမျိုးတွေ ကြားတော့ကြားတာဘဲ၊ ခွေးသံ, ကြောင်သံ, ငှက်သံ, ကျီးသံ, အသံအမျိုးမျိုးတွေကြားတယ်။ ကြားသော်လဲဘဲ ဂရုမစိုက်ဘဲနှင့် အမှတ်တမဲ့ နေတတ်တယ်၊ အမှတ်တမဲ့ နေရင် မောဟာဘဲ။ အဲ-ဒီတရားတွေ ဘယ်လောက် ကြောက်ဘို့ကောင်းတယ်ဆိုဘာ ကြည့်စမ်း၊ ကောင်းတဲ့ ဣဋ္ဌာရုံကျတော့ လောဘ၊ မကောင်းတဲ့ အနိဋ္ဌာရုံကျရင် ဒေါသ၊ အမှတ်တမဲ့နေရင် မောဟာ။ အဲ-ဒီ တရားတွေ မိမိခန္ဓာကိုယ်တွင်းက မဖြစ်ပေါ်လာရအောင် သောတဆိုတဲ့ နားက ကြားရင် ဖြစ်ပျက်ရှုရမယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ကိုင်း-ဃာနဆိုတဲ့ နှာခေါင်း၊ နှာခေါင်းမှာ အနာစွဲနေရင်တော့ အနံ့မရဘူးပေါ့။အကယ်၍ နှာခေါင်းသာကောင်းလို့ ဃာန ပဿာဒရုပ်သာ ကောင်းနေရင် အကြည်ဓာတ်ကလေးရှိရင် အနံ့ဟူသမျှ အကုန်နံတာဘဲ။ အဲ-ဂန္ဓာရုံအနံ့ဟူသမျှ မလစ်လပ်ရအောင် အကုန်နံလို့ ရှိရင် ဒီနံသိအလုံးကလေးကို စွဲပြီးတော့ ဘာဖြစ်တတ်သလဲ။ အလိုရှိတဲ့ ဣဋ္ဌာရုံနှင့် တွေ့တော့ နှစ်သက် လောဘ ဖြစ်တယ်၊ အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံတွေ့တော့ မနှစ်သက်လို့ ဒေါသဖြစ်

တယ်။ အနုံနုံပါလျက် ဂရုမစိုက် အမှတ်တမဲ့နေတော့ မောဟ ဖြစ်တယ်၊ ဘယ်လောက်ကြောက်ဘို့ကောင်းသလဲ တွေးကြည့်စမ်း, ဒီအကုသိုလ်တွေ ဖြစ်တယ်၊ ဖြစ်တယ်ဆိုတာ။ ဘယ်က ဖြစ်ပါလိမ့်မလဲလို့ တွေးဆမနေနှင့်၊အကုသိုလ်ဖြစ်တဲ့ ဌာနသုံးခု ပြီးသွားပြီးနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)ဇီဝဂ္ဂ ဆိုတဲ့ လျှာပေါက်ကကော မစားဘဲနေနိုင်ကြရဲလား။ အချို, အချဉ်, အငံ, အစပ်, အဖန်, အခါး အရသာ ဟူသမျှလျှာပေါ်မှာ တင်လိုက်တာနှင့် တပြိုင်နက် ဇီဝဂ္ဂာပဿာဒရုပ်၊ ရသာရုံရုပ်၊ဇီဝဂ္ဂ ဝိညာဏ်လေး၊ စားသိလုံးဖြစ်သွားတယ်။ အဲ-ဒီစားသိလုံးက အလိုရှိတဲ့၊ ဣဋ္ဌာရုံနှင့် တွေ့တော့ နှစ်သက်လို့ လောဘဖြစ်တယ်၊ အလိုမရှိတဲ့ အနိဋ္ဌာရုံနှင့် တွေ့တော့ မနှစ်သက်လို့ ဒေါသဖြစ်တယ်၊ စားတဲ့အခါ အမှတ်တမဲ့ ဂရုမစိုက်ဘဲနှင့် စားမိပြန်တော့ မောဟဖြစ်တယ်။ ဟော-လျှာပေါက်ကလဲ လောဘ,ဒေါသ,မောဟ,တွေ အကုန်ဖြစ်တာဘဲ၊ လောဘ, ဒေါသ, မောဟတွေ့ မဖြစ်ပေါ်လာရအောင် ဝိပဿနာနှင့် ဖြစ်ပျက် ရှုရမယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား)ကာယဆိုတဲ့ ကိုယ်ကကော၊ တွေ့သိလုံးကလေးတွေ ဘာနှင့်ဘဲ တွေ့တွေ့ပေါ့နော်။ ချောမော ပြေပြစ်ကောင်းမြတ်တဲ့ အကြည်နှင့်ဘဲတွေ့တွေ့၊ ချည်လုံချို၊ ပိုးလုံချိုနှင့်ဘဲတွေ့တွေ့၊ ကြမ်းနှင့်တွေ့တွေ့, ဖျာနှင့်တွေ့တွေ့၊ ဖေါ်ဌဗ္ဗာရုံအတွေ့တွေ့ရှိသေးတယ်၊ ဗဟိဒ္ဓအာရုံနှင့်တွေ့တာတွေ့၊ အဋ္ဌတ္ထ

အာရုံတွေ့တာ့ဘော့ အသာထားပါအုံးတော့၊ ဗဟိဒ္ဓဖေါဌဗ္ဗနှင့် အဋ္ဌတ္တ၊ ကာယပဿာဒရုပ်နှင့် တွေ့ထိတော့၊ နှစ်သက်ပြီးနှစ်သက်ရင် လောဘဖြစ်မယ်။ မကောင်းတဲ့ အနိဋ္ဌာရုံနှင့် တွေ့ထိတော့မနှစ်သက်၊ မနှစ်သက်ရင် ဒေါသဖြစ်မယ်။ အမှုတ်တမဲ့ တွေ့ထိတယ်။ အင်္ဂါနှင့် လုံချည်နှင့် တွေ့ကိုလဲ အမှုတ်တမဲ့ဘဲ။ မြေကြီးနှင့် တွေ့ထိလဲအမှုတ်တမဲ့ဘဲ။ အဲ-ဒီလို အမှုတ်မဲ့ တွေ့ထိတာတွေက မောဟာဘဲနော်။ ကိုင်း-ဒါက ငါးဌာနဖြစ်ခဲ့ဘူးပြီ၊ အကုသိုလ်ဖြစ်တဲ့ ဌာနပေါင်း ငါးဌာန မှတ်ပါနော်။ အကုသိုလ်တရားတွေ့မဖြစ်ရအောင်၊ ခုနကလိုဝိပဿနာနှင့်ဖြစ်ပျက်ရှုပါနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) နောက်,စိတ်ဆိုတဲ့ မနောဒ္ဓါရက ကော ငါအိပ်နေတယ်လေ၊ ငါအိပ်နေ တာဘဲ အကုသိုလ်ဘယ်မှာရှိမလဲလို့ တချို့က ထင်ကြတယ်။ အိပ်နေရင်း အကုသိုလ်ဖြစ်တာ လူတရာမှာ တယောက်သိဘို့ရာ ခဲယဉ်းပါတယ်နော်။ ကိုင်း-ဆရာဘုရား ပြောလိုက်မယ်သိရောပေါ့၊ စိတ်ဆိုတဲ့ မနောက အလကားများနေသလား၊ မနေဘူး။ မနောဆိုတဲ့ စိတ်က ဟိုကြံ,ဒီကြံ၊ တောင်ကြံ, မြောက်ကြံ၊ မကြံဘူးလား, ကြံပါတယ်နော်။

(ကြံပါတယ်ဘုရား)

စိတ်ကဟိုကြံ, ဒီကြံ ဒါတော့ ငြင်းပယ်လို့မရဘူးနော်။ ဘာဖြစ်လို့လဲ၊ ဟဒယဝတ္ထုရုပ်ရယ် ဓမ္မရုံရုပ်ရယ် ကြံတဲ့အခါ သိတယ်, သိတယ်ဆိုတဲ့ ဝိညာဏ်လေးရယ်၊ အမြဲပေါ်လာပါ

တယ်နော်။ အဲ-ဒီဝိညာဏခေတ်ဟာ ဘယ်ဝိညာဏတွေပေါ်ပေါက်လာသလဲ၊ ဘယ်ဇောတွေ စောတတ်သလဲ၊ ဝိညာဏခေတ်ပေါ်လာရင် ဇောကအမြဲ ခုနစ်ကြိမ်, ခုနစ်ကြိမ်ဇောကျတယ်။သိလုံးလေးပေါ်ရင်ဇောခုနစ်ကြိမ် ပါသွားတယ်နော်။ ဇော်ခုနစ်ကြိမ်မှာ ပဌမဇော သတ္တမဇော၊ အလယ်ဇော ငါးချက် ခုနစ်ကြိမ်ပါသွားတယ်။ မျက်စိကစပြီးတော့ မနောကျအောင် အဲ-ဒီ(၆)ဒ္ဒါရ၊(၆)ဌာနဇောတွေဟာ၊ အဲ-ဒီသိတဲ့အလုံးလေးဖြစ်တိုင်း ဖြစ်တိုင်း ဇောတွေ ကျသွားတာ ခုနစ်ကြိမ်-ခုနစ်ကြိမ် ကျတယ်။ အဲ-ဒီလိုကျတော့ ခုနက ပြောတဲ့ဂ္ဂဌာရုံနှင့်တွေ့တော့၊ လောဘဇောကျသွားတယ်။အနိဋ္ဌာရုံနှင့်တွေ့တော့ ဒေါသဇောကျတယ်။ အမှုမဲ့ အမှုတ်မဲ့ နေတော့ မောဟဇောကျတယ်။ အဲ-ဒီတော့ လောဘဇော ကျတဲ့အခါ ကျတော့ ဘယ်အကျိုး ပေးမလဲ။ အဲ-ဒီဇော ခုနစ်တန်မှာ အကျိုးပေးမှာက ပဌမဇောက ယခုဘဝ ဒိဋ္ဌဓမ္မ အကျိုးပေးတယ်။ အဲ-ဒါလဲ မှတ်ထားကြ။ ဟောဒီ(၆)ဒ္ဒါရက ဇောခုနစ်တန်, ခုနစ်တန်ကျတယ်၊ ကျတိုင်း, ကျတိုင်းသော ဇောတို့မှာ ပဌမဇောက ယခုဘဝ မျက်မှောက်ပစ္စက္ခမှာအကျိုးပေးတယ်။ ပဌမဇော ကုန်သွားရော၊ အဆုံးသတ္တမဇောက သေသည်၏ အခြားမဲ့ဒုတိယဘဝမှာ ပဋိသန္ဓေနက ကံသတ္တိ အကျိုးပေးမယ်။ အဲ-ဒီတော့ အခုပြောခဲ့တဲ့ လောဘဇောတို့, ဒေါသဇောတို့, မောဟဇောတို့က ဘယ်မှာသွားစောတတ်တဲ့ ဇောတွေလဲ။ မျှားသောအားဖြင့် သတ္တဝါတွေဟာ လောဘတဏှာကြောင့် ပြိတ္တာဘုံသို့ ကပ်ရောက်ကြတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့် အဌသာလိနီကျမ်းကြီးမှာ....

ယောဘုယျေနသီသတ္တာ၊ တဏှာယပေတ္တိဝိသယံ၊ ဥပ ပဇ္ဇန္တိ လို့ ဆိုထားပါတယ်နော်။

ဟိသစ္စံ၊ ငါဆိုသော စကားသည် မှန်၏။ ယောဘုယျေန၊ များသောအားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ တဏှာယ၊ တပ်နှစ်သက် လိုချင်ခြင်း ဆိုတဲ့၊ လောဘတဏှာကြောင့်။ ပေတ္တိဝိသယံ၊ ပြိတ္တာဘုံသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြကုန်သတည်း။ အဲ-ဒါကြောင့် လောဘဇောက ယောဘုယျနတဲ့၊ များသောအားဖြင့် ပြိတ္တာဘုံကိုသွားစေတတ်တဲ့ အကြောင်းတရားတဲ့၊ ဒေါသဇောကကော အနိဋ္ဌာရုံနှင့်တွေ့တော့ ဒေါသဖြစ်တယ်၊ ဒေါသဖြစ်တော့ ဘယ်သွားမလဲ။

ဒေါသနဟိ၊ စက္ကဇာတိတာယ၊ ဒေါသ-သဒိသံ၊ နိရယံ ဥပပဇ္ဇန္တိ တဲ့နော်၊ အဌသာလိနီကျမ်းက ဆိုထားပါတယ်။

ဟိသစ္စံ၊ ငါဆိုသော စကားသည် မှန်၏။ ဒေါသေန၊ ဒေါသသည်၊ စက္ကဇာတိတာယ၊ ကြမ်းတမ်းသော သဘောရှိသောကြောင့်။ ဒေါသသဒိသံ၊ ဒေါသနှင့် တူသော။ နိရယံ၊ ငရဲသို့ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ရကုန်သတည်း။

ငရဲဘုံသို့ သွားစေတတ်တာက ဘယ်သူလဲဟေ့ ဆိုတော့ ဒေါသတရားတဲ့၊ အဲဒီ ဒေါသက ဘယ်ကဖြစ်ပါလိမ့်။ အဲဒီ မိမိကိုယ် ခြောက်ဒွါရကဖြစ်တဲ့ ဒေါသဘဲနော်။ ကိုယ့်ဒေါသ ကိုယ်သိရောပေါ့။ စက္ခုဆိုတဲ့ မျက်စိကမြင်လို့ဖြစ်တဲ့ဒေါသ၊ သောတဆိုတဲ့ နားကကြားလို့ဖြစ်တဲ့ ဒေါသ၊ ဃာနဆိုတဲ့

နှာခေါင်းက နံလို့ဖြစ်တဲ့ဒေါသ၊ ဇီဝှာဆိုတဲ့လျှာက လျှက်လို့ စားလို့ဖြစ်တဲ့ဒေါသ၊ ကာယဆိုတဲ့ ကိုယ်နှင့်တွေ့ထိလို့ ဖြစ်တဲ့ဒေါသ၊ စိတ်ဆိုတဲ့မနောနှင့် ကြံသိလို့ ဖြစ်တဲ့ဒေါသတွေ ပေါ့နော်။ အိပ်နေရင်းနှင့် အိပ်ယာထဲမှာ ကြံနေလိုက်တာ၊ အနိဋ္ဌာရုံကို သွားကြုံမိတော့ ဒေါသထွက်ပြီး စိတ်ဆိုးလို့၊ အမယ်လေး တယောက်တည်း, လူသာမကြားတယ်, လူသာမမြင်ရတယ်၊ အံသွားကြိုး တကြိတ်ကြိတ်နှင့် သက်ပြင်းကြီးချနေတာ၊ ကိုယ့်ဟာကိုယ်တော့ သိကြမှာပေါ့နော်။ တကယ် ဒေါသကြီးဖြစ်နေတယ်နော်။ အဲ-ဒါတွေဟာ ဘယ်သွားမလဲ။ အဲ-ဒေါသက ငရဲပြည်မှာ ဆွဲသွားမှာဘဲနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) နောက်ပြီးတော့ မောဟတရား ကျန်သေးတယ်နော်။ စက္ခုမျက်စိနှင့် မြင်လဲ အမှတ်တမဲ့၊ သောတနားနှင့် ကြားလဲအမှတ်တမဲ့၊ ဃာနနှာခေါင်းနှင့် နံလဲ အမှတ်တမဲ့၊ ဇိဝှာ လျှာနှင့် စားလဲအမှတ်တမဲ့၊ ကိုယ်ကာယနှင့် တွေ့ထိလဲအမှတ်တမဲ့။ အဲ-ဒီလို အမှတ်တမဲ့ကြီး ပေါ့လေ၊ ဘာမှဂရုမစိုက်ဘူး။ အမှတ်တမဲ့နေတာမျိုး သက်သာမယ် ထင်ကြသလား၊ သက်သာမယ်မထင်နှင့်နော်။ သေသေချာချာ စဉ်းစား ကြည့်ကြပါ၊ အမှတ်တမဲ့ ဆိုတာ တွေ့ဝေ မှိုက်မဲ ခြင်းဆိုတဲ့ မောဟ အဝိဇ္ဇာသဘောပါဘဲ။ မောဟ သဘော ဟာ သစ္စာတရား လေးပါးကို ဖုံးလွှမ်း တတ်တယ်။ ပဋ္ဌိစ္စ သမုပ္ပါဒ်တရားရဲ့ ရှေ့အစွန်းကို မမြင်ရအောင် မထင်ရ အောင် ဖုံးလွှမ်းတတ်တယ်။ ဘုံအုံးဖြင့်နေ၀သည်၊ နသည်

ယတန ဘုံတိုင်အောင် ဖုံးလွှမ်းတတ်တယ်။ ဓမ္မအားဖြင့် သော တာဝပတ္တိမဂ်ရှေ့ ဂေါ်တြဲဘူတိုင်အောင် ဖုံးလွှမ်းတတ်တယ်။ ပဋိဂ္ဂိုလ်အားဖြင့် အနာဂါမ်ပုဂ္ဂိုလ်တိုင်အောင် ဖုံးလွှမ်းတတ်တယ်။ သံသရာစက်အကန့်ကို မသိမမြင် မထင်နိုင်အောင် ဖုံးလွှမ်းတာဟာ မောဟဘဲလို့ မှတ်နော်။

(မှန်ပါဘုရား)

မိုက်မဲတွေဝေတတ်တဲ့ မောဟ သဘောဟာ မျိုးသောအားဖြင့် တိရစ္ဆာန်ဘုံ၊ အသူရကယ် ဘုံတွေ့မှာ ဖြစ်စေတတ်ပါတယ်။

အဲ-ဒါကြောင့်....

မောဟနဟာ၊ မုယှနသဘာဝတာ၊ တိရစ္ဆာန်၊ ယောနိယံ၊ ဥပပဇ္ဇန္တိလို့ အဌသာလိနီကျမ်းမှာ ဆိုထားပါတယ်။

ဟိသစ္စံ၊ ဂါဆိုသော စကား သည် မှန်၏။ မောဟနဟာ မောဟသည်။ မုယှနသဘာဝတာ၊မိုက်မဲတွေဝေသောသဘောရှိသောကြောင့်။ တိရစ္ဆာန်ယောနိယံ၊ တိရစ္ဆာန်ဟုံ သို့။ ဝါ၊ အသူရကာယ်ပြည်သို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ရကုန်သတည်း။ မောဟတရားဆိုတာ တိရစ္ဆာန်ပြည်, အသူရကာယ် ပြည် သို့ ရောက်စေနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) အဲ-ဒီအကုသိုလ်ကံတွေဟာ ဟုံ အတိတ်ဘဝက ပြုလာတဲ့ကံတွေကို အသာထားလိုက်ပါအုံး။ ယခုပစ္စုက္ခ မျက်မှောက်ဘဝမှာ သီတင်း သီ လ စောင့်နေ တဲ့

ပုဂ္ဂိုလ်သဏ္ဌာန်မှာသော်လဲ ဒီအကုသိုလ်တွေ့မဖြစ်ဘူးလို့ ငြင်းပယ်နိုင်ကြမလား။ သူမျှားကိုတော့ ငြင်းရင်ရချင်ရမယ်။ ကိုယ့်ကိုယ်ကို ပြန်ငြင်းစမ်းပါ။ ငါဟာ သီလစောင့်နေတယ်၊ သီလစောင့်နေတဲ့အခါ ခြောက်ဒ္ဒါရဆိုတဲ့ စက္ခုဒ္ဒါရက မြင်တယ်။ သောတဒ္ဒါရ နားက ကြားတယ်။ ဃာန၊ ဒ္ဒါရ၊ နှာခေါင်းက နံတယ်။ ဇိဝှာဒ္ဒါရ၊ လျှာကလျှက်စားတယ်။ ကာယဒ္ဒါရ၊ ကိုယ်ကတွေ့ထိတယ်။ မနောဒ္ဒါရ၊ စိတ်ကကြံသိတယ်။ အဲ-ဒီလို ခြောက်ဒ္ဒါရက ရုပ်တရား နာမ်တရားထဲကနေပြီး၊ ဖြစ်ပေါ်ပေါက်ပွားနေတဲ့ ဇောတရားတွေဟာ ငါတို့သည် အကုသိုလ်ဇော စောနေတဲ့ တရားတွေလား၊ သို့တည်း မဟုတ် ကုသိုလ်ဇော စောနေတဲ့ တရားတွေလား၊ သူမျှားကိုတော့ လိမ်ပြောရင် ရတာပေါ့၊ ကိုယ့်ကိုယ်ကိုပြန်ပြီး လိမ်ကြစမ်း၊ ချက်ခြင်းပေါ်လာမယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ကိုယ့် ကိုယ်ကို ပြန်ပြီး လိမ်လို့ ချက်ခြင်းပေါ်လာတဲ့တရားတွေဟာ ဘာတရားတွေလဲလို့ ဆိုတော့၊ ဒ္ဒါရခြောက်ခုင် ထုက်ဝင်သွားလာတဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားတွေချည်းဘဲ တွေ့ရတယ်။ အဲ-ဒီအကုသိုလ်တရားတွေဟာ ကောင်းရာသုခဘယ် အခါမှ မပေးဘူးနော်။ အကုသလာ သာဝဇ္ဇ ဒုဝိပါက လက္ခဏာတဲ့၊ အပြစ်နှင့်တကွ မကောင်းသော အကျိုးကိုသာ ပေးတယ်။ ဘယ်တော့မှ ကောင်းကျိုးကိုမ ပေးဘူး၊ အ ပြစ် နှင့် တ ကွ မကောင်းကျိုးကို ပေးစေ တတ် တဲ့ တရား ဟာ ဘယ် သူ လဲ၊ အကုသိုလ်ပေါ့။ အဲ-ဒီ အကုသိုလ်တွေကို တို-နောက်နောင်က

မပြုခဲ့ပါဘူးလို့ မထင်ကြပါနှင့်နော်။ အမှန် ၉ ကန် ပြုခဲ့ ကြတယ်။ အမြဲတမ်းမိမိတို့ဟာ ကာယကံ၊ ဝစီကံ၊ မနောကံနှင့် စပ်တဲ့ အကုသိုလ်ကံပေါင်း အနန္တပြုခဲ့ကြပြီဆိုတာ ဉာဏ်နှင့် ရှင်းရှင်းလင်းလင်းကလေး မှတ်ဘို့လိုပါတယ်နော်။ ဟိုအတိတ် သံသရာ အသာထား လိုက်ပါအုံး။ အခုပစ္စုပ္ပန်မျက်မှောက်မှာ ငါတို့သီတင်း သီလ စောင့် နေ တာ အ ကု သိုလ် မ ဖြစ် ဘူ လို့ မထင်ကြနှင့်နော်။ အတော်ခဲယဉ်းတယ်။ သီလစောင့်နေတဲ့ ပုဂ္ဂိုလ်တယောက် ဘယ့်နှယ်အကုသိုလ်ရှိပါသလဲလို့ မေးအုံး သီလစောင့်နေတာက သီလကုသိုလ်ဘဲရှိတယ်၊သီလကုသိုလ်က သီလကုသိုလ်နှင့်ဘဲဆိုင်တယ်။ အကုသိုလ်နှင့် မဆိုင်ဘူးဆိုရမှာ ပေါ့။အဲ-သီလစောင့်နေရင်း အကုသိုလ်ဖြစ်တာကို ကိုယ်ပိုင် ဉာဏ်နှင့်ကြည့်၊အလွန်ကြောက်ဘို့ကောင်းတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) အခု သီလစောင့်ပြီးတော့ ထိုင်နေ တယ်။ ထိုင်နေတော့ မျက်တောင်တခတ်မှာ စိတ္တက္ခဏပေါင်း ကုဋေတသိန်း ဖြစ်ချုပ်တယ်။ မျက်တောင်တခတ်မှာ ကုဋေ တသိန်း ဖြစ်ချုပ်တော့ စိတ္တက္ခဏဟာ ဘယ်နေရာ ဘယ်ဌာန မှာဖြစ်တဲ့ စိတ္တက္ခဏလို့လဲဆိုတော့ မျက်စိမှာ ဖြစ်တဲ့ စိတ္တက္ခဏ၊ နား:မှာဖြစ်တဲ့ စိတ္တက္ခဏ၊ နှာခေါင်းမှာ ဖြစ်တဲ့ စိတ္တက္ခဏ၊ လျှာ မှာဖြစ်တဲ့ စိတ္တက္ခဏ၊ ကိုယ်မှာဖြစ်တဲ့ စိတ္တက္ခဏ၊ မနောမှာ ဖြစ်တဲ့ စိတ္တက္ခဏ၊ အဲ-ခြောက်ဒွါရ၊ ခြောက်ဌာနမှာ ဖြစ်တဲ့ စိတ္တက္ခဏပေါင်းဟာ မျက်တောင် တ ခတ်မှာ ဆိုရင် ကုဋေ တသိန်းဖြစ်တယ်။ အဲ-ဒီလိုခြောက်ဒွါရ၊ ခြောက်ဌာနက စိတ္တက္ခဏပေါင်း ကုဋေတသိန်းထဲက ကုသိုလ်စိတ်တွေ ဖြစ်နေ

သလား၊ အကုသိုလ်စိတ်တွေ ဖြစ်နေသလား၊ ဆိုတာ ကိုယ့်ဟာ ကိုယ်မှ သိတာပေါ့။ ဒါတော့ သူများမသိနိုင်ဘူး၊ တပါးသော သူတို့သိဘို့ ခဲယဉ်းတယ်။ မိမိတို့ကိုယ်တိုင်တော့ သိတယ်။ ဘယ်လိုသိသလဲ၊ ခုနကလို ဆရာဘုရားဟောကြားတဲ့ ဝဏ္ဏပဿာဒနှင့် ရူပါရုံတို့တွေ့ဆုံတဲ့အခါ ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ဟာ ဣဋ္ဌာရုံနှင့်တွေ့တော့လောဘ၊ အနိဋ္ဌာရုံနှင့်တွေ့တော့ ဒေါသ၊ အမှန်မဲ့ အမှတ်မဲ့၊ ဂရုမစိုက်ဘဲနှင့်မြင်တွေ့လိုက်တော့မောဟ။ ဒီလောဘ ဒေါသ၊ မောဟတွေဟာ ဘယ်လောက် ကြောက်စရာကောင်းသလဲ၊ မိမိကိုယ်ကို စစ်တမ်း ထုတ်လိုက်တဲ့ အခါကျတော့ အကုန်လုံးသိနိုင်တယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) လောဘ၊ ဒေါသ၊ မောဟ အကုသိုလ် ကိလေသာတရားတွေ ပါးသွားရအောင် ဖြစ်ခြင်းပျက်ခြင်းဆိုတဲ့ ဝိပဿနာနှင့် တင်ရှုရမယ်နော်။ တင်ရှုပုံက လက်ဦးအစပဌမက တိုင်ဆိုပေးလိုက်တဲ့ လက်ဝဲသံပေါက်အတိုင်း စက္ခုဆိုတဲ့ မျက်စိမြင်မှု၊ ဖြစ်ပျက်ရှု၊ သောတဆိုတဲ့ နားကြားမှု၊ ဖြစ်ပျက်ရှု၊ ဃာနဆိုတဲ့နှာခေါင်းနံမှု၊ ဖြစ်ပျက်ရှု၊ ဇိဝှာဆိုတဲ့ လျှာ လျှက်မှု၊ ဖြစ်ပျက်ရှု၊ ကာယဆိုတဲ့ ကိုယ်ထိမှု၊ ဖြစ်ပျက်ရှု၊ စိတ်ဆိုတဲ့ မနောသိမှု၊ ဖြစ်ပျက်ရှု။ အဲ-ဒီလို ဝိပဿနာဉာဏ်ပညာနှင့် ဖြစ်ပျက်ရှုခဲ့လို့ ရှိရင် လောဘ၊ ဒေါသ၊ မောဟတို့ မိတ်ဖော် အသင်းအပင်းတွေ ဖြစ်ကြတဲ့ မာနတရား, ဒိဋ္ဌိတရားတွေလဲ ကွာဝေးပြီး အေးချမ်းသွားနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

သတ္တဝါတိုင်းတို့ရဲ့ ခန္ဓာသဏ္ဌာန်မှာ ကာမဂုဏ်ခံစားကြရန် မနုဿခြေခံဖြစ်တဲ့ ကိုယ်ပိုင်ဓာတ်ကြီးငါးခုစီ ရှိကြတယ်။ ဓာတ်ကြီးငါးခု ဆိုတာကတော့ အခြားတော့ မဟုတ်ပါဘူး၊ ခုနကဆရာဘုရား ဟောကြားခဲ့တဲ့ စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ ကာယ ဆိုတဲ့ ခြောက်ခုရှိတဲ့အနက်၊ မနုတခုကို ကြဉ်ဖယ်ပြီး ကျန်တဲ့ ဓာတ်ငါးခုဟာ သတ္တဝါတို့ ကိုလေသာ ကာမဂုဏ် ခံစားကြဘို့ဖြစ်တဲ့ ဓာတ်ငါးခု ဘဲနော်။ အဲ-ဒီဓာတ် ငါးခုကတော့ ကိုယ်ပိုင်အတွင်း အဇ္ဈတ္တ ဓာတ်ခံခေါ်တယ်၊ ကိုယ်ပိုင်အတွင်း အဇ္ဈတ္တဓာတ်ခံကြီး ငါးပါး လက်ကိုင်ရှိနေကြတဲ့ အတွက်ကြောင့် ရူပါရုံအစ ဖေါ်ဌပ္ဗာရုံအဆုံးရှိတဲ့ ကာမဂုဏ် သွေးတက်စာတွေကို မြိန်ယှက်စွာ ခံစားနိုင်ကြတာလား။ ကိုယ်ပိုင် ဓာတ်ကြီးငါးပါးသာ လက်ကိုင် မရှိကြဘူးဆိုရင် အပြင်ကရှိကြတဲ့ အာရုံကာမဂုဏ်တွေဟာ ဘယ်လောက်မျှ ပင် ဆန်းကြယ် ကောင်းမွန် စေကာမှု၊ ခံစားနိုင်တဲ့ သတ္တိရှိနိုင် ကြမှာမဟုတ်ဘူး။ စက္ခု၊ သောတစတဲ့ ဓာတ်ကြီး ငါးပါးကို ကိုယ်ပိုင်အဇ္ဈတ္တ ဓာတ်ခံကြီးတွေရယ်လို့ မှတ်ကြရမယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ...ဘုရား)နောက်ပြီးတော့ ရူပါရုံ၊ သဒ္ဒါရုံ အစရှိတဲ့အာရုံ ကာမဂုဏ်ငါးမျိုးကို ဗဟိဒ္ဓဓာတ်ကြီးတွေလို့ မှတ်ကြပါနော်။ အသီးသီးခံစားကြပုံကတော့ မျက်စိဓာတ် ဖြင့် ရူပါရုံအမျိုးမျိုးကို ခံစားကြတယ်၊ နားဓာတ်ဖြင့် သဒ္ဒါ ရုံအမျိုးမျိုးကို ခံစားကြတယ်၊ နှားခေါင်းဓာတ်ဖြင့် ဂန္ဓာရုံ အမျိုးမျိုးကို ခံစားကြတယ်၊ လျှာဓာတ်ဖြင့် ရသာရုံ၊ ကိုယ်

ဓာတ်နှင့် ဖေါ်ဌပ္ပဒါရုံ၊ သူ့ ဓာတ် နှင့်သူ့ အာ ရုံ အစုံစုံအရုံ သင့်ဖြစ်အောင် သတ္တဝါတို့၏ ကံမျှားဖြင့် စိမ်ထားလိုက်တာ အုံ့သြဘို့ မကောင်းကြဘူးလား။ ရူပါရုံအစရှိတဲ့ ငါးပါး အာရုံ ကာမဂုဏ်တွေဟာ ပုထုဇဉ်တို့၏ စိတ်နှလုံးကို တပြုံးထဲပြုံးနေအောင် အမြဲမြှုံ့၍ နေကြတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒီလို အ မြှုံ့ ကောင်းတဲ့ အတွက်ကြောင့် ပုထုဇဉ် သတ္တဝါတွေဟာလဲ၊ သံသရာတခွင်ကို, အငြိမ့်ပဲ့ကြီး ထင်ပြီး ပျော်ရွှင်လို့ အားမရနိုင်အောင် ဖြစ်နေတာပေါ့၊ သို့ပင်ပျော်ရွှင်အောင် အမြှုံ့ချေ့ကောင်းသော်လဲ စင်စစ်မှာတော့၊ ဒီ ကာမဂုဏ် တရားတွေဟာ အပြင်းဘမ်းပြီး အကြမ်းနှိပ်စက် တတ်တဲ့ အဆိပ်အိုးကြီးတွေဖြစ်ပြီး ဆင်းရဲဒုက္ခကိုသာ ပေး တတ်ပါတယ်နော်။ အဲ-ဒီလို ဆင်းရဲဒုက္ခကိုသာ ပေးတတ်တဲ့ ကာမဂုဏ်တရားတွေဟာ ပုထုဇဉ် သတ္တဝါတို့က ချမ်းသာ သုခထင်ပြီး အားမရနိုင်အောင် ခံစားနေကြတယ်။ ကာမဂုဏ် အဆိပ်ဖမ်းမိပြီဆိုမှဖြင့် ဘယ်သူမှမခံနိုင်ဘဲ၊ ကမ်းမမြင် လမ်း မမြင်မေ့မောပြီး တရားသဘောလက်လွှတ် ဇွတ်တရွက်ရမ်း ကား အမှောက်မှောက်အမှားမှားဖြစ်ကြတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) မှောက်မှောက် မှားမှားဖြစ်တယ် ဆိုတာက မျက်မှောက်ဘဝအတွက် မှောက်မှားခြင်း၊ နောင်

သံသရာအတွက် မှောက်မှားခြင်းရယ်လို့ နှစ်မျိုးနှစ်စား ရှိတယ်နော်။ ယခုပစ္စုပ္ပန် ဘဝအတွင်းမှာ သားကျွေးမှု မယားကျွေးမှု၊ မိမိကိုယ်တိုင် စည်းစိမ်ခံစားမှု အရေးတွေ၊ ထင်ပေါ်ကျော်ကြားလိုတဲ့ အရေးတွေနှင့် အစိုးရပညတ်တဲ့ ဥပဒေတွေကို ကျူးလွန်ကျော်နင်းပြီး ရာဇဝတ်မှုအထိ ပြုကျင့်လို့ လက်ငင်းဒိဋ္ဌအပြစ်ရတာကို မျက်မှောက် ဘဝအတွက် မှောက်မှားခြင်းရယ်လို့ခေါ်တယ်။ သားကျွေးမှု, မယားကျွေးမှု၊ စည်းစိမ်ခံလိုမှု၊ မော်ကြွားလိုမှုတွေ အတွက်ကြောင့် ကာမဂုဏ်မာန်တက်ပြီး အရှက်အကြောက်မရှိ၊ ဒုစရိုက်တွေကို ပြုကျင့်ကြတာတွေကို နောင်သံသရာဘဝအတွက် မှောက်မှားချက်တွေလို့ ခေါ်တယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ... ဘုရား)ဒီလို မှောက်မှောက် မှားမှား ရမ်းကားပြုကျင့်တာတွေဟာ ဘာကြောင့်လဲဆိုတော့ ကာမဂုဏ် အဆိပ်မိလို့ဘဲ မှတ်ကြပေတော့နော်။ ကာမဂုဏ် အဆိပ်မိပြီဆိုရင် မအောင့်အီးနိုင်တော့တဲ့ အရမ်းလောရော ဇွတ်လုပ်ပြုလုပ်ပြီး ဆင်းရဲဒုက္ခနှင့် လက်တွဲပြီး နဲ့ပျော်နေကြတယ်။ ပုထုဇဉ်သတ္တဝါတွေဟာ ဆင်းရဲဒုက္ခကို ချမ်းသာ သုခထင်ပြီး နေကြတာ ဝိပလ္လာသ တရားဖေါက်ပြားလို့ မှောက်ငမှောက် မှားမှားဖြစ်ကုန်ကြတယ် ဟုတ်လား။ စဉ်းစားပြီး ဉာဏ်နှင့် တွေးကြည့်ရင် သိနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

အဲ-ဒါကြောင့်....

အာရုံငါးဝ ထိုကာမကို မုချပိုင်ပိုင် မအောင့်နိုင်၍ ခုတိုင် ဒုက္ခသစ္စာတည်း။

အာရုံငါးဝ ထိုကာမကို မုချပိုင်ပိုင် မအောင့်နိုင်၍ ခုတိုင် သမုဒယသစ္စာတည်း။

အဲ-ဒီလက်ဝဲသံပေါက် ဆိုခဲ့တဲ့အတိုင်း လောကီလူသား ပုထုဇဉ်သတ္တဝါမျိုးတွေဟာ ကိုလေသာ အာရုံ ကာမဂုဏ်တရားတွေကို မအောင့်အီးနိုင်ဘဲ စုံမက်နှစ်သက်မြတ်နိုးနေကြတယ် မဟုတ်လား။ အဲ-ဒီအာရုံ ကာမဂုဏ်တရားတွေကို ဘာကြောင့် စုံမက်နှစ်သက် မြတ်နိုးနေကြရသလဲလို့ ဆိုတော့၊ ပုထုဇဉ်သတ္တဝါတို့ ခန္ဓာသဏ္ဌာန်မှာ တဏှာလောဘခေါ်တဲ့ သမုဒယခေတ်ခံ ရှိနေကြသည့်အတွက်ကြောင့် စုံမက်နှစ်သက် မြတ်နိုးနေကြတယ်နော်။ အဲ-ဒီလို တပ်နှစ်သက် စုံမက်နေတဲ့၊ တဏှာလောဘ သမုဒယသစ္စာကိုပင် ကိုလေသာကာမရယ်လို့ ခေါ်ကြတယ်နော်။ တဏှာသမုဒယမရှိရင် ကာမဂုဏ် ဝတ္ထုအစုစုတွေ ဘယ်လောက်ပင် ဝန်းဝိုင်းနေစေကာမူ တပ်မက်ခြင်းမရှိနိုင်ဘူး။ တဏှာသမုဒယသစ္စာရှိလို့သာ သာယာဘို့ ကာမဂုဏ်တွေ မရှားနိုင်ဘူးနော်။ အရင်းစစ်တော့ အမြစ်မြောဆိုတဲ့စကားအတိုင်း လက်စသပ်တော့ အတွင်းခေတ် ခေါ်တဲ့ ကိုလေသာကာမ၊ တဏှာလောဘ၊ မောင်မင်းကြီးသားကြောင့် အားရတင်းတိမ်ခြင်းမရှိအောင် တပ်မက်မောခြင်း၊နှစ်သက်တွယ်တာခြင်း ဖြစ်နေကြတယ်နော်။ကိုလေ

သာ ကာမတဏှာ လောဘဆိုတဲ့ အတွင်းဓာတ်ကို အကင်းပြတ်အောင် သတ်နိုင်ခဲ့လို့ရှိရင် ဘယ်လိုကာမဂုဏ် ဝတ္ထုမျိုးကိုမှ စိုးရိမ်ဘို့ မရှိတော့ဘူး။ တပ်မက်အောင် မြှူသော်လဲ မြှူလောက်မှ နှစ်သက်တော့မှာမဟုတ်။ အဲ-ဒါကြောင့် ကိုလေသာကာမ၊ တဏှာလောဘဆိုတဲ့ အတွင်းဓာတ်ကို အကင်းပြတ်အောင် သတ်နိုင်ဘို့ လိုပါတယ်နော်။ ကိုလေသာ ကာမတဏှာလောဘကြီး အကင်းပြတ်ပြီဆိုရင် ဝတ္ထုကာမတွေဟာ အလိုလိုနှင့် ပြတ်စဲနိုင်ပါတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ.... ဘုရား) အာရုံကာမဂုဏ် တရားတွေကို ဟောကြားခဲ့ရာ ကာမသရုပ်ကို အချုပ်အားဖြင့် ဟောကြားဘို့ လိုပါသေးတယ်နော်။ ကာမဆိုတာ ဝတ္ထုကာမ၊ ကိုလေသာကာမရယ်လို့ နှစ်မျိုးနှစ်စား အပြားရှိကြကြောင်းကို ကျမ်းဂန်အရပ်ရပ်တို့မှာ ပြဆိုသားပါတယ်။ အဘိဓမ္မာနည်းအားဖြင့် ရူပါရုံအစရှိတဲ့ အာရုံငါးပါးကို ဝတ္ထုကာမရယ်လို့ ခေါ်ပါတယ်။ သုတ္တန်နည်းကလဲရှိသေးတယ်၊ ဘယ်လိုလဲလို့ ဆိုတော့ ရွှေ, ငွေ, ဘဏ္ဍာ, လယ်ယာ, မိုး, မြေ၊ ရုံရွှေ, ဆင်, မြင်းကျွန်သင်းပင်းနှင့် အိမ်တွင်း, အိမ်ပြင်မှာ ရှိရှိသမျှ၊ အသုံးအဆောင်နှင့်တကွ သားမယားတို့ကို ဝတ္ထုကာမရယ်လို့ သုတ္တန်နည်းအားဖြင့် ခေါ်ဆိုတယ်။ စင်စစ်တော့ လောဘနိုင်ငံ အဝင်အပါဖြစ်တဲ့ သာယာဘွယ်ဝတ္ထု ဟူသမျှတွေကို ဝတ္ထုကာမရယ်လို့ သာ မှတ်ကြပေတော့နော်။

(မှန်ပါဘုရား)

ဦးရသေ့ရေ - ဘုရား) ကာမဝတ္ထု အစုစုတွေကို မဝနိုင်အောင် ခံစားသာယာနေတဲ့ တဏှာလောဘကြီးကို ကိုလေသာကာမလို့ ခေါ်တယ်။ ကာမဝတ္ထုတွေဟာ တဏှာပိုင်နက်နိုင်ငံကြီးနှင့်တူပါတယ်။ တဏှာလောဘက ဘုရင်နှင့်တူတယ်။ တဏှာဘုရင်ကြီးက သူ့ပိုင်နက်ဝင်သမျှ ဝတ္ထုကာမတွေကို အလုံးစုံသိမ်းကျုံးပြီး ခံစားစံစားနေတော့တာပါဘဲ၊ တဏှာဘုရင်က ငြင်းပယ်တယ်လို့ မရှိဘူး၊ ဝတ္ထုအာရုံကာမဂုဏ်တွေ မျှားလေလေ၊ တဏှာလောဘ ဘုရင်ကြီးက အားကြီးစွာ သာယာလေမေလောဘဲနော်။ သမ္ဒဒ္ဓရာကြီးဟာ စီးဝင်လာသမျှ ရေတွေနှင့်တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်တာလို့ တဏှာလောဘဆိုတဲ့ ဓာတ်ကြီးဟာလဲ တွေ့တွေ့သမျှ ဝတ္ထုအာရုံကာမဂုဏ်တွေကို သာယာခံစားခြင်းဖြင့် တင်းတိမ်ရောင့်ရဲတယ်လို့ မရှိနိုင်ဘူး၊ ဆားငံရေကို သောက်မိတဲ့ နွားလို။ အဲ-ဒါကြောင့် သောက်လေ သောက်လေ ငတ်မပြေသည် ရေငံဆားကျင်းနွားတသင်း ဆိုတဲ့စကားအတိုင်း ဆားငံရေကို သောက်မိတဲ့ နွားဟာ သောက်လေလေ ငတ်မပြေဘဲ၊ တိုးရ် တိုးရ် ရေငတ်သလို၊ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို ခံစားစံစားတဲ့ တဏှာနွားသိုးကြီးဟာလဲ ခံစားလေလေ အငတ်မပြေဘဲ တိုးရ် သာ ငတ်တော့တာဘဲနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ..... ဘုရား) ကာမဂုဏ်တရား ဆိုတာ ရေငံဆား သောက်မိတဲ့ နွားလို၊ အဆိပ်မှုင်း မိတဲ့ ပုဂ္ဂိုလ်သတ္တဝါတေလို့ ဆိုရပါတယ်နော်။ ကာမဂုဏ်အဆိပ်မှုင်းမိတဲ့ ပုဂ္ဂိုလ်

သတ္တဝါတွေဟာလဲ၊ မျောက်မျောက်မှားမှားနှင့် အကုသိုလ် ဒုစရိုက်များကိုမရှောင်စတမ်းအရမ်းကာရောပြုလုပ်ကြတယ်။ ကာမဂုဏ်အဆိပ်မမီတဲ့ ပုဂ္ဂိုလ်သတ္တဝါ၊ ကာမဂုဏ်မှိုင်းမမီတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေ ဆိုတော့ ဘယ်လိုနည်းနှင့်မှ အမျောက်အမှားကြီးတွေကို ပြုလုပ်ကြမည်မဟုတ်ဘူး။ တရားသံဃာရလို့ တောထွက်ကြတဲ့ပုဂ္ဂိုလ်ကြီးတွေဟာ ကာမဂုဏ်အဆိပ်နှင့် ကာမဂုဏ်မှိုင်းကို ကြောက်ကြတဲ့အတွက် လွတ်အောင်ရှောင်ကြဉ်ကြတာဘဲနော်။ ကာမဂုဏ်တွေဟာ အဆိပ်နှင့်တူတယ်၊ မှိုင်းလက်နက်နှင့်တူတယ်လို့ ပြောဆို ညွှန်ကြားတော်မူကြသော်လဲ၊ ဘဝ ပရိုပရ အနန္တ ကပ်ကမ္ဘာတို့က ဓာတ်စာကျပြီး မက်မောပြီး သုံးဆောင်လာကြတဲ့အတွက် ကာမဂုဏ်အဆိပ်တုံးစဲ့လာကြတော့ ထိထိရောက်ရောက် ဖြတ်တောက်ဘို့ မစွမ်းနိုင်ကြဘူး၊ ဘိန်းစဲ့တဲ့လူမျိုး ဘိန်းအပြစ်ကို သိမြင်ကြသော်လဲ စဲ့ပြီးရင်းမို့ မဖြတ်နိုင်ကြသလိုနေတာဘဲနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ကာမဂုဏ် အဆိပ်မိတဲ့ အတွက်ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သတ္တဝါတွေ မာန်ယစ်ခြင်းအမျိုးမျိုးနှင့် မာန်ယစ်ကြတယ်။ ကာမဂုဏ်အဆိပ်မိပြီး မာန်ယစ်ကြတဲ့ အခါ ပမာဒခေါ်တဲ့ မေ့လျော့ခြင်း တရားလုံးကြီးက ဖုံးလွှမ်းလာပါရော! မေ့လျော့တဲ့အခါ သူတော်ကောင်းတရား ဆိုတာ ဘာမှန်းမသိအောင် ဖြစ်ကြတယ်နော်။ ရှင်တော်မြတ်ဘုရားတွေ,ဂင်္ဂါဝါဋ္ဌ, သဲစုမက၊ ဆူဆူပွင့်ကြ အဆုံးအမဆိုတဲ့ သာသနာတော်ကြီးတွေ၊ သူတော်ကောင်းတရားကြီးတွေ အကြိမ်

ကြိမ်အဖန်ဖန် တည်ထားခဲ့ပါသော်လဲ၊ အတန်ကြာရင် သာသနာနှင့် သူတော်ကောင်း တရားများ မထွန်းကားနိုင်ဘဲ၊ ကာမဂုဏ်လိုင်းကြီးတွေ ဖုံးလွှမ်းလုံးကွယ်ပျောက်ကြရတယ်။ ကာမဂုဏ်ဆိုတာက ကမ္ဘာ့လက်ရိုးကြီး၊ ကမ္ဘာသူ,ကမ္ဘာသား တို့ရဲ့ စားသုံးမြဲဖြစ်တဲ့ ကမ္ဘာ့ အစာကြီး ဖြစ်နေတဲ့ အတွက် ဘယ်အခါကာလမှာမှ မုန်းနိုင်ကြတယ်လို့ မရှိဘူး။ ပုထုဇဉ်ဘဝက မကျွတ် သေးရင် သူတော်ကောင်း တရားကို လိုက်စားပါသော်လဲ အတန်ကြာလျှင် ကာမဂုဏ် လက်ရိုးကြီးထဲ ပြန်ကျတော့တာဘဲနော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ဇာတ်နိပါတ်တော်ကြီး မျှားမှာ တရားနာပရိသတ်တွေ ကြားဘူး, တွေ့ဘူး ဖြစ်ကြတဲ့ အတိုင်း၊ ကသိုဏ်းပရိကံ စျာန်လမ်းအမျိုးမျိုး ပေါက်ပြီး အဘိဉာဏ်သိဒ္ဓိတွေ ပေါက်ပြီးတဲ့ ပုဂ္ဂိုလ်ကြီးတွေသော်မှ ကာမဂုဏ်နှင့် လက်ငင်း ပက်ပင်းတွေ့ဆုံတဲ့အခါ၊ ရှောခနဲ စျာန်တရားများ ကျလာကြတယ် မဟုတ်လား၊ ကမ္ဘာ့လက်ရိုးကြီးဖြစ်တဲ့ ကာမဂုဏ် တန်ခိုးဟာ ဒီလောက် အစွမ်းသတ္တိ ရှိတယ်။ သူတော်ကောင်းတရားတွေကိုဖုံး၊ အညွှန့် တုံးအောင် ပြုလုပ်တာလဲ ကာမဂုဏ်တွေဘဲ။ မာန်ယစ်အောင် သွေးမြောက်ပေးတာလဲ ကာမဂုဏ်တွေဘဲ။ ဉာဏ်ပညာမျက်စိကို တိမ်သလ္ဘာ လွှမ်းပြီး မမြင်စတမ်းဖြစ်အောင် လုပ်တာလဲ ကာမဂုဏ်တွေဘဲ။ သံသရာ အဆက်ဆက် အညွှန့်အတက် ငုံးတိတိတို့၍ ထိုထို သမ္ဘတ္တိ ဘဝတွေကို ဆုံးရှုံးအောင် လုပ်တာ|လဲ ကာမဂုဏ် တွေဘဲ။

ဒါကြောင့်၊ ရှင်တော် ဘုရားကြီးက ကာမဂုဏ် ငါးပါးကို တလောကလုံး၏ အဆိပ်တုံး, အဆိပ်ခဲ, အဆိပ်အိုးကြီးလို့ ဟောကြားတော်မူတယ်နော်။

(မှန်ပါဘုရား)

(ဦးရသေ့ရေ....ဘုရား) ကာမဂုဏ် ငါးပါးကို တလောကလုံးရဲ့ အဆိပ်တုံး, အဆိပ်ခဲ, အ ဆိပ်အိုး ကြီး နှင့် တူရုံမက အမျှား လူသတ္တဝါတွေကို ရှုးအောင်, မှုးဓအောင်, သေးဆုံးပေး တတ်တယ်။ ကြွားဝါပြောဆို နဂိုထက် စိတ်မြင့်အောင် မြှောက်ပင့် ပေးတတ်တယ်။ သတ္တဝါလူ အ ပေါင်းတွေကို ကောင်းကောင်းကြီး ဆင်းရဲဒုက္ခရောက်လေအောင် မာရ်နတ် ဆိုးကြီးထောင်ထားတဲ့ ကျောက်ဆင်း စက်လက် နက်ကြီးတွေ ဖြစ်တယ်လို့ မှတ်ကြရမယ်နော်။ အဲ-ဒါကြောင့် ထေရိဂါထာ ပါဠိတော်ကြီးမှာ....

ဥမ္မာဒနာ ဥလ္လပနာ၊ ကာမာစိတ္တပ မဒ္ဒိနော။
သတ္တာနံ သံကိလေသာယ၊ တိဗ္ဗံမာရေန ဩဋ္ဌိတံ။

ကာမာ၊ ရူပါအစ ဖေါ်ဌပ္ပအဆုံးရှိသော ငါးဝအာရုံ ကာမဂုဏ်တို့သည်။ဥမ္မာဒနာ၊ သတ္တဝါအမျှားကို မြှောက်မှား မှုးရှုး စေတတ်ကုန်၏။ဥလ္လပနာ၊သေးကိုမြှောက်၍ မြင့်မြှောက် ကြွားဝါသော စကားကိုလည်း ထုတ် ဆို စေ တတ် ကုန် ၏။ စိတ္တပမဒ္ဒိနော၊ စိတ်မြတ်, စိတ်ကောင်းကို ထောင်း ထောင်း ကြေညက်အောင်လည်း၊ နင်းနယ် ချေမှုန်းတတ်ကုန်၏။ တေ

ရူပအစ ဖောဌဗ္ဗာအဆုံးရှိသော ကာမဂုဏ် ၈၁းမျိုးသည်။ သတ္တာနုံ၊ သတ္တဝါအပေါင်းတို့အား၊ သံကိလေသာယ ပူပန်ညစ်နွမ်းရ၊ မချမ်းမသာ ဖြစ်စိမ့်သောဌာ။ မာရေန၊ ဒုစရိုက်အိုး မာရ်နတ်ဆိုးကြီးသည်။ သြဠိတံ၊ ထောင်ထားအပ်သော တိုင်ဗို၊ အလွန်ထက်မြက်သည့် ကျောက္ခင်းစက်ကြီး ပေတည်း။

(သာဓု-သာဓု-သာဓု)

(ဦးရသေ့ရေ....ဘုရား)တလောကလုံးရဲ့ နိယာမဓာတ်စာ ဖြစ်တဲ့ ကာမဂုဏ်မျိုးကိုဘဲ အမြတ်တနိုး ပြုလုပ်နေကြတဲ့ အတွက် ရွှေ၊ ငွေ၊ ဘဏ္ဍာ၊ လယ်ယာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ယာဉ်ရထား စတဲ့ ကာမဂုဏ်၊ သက်ထား ဇနီး သား မယား၊ အချွေအရံစတဲ့ ကာမဂုဏ် ပြည့်စုံလာပြီဆိုမှဖြင့် ခြေဖျားကလေးများထောက်ပြီး မော်မောက်ချင်တဲ့ဝါသနာ အပြောအဆို မြင့်မားလေသံကြားတဲ့ ဝသီတွေ ပေါ်လာကြစမြဲ ဖြစ်တယ်။ လောကီအာရုံ ကာမဂုဏ်ဆိုတာ လူသတ္တဝါတို့ သွေးတက်စာများ ဖြစ်တယ်လို့ ပညာရှိ သူတော်ကောင်းကြီးများ မိန့်ဆိုတော်မူကြတာ အလွန်မှန်တာကလား။ ကာမဂုဏ်အတွက်သွေးတက်ပြီဆိုမှဖြင့် မေ့လျော့ယစ်မူး ၈ါတကားဆိုတဲ့ မာန်တံခွန်နှင့် အလွန်ထက်တဲ့ အစွယ်ကြီးတွေ ပေါ်ပေါက်လာကုန်ရော။ အဲ-ဒီလိုဖြစ်တဲ့အခါ ထင်ရာပြုကျင့်ခြင်း၊ အရမ်းဇွတ်တိုးခြင်းဆိုတဲ့ သဘောမျိုး ပေါ်ပေါက်ပြီး အမှောက်အမှားတွေနှင့် တွေ့ကုန်ကြရော။ လက်ငင်းအမှား၊ နောင်သံရှ

ရေးအမှား၊ ဒီလိုအမှောက်အမှား တွေ့ခြင်းကိုပင် မာရ်မင်း ကျေ့ကွင်း လက်နက်ကြီး အဖိခံရတယ်လို့ ဆိုတာဘဲနော်။

(မှန်ပါဘုရား)

တဏှာဆိုတဲ့ မာရ်မင်း ကျေ့ကွင်း လက်နက်ကြီး အဖိမခံ ရအောင် တဏှာလောဘ ကိလေသာ ကာမကို အကင်း ပြတ်အောင်၊ မဂ်ပညာနှင့် ပတ်သက် နိုရောဓတ် ခေါ်တဲ့ နိဗ္ဗာန်ကို အမြန်ဆုံး မျက်မှောက်ပြုနိုင်ကြစေရန် ထက်သန် သော လုံ့လစေတနာဖြင့် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပွားများ အားထုတ် နိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

* * *

အလံတရာ မေတ္တာရေစင်

၁။ ရူပ်နာမ်မျှသာ အဟံငါ၊ ဘယာကင်းရှိ၊ ရှင်းပါစေ၊ ရှင်းပါစေ။

၂။ ရူပ်နာမ်နှစ်ဖြာ အဟံငါ၊ ဗျာပါသောက၊ ကင်းပါစေ၊ ကင်းပါစေ။

၃။ ငါးဝခန္ဓာ အဟံငါ၊ဒုက္ခကင်းရှိ၊ဖြစ်ပါစေ၊ဖြစ်ပါစေ။

၄။ ဓာတ်လေးပါးသာ၊ အဟံငါ၊ ချမ်း သာ ကိုယ် စိတ် မြဲပါစေ၊ မြဲပါစေ။

၁။ ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါ နေ, လ, လင်းပါစေ၊ လင်းပါစေ။

၂။ ဓမ္မရောင်ဝါ သာသနာ ရောင်ဝါ နေ, လ, လင်းပါစေ၊ လင်းပါစေ။

၃။ သံဃာ့ရောင်ဝါ သာသနာ ရောင်ဝါ နေ,လ,လင်းပါစေ၊ လင်းပါစေ။

၄။ ဇမ္ဗူဒီပါ ကျွန်းလက္ခြာ ဘာသာဗုဒ္ဓ ထွန်း ပါ စေ၊ ထွန်းပါစေ။

၅။ အလံတရာ ဒိုမြတ်စွာ မကြာခဏ ပြီးပါစေ၊ ပြီးပါစေ။

၆။ ငါတို့ဆရာထေရ်မဟာ ကြံကာခဏပြီးပါစေ၊ပြီးပါစေ။

၇။ ဥပသကာ လံတရာ ပြုကာခဏ ပြီးပါစေ၊ ပြီးပါစေ။

၈။ ဥပသကိယောဂီ၊ ရှင်ကြည်ကိုယ်စိတ်မြဲပါစေ၊ မြဲပါစေ။

၉။ တိုင်းသား ပြည်သူ ရန်မမူ ကြည်ဖြူကိုယ်စိတ် အေးပါစေ၊ အေးပါစေ။

၁၀။ မြင့်မိုရ်ပမာ မိဘသာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ၊ မြဲပါစေ။

၁၁။ အလံတရာ မျှားသံသာ ချမ်းသာ ကိုယ်စိတ် မြဲပါစေ၊ မြဲပါစေ။

၁၂။ ရွှေတိုပြည်မှာ မျှားသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ မြဲပါစေ။

၁၃။ ကမ္ဘာလောကာ ဝေနေယျာ ချမ်းသာ ကိုယ်စိတ် မြဲပါစေ၊ မြဲပါစေ။

၁၄။ တိုင်းပြည် စိုးကာ မင်းရာဇာ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ မြဲပါစေ။

၁၅။ စတုလောကာ နတ်မျှားစွာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ မြဲပါစေ။

၁၆။ သိကြားဒေဝါ နတ်မျှားစွာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ မြဲပါစေ။

၁၇။ ဝိဇ္ဇာ ဇော်ဂျီ တပသီ၊ ရှင်ကြည် ကိုယ်စိတ် မြဲပါစေ၊ မြဲပါစေ။

၁၈။ သွားလေရာရာ ဘုန်းတေဇာ၊ မြန်စွာခဏ ကြီးပါစေ၊ ကြီးပါစေ။

၁၉။ ထွက်သစ်၍လာ လ,ပမာ၊ ရောင်ဝါထွန်းလို့ လင်းပါ၏၊ လင်းပါ၏။

၂၀။ ထွန်းသစ်စလာ နေပမာ၊ ရောင်ဝါထွန်းလို့ လင်းပါ၏၊ လင်းပါ၏။

၂၁။ ရဟန်း, ရှင်, လူ, ရန်မမူ၊ ကြည်ဖြူနှစ်သက် ရှိပါ၏၊ ရှိပါ၏။

၂၂။ အလိုရှိတိုင်း၊ မဆုတ်ဆိုင်း ကြံတိုင်းခဏ ပြီးပါ၏၊ ပြီးပါ၏။

၂၃။ ရန်သူ ဟူသမျှ မြူမခ၊ ဝေးက ရှောင်လို့ ကွင်းပါ၏၊ ကွင်းပါ၏။

၂၄။ ချစ်ခင်သူသာ သွားလေရာ မြန်စွာခဏ တွေ့ပါ၏၊ တွေ့ပါ၏။

၂၅။ သာသနာအကျိုး၊ ကိုယ့်အကျိုး၊ သည်ပိုးဆောင်ရွက် နိုင်ပါ၏၊ နိုင်ပါ၏။

၂၆။ သာသနာအရောင် နေလိုပြောင်၊ မိုက်မှောင်ခွင်းလို့ လင်းပါ၏၊ လင်းပါ၏။

၂၇။ သာသနာ့အောင်မြေ မျှားလူတွေ၊ မင်ခြေ, ဖိုလ်ခြေ ရပါ၏, ရပါ၏။

၂၈။ မင်ခြေ,ဖိုလ်ခြေ,ရသူတွေ၊ ကိုလေကင်းလို့ ဝေးပါ၏၊ ဝေးပါ၏။

၂၉။ တထောင့်ငါးရာ ကိုလေသာ ကုန်ခါကင်း၍ ရှင်းပါ၏၊ ရှင်းပါ၏။

၃၀။ နိဗ္ဗာန်ရှေနန်း ရည်ရော်မှန်း ဆွတ်ဖျန်းမေတ္တာရပါ၏၊ ရပါ၏။

ဤသို့လျှင်၊ သံပြိုင်ရှတ် မေတ္တာပို့ပြီးလျှင် ခေါင်းဆောင်လူကြီးတယောက်က အသံကျယ်ကျယ်နှင့် ဆိုရသည်မှာ....

အောက်မှာအဝီစိ၊ အထက်မှာဘဝဂ်၊ အရှေ့မှာ နေထွက်အနောက်မှာနေဝင်၊ မြောက်မှာဓူဝံ၊ တောင်မှာ တံငါကွန်ဟူဆိုအပ်သော ခြောက်မဏ္ဍိုင်စပ်ကြားဌ် သွားလာနေထိုင်ကြကုန်သော၊ ဝေနေယျကြာ၊ ဒုက္ခိတာ၊ သုခိတာ၊ သတ္တဝ ါဟူသမျှ အပေါင်းတို့သည် ကျွန်ုပ်တို့၏ မေတ္တာရှေ့မိုးရှာသွန်းပြိုးသော ခဏဌ် ခပ်သိမ်းကုန်သော ဘေးအန္တရာယ်၊ အသွယ်သွယ် အဝေ ဝ ဟူသမျှတို့သည် ပိန်းကြာဖက်တွင် ရေမတင်လျှောကျ ဘိသကဲ့သို့ (အား လုံးသံပြိုင်) လန်းဖြာပါစေ။ ကျမ္မာပါစေ၊ ချမ်းသာကြပါစေကုန်သတည်း။

* * *

ပန်ကြားချက်

ကျေးဇူးရှင် လံတရာ နာယကဆရာတော်ဘုရားဟောကြားတော်မူအပ်သော ဤ "ဓမ္မဘာဝနာဟောစဉ်နှင့် ဝိဿနာကျင့်စဉ်ကျမ်း" ကိုစီစဉ်ရေးသားရာဌ်သတိကင်းပေါ့မေ့လျှော့ခြင်းကြောင့်သော်၎င်း၊ စိတ်စက်ချောက်ချား လွှင့်ပါးခြင်းကြောင့်သော်၎င်း၊ ဖေါက်ပြန်ချို့ယွင်း ယုတ္တိ ကင်းသော အကြင်စကားကို အကျွန်ုပ်သည် အကယ်၍ ရေးသားဆိုမှားမိပြားအုံ့၊ ထိုသို့ ဆိုမှားမိလတ် စကားရပ်ဌ်၊ မေတ္တာရှေ့ရှု ဂရုဏာပြု၍ ကြည့်ရှုလေ့ထ ရှိတော်မူကြကုန်သော အဘိဇ္ဈာ

ကင်း၊ ဣသာရှင်းရ၏ ဝမ်းတွင်းစိတ်ကောင်း သူတော်ကောင်း အပေါင်းတို့သည် မိမိစိရင် ကျမ်းအသွင်ကဲ့သို့ ပြင်ဆင်ပြုကာ ကြည့်ရှုနိုင်ကြပါစေကုန်သတည်း။

* * *

ဆုတောင်း

ဣမိနာ ပုညကမ္မေန မေတ္တာယျ ဗုဒ္ဓသံမုခေ
ဆာဌာဘိညော မဟိဒ္ဓိကော ခိဏာသဝေါ ဘဝါမယံ။

အဟံ၊ သံသရာဘေးဘျမ်း မအေးချမ်း၍ ပြေးသန်း နစ်မြုပ် အကျွန်ုပ်သည်။ ဣမိနာ ပုညကာမ္မေန၊ ဤသို့ကျေးဇူးရှင် လံတရာ နာယကဆရာတော်ဘုရား၏။ ဓမ္မဘာဝနာ ဟောစဉ်နှင့် ဝိပဿနာကမ္မဋ္ဌာန်း ကျင့်စဉ်ကျမ်းကို စီးစဉ်ရေးရ ကုသလ အခံ ကောင်းမှုကံကြောင့်။ မေတ္တာယျ ဗုဒ္ဓသံမုခေ၊ ဂန္ဓဝေါ ပင်ဆန်း၊ ပလ္လင်နန်းဝယ်၊ လန်းလန်း ပွင့်ပေါ် မေတ္တာယျ ဘုရားရှင် မျက်မှောက်တော်၌။ ဆဋ္ဌာဘိညော၊ ဣဒ္ဓိဝိဒ စသည် ခြောက်ခွင်, အာဘိညာဉ်တို့ဖြင့် ရှိန်လွင်ရဲငြိ ချပ်ဝတ်တန်ဆာ လည်း ရှိတော်မူထသော။ ခိဏာသဝေါ၊ အာသဝေါ မြူစင်ချောဖြူ၍ ရည်တူမရှိ၊ ဇမ္ဗူချိမ္ဗ။ ဟိအပါ၊ ရဟန္တာသည်။ ဘာဝါမိ၊ ပါရမီလျှမ်းတောက် တဘက်ကမ်း ပေါက်လျက် လှမ်းရောက် တည်းခို ဖြစ်ရပါလို၏ ဘုရား။

* * *

အောင်မိတ်ဆက်စာပုံနှိပ်တိုက်
အမှတ်-၅၀၊ ဗိုလ်ချုပ်လမ်း၊
ရန်ကုန်။